www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

31 AUG 2014



အမှတ် ၂၂၉ အောက်တိုဘာ ၊ ၂၀၁၄ ခုနှစ်

မွှေးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်
မှုခင်းများလျှော့နည်းကျဆင်းရေးအတွက်

နီလေးမောင်
# ဖြစ်မှန်
မဂ္ဂဇင်း

# ၄ နှစ်ပြည့် နီလေးမောင် နှင့် နှစ် ၂၀ ပြည့် ပြောစရာမှတ်

**အယ်ဒီတာအဖွဲ့**

အမှတ် ၁၈၉ ၊ ဒုတိယထပ် (၃၄လမ်းအထက်) ကျောက်တံတားမြို့နယ် ၊
ဖုန်း ၀၉ ၅၁၉၆၃၃၁

Email ; True.megazine@gmail.com www.facebook.com/true.megazine

www.burmeseclassic.com

www.burmeseclassic.com





**အယ်ဒီတာအဖွဲ့**

ကိုဒီ ၊ သိပ်မြလှိုင် ၊ စံပြုနီ

**မျက်နှာဖုံးခေါင်းစီးစာလုံး**

ပန်းချီတင်ထွဏ်း

**ဖြန့်ချိမှုတာဝန်ခံ**

အောင်မိုးလှိုင်

**အကြံပေး**

စက်ဆက်အောင်

**ထုတ်လုပ်မှုတာဝန်ခံ**

မိုးမြင့်လှိုင်

**အယ်ဒီတာအဖွဲ့ရုံးခန်း**

အမှတ် ၁၈၉ ၊ ဒုတိယထပ်

( ၃၄ လမ်းအထက် )

ကျောက်တံတားမြို့နယ် ၊

ဖုန်း ၀၉၅၁ ၉၆၃၃၁ ၊

True.megazine@gmail.com



www.burmeseclassic.com

www.burmeseclassic.com





ပုံနှိပ်မှတ်တမ်း
အောက်တိုဘာ ၂၀၁၄
ပထမအကြိမ်
တန်ဖိုး ၇၀၀
အုပ်ရေ ၁၀၀၀
ဦးကျော်ငြွေမင်း ( ၀၅၉၉၂ )
အောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ် ၄၄ ( ခ )
ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊
ပုဇွန်တောင်မြို့နယ် ၊
ရန်ကုန်တိုင်းတွင် ပုံနှိပ်၍
မိုးကောင်းလှိုင်( ၁၆၁၆ )
မှုခင်းစာပေ
၃ / ၂၆၇ ၊ ခရေပင်လမ်း၊ ဝေဘာဂီ၊
မ / ဥက္ကလာပမြို့နယ် ၊
ရန်ကုန်တိုင်း မှ ထုတ်ဝေသည်

ကာတွန်း
နိုးရဲထိုက်၊ ကျော်ဖြိုးလွင်၊ ပေါက်ကျိုင်း
သူရမိုး၊ ကိုစော၊ စိတ်သစ်၊ မြေရှိုင်း

ပန်းချီဒီဇိုင်းသရုပ်ဖော်
ကျော်ဦး၊ မိုးဝေ၊ သီဝံ၊ စက္ကူ
မောင်ညီညီ၊ ကျော်စိုးညိန်း၊ ညီညီလွင်
ရဲရင့်နိုင်

မျက်နှာဖုံးဂရပ်ဖစ်ဒီဇိုင်း
အောင်မိုးလှိုင်

အတွင်းစာမျက်နှာ မဆွေ
DTP အနာဂတ်ကမ္ဘာ
CTP ကမ္ဘာဦး
KabaOo Colour Separation

www.burmeseclassic.com

www.burmeseclassic.com



## မြို့တော်ရဲ့ အလှကို အကျည်းမတန်ရလေအောင်

မြို့တော်ရန်ကုန်ရဲ့ တိုးတက်၊ လှပ၊ သန့်ရှင်းမှုတွေဟာ အံ့သြစရာကောင်းအောင် ပြောင်းလဲနေပါလား။ ဒီနေ့ရန်ကုန်နဲ့လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ရန်ကုန်ဟာ မယုံနိုင်စရာ ကွာခြားနေပြီ။ ကြည့်စမ်း... နေ့ချင်းညချင်း အပြိုင်းအရိုင်းပေါ်ထွက်လာတဲ့ မြင့်မားထည်ဝါလှတဲ့ ဟိုတယ်ကြီးတွေ၊ ဘဏ်တိုက်ကြီးတွေ၊ ခေတ်မီရုပ်ရှင်ရုံကြီးတွေ၊ နိုင်ငံတကာအဆင့်မီ ကစားကွင်းကြီးတွေ၊ ကုန်တိုက်ကြီးတွေ၊ စက်ရုံကြီးတွေက လက်ညှိုးထိုးမလွဲ။ လူနေတိုက်ခန်းတွေ၊ အဆင့်မြင့်သယ်ယူပို့ဆောင်ရေးယာဉ်တွေ၊ နောက်ပြီး....နောက်ပြီး။

တစ်ချိန်က အာရှမှာလှပသန့်ရှင်းဆုံးရယ်လို့ သရဖူဆောင်းခဲ့တဲ့ မြို့တော်ရန်ကုန်ဟာပဲ့စဉ်က နာမည်ကောင်းသရဖူကို ဒီနေ့ပြန်ဆောင်းလို့ သိမ်းပိုက်နိုင်ပြီပေါ့။

ရန်ကုန်မြို့ရဲ့လမ်းတွေဟာ အမြဲတမ်း သန့်ရှင်းလှပနေသလို သစ်ရွက်တစ်ခု၊ အမှိုက်တစ်စက အစအမြဲတမ်းသန့်စင်နေအောင် အချိန်ပြည့် တာဝန်ယူရှင်းလင်းပေးနေတဲ့ မြို့တော်စည်ပင်ဝန်ထမ်းတွေရဲ့ ကျေပွန်တဲ့ လုပ်အားကလည်း အားရစရာကောင်းပါတယ်။

အချိန်တိုအတွင်းမှာ ပြောင်းလဲသွားတဲ့ မြို့တော်ရဲ့အသွင်အပြင်ကလည်း နတ်ရေကန်ထဲချလိုက်လေသလားလို့ ထင်မှတ်မှားစရာပါ။

မြန်မာနိုင်ငံရဲ့ လေ့လာလို့မကုန်တဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ၊ တိုးတက်မှုတွေ၊ ပြည်သူတွေရဲ့ ယဉ်ကျေးဖော်ရွေမှုတွေ။

အိမ်သာတော့ ဧည့်လာပြီပေါ့။

ရန်ကုန်မြို့ရဲ့ ညနေခင်းဟာ လှပနေသလို ရုံးဆင်းလာသူ၊ ဈေးဝယ်ထွက်သူ၊ အလုပ်ပြန်သူတွေနဲ့ သက်ဝင်လှုပ်ရှားနေပါတယ်။ မြို့တော်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ဆူးလေဘုရားလမ်းမကြီးပေါ်မှာ ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေတဲ့ လူတွေကြားမှာ ကမ္ဘာလှည့်သည်ခရီးစုံတွဲတစ်တွဲဟာ ပတ်ဝန်းကျင်ကို ငေးမောရင်း အေးအေးဆေးဆေးလမ်းလျှောက်လာနေပါတယ်။ လူလတ်ပိုင်းအရွယ်တွေပါ။ သည်စုံတွဲဟာ အေအေဖာမေစီဆေးဆိုင်ရှေ့လောက် ရောက်ချိန်မှာ အလွန်စိတ်မကောင်းစရာ တစ်ခုပါ။ ဖြစ်ရပ်တစ်ခုဟာ ရုတ်တရက်ဖြစ်သွားပါတယ်။

အမျိုးသားဟာ အဖုံးမရှိတဲ့ မြောင်းပေါက်ထဲကို ပြုတ်ကျသွားပါတယ်။ ဟာ...ဟင်...ဟယ် ဆိုတဲ့ ပတ်ဝန်းကျင်ကလူတွေရဲ့ နှုတ်ဖျားကအသံတွေ စီစီညံသွားပါတယ်။ ရန်ကုန်မြို့ကြီးသားတွေရဲ့ စည်းကမ်းမဲ့မှုဟာ ကမ္ဘာလှည့်အမျိုးသားကို ကံကောင်းသွားစေခဲ့ပါတယ်။ ဖြစ်ပုံက ဒီလိုပါ။ အဲဒီပတ်ဝန်းကျင်မှာအဖုံးမပါတဲ့ မြောင်းပေါက်သုံးခုလောက် ရှိပါတယ်။ အဲဒီမြောင်းပေါက်တွေဟာ မြို့ကြီးသားတွေအတွက် အမှိုက်ပုံးဖြစ်နေပါတယ်။ လွယ်လွယ်ကူကူ ဒီတွင်းပေါက်တွေထဲ အမှိုက်တွေ စွန့်ပစ်နေကြတော့ ဒီဆေးဆိုင်ရှေ့က မြောင်းပေါက်တစ်ခုကလွဲပြီး အားလုံးဟာအမှိုက်တွေနဲ့ ပြည့်နေပြီ။ မိုးရာသီမှာ ရေလျှံမယ့်ကိစ္စကလွဲလို့ လောလောဆယ်တော့ ပြုတ်ကျမယ့် အန္တရာယ် မရှိတော့ဘူးပေါ့။ ခုပြုတ်ကျတဲ့အပေါက်လည်း အမှိုက်ကတစ်ဝက်လောက် ရှိနေပြီမို့ တစ်ကိုယ်လုံးပြုတ်ကျမသွားခဲ့တာပါ။ ဒါတောင် ရုပ်ပျက်ဆင်းပျက် လဲကျသွားခဲ့သေးတယ်။ ကျိုးပွဲ့မသွားတာပဲ တော်တယ်ပြောရမှာပါ။ အကျသာမတော်ရင် ကိုရွှေကမ္ဘာလှည့် ချိုင်းထောက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြည်တော်ပြန်ရက်နီး ဆိုက်သွားနိုင်ပါတယ်။ ကံကောင်းလို့ ဒဏ်ရာ အနာတရ မဖြစ်ပေမယ့် သူတို့မျက်နှာပေါ်မှာတော့ စောစောကပေါ်နေတဲ့ ကြည်နူးမှုကလေး တွေ ပျောက်လို့ ရှက်ခြင်းလား၊ စိတ်ပျက်သွားခြင်းလား၊ အကဲဖမ်းလို့မရတဲ့အရိပ်တွေ သန်းသွားတာ ကိုတော့ သတိပြုလိုက်မိပါတယ်။ လှပတဲ့မြို့တော်ရဲ့ အကျည်းတန်တဲ့ မြင်ကွင်းတစ်ခုပါ။ ဒီနိုင်ငံခြားသားဟာ စာရေးဆရာလား၊ သတင်းစာ ဆရာလား၊ ရိုးရိုးအရပ်သားလား။ သူ့ရဲ့ မြန်မာပြည်အတွေ့အကြုံမှာ သည်အကြောင်းများပါသွားလေမလား။

ရန်ကုန်မြို့တော်ရဲ့ မြောင်းပေါက်၊ တွင်းပေါက်၊ အန္တရာယ်ဟာ ခုမှပေါ်လာတာမဟုတ်ပါဘူး။ ဟိုးနှစ်ပေါင်း များစွာကတည်းက ကြုံနေတဲ့ကိစ္စပါ။ မိုးကာလရေလျှံတော့ ရေစီးနိုင်အောင် မြောင်းဖုံးတွေကို ဖွင့်ပေးတယ်။ ရေတွေစီးကျသွားတယ်။ မြောင်းဖုံးတွေ ပြန်မပိတ်ဖြစ်ဘူး။ မြောင်းပေါက် ပြဿနာဟာ အဲဒီကစတာလို့ ထင်ပါတယ်။

မြို့ပေါ်မှာနေကြတဲ့ လူတွေအတွက်က မြောင်းပေါက်ထဲကျမယ့် အန္တရာယ်မရှိပါဘူး။ သူတို့က ဘယ်နေရာမှာ မြောင်းပေါက်ရှိတယ်။ ဘယ်မှာ တွင်းပေါက်ရှိတယ်ဆိုတာ သိနေကြပြီလေ။ ရန်ကုန်မြို့ရဲ့အထာကို မသိသူတွေအတွက်ကတော့ အန္တရာယ်မြောင်းပေါက်က ကြုံဆိုနေကြောင်းပါလို့ ပြောရမယ်ထင်ပါရဲ့။ မြောင်းပေါက်နဲ့ စိတ်မကောင်းစရာအဖြစ်တွေကို မကြာခဏ တွေ့ရတတ်ပါတယ်။ သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်တွေ၊ ဆွမ်းခံကြွတဲ့ သံဃာတော်တွေ။

စာရေးသူရဲ့အဒေါ်တစ်ယောက်၊ ရုံးကအပြန်မြောင်းပေါက်နဲ့ နစ်ပါးသွားလို့ ရှေ့သွားတွေ ထွက်သွားခဲ့ဖူးပါတယ်။ စာရေးသူကိုယ်တိုင် နှစ်ခါကြုံဖူးပါတယ်။ တစ်ခါက ၂၆ လမ်းထိပ်၊ သိမ်တော်ကြီးနားမှာ ကျောက်ပြားကွဲနေတဲ့ အပေါက်ထဲ ခြေတစ်ချောင်းလုံး ကျသွားလို့ ဒူးပြဲခဲ့ဖူးပါတယ်။ နောက်တစ်ခါက ပိုဆိုးပါတယ်။ ၁၉၈၇- ခုနှစ်လောက်က ပါ။ ပလက်ဖောင်းကျောက်ပြားပိလို့ ခြေထောက်ရိုး အပိုင်းပိုင်း ကျိုးသည်အထိ ဒဏ်ရာ ရခဲ့ပါတယ်။ ကျောက်ပတ်တီးသုံးပတ် စည်းခဲ့ရပါတယ်။ အဲဒါကတော့ ကြေးနန်းရုံးနဲ့ မျက်နှာချင်းဆိုင် ပလက်ဖောင်းပေါ်မှာ ဖြစ်ပါတယ်။ ရန်ကုန်မှာနေပြီး နမော်နမဲ့ နိုင်လှတဲ့ မိမိကိုယ်သာ အပြစ်တင်မိပါတယ်။

"သင့်အခက်အခဲများကို ကူညီရန်အသင့်ရှိပါတယ်" ဆိုတဲ့ မြို့တော်စည်ပင်သာယာရေး ကော်မတီရဲ့ ဆောင်ပုဒ်အောက်က မြို့တော်ရန်ကုန်ဟာ တိုးတက်နေပါပြီ။ လှပနေပါပြီ။ သန့်ရှင်းနေပါပြီ။ အာရှမြို့တော်တွေနဲ့ယှဉ်လို့ ရနေပါပြီ။

ဒါပေမယ့် မြောင်းပေါက်အန္တရာယ်ကတော့ ရှိနေဆဲပါ။ နမော်နမဲ့နိုင်သူတွေ၊ ရန်ကုန် အထာမသိတဲ့ ဧည့်သည်တွေကတော့ ဟောတစ်ယောက်၊ ဟောတစ်ယောက် ကျနေဆဲပါ။ ဆွမ်းဆန်ထဲ သလဲရောဆိုတဲ့ စကားပုံလို မပြောပလောက်တဲ့ လစ်ဟာချက်ကလေးတစ်ခုက စီမံချက်တွေ၊ လုပ်အားတွေနဲ့ တည်ဆောက်ထားတဲ့ မြို့တော်ရဲ့အလှကို အကျည်းတန်အရုပ်ဆိုးသွားစေနိုင်ပါကြောင်း စေတနာကောင်းနဲ့ တင်ပြလိုက်ရကြောင်းပါ။

နီလေးမောင်

www.burmeseclassic.com

www.burmeseclassic.com



နီလေးမောင်
မြဝတီ မဂ္ဂဇင်း
အမှတ် ၂၂၉ ၊ အောက်တိုဘာ ၊ ၂၀၁၄ ခုနှစ်


- ရန်ကုန်မြို့ကြီးသားတွေရဲ့ စည်းကမ်းမဲ့မှုဟာ ကမ္ဘာလှည့်အမျိုးသားကို ကံကောင်းသွားစေခဲ့ပါတယ်။
  **မြို့တော်ရဲ့ အလှကို အကျည်းမတန်ရလေအောင် – နီလေးမောင်** ---------------- ၄

- အနိုင်ရလိုသော ဆန္ဒကြောင့် စိတ်ဖိစီးမှုဖြစ်ရာမှ အဆုံးစီရင်ခြင်းသည့် အဓိကအကြောင်းရင်း ဖြစ်သည်။
  **နိုင်ငံတကာသတင်း – ညိုမင်းလွင်(မော်ကျွန်း)** ---------------- ၁၇

- လက်ဖက်ရည် သူ့အတွက် အပဟာရဖြစ်စေသော်လည်း သူမသောက်တော့။ဘုရားအား ဆွမ်းရေချမ်းကပ်လှူသည်။
  **ကြိုးသမား၏နောက်ဆုံးည – အောင်မြတ်ဦး** ---------------- ၃၀

- မော်တော်ယာဉ်တန်း တိုက်ခိုက်ခံရမှုကြောင့် အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးသွားခဲ့ရတဲ့
  **မော်တော်ယာဉ်တန်းလုံခြုံရေးဆိုင်ရာ – ခင်မမမျိုး** ---------------- ၃၆

- ယောက်ျားတစ်ယောက်သည် တစ်ပြိုင်တည်းမယား အများယူသည့်စနစ်ကိုမူကားလက်ခံကျင့်သုံးလျက်ပင်ရှိသေးသည်။
  **သည်ဥပဒေသင်သိပါသလား – ဦးသိက္ခာ** ---------------- ၄၁

- နိုင်ငံသားစိစစ်ရေးကတ်ကဓာတ်ပုံတွေခွာ၊ ဓာတ်ပုံအသစ်တွေပြန်ကပ်။ ကတ်ပြားပေါ်ကတချို့စာတွေကိုဖျက် ။
  **ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူး – ထက်အောင်ကျော်(ကညွတ်ကွင်း)** ---------------- ၄၆

- လက်ဝှေ့သတ်ပွဲမှ ရရှိသည့်ဒဏ်ရာဖြင့် မမာမကျန်းဖြစ်ပြီး တရှောင်ရှောင်ဖြင့် သေပွဲဝင်ကြရရှာသည်။
  **မြန်မာ့လက်ဝှေ့သမားများအတွက် အာမခံချက် – ဘာမထီခင်အောင်(ရွှေဘို)** ---------------- ၅၂

အမျိုးသမီးကကျယ်လောင်စွာအော်လိုက်သဖြင့် လူအများ၏အကြည့်က ကျွန်တော်တို့ထံ စုပြုံရောက်လာသည်။
  **သူခိုးကလူပြန်ဟစ် – မောင်အေးနုစ် (ပညာရေး)** ---------------- ၆၂

- မျက်လုံးပြူးကာ သေဆုံးနေလေ၏။ သူမ၏ ဘေးတွင်လည်း ပိုးသတ်ဆေးဘူးတစ်ဘူးကပစ်စလက်ခတ်
  **ကံကြမ္မာဒဏ်ချက် – အောင်ကျော်ကျော်** ---------------- ၇၀

- လူတစ်ယောက်ကိုဖိုးသုညဘဝမှသန်းကြွယ်သူဌေးကြီးဖြစ်အောင် ထူးဆန်းသောအသံများက
  **ထူးဆန်းသောအသံရှင် – ညီညီနိုင်** ---------------- [illegible]

- အရက်သောက်ပြီးလျှင် ဒုတ်တစ်ချောင်းကိုင် ရွာလယ်လမ်းမတလျှောက် အော်ဟစ်ဆူပူတော့သည်။
  **ယှဉ်ပြိုင်မှု၏ ပန်းတိုင် – အောင်ချမ်းအေး** ---------------- ၉၂

- အိမ်သာက ပြန်လာနေရာပြန်ထိုင်တော့အစ်ကိုလွယ်အိတ်ထဲက ပိုက်ဆံအိတ်မရှိတော့ဘူး
  **ရေလယ်ခေါင်မှငွေငါးသိန်းအလစ်သုတ်မှု – ထက်ကောင်းလတ် (မင်းဘူး)** ---------------- ၁၀၀


www.burmeseclassic.com

www.burmeseclassic.com




– လူသူဝေးသောအဆောက်အဦးအဟောင်းတစ်ခု၌ ဦးခေါင်းမှာကျည်ဆံဒဏ်ရာများဖြင့်သေဆုံးနေကြောင်း
သိစေချင်တဲ့မဟူစီကိုအကြောင်း – စံထွန်းရွှေ ---------------------- ၁၁၆

– ဦးတို့မသွားအားဘူးဆိုရင် ကျွန်တော် အားလုံးအပြီးအစီးလုပ်ပေးပြီး စာရွက်စာတမ်းတွေလာပို့ပေးပါမယ်''
ဒီလိုမျိုးရှိတယ် – သာဓုမြေဘုန်းရှိန် ---------------------- ၁၁၉

– အချုပ်ခန်း၏တောင်ဘက်ခြမ်းမှာ အမျိုးသားတရားခံများ၊ မြောက်ဘက်ခြမ်းမှာအမျိုးသမီးတရားခံများထားပါသည်
မိန်းကလေးတယောက်သီချင်းဆိုနေသည် – မင်းရာဇာ ---------------------- ၁၂၆

– ခွေးရဲ့အသည်းကို ကြော်စား ကင်စားဖို့လိုက်သတ်ပေးရတယ်။ ကိုက်တဲ့ခွေးရဲ့ အသည်းကိုစားထားရင်
ခွေးသူခိုး – နောင်ရိုး(ကျိုက်ကွဲဝီ) ---------------------- ၁၃၅

– ဗိန္ဓောဆရာ ကိုလွန်ပါတယ်။ သူ့ကုလို့ သူ့လက်ထဲမှာလည်း ကောင်လေးအဖသေသေးတယ်။
ချစ်ခင်ကိုအပြစ်မမြင်ပါနဲ့ – မင်းကိုကို(ဓနုဖြူ) ---------------------- ၁၄၄

– ရဲဖမ်းရင်အချုပ်ကျ ထောင်ကျမယ်ပေါ့။ အချုပ်ခန်းတို့ထောင်တို့ ရောက်ရင် ထမင်းတော့နပ်မှန်အောင်စားရမှာ
မာယာထောင်ချောက် – သတင်းထောက်ခင် ---------------------- ၁၅၆

– သတို့သားကခြောက်ဆယ်ကျော် ဆိုတော့မိဘအုပ်ထိန်းသူပါလာစရာမရှိ။ ပါလာမည်ဆိုပါကသူနာပြုထမ်းစဉ်နှင့်
မအိုတဲ့အချစ် – တရားရေးဝန်ထမ်းတဦး ---------------------- ၂၀၆

– ခေါင်းပိုင်းပြတ်သည့် ထယ်ခဲများပေါ်သို့ကျရောက်ပြီး မသောင်းမြတစ်ယောက် ခေါင်းမပါပဲ ဝါးနှစ်ပြန်ခန့်ပြေးသွားပြီး
ရက်ရာဇာမှသွေးဇာတ်လမ်း – ချိုပြုံး (နမ့်စန်) ---------------------- ၁၇၄

– ငွေစားဖြင့် ခင်သူဇာအေးအား ခုတ်ပိုင်းလိုက်ရာ ခင်သူဇာအေးခမျာ။ ဦးကျော်ဇေယျာထွန်း၏ ငွေစားချက်မိပြီး
ငွေဓါးလက်ချက်ပက်လက်မှောက်ရက်ဖြစ် – ကျော်သောင်း (ဘုတလင်) -------- ၁၈၆

– မျက်လုံး စူးစူးဝါးဝါးကို ရှောင်ပြီးလည်ပင်းမှဆွဲကြိုးကိုဖြုတ်ပေးလိုက်သည်။ 'ဆရာမစျေးထဲ မဝင်နဲ့ တော့
ရွှေနား – ဇော်ချစ် ---------------------- ၁၉၆

– အဆဲခံရတဲ့ကိစ္စတွေ၊ ကျေးဖူးရှင်လို့မြင်သူရှိသလိုတွေ့တဲ့နေရာမှာခေါင်းရိုက်ခွဲမယ်လို့ကြိမ်းသူတွေလည်း ကြုံခဲ့ဖူးပါတယ်။
နှစ်၂၀ပြည့် ဖြစ်ရပ်မှန် – အောက်တိုဘာအောင်ကြီး -------------- ၂၀၂

– သူကြိုက်နှစ်သက်လို့ ရွေးချယ်ထားတဲ့ စာမူတစ်ပုဒ် အပယ်ခံရလျှင် စိတ်ထိခိုက်ခံစားနေတတ်သူပါ။
၃နှစ်ပြည့်အမှတ်တရ ဆရာနီ – မြတ်နီ ---------------------- [illegible]


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

ဘာကြောင့် ဖြစ်မှုဖြစ်ပွားရလဲ

မှုခင်းကျဆင်းအောင် ဘယ်လိုလုပ်ရမလဲ

- ဖြစ်မှုဖြစ်ပွားနေခြင်း၏ အခြေခံအကြောင်းအချက်များ
- ရာဇဝတ်ကောင်တို့၏ အမူအကျင့်၊ အလေ့အထ၊ လုပ်နည်းကိုင်နည်းများ
- မြန်မာနိုင်ငံ [illegible] မှုခင်းကျဆင်းရေး ဆောင်ရွက်ချက်များ
- [illegible] သိထားပါလျှင်
- [illegible] အမှုတစ်ခု တွေ့ရတတ်သည်ဟူသော

[illegible] ဖြစ်ပါစေ။

ဒါကြောင့်

[illegible] ဆိုးကျိုးကို [illegible] ပြတာ

[illegible] ထိုက်တုံ [illegible]

မှုခင်းများ လျော့နည်းကျဆင်းရေးသို့

ဟူသော [illegible] ထုတ်ဝေနေသော

နီလေးမောင် မြားနတ် မဂ္ဂဇင်း

သက်စွဲပြု ဖတ်ရှုမှု ဖြစ်ပါမယ်

www.burmeseclassic.com

www.burmeseclassic.com






## တောင်ကိုရီးယားတွင် အသက် (၁၅–၂၄) လူငယ်များ အဆုံးစီရင်မှု မြင့်တက်လာ

တောင်ကိုရီးယားနိုင်ငံ စာရင်းအင်း မှတ်တမ်းဌာန၏ စစ်တမ်းကောက်ယူ ရရှိချက်အရ ၂၀၁၁ ခုနှစ်အတွင်း လူငယ် (ကျား–မ) အသက် (၁၅ နှစ်မှ ၂၄ နှစ်) အရွယ်တို့သည် မိမိကိုယ်မိမိ အဆုံး စီရင်မှု ဦးရေသည် အမြင့်မားဆုံး ဖြစ်လာကြောင်း (၁.၅.၁၃) နေ့သတင်းတွင် ဖော်ပြလိုက်သည်။

ကိုရီးယား (တောင်) တွင် သေဆုံးမှု အမျိုးအစားအလိုက် လူငယ်များ သေဆုံးမှုတွင် ယာဉ်မတော်တဆ ဖြစ်မှုက ထိပ်ဆုံးမှ ပါသည်။ ၂၀၁၁ တွင် အသက် (၁၅–၂၄) လူငယ်မောင်မယ် တစ်သိန်းတွင် ၁၃ ဦး မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့ကြသည်။ ၂၀၁၁ ခုတွင် လူငယ် တစ်သိန်းလျှင် ၇.၇ ဦး အဆုံးစီရင်ခဲ့ကြရာမှ ၁၅.၆ ဦးသို့ ဝမ်းနည်းဖွယ် မြင့်တက်လာခြင်းဖြစ်သည်။ အဆုံးစီရင်ခဲ့ကြခြင်း၏ အကြောင်းရင်းများမှာ

-မြင့်မားလွန်ကဲသော ပညာရေးစနစ်ကို သင်ကြားရင်း ပြိုင်ဆိုင်မှုသည် လူငယ်ထုအတွင်း ပေါ်ပေါက်လာရာ အနိုင်ရလိုသော ဆန္ဒကြောင့် စိတ်ဖိစီးမှုဖြစ်ရာမှ အဆုံး စီရင်ခြင်းသည် အဓိက အကြောင်းရင်း ဖြစ်သည်။

-မြင့်မားလာသော စီးပွားရေးစနစ်နှင့် အဆင့်မြင့် လူနေမှုစနစ်ကို အမှီလိုက် စီးပွားရှာရင်း လိုအင်ဆန္ဒမပြည့်ဝ၍ စီရင်ခြင်း။

-ကင်ဆာဝေဒနာ၊ နှလုံးရောဂါဝေဒနာ၊ ရောဂါကြီး နာတာရှည်တို့ကြောင့် စီရင်ခြင်း ဖြစ်သည်။ (၁၉၉၀-၉၈) နှင့် ၂၀၀၀ ပြည့်နှစ်အတွင်း လူငယ်အဆုံးစီရင်မှု တဖြည်းဖြည်း မြင့်လာရာမှ (၂၀၁၁)တွင် လူငယ် (၁၅၉၀၅) အဆုံးစီရင်ခဲ့၍ နိုင်ငံတကာတွင် အမှတ်(၄) စာရင်းဝင်ခဲ့သည်။

Ref: Internet News

www.burmeseclassic.com




## အစ္စရေးနိုင်ငံတွင် ရွှေဒင်္ဂါးပြားများ အများဆုံး တူးဖော်ရရှိ

အစ္စရေးနိုင်ငံ၏ တဲလ်အဗစ်တက္ကသိုလ်၊ သဘာဝပတ်ဝန်းကျင်နှင့် ဥယျာဉ်များဆိုင်ရာ အာဏာပိုင် အဖွဲ့တို့ ပူးပေါင်းရှာဖွေ ဖော်ထုတ်ချက်အရ "ဟာဒီလာယာ အရပ်ရှိ အပိုလိုနီ သဘာဝ တောရိုင်းဥယျာဉ် (နိုင်ငံတော်ပိုင်) အတွင်းမြေအောက်မှ ရွှေဒင်္ဂါးပြား (၁၀၈) ပြား ထည့်ထားသော မြေအိုးတစ်လုံးကို တူးဖော်ရရှိခဲ့သည်။ ရွှေဒင်္ဂါး ၉၃ ပြားသည် လေးဂရမ် အလေးချိန်စီးပြီး ကျန်ဒင်္ဂါးတို့မှာ တစ်ဂရမ်စီရှိကြသည်။ ဒင်္ဂါးတစ်ခုစီ တန်ဖိုးမှာ တစ်ပြားလျှင်ဒေါ်လာ တစ်သိန်းကျော်သည်ဟု ဆိုသည်။ တူးဖော် ရရှိသော နေရာသည် အပိုလိုနီအာဆပ်ဖ်ခရူး စစ်သည်တော်တို့၏ မြို့တော်ဖြစ်သည်ဟု ရှေးဟောင်း သုတေသန ပညာရှင်များက ဆိုသည်။ အဆိုပါ ရွှေဒင်္ဂါး ပြားများသည် ၁၃ ရာစုက အီဂျစ်ဒင်္ဂါးသွန်း စက်ရုံများမှ ထုတ်လုပ်ခဲ့သော ဒင်္ဂါးများဖြစ်ပြီး ထိုခရူးဆိတ် စစ်သည်တော်မြို့ ကောင်းစားစဉ်က မိသားစုစီးပွားရေး သမားတစ်ဦးဦး မြေအောက် မြှုပ်နှံဖွက်သိုထားခြင်း ဖြစ်သည် ခန့်မှန်း ပြောကြားခဲ့သည်။

Ref: Internet News

## သစ်မှောင်ခို တင်သွင်းမှုကြောင့် ကမ္ဘာကျော် ဂစ်ဘ်ဆန်တူရိယာ လုပ်ငန်းကို တရားစွဲ

အမေရိကန် နိုင်ငံတွင် အကောင်းဆုံးဂစ်တာ အမျိုးမျိုး ထုတ်သော ဂစ်ဘ်ဆန် (Gibson) တူရိယာ လုပ်ငန်းကို သစ်မှောင်ခို တင်သွင်းမှုဖြင့် တရားစွဲဆိုလိုက်ကြောင်း သတင်းတွင် ဖော်ပြလိုက်သည်။




*Gibson's Les Paul guitars were first created in 1952.*— INTERNET

၁၉၅၂ ခုနှစ်ကတည်းက နာမည်ကြီးဂစ်တာ အမျိုးမျိုးကို သစ်ကနက်သားနှင့်ဆီသစ်သား တို့ အသုံးပြုကာထုတ်လုပ်သဖြင့် ဂစ်ဘ်ဆန် ဂစ်တာများကို ကမ္ဘာတစ်ဝှမ်း ဂီတသမားက နှစ်သက်ကြသည်။ ထိုသစ်သားများသည် USA တွင် မရှိသဖြင့် အိန္ဒိယ စသည့် နိုင်ငံများထံမှ တရားဝင်မှာ ယူပြီး နိုင်ငံတွင်း သွင်းကုန်အဖြစ် တင်သွင်းခဲ့သည်။ သို့ရာတွင် ၂၀၀၉ ခုနှစ်မှ စ၍ အကောက်ခွန် ဌာန၏ ဝင်ငွေစာရင်း တွင် ထိုဂစ်တာလုပ်ရန် သွင်းသောသစ် ဝင်ငွေခေါင်းစဉ် ပျောက်ဆုံးနေကြောင်း ကာစတန်အရာရှိတစ်ဦးက သတိထားမိသည်။ သို့ရာတွင် ဂစ်ဘ်ဆန်ဂစ်တာ အမျိုးမျိုးကတော့ အရှိန်မပျက် ဆက်လက် ထွက်နေသည်။ ထိုသံသယကို အခြေခံကာ၊ သစ်တောဌာနနှင့် အကောက်ခွန်ဌာနသို့ ပူးပေါင်းပြီး ဂစ်ဘ်ဆန်တူရိယာ စက်ရုံကို ဝင်စစ်ဆေးသောအခါ ပါမစ်မရှိသော သစ်သားအမြောက်အမြား တွေ့ရှိခဲ့ရသည်။ မစ်ဆေးဖော်

www.burmeseclassic.com





ထုတ်ချက် ထိုသစ်သားများကို တရားမဝင် မှောင်ခိုသွင်းထားခြင်း ဖြစ်သည်။ ဤသို့မှောင်ခိုသွင်းမှုကြောင့်USA နှင့်သစ်ထွက်ရာ ပင်ရင်း နိုင်ငံတို့တွင် နှစ်ဦးနှစ်ဖက်လုံး အကောက်ခွန် လျော့နည်းရသည်။ ထို့အပြင် အတားအဆီးမဲ့ မှောင်ခိုသစ်ခုတ်ခြင်းကြောင့် ထိုရှားပါးသော သစ်အမျိုးအစားများ မျိုးတုံးပျောက်ကွယ်မည့် အခြေအနေအတွက် ဂစ်ဘ်ဆန်ကို တရားမဝင် သစ်မှောင်ခို တင်သွင်းမှုဖြင့် အစိုးရက တရားစွဲထားသည်။

Ref: Internet News

## USA ၏ လျှို့ဝှက် အာကာသယာဉ် ကမ္ဘာ့ပတ်လမ်းတွင် ၁၅လကြာ စမ်းသပ်ပျံသန်းခဲ့ပြီး မြေပြင်ဆင်း

အမေရိကန်နိုင်ငံက လျှို့ဝှက်စွာ အာကာသအတွင်း လွှတ်တင်ထားသည့် အာကာသစမ်းသပ်ဆဲယာဉ် တစ်စင်းသည် ကမ္ဘာ့မြေပြင် အထက်တွင် ၁၅ လကြာ လူမဲ့မောင်းနှင်သည့်စနစ် (Unmannet) သုံးကာ ကမ္ဘာကြီးကို မရပ်မနား ပတ်နေရာမှ ဇွန် ၁၇ ရက်နေ့ (၅:၄၈ Am) တွင် USA ကာလီဖိုးနီးယားရှိ ဗင်ဒါဘတ် စစ်အခြေစိုက် လေယာဉ်ကွင်းသို့ အောက်တိုပိုင်လော့ စနစ်ဖြင့် ဆင်းသက်ခဲ့ကြောင်း သတင်းက ဆိုသည်။ အိုဗစ်တယ်တက်စ် ဗိုက်ချယ် (OTV-2)စီမံကိန်းသည် ကြေညာခြင်းမရှိ လျှို့ဝှက်စွာ ဆောင်ရွက်ခဲ့သော စီမံကိန်းဝင် အာကာသယာဉ်ဖြစ်သည်။


ထို OTV-2 အာကာသယာဉ်သည် X-37Bဟု အမည်ပေးထားပြီး အလျား (၈.၈) မီတာနှင့် အကျယ် (၄.၅) မီတာရှိသည်။ လူထိန်းသိမ်း မောင်းနှင်ရန်မလိုဘဲ လိုရာခရီးလမ်းကို ပျံသန်းနိုင်သည်။ ထိုယာဉ်လွှတ်တင် စမ်းသပ်ခြင်း၏ ရည်ရွယ်ချက်မှ အနာဂတ် အာကာသ စူးစမ်းလေ့လာရေး၊ စကြဝဠာအတွင်းမှ ဂြိုလ်များ လေ့လာရာတွင် သုံးစွဲရန်လည်းကောင်း၊ စစ်ဘက်တွင် ဝေဟင်မှ ဗုံးကြဲတိုက်ခိုက်ရန် လည်းကောင်း၊ နာမည်ကြီး အကြမ်းဖက်သမားများကို ဝေဟင်မှမပြတ် ထောက်လှမ်းချေမှုန်းရန်နှင့် လေကြောင်းပို့ဆောင်ရေးတွင် သုံးစွဲရန် ဖြစ်သည်။ ထို X-37B (OTV-2) ကို (၂၀၁၁) ခုနှစ်က USAဖလော်ရီဒါရှိကိတ်ကာနီဗယ် စစ်လေယာဉ်ကွင်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Ref: Internet News

www.burmeseclassic.com

www.burmeseclassic.com






**ကမ္ဘာ့အကြီးဆုံး ငါးဈေးကြီးတွင် တန်ဖိုးဒေါ်လာ (၁.၇ သန်း) တန် ဘလူးဖင်တူနာ ငါးကြီး လေလံအောင်**

ဂျပန်နိုင်ငံ၊ တိုကျို မြို့တော်ရှိ တီဆူကီဂျီ ငါးဈေးတွင် (၂၀၁၃) ခုနှစ်အတွက် ပထမဆုံး ငါးလေလံပွဲတွင် ရိုးရာ အစဉ်အလာအတိုင်း ဈေးကြီးကြီးပေး၍ အပြိုင်လေလံဆွဲကြရာ ဘလူးဖင်တူနာငါးကြီး တစ်ကောင်ကိုစံချိန်သစ် တင်ဈေးဖြင့် အရောင်းအဝယ် ဖြစ်သွားကြောင်း (၆-၁-၁၃) သတင်းက ဆိုသည်။

ဂျပန် အရှေ့မြောက်ဘက်ကမ်းလွန် ပင်လယ်ပြင်တွင် ဖမ်းဆီးရမိသော ဘလူးဖင် တူနာငါးကြီးသည် အလေးချိန် (၄၈၉) ပေါင်ရှိပြီး ယခုနှစ်အတွက်ပထမဆုံးအကြိမ် လေလံတင် ရောင်းချခဲ့ရာ ဆူရှိဆိုင်ရှင် ကီယိုရှိကီမူရာက တန်ဖိုး (၁.၇) ဒေါ်လာဖြင့် လေလံဆွဲဝယ်ခဲ့သည်။ ယခင်နှစ်က ယခု တူနာငါးထက်အလေးချိန် (၄၇) ကီလိုဂရမ်ပိုသော တူနာငါးကို တန်ဖိုးငွေယန်း (၅၆) သန်းသာ ပေးခဲ့ရသဖြင့် ကမ္ဘာ့အကြီးဆုံးငါး ဈေးကြီးအတွက် ၃ ကြိမ်မြောက် စံချိန်တင်တန်ဖိုးဖြစ်သည်။ ထိုဈေးနှုန်းသည် ငါး၏ အရွယ်အစား၊ အရည်အသွေးနှင့် မဆိုင်ဘဲ ဝယ်ယူနိုင်ခြင်းကြောင့် လူထုအတွင်းထင်ပေါ်ကျော်ကြားမှုနှင့် ဆက်စပ်သည်ဟု ဆိုသည်။ နေ့စဉ် ဒေါ်လာသန်းချီ အရောင်းအဝယ်ဖြစ်ပြီး ပင်လယ်ငါးမျိုးစုံ မြင်နိုင်သော တီဆူကီဂျီငါးဈေးကြီးကို ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားစွာ လာရောက် လေ့လာကြသည်။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ကတော့ အလွန်အမင်း ဖမ်းဆီးသဖြင့် တူနာငါးများ တစ်စတစ်စ လျော့နည်းလာသည်ကို သတိပေးနေသော်လည်း ငါးလေလံပွဲကို ကျင်းပခဲ့ခြင်း ဖြစ်သည်။

Ref: Internet News

**ညိုမင်းလွင် (မော်ကျွန်း)**

www.burmeseclassic.com

www.burmeseclassic.com



# ဗြိတိန်နိုင်ငံတွင်သွေးစုပ်ဖုတ်ကောင် ၁၅၀၀၀ ခန့်ရှိ



ဝေးလ်- ဝေလမြောက်ပိုင်းရှိ Sd Glyndwr တက္ကသိုလ်မှ စိတ်ပညာရှင် ဒေါက်တာဝီ လီယံက ဗြိတိန်မှာ သွေးစုပ်ဖုတ်ကောင် မြေအောက်ကွန်ရက်အဖွဲ့အစည်း တစ်ခုရှိနေပြီး သွေးသောက်သုံးသူ ၁၅၀၀၀ ခန့် ရှိတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် ကျေကျေနပ်နပ်သွေးလှူသူ ၃၀၀၀၀ခန့်ရှိနေတယ်လို့လည်း သိရပါတယ်။ ဒေါက်တာဝီလီယံဟာ သွေးစုပ်ဖုတ်ကောင်များကို သုတေသန ပြုလုပ်လေ့လာနေသူတစ်ဦးဖြစ်ပြီး သူတို့တွေကို စိတ်ပိုင်းဆိုင်ရာပုံမှန်မဟုတ်သူ ဒါမှမဟုတ် ရူးသွပ်နေသူများလို့ မယူဆဘူးလို့ ဆိုပါတယ်။

ဒေါက်တာဝီလီယံဟာ သွေးစုပ်ဖုတ်ကောင်များရဲ့ ဆက်သွယ်မှုကွန်ရက်ကို သုတေသန ပြုလုပ်လိုပြီး သူတို့တွေကို အန္တရာယ်ရှိသူအဖြစ် မသတ်မှတ်ဖို့နဲ့ နားလည်မှုပေးပြီး လူမှုအသိုင်းအဝိုင်းက အသိအမှတ်ပြုပေးဖို့ ကြိုးပမ်းနေတယ်လို့ ဆိုပါတယ်။

ဒေါက်တာဝီလီယံက သူတို့ရဲ့ အပြုအမူဟာ ဘာသာရေးဆိုင်ရာယုံကြည်မှုတစ်ခုဖြစ်ပြီး လူတိုင်းမှာ မတူညီတဲ့ယုံ ကြည်ချက်တွေရှိကြတယ်လို့ ဆိုပါတယ်။ ဒေါက်တာဝီလီယံက သွေးသောက်သူများဟာ နိုင်ငံတိုင်းမှာရှိကြပြီး အထူးသဖြင့် အနောက်နိုင်ငံတွေမှာ ပိုများတယ်လို့ဆိုပါတယ်။ သူတို့ဟာ အစုအဖွဲ့လိုက်ရှိပြီး သူများဆီက သွေးကိုသောက်သုံးပြီး အင်အားရယူကြတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် သူတို့မှာ ဥပဒေစည်းမျဉ်းရှိပြီး ဘယ်သူ့ဆီက သွေးကို ယူသင့်တယ်၊ မယူသင့်ဘူးဆိုတဲ့ ကန့်သတ်ချက်များရှိတယ်လို့ ဆိုပါတယ်။


တချို့သွေးသောက်သူများဟာ ကြည်ကြည်ဖြူဖြူ သွေးလှူသူများရဲ့သွေးကိုသာ သောက်သုံးကြပြီး သွေးလှူသူရဲ့ ခန္ဓာကိုယ်တချို့အစိတ်အပိုင်းတွေကသာ သွေးထုတ်ယူနိုင်ပြီး အလွန်တရာရယူခြင်းကိုလည်း တားမြစ်ထားခြင်းရှိတယ်လို့ သိရပါတယ်။ မြေအောက်သွေးစုပ်ဖုတ်ကောင်(သွေးသောက်သုံးသူများ) အသိုင်းအဝိုင်းဟာ အလွန်လျှို့ဝှက်စွာ သိုသိပ်နေထိုင်ကြပြီး ချဉ်းကပ်ဖို့ခက်ခဲပေမယ့် သူ့အနေနဲ့ သုတေသနပြုလုပ်လိုခြင်းကို သွေး စုပ်ဖုတ်ကောင်များ စိတ်ဝင်စားနိုင်တယ်လို့ ယုံကြည်တယ်လို့ ဝီလီယံကဆိုပါတယ်။

**Ref: Daily Mirror**

www.burmeseclassic.com

www.burmeseclassic.com






ညိုမင်းလွင်

# နှစ် (၃၀) ကြာပြီးမှ သူ့ရဲ့ကောင်း ဘွဲ့ရသူ

တက္ကသိုလ်ကျောင်းသူ မစ္စလီလာ (၂၀) နှစ်သည် တက်ကြွသော လေ့လာစူးစမ်းလိုစိတ်ရှိသောသူတစ်ဦးဖြစ်သည်။ တစ်နေ့တွင် သူမဖခင် စုဆောင်းသိမ်းဆည်းထားသော သတင်းစာဖြတ်ပိုင်းလေးများ ကပ်ထားသည့် စာအုပ်တစ်အုပ်ကို တွေ့ရှိသဖြင့် စိတ်ပါဝင်စားစွာ လေ့လာခဲ့သည်။ ထိုဖြတ်ပိုင်းများ စုထားသော စာအုပ်တစ်နေရာတွင် -

"အပျော်စီး သင်္ဘောပေါ်မှ သူ့ရဲ့ကောင်း တယ်လီဗီဂျိုက်" ဟု သူမ၏ ဖခင် (ပင်စင်စား) ၏ အမည်ပါ သတင်းတိုကို ဖတ်ရှုရသည်။ သို့ဖြစ်၍ ဖခင်အား -

"ဒယ်ဒီ လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀) က ဖယ်လာရီဒါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းဆွယ်ရေပြင်မှာ ယာမောက်ကာစတယ်သင်္ဘော ဘာတွေဖြစ်ခဲ့သလဲ သမီးကိုပြောပြပါလား"

"ဒယ်ဒီရဲ့ အလုပ်ကိုဒယ်ဒီလုပ်ခဲ့တာပါ သမီးရယ်"

လီလာသည် ဖခင်၏လုပ်ရပ်အား လေးစားဂုဏ်ယူသော်လည်း ဖခင်က အတိတ်မှ အကြောင်းအရာများကို မေ့မေ့ပျောက်ပျောက်နေခဲ့သည်။ သူမ အရွယ်ရောက်လာ၍ ဝိတိုရိယ၏ မြို့တော် အနောက် ကနေဒီယံတွင် နေထိုင်ခဲ့စဉ် ကိုယ်ကျိုးစွန့်ရဲရင့်သူများကို ဂုဏ်ပြုလေ့ရှိကြောင်း သိရှိခဲ့သည်။ သို့ဖြစ်၍ ဖခင်၏ ဆောင်ရွက်ခဲ့သော လုပ်ငန်းအတွက် ဂုဏ်ပြုဆုတံဆိပ်ရသင့်ကြောင်း မိခင်အိုလင်ဂျီကို ပြောပြသောအခါ မိခင်က -

"သမီးရယ် မင်းဒယ်ဒီအတွက် ဂုဏ်ပြု ဆုတံဆိပ်ရအောင် ကနေဒါအစိုးရဆီ ဆောင်ရွက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် နှစ်တွေသာ ကြာခဲ့တယ်ဘာမှ မထူးခြားခဲ့ဘူးကွဲ့"

ထိုစကားကို ကြားရသော လီဆာသည် ဘဝင်မကျ ဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ အဖြစ်မှန်ရအောင် ဆောင်ရွက်မည်ဟု ဆုံးဖြတ်ချက်ချခဲ့သည်။

၁၉၉၄ ခု ခရစ်စမတ် ကာလတွင် လီလာဖလော်ရီဒါသို့ပြန်လာခဲ့သည်။ အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က လူတစ်ဦး၏ ကိုယ်ကျိုးစွန့် ဆောင်ရွက်မှုကို ဂုဏ်ပြုခဲ့ကြောင်း သိခဲ့ရသည်။ ၎င်းကမ်းခြေစောင့် တပ်ဖွဲ့သည် ဖခင်ကိစ္စအတွက် တစ်စုံတစ်ခု ကူညီနိုင်မည်ဟု ယူဆသော လီလာသည် ဖခင်အမည်ပါ သတင်းစာဖြတ်ပိုင်းကို မိတ္တူကူး၍ မာမီယာကမ်းခြေစောင့်တပ်ဖွဲ့မှ ကွန်မင်ဒါဒင်နယ်တန်ထံ ပေးပို့ စုံစမ်းစေခဲ့၏။ ကွန်မင် ဒါကလည်း "ယာမောက်ကက်စတယ်"သင်္ဘော၏ အဖြစ်အပျက်သည် ကမ်းခြေစောင့်တပ်ဖွဲ့တိုင်း သိရှိထားသဖြင့် လီလာတောင်းသော အကူအညီရစေမည်ဟု ကတိပေးခဲ့သည်။

## ကြောက်စရာကောင်းသော အိမ်မက်ဆိုး၏ ကူးတို့ခရီးစဉ်

(၁၂.၁၂.၁၉၆၅) နေ့ညနေ (၅) နာရီတွင် ယာမောက် ကတ်စတယ် အပျော်စီး ပင်လယ်ကူးသင်္ဘောကြီးသည် မီယာမီမှ ဗဟားမားရှိ နက်ဆူဆိပ်ကမ်းသို့ အပျော်စီးခရီးသည် (၃၇၆) ဦးကို သင်္ဘောအရာရှိ၊ ဝန်ထမ်း (၁၇၆) ဦးက ဦးဆောင်ခရီးနှင်ခဲ့သည်။ ထိုသင်္ဘောတွင် လွန်ခဲ့သည့် (၂) ရက် သင်္ဘောကမ်းမခွာခင်က ကူးတို့သင်္ဘောလုပ်ငန်းကို စိတ်ဝင်စားသော မစ္စတာ တယ်လီဗိုက် (၂၃) နှစ်သည် သာမန်ရက်တို သင်တန်းတက်ပြီး "သင်္ဘော၏ တတိယတန်းငွေကိုင်ရာထူး" တာဝန်ဖြင့် ပထမဆုံး ၎င်း၏ ခရီးစဉ်အဖြစ် တာဝန်ထမ်းဆောင်နေသည်။

ညသန်းခေါင်တွင် တယ်လီဗိုက်သည် ဂျူတီချိန် မဝင်မီ ကုန်းပတ်ပေါ်တွင် အညောင်းပြေ လမ်းလျှောက်နေသည်။ ကပွဲခန်းမတွင် ကျင်းပနေသော ညှည့်ခံပွဲမှ ခရီးသည်များ သီချင်းဆိုသံ၊ပြောသံဆိုသံများကို ကြားနေရသည်။ သင်္ဘောကြီးသည် ဖလော်ရီဒါ အရှေ့ဘက် မိုင် (၁၃၅) ထိ ခရီးပေါက်ပြီ ဖြစ်သည်။ နံနက် (၁-၃၀) နာရီတွင် တာဝန်ချိန်ပြီး၍ ကေဘင်တွင် အိပ်နေသော တယ်လီ၏ ကယ်ဘင်တံခါးကို ဆောက်

www.burmeseclassic.com



ခါ ဆက်ခါ ခေါက်၍ …

"တယ်လီရေ မီးခိုးတွေ မှောင်နေတာပဲကွ။ အမြိုက်ပုံးထဲ စီးကရက်မီး ကျလောင်သလား မသိဘူး ထ ထ" ဟု မသဲမကွဲ ပြောသံ တယ်လီကြားလိုက်ရသည်။ တယ်လီလည်း ယူနီဖောင်းကို ချက်ချင်းဝတ်ပြီးအခန်းပြင် ထွက်လိုက်တော့ ကုန်းပတ်တစ်ခွင် တစပြင်လုံး မီးခိုးများနှင့် မှောင်ပိန်းနေသည်။ ကုန်းပတ်ဝရံတာကို ကိုင်ပြီး မီးခိုး မှောင်ထဲကို ဝင်ကြည့်တော့ အသက်ရှူကျပ်လာသဖြင့် သူ့ အခန်းကို ပြန်ပြေး၍ အဝတ်ကို ရေဆွတ်ကာ မျက်နှာစီးပြီး မီးခိုးထဲ ပြေးဝင်ကာ ကုန်းပတ်တစ်လျှောက်ရှိ ခရီးသည် အခန်းတံခါးများကို ခေါက်ခါ ခေါက်ခါ အတွင်းရှိ အိပ်ပျော်နေသူများကို နှိုးစေခဲ့သည်။ တယ်လီသည် မြောက်မြားစွာသော အထပ်ပေါ် တွားသွားတွယ်တက်ပြီး သန့်စင်သောလေကို တစ်ဝရှူသွင်းပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ သင်္ဘောအရှေ့ပိုင်းစ၍ မီးအကြီးအကျယ် လောင်နေကြောင်း ထိတ်လန့်စွာ မြင်လိုက်ရသည်။ ထိခိုက်မှုဒဏ်ရာ၊ မီးလောင်ဒဏ်ရာတို့ကြောင့် ဝေဒနာခံစားရသော ခရီးသည်များ ဟိုမှဒီကို သွေးရူးသွေးတန်း ပြေးလွှားနေကြသည်။ အချို့ကလည်း မိမိ၏ ချစ်ခင်သူများ ပျောက်ဆုံးနေသဖြင့် အော်ဟစ်ခေါ်ကြသည်။ အချို့လည်း မီးလောင်ဒဏ်ရာကြောင့် ကုန်းပတ်ပေါ်လဲကျကာ ဝေဒနာ ခံစားနေကြရသည်။ သင်္ဘောသားနှင့် ခရီးသည်များ ရောထွေး ရှုပ်ယှက်ခတ်နေသဖြင့် ပရမ်းပတာဖြစ်နေသည်။ မီးသည် သင်္ဘောရှေ့ဘက် စတိုခန်းမှစ၍ နံနက် (၁) နာရီခန့်တွင် စလောင်ခဲ့သည်။ ပင်လယ်လေကလည်း တိုက်နေသဖြင့် မီးလောင်မြန်စေပြီး လှေခါးများ၊ ရေဒီယိုခန်းနှင့် တက်မကိုင်စင်ကို လောင်ခဲ့သဖြင့် ဘေးဒုက္ခရောက်နေကြောင်း သတင်းပို့ချက် "(SOS)" ကိုပင် မပို့နိုင်ခဲ့ပေ။ ဤဝရုန်းသုန်းကားအခြေအနေကြောင့် ကပ္ပတိန်သည် မီးသတ်နိုင်ရေး ဦးမဆောင်နိုင်သည့်အပြင် ၄င်းကိုယ်တိုင် တက်မကိုင်ခန်းမှ စွန့်ခွာခဲ့ရသည်။ သင်္ဘောကြီးသည် အထိန်းအကွပ်မဲ့ ပင်လယ်ရေစီးတွင် မျောပါနေသည်။ ပင်လယ်လေကလည်း လောင်နေသော မီးတောက်ကို အားဖြည့်ပေးသကဲ့သို့ တစ်ဝူးဝူး တိုက်သွင်းပေးနေသည်။ မီးလွတ်သော နေရာဆို၍ ပဲ့ပိုင်းတွင်သာ ကျန်နေသည်။ အခြားသူများကဲ့သို့ပင် အတွေ့အကြုံနုနယ်သော ဗိုလ်ကြီးသည် ဘာလုပ်ရမည်ကိုမဝေခွဲနိုင် ဖြစ်နေသည်။ (၁၉၂၀) ခုနှစ်က တည်ဆောက်ခဲ့ကြသော ယာမောက်ကဲ့သို့ သင်္ဘောများသည် အမေရိကန်တွင် မှတ်ပုံတင်ထားပါက မီးဘေးကြိုတင်ကာကွယ်ရေး အစီအမံများ ကောင်းသည်။ သို့ရာတွင် ယာမောက်သည် ပနားမား မှတ်ပုံတင်သင်္ဘောဖြစ်၍ မီးဘေးလုံခြုံရေးအစီအစဉ် အားနည်းနေသည်။ ဗိုလ်ကြီး၏ စိတ်ထဲတွင် "ငါသည် သင်္ဘောယူနီဖောင်းဝတ်စုံဝတ်ထားသဖြင့် ခရီးသည်များကို ကူညီရန် တာဝန်ရှိသည်" ဟု သဘောပေါက်လိုက်တော့သည်။

**စွန့်သုန်ကား မိုးမိုးထားခြင်း**

ယာမောက် သင်္ဘောသည် ဆိပ်ကမ်းမှ (၁) နာရီ ခေါထွက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ၄င်းနှင့် ကပ်လျက် ပါလာသော ဘဟိမား သင်္ဘောပဲ့နင်း ကားလ်ဘရောင်းသည် ယာမောက်သင်္ဘောမှ အဝါရောင် အလင်းတန်းများ ကောင်းကင်ပေါ် ထိုးတက်နေသည်ကို ၄င်း၏ အဝေးကြည့်မှန်ပြောင်းမှ မြင်ခဲ့ရသည်။ ဘေးဒုက္ခကျရောက်ကြောင်း သတင်းပို့ချက်လည်း မရသဖြင့် ကားလ်ဘရောင်း အနေဖြင့် ထူးဆန်းနေသည်။ သို့ရာတွင် မြင်ကွင်းအရ ယာမောက်သင်္ဘောသည် ဘေးဒုက္ခ တစ်စုံတစ်ရာ ကြုံတွေ့နေသည်ဟု ယူဆ ဆုံးဖြတ်ကာ သူ့သင်္ဘောကို ယာမောက်ဆီသို့ စက်ကုန်မောင်းကာ ဦးတည်လာခဲ့၏။ ၄င်း၏ သင်္ဘောသားများကိုလည်း အသက်ကယ်လှေများ ရေပေါ် ချနိုင်ရန် စီစဉ်စေပြီး အနီးဆုံး ကမ်းခြေစောင့်တပ်ဖွဲ့သို့ ယာမောက်အကြောင်းကို သတင်း တစ်ဆက်တည်း ပို့လိုက်သည်။ အခြား ပင်လယ်ပြင်တစ်နေရာရှိ ဖင်နီပလပ်သင်္ဘောကလည်း ယာမောက်၏ ဖြစ်အင်ကိုတွေ့ပြီး အခင်းဖြစ်ရာဆီ အမြန်ဦးတည် မောင်းလာနေသည်။

**သင်္ဘောတာဝန်ရှိ စတီးဝပ်တို့ကလည်း ခရီးသည်ကို ကူညီရမည့်အစား ကိုယ်လွတ်ရုန်းနေကြသည်။**

ယာမောက်ပေါ်တွင် ဗိုလ်နှင့် အခြားသင်္ဘောသား (၂) ဦးသည် မီးသတ်ပိုက်ကိုဖွင့်ပြီး မီးငြိမ်းသော်လည်း "ရေက ထွက်မလာပေ"။ သို့ဖြစ်၍ ၄င်းတို့ လက်လျှော့လိုက်ရသည်။ ဦးပိုင်းရှိ အသက်ကယ်လှေ အားလုံးကို မီးကဝါးမြိုလိုက်သည်။ ပဲ့ပိုင်းတွင် ကျန်သော အသက်ကယ်လှေတို့ကို ဗိုလ်အပါအဝင် သင်္ဘောသား (၆) ဦးတို့သည် ကလေးအပါအဝင် အမျိုးသမီးတို့ကို တင်စေပြီး မီးလွတ်ရာရေပြင်သို့ ပို့ခဲ့ကြသည်။ ဤသို့ ဦးဆောင်မည့်သူ မရှိခဲ့ခြင်းမှာ ကပ္ပတိန်အပါအဝင် သင်္ဘောသား အပြည့်ပါသော လှေတစ်စင်းသည် သင်္ဘောမှ စွန့်ခွာသွားကြောင်း ဗိုလ်မြင်ခဲ့ရသည်။ သင်္ဘော အောက်ခန်းများတွင် ပိတ်မိနေသော ခရီးသည်များ၏ အော်ဟစ်အကူအညီ တောင်းသံကြားကြားခြင်း ထိုအခန်းရှိ မှန်ကာများကို ရိုက်ခွဲဖွင့်ကာ ခရီးသည်များကို ဆွဲထုတ်ကယ်တင်ပြီး ဘေးလွတ်ရာသို့ ပို့ပေးခဲ့သည်။

ခရီးသည်များအနက်မစ္စတာ အာနီး၊ ဇနီးဘက်တီ၊ သား (၂) ဦးတို့သည် ၄င်းတို့၏ အခန်းပြင်ပမှ အော်ဟစ် ပြေးလွှားနေသံကို သတိထားမိသည်။ သို့ဖြစ်၍ အခန်းပြင်ပသို့ တံခါးဖွင့်ကြည့်သော အဖြစ်အပျက် အလုံးစုံကို

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသည်။ သင်္ဘောတာဝန်ရှိ စတီးဝပ်တို့ကလည်း ခရီးသည်ကို ကူညီရမည့်အစားကိုယ်လွတ် ရုန်းနေကြသည်။ ဘေးဒုက္ခကြုံလျှင် ရင်ဆိုင်ရန် နည်းလမ်းအတွေ့အကြုံရှိ ကိုရီးယားစစ်ပြန် မစ္စတာအာနီးသည် မိသားစုအားလုံးကို စုဝေး လက်တွဲထားကာ ၄င်းကိုယ်တိုင်အခြားအခန်းများသို့သွားကာ အသက်ကယ်အင်္ကျီရှာဖွေရာ (၃) ခုသာ ရခဲ့သည်။ သင်္ဘောဦးဘက်မှ မီးသည် အာနီးတို့ဆီ ချဉ်းကပ်လာနေသည်။ ရလာသော အသက်ကယ်အင်္ကျီကို ဇနီးနှင့် သား (၂) ဦးတို့ကို ဝတ်ဆင်စေခဲ့သည်။အနီးတွင် အသက်ကယ် လှေတစ်စီးရှိသော်လည်း ရေပြင်သို့ချပေးရန် အကူအညီ သင်္ဘောသားလိုနေသည်။ ထိုစဉ်မှာပင် လှုပ်ရမ်းရိုက်ခတ်မှုကြောင့် အသက်ကယ်လှေနှင့် သင်္ဘောဘေးနံရံတို့ ဆောင့်မိကာ အဝေးသို့ လွင့်ထွက်ပြီး တွဲလောင်းကြီးဖြစ်သွား၍ အသက်ကယ်လှေကို အာနီးတို့မိသားစုအားကိုးမရတော့ချေ။

အာနီးတို့ရှိရာ သင်္ဘောအပေါ်ထပ်သည် အလွန်မြင့်သော နေရာဖြစ်သည်။ အောက်ခြေပင်လယ်ပြင်တွင်လည်းမှောင်ပိန်းပြီး ဘာမျှ မမြင်ရသဖြင့် နိမ့်သော အောက်ထပ်သို့ တွယ်ကုတ်ဆင်းကြရသည်။ သား (၂) ဦးနှင့် အာနီးအတွက် အခက်အခဲမရှိသော်လည်း ဘက်တီမှမဆင်းတတ် ဖြစ်နေတော့သည်။ ထို့ကြောင့် အာနီးသည် …

"ကယ်ကြပါဦးဗျို့။ ကယ်ကြပါဦး" ကြုံး၍ အော်ဟစ်အကူအညီတောင်းခံ၏။ အော်သံကြားကြားခြင်း ဗိုက်သည်အာနီးတို့ထံရောက်လာကာ ဘက်တီကိုကူညီ၍ အောက်ထပ်သို့ ချပေးသည်။ အာနီးနှင့် ဗိုက်တို့သည် ရေပေါ်နိုင်သော သစ်သားခုံ၊ မွေ့ယာ၊ သစ်သားခုံရှည်တို့ ရေပေါ် ပစ်ချကြသည်။ (ရေပေါ်တွင် တွယ်ခိုရန်ဖြစ်သည်) မစ္စတာအာနီးက ဗိုက်ကို …

"ကျုပ်တို့တော့ ဒီကနေရေထဲခုန်ချတော့မယ်ဗျို့။ ကျုပ်မှာတော့ အသက်ကယ် အင်္ကျီမပါဘူးဗျ" ဟု ဗိုက်ကို အော်ပြောနှုတ်ဆက်စဉ် ဗိုက်တွင် အတွေးတစ်ခု ဝင်လာသည်။

"ဪ သူဟာ မိသားစုနဲ့ပါလား။ သူသေလို့ ဘယ်ဖြစ်ပါ့မလဲ" ဟု စဉ်းစားမိပြီး ဆုံးဖြတ်ချက်ချကာ …

"နေဦးဗျို့။ နေဦး။ ကျွန်တော့် အသက်ကယ်အင်္ကျီ ဝတ်သွား … ဝတ်သွား" ဟုဆိုကာ ၄င်းတွင် ဝတ်ထားသော အင်္ကျီကိုချွတ်၍ အာနီးကို ဝတ်စေသည်။ ထိုစဉ် မီးဆလိုက်အလင်းတန်းတစ်ခုကို တွေ့ရသည်။ အာနီးတို့မိသားစုလည်း ပင်လယ်ထဲ ခုန်ချသွားသည်။ အလင်းတန်းနှင့်အတူရောက်လာသော ဘဟားမားစတားသင်္ဘောက ယာမောက်အနီးချဉ်းကပ်ကာ အသက်ကယ်လှေများချပြီး ရေပြင်မှ တွေ့သမျှခရီးသည် တို့ကို ကယ်တင်ခဲ့သည်။ အချိန်မှာ နံနက် (၂-၂၅) နာရီဖြစ်သည်။ ဘဟာမားစတား ပဲ့နင်းသည် လက်ကိုင်အော်လံဖြင့် အော်ဟစ်ကာ ခရီးသည်များ ကယ်တင်ရေး ဆောင်ရွက်ပေးသည်။ ထိုစဉ် ဖင်နီပလပ် သင်္ဘောကလည်း မီးလောင်နေသည့်သင်္ဘောနှင့် (၃) ဖာလုံ အကွာသို့ ရောက်လာခဲ့သည်။ ဗိုက်သည် သင်္ဘောအခြားနေရာတွင် မီးလောင်ခံရသူ

www.burmeseclassic.com


www.burmeseclassic.com



များကို သယ်ထုတ်ကာ မီးလွတ်ရာသို့ ပို့ပေးခဲ့သည်။ သင်္ဘောလှေခါးခွင်တွင် ခေါင်းမီးလောင်လဲကျနေသော အမျိုးသမီးတစ်ဦး၏ ဦးခေါင်းကို ရေစိုအဝတ်ဖြင့် မီးငြိမ်းပြီး အသက်ကယ်လှေပေါ် ချပေးပြန်သည်။ သင်္ဘောမီးကတော့ လောင်ကောင်းတုန်းဖြစ်သည်။ ယာမောက်ပေါ်တွင် ဗိုက်အပါအဝင် အရာရှိ (၆၂) ဦးသာ ကျန်တော့သည်။ ထိုအရာရှိက "ဗိုက်ရေ တို့သွားကြစို့" ဟု ဆော်ဩသည်။ ဗိုက်၏ စိတ်ထဲတွင် ခရီးသည်များ ကျန်နေသည်ကို တွေးမိသဖြင့် ...

"မသွားသေးဘူးဗျာ" ဟု ငြင်းပယ်ကာ ကျန်ရစ်ခဲ့သည်။ ဗိုက် သင်္ဘောအောက်ထပ်ကို ဆင်းကြည့်သောအခါ အသက်ကြီးသူများနှင့် လူငယ် အမြောက်အမြားသည် အရှိန်ပြင်းစွာလောင်နေသော မီးအရှိန်ကို ကြက်သေသေကြည့်ကာ မှင်တက်နေကြသဖြင့် ထိုအုပ်စုကို အသက်ကယ်အင်္ကျီဝတ်စေပြီး ရေထဲ ခုန်ချစေရာ ငယ်ရွယ်သူများက ရေထဲ ခုန်ချလွတ်မြောက်ကြသော်လည်း အသက်ကြီးသူများခမျာ တုန်တုန်ရီရီဖြစ်နေသဖြင့် ဗိုက်သည် ထိုဒုက္ခသည်များကို ချော့မော့သွေးဆောင်ကာ လက်ရမ်းပေါ်မှတစ်ဆင့် ရေပြင်ဆီ ခုန်ဆင်းစေခဲ့ရသည်။ ဗိုက်၏ ကယ်တင်ဆောင်ရွက် နေပုံကို ဘဟားမားစတား ကပ္ပတိန်သည် အသည်း တထိတ်ထိတ် မြင်နေရသည်။ ရေပြင်သို့ ကျလာသော ဒုက္ခသည်များကို ဘဟာမားစတားနှင့် ဖင်နီပလပ်မှ အသက်ကယ်လှေများက ဆွဲယူကယ်တင်ပေးခဲ့ကြသည်။ ယာမောက်ပေါ်တွင် လူကုန်ပြီဖြစ်ကြောင်း လှမ်းမြင်ရသော ဘဟားမား ပွဲနင်းက ဗိုက်ကို ...

"ဟေး မင်းသင်္ဘောပေါ်မှာ လူမရှိတော့ဘူး။ ခုန် ဆင်းလာတော့" ဟု အော်ဟစ်သတိပေးတော့မှ ဗိုက်သည် ပင်လယ်ပြင်သို့ ခုန်ဆင်းကာ ဘဟားမား စတား.သင်္ဘောပေါ် အသက်မသေဘဲ ရောက်ခဲ့သည်။ ဗိုက်သည် အနားမနေဘဲ။ ကယ်တင်ခြင်းခံရသည့် ဒုက္ခသည်များကို ကူညီပြုစုခြင်း၊ ကယ်တင်ခံရသူစာရင်းပြုစုခဲ့ရာ တယ်လီဗိုက်၏ စွန့်စား ကယ်စင်မှုကြောင့် လူကြီး၊ ကလေး၊ မိန်းမ (၃၀) အသက်ချမ်းသာရာ ရခဲ့သည်။ ဒဏ်ရာရ လူနာများကို ကမ်းခြေစောင့်တပ်ဖွဲ့က ရဟတ်ယာဉ်များဖြင့် ဆေးရုံပို့ပေးခဲ့သည်။ နံနက် (၆) နာရီတွင် ဗိုက်တို့၏ ယာမောက် သင်္ဘောကြီးသည် လှိုင်းလုံးကြီးများအကြား မီးလောင်



www.burmeseclassic.com



မြေမြုပ်သွားသောလှေ ၄င်းနှင့် အတူ ခရီးသည် (၈) ဦးနှင့် သင်္ဘောသား (၂) ဦးတို့ ပင် လယ်ချိုင်းတွင်း ဆွဲခေါ်သွားခဲ့ သည်။

ဤသဘော် မီးလောင်မှု ဖြစ်ပြီးနောက် မစ္စတာတယ်လီ ဗွိုက်သည် တတိယမွေ့ကိုင်ရာထူး မှ အဆင့်ဆင့်ရာထူးတိုးပြီး မစ္စ ဘိုလီဂျင်နှင့် အိမ်ထောင်ကျကာ သမီးမစ္စ လီလာကို (၁၉၇၃) ခုနှစ်တွင် မွေးဖွားခဲ့သည်။ ရိုးသား ကြိုးစားစွာ တာဝန်ထမ်းဆောင် ရင်း နှစ်ပြည့်သောအခါ အလုပ် မှ အနားယူခဲ့သည်။



**အရပ်ဖက်ဆိုင်ရာ အမြင့်ဆုံး ဆုတံဆိပ်**

သမီးလီလာ၏ ဆောင် ရွက်မှုသည် မစ္စတာတယ်လီဗွိုက် ၏ စွန့်စားဆောင်ရွက်ခဲ့မှုကို ပြန်လည်ဖော်ထုတ်နိုင်ခဲ့သည်။ ၁၉၉၅ ခု မတ်လတွင် U.S ကမ်းခြေစောင့်တပ်ဖွဲ့က မစ္စတာ တယ်လီဗွိုက်၏ လူသားအကျိုး ကို သက်စွန့်ဆောင်ရွက်မှုအတွက် အရပ်ဖက်ဆိုင်ရာ အမြင့်ဆုံးဆု တံဆိပ် (Distinguished Public Servic Award) ကို ချီးမြှင့်ကာ တိမ်မြုပ်နေသော သူ့ရဲကောင်းကြီး ဗွိုက်ကို ဂုဏ်ပြုခဲ့သည်။ နှစ်ပေါင်း (၃၀) ကြာမှ သူ့ရဲကောင်းအဖြစ် ဂုဏ်ပြုခံရသော မစ္စတာဗွိုက်၏ သတင်းသည် သတင်းစာ အစောင်စောင်တွင် ပါလာခဲ့ရာ ယာမောက်မီးလောင်စဉ်က လွတ် မြောက်ခဲ့သော မစ္စတာအာနီး သည် မစ္စတာဗွိုက်၏ ရုပ်ပုံပါ သတင်းကို ဖတ်ရှုမိပြီး ၄င်းအား အသက်ကယ်အင်္ကျီချွတ်ပေးခဲ့ သူမှာ မစ္စတာတယ်လီဗွိုက်ဖြစ် ကြောင်း သိရှိလိုက်ရသည်။

မတ်လ (၂၄) ရက်နေ့ သာယာသော နံနက်တွင် ဗွိုက် ၏ အိမ်မှ တယ်လီဖုန်းမြည်လာ သဖြင့် မစ္စတာဗွိုက် ကောက်ယူ နားထောင်လိုက်သောအခါ -

“မစ္စတာ တယ်လီဗွိုက် ပါလား ခင်ဗျား”

“ဟုတ်ပါတယ်”

“ယာမောက် မီးလောင် စဉ်က ခင်ဗျားပေးခဲ့တဲ့ အသက် ကယ်အင်္ကျီနဲ့ ခင်ဗျားရဲ့ ကူညီ မှုကြောင့် ကျွန်တော်တို့ မိသားစု အားလုံး အသက်ချမ်းသာခဲ့ပါ တယ်။ မည်သူမှန်းလည်း မသိ ခဲ့ပါဘူး။ အခု ဆုတံဆိပ်ချီးမြှင့် ခံရတော့မှ မစ္စတာဗွိုက်မှန်းသိ ရပါတယ်။ နှစ် (၃၀) ကြာမှ ကျေးဇူးတင်စကားပြောနိုင်ခဲ့တာ ကို ခွင့်လွှတ်ပါဗျာ”

“အိုဗျာ ကျွန်တော်တို့ လူသားတွေက ရလာသမျှ အခွင့်အလမ်းတိုင်းမှာ လူသား ချင်း ရိုင်းပင်းကူညီရတာ မင်္ဂလာ တစ်ပါးပါပဲ မစ္စတာအာနီးရေ”

ညွှန့်မင်းလွင် (မော်ကျွန်း)

www.burmeseclassic.com

www.burmeseclassic.com



# ဝမ်းနည်းခြင်း



## ညိုမြင်းလွင် ( မော်ကျွန်း )


## ( 1946 - 2014 )

မြစ်ရပ်မှန်မဂ္ဂဇင်းတွင် နိုင်ငံတကာသတင်းများ ၊ ပြည်ပမှုခင်းသတင်းများ
လစဉ်ပင်တိုင်ရေးသားခဲ့သူ ဆရာညိုမြင်းလွင်(မော်ကျွန်း) ၊ ဦးစိန်ဝင်း
၁၆.၃.၂၀၁၄ တွင် ကွယ်လွန်သွားကြောင်းသိရပါသည်။
စာပေအပေါ် သံယောဇဉ်ကြီးမားသော ဆရာကွယ်လွန်သွားခြင်းအတွက်
မြစ်ရပ်မှန် အယ်ဒီတာအဖွဲ့မှ ဝမ်းနည်းကြောင်း မှတ်တမ်းတင်ပါသည်။

အယ်ဒီတာအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com





# ကြိုးသမားဝေါ် နောက်ဆုံးည

အောင်မြတ်ဦး

www.burmeseclassic.com

www.burmeseclassic.com

# ကြိုးသမားပေါ နောက်ဆုံးည

အောင်မြတ်ဦး

၁။

၁၉၄၈ ခုနှစ်၊ မေလ ၈ ရက်။

ထိုနေ့က မြန်မာအမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးတို့အား နယ်ချဲ့လက်ပါးစေ ဂဠုန်ဦးစော၏ လမ်းညွှန်ချက်ဖြင့်လုပ်ကြံသတ်ဖြတ်ခဲ့သည့် နိုင်ငံတော်လုပ်ကြံမှုတရားခံ ဂဠုန်ဦးစောနှင့် အပေါင်းအပါတို့အား ရန်ကုန်ထောင်နှင့် အင်းစိန်ထောင်၌ ကြိုးစင်တင် ကွပ်မျက်သည့်နေ့ဖြစ်၏။

ဂဠုန်ဦးစောသည် ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီး ၆ဦးနှင့် အခြားပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ၉ ဦးတို့အား ၁၉၄၇ခုနှစ် ဇူလိုင် ၁၉ ရက်နေ့က အတွင်းဝန်ရုံးရဲ့ အစည်းအဝေးခန်းမမှာ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

ထိုနေ့မှာပင် တာဝန်ရှိရဲတပ်ဖွဲ့က ဂဠုန်ဦးစောအား ဖမ်းဆီးနိုင်ခဲ့၏။ ထို့အတူ ဂဠုန်ဦးစောနှင့် အပေါင်းအပါတို့အား ခုံရုံးဖွဲ့စည်းကာ နိုင်ငံတော်လုပ်ကြံမှုအား ဖော်ထုတ်နိုင်ခဲ့သည်။

နိုင်ငံတော်လုပ်ကြံမှု တရားခံ ဂဠုန်ဦးစောနှင့် အပေါင်းအပါတို့အား ရုံးတင်စစ်ဆေးသည့်နေရာကား အင်းစိန်ဗဟိုအကျဉ်းထောင်တွင်း၌ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုံရုံးအဖွဲ့၌ ဦးကျော်မြင့်၊ ဦးအောင်သာကျော်၊ ဦးစိုးကူးတို့ ပါဝင်ပြီး ဥက္ကဋ္ဌသည် ဦးကျော်မြင့် ဖြစ်၏။ နိုင်ငံတော်မှ ထိုအမှုအား အတိမ်းအစောင်း မရှိစေရန် တိကျစွာကြားနာ ဆောင်ရွက်ခဲ့၏။

ဦးစောသည် သူ၏ စွပ်စွဲခံ အမှုမှ လွတ်မြောက်စေရန် ကြိုးပမ်းခဲ့၏။ လန်ဒန်တွင် ထင်ရှားသည့် ဝတ်လုံမစ္စတာ ကားတစ်ဘက်နက်ကိုယ်တိုင် လိုက်ပါစေခဲ့၏။

သို့သော် အမှုက ရှင်းနေသည်ကတစ်ကြောင်း၊ ရန်ကြီးအောင်နှင့် ကံညွန့်တို့ကလည်း အမှန်ကို ထုတ်ဖော်ခဲ့သည်က တစ်ကြောင်း (ထိုနေရာတွင်း ဥပဒေကြောင်းအရ ဖော်ကောင် (အစိုးရသက်သေ) အဖြစ်ရန်ကြီးအောင်မှ ဦးစွာ ဖော်ထုတ်ခဲ့သည် မှန်သော်လည်း ဥပဒေကြောင်း မသိသဖြင့် ဖော်ကောင် (အစိုးရသက်သေ) မဖြစ်ခဲ့။ ကံညွန့်က သူတရားရုံး အကူလုပ်ခဲ့ဖူးသူ ဖြစ်သဖြင့် ဥပဒေအရ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖော်ထုတ်အစစ်ခံသဖြင့် အစိုးရသက်သေ ဖြစ်ခဲ့သည်။ စသည့်အကြောင်းများကြောင့် တရားရုံးမှ အမှုအား စီရင်နိုင်ခဲ့၏။ ပြစ်ဒဏ်ချမှတ်နိုင်ခဲ့၏။

၁၉၄၈ ခုနှစ် မေလသည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝမှ လွတ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်သည့် (၅) လမြောက်နေ့ ဖြစ်သည်။

ပြစ်မှုကျူးလွန်ပြီး စီရင်ချက်ချမှတ်နိုင်ရန် ခုံရုံးအဖွဲ့မှ အမှုကို စစ်ဆေးကြားနာခြင်းနှင့် စီရင်ချက်ချမှတ်ခြင်း ပြစ်ဒဏ်ပေးခြင်းသည် ၁၀ လကျော်အတွင်း၌ ဖြစ်သည်။

၁၉၄၈ ခုနှစ်၊ မေလ (၈) ရက်နေ့သည် ကြိုးသမား ဂဠုန် ဦးစော၏ နောက်ဆုံးနေ့။

၁၉၄၈ ခုနှစ်မေလ ၇ ရက်နေ့ကမူ ကြိုးသမားဂဠုန်ဦးစော၏ နောက်ဆုံးည။

၂။

၁၉၄၈ခုနှစ်၊ မေလ ၇ရက်။

နေ့တစ်နေ့ ကုန်ခဲ့လျှင် ညတစ်ည စသည်မှာ မမှုတာ။ လင်းအားရောင်ခြည် တစ်ထောင်အလင်းဆောင်သည့် ရှင်နေမင်းသည် အရှေ့ဘက်မှ ဝံ့ကြွားစွာ ပေါ်ထွက်လာသကဲ့သို့ အနောက်ဖက်တောင်စွယ်သို့ ညှိုးငယ်စွာ တိုးဝင်သွားခဲ့ပြီ။

နေပြီးတော့ည…

ညတစ်ည စပြီဆိုသည်နှင့် အမှောင်တို့ဝင်ပြီး လာခဲ့ပြီ။ ညရောက်ပြီဆိုသည်နှင့် အကျဉ်းထောင်အတွင်း တိတ်ဆိတ်မှု ပိုလာခဲ့သကဲ့သို့ ကြိုးတိုက်အတွင်း ပို၍ တိတ်ဆိတ်နေသယောင်ထင်ရ၏။

ကြိုးတိုက်ထဲ၌ အေးစက်နေ၏။

နက်ဖြန်နံနက် မိုးသောက်လျှင် မိမိအား ကြိုးပေးကွပ်မျက်တော့မည်ကို သိနေသော်လည်း ဦးစောသည် တည်ငြိမ်လျက်။ ကြိုးတိုက်တွင်း၌ ထိုင်ခြင်းနှင့် ထလျှောက်ခြင်းအား မျှတစွာ ပြုကျင့်နေသလား ထင်ရ၏။

သူသည် ရှမ်းဘောင်းဘီဝတ်ထား၏။ သူ့မျက်နှာပေါ်တွင် အတ္တ၊ လောဘ၊ မာန်မာနတွေကင်းပျောက်နေသလို ရှိသည်။

ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းက ကွေကွင်းနောက်ဆုံးရှိ ချေသည်ဟူသည်ဆိုသော စကားအား သူ့အမှတ်ရနေ၏။ လူတစ်

www.burmeseclassic.com

www.burmeseclassic.com





ဦးသည် သက်ရှိထင်ရှားစဉ်က အတ္တ၊ မာန အာဏာအတွက် မာန်ယစ်နေသော်လည်း နောက်ဆုံးကျတော့ ဒါတွေအားလုံးဟာ အလကားဖြစ်သည်ဟု သူသိလိုက်သည်။

ဦးစောဘဝတွင် သူ၏ ထင်ပေါ်ကျော်ကြားမှု အောင်မြင်ထက်မြက်မှုအတွက် ကြိုးစားခဲ့ရ၏။ သူသည် မြန်မာတစ်မျိုးသားလုံးက နယ်ချဲ့ဟု ကမ္ဗည်းတင်ထားသည့် အင်္ဂလိပ်တို့အား အလုပ်အကျွေး ပြုခဲ့သည်။

ဘုရင်ခံမှ အားထားသည့် ပုဂ္ဂိုလ်တစ်ဦး၏ အဖြစ်သည် သာမန်အဖြစ်မဟုတ်။ သာမန်အရည်အချင်းဟု မဆိုသာ။ ဦးစောအား အချို့က နယ်ချဲ့အလိုတော်ရိဟု သမုတ်ခဲ့သော်လည်း ဦးစောသည် မျိုးချစ်စိတ် မရှိသူမဟုတ်။

ဦးစော၏ 'ဝါးရင်းဒုတ် ကြွေးကြော်သံ' သည် သူ့ဘဝ တည်ဆောက်ရေးအတွက် အားတစ်ခုပင်။ သူ၏ ဝါးရင်းဒုတ်တပ်ဖွဲ့သည် တခါတရံ နယ်ချဲ့အလိုကျ၊ နယ်ချဲ့လက်ကိုင်ဒုတ် ဖြစ်ခဲ့သော်လည်း တစ်ခါတရံ အတ္တအလံထူခြင်း ဖြစ်ကောင်း ဖြစ်နိုင်၏။

သာမန်ဘဝမှ အထင်ကရလူတစ်ဦးအဖြစ် ရပ်တည်နိုင်ရန် တွန်းအားတစ်ခု ဖြစ်သည်။ နယ်ချဲ့အစိုးရလက်ထက်၌ ဦးစောသည် နေရာရခဲ့သူလည်း ဖြစ်သည်။

နန်းရင်းဝန် ဦးစောဘဝသည် သူ့ဘဝသမိုင်း မှတ်တိုင်လည်း ဖြစ်သည်။

၃။

နယ်ချဲ့အစိုးရလက်ထက်၌ ဦးစောသည် နယ်ချဲ့အလိုကျ စွမ်းဆောင်ပေးနိုင်ခဲ့သည်။ မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တွင် ဦးစောသည် ဘုရင်ခံ ဒေါ်မန်စမစ်၏ လက်စွဲလည်း ဖြစ်သည်။ အောင်ဆန်းအက်တလီ စာချုပ်အတွက် လန်ဒန်သွားသည့်

www.burmeseclassic.com



ကိုယ်စားလှယ် အဖြစ်တွင် ဘုရင်ခံအလိုကျ လိုက်ပါခဲ့သူဖြစ်သလို အောင်ဆန်းအက်တလီ စာချုပ်အား လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့သူ၊ ဘုရင်ခံနှင့် ပူးတွဲပြီး ပင်လုံကွန်ဖရင့် စီစဉ်ခဲ့သူ။

နယ်ချဲ့ဗြိတိသျှ အလိုတော်ရိ....။

သို့သော် ဦးစောအား မျိုးချစ်စိတ် ကင်းမဲ့သူဟု ပြောမရ။ သတ်မှတ်၍မရ။ သူကိုယ်တိုင်လည်း လွတ်လပ်ရေးကို မြတ်နိုးသူ။ နိုင်ငံကို လွတ်လပ်စေချင်သူ။

သူ့သမိုင်းတွင် နန်းရင်ဝန်ရာထူး လက်ရှိနှင့် မြန်မာနိုင်ငံလွတ်လပ်ရေး တောင်းဆိုခဲ့သူ။

"ဒိုမီနီယံပဲဖြစ်ဖြစ်၊ လုံးဝလွတ်လပ်ရေးပဲဖြစ်ဖြစ်၊ လွတ်လပ်ရေးက လွတ်လပ်ရေးပဲလေ။ မျိုးချစ်စိတ်ကြောင့် ကိုယ်ကျိုးမငဲ့ဘဲ လွတ်လပ်ရေး တောင်းခဲ့တာ။ ဒါကြောင့် ယူဂန္ဓာမှာ ၂ နှစ် အကျယ်ချုပ်နေခဲ့တယ်။ ဒါဟာ သမိုင်းပဲလေ"

သူစဉ်းစားရင်း ပြုံးဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူ့ဘဝသူတွေးရင်း သံဝေဂရမိသည်။ သူသည် ကိုယ့်လုပ်ရပ်အား ပြန်သုံးသပ်ပြီး နောင်တရသူမဟုတ်။ ကိုယ်ပြုသမျှဒဏ် ကိုယ်ခံရမည်ဟု သူသိထားသည်။



Former Premier U Saw, of Burma, stands on the

သူသက်ပြင်းချလိုက်သည်။

၄။

သူတည်ငြိမ်စွာ ထလိုက်သည်။ သူ့အနီးတွင် ဖယောင်းတိုင် ၃တိုင်နှင့် လက်ဖက်ရည်ခွက် ရှိနေသည်။ သူလက်ဖက်ရည်ခွင်နှင့် ဖယောင်းတိုင်အား ကြည့်ရင်း မကောင်းမှုကို ကောင်းမှုနှင့် ခြေဖျက်ရမည်ဟု တွေးမိသည်။

ဖယောင်းတိုင် သုံးတိုင်အား မီးပူဇော်သည်။ လက်ဖက်ရည် သူ့အတွက် အဟာရဖြစ်စေသော်လည်း သူမသောက်တော့။ဘုရားအား ဆွမ်းအဖြစ် ကပ်လှူသည်။

ဘုရားရှိခိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတရား ဘာဝနာတွင် စီးမျောသွား၏။ ဘာပဲဖြစ်ဖြစ် ဘုရားရှင်၏ တရားရိပ်၌ မွေ့လျော်ခြင်းသည် ငြိမ်းအေးခြင်းပင်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ဆည်းကပ်ပူဇော်ရင်း သူ့အားလုံးအား မေ့လျော့သွား၏။ ကိုယ့်ကိုယ်ကိုယ် လည်ပင်းကြိုးကွင်းစွပ်အသတ်ခံရမည့် လူတစ်ဦးအဖြစ်ပါ မေ့သွားသည်။

လူတစ်ယောက်အတွက် ထာဝရ ငြိမ်းချမ်းစေရန် မေတ္တာဂရုဏာ မုဒိတာကို နှလုံးသွင်းရမည်။ အတ္တ၊ မာန်မာနအား ချုပ်ငြိမ်းစေရမည်။ ငြိမ်းအေးခြင်း ကွန်ရက်သည် ဖြန့်ကျက်လျက်။

ထို့ကြောင့် အချိန်တို့က ဘယ်လို ကုန်မှန်း မသိလိုက်။ ကြိုးတိုက်တံခါးဖွင့်သံက သူ့ကို လှုပ်နှိုးလိုက်သလို သူမျက်လုံးဖွင့်လိုက်သည်။ ကျီခနဲ တံခါးဖွင့်သံနှင့်အတူ အလင်းရောင်နှင့် လေနုအေးက တိုးဝှေ့ဝင်သည်။

သူ့ကိုလာခေါ်ပြီ။

သူဖြေးညင်းစွာ လျှောက်ထွက်ခဲ့သည်။ အခန်း၀တွင် ထောင်ပိုင်ကြီး၊ အင်းစိန်ခရိုင်ဝန်နှင့် တာဝန်ရှိသူတွေ ရှိနေသည်။ သူတည်ငြိမ်အေးဆေးစွာ ပြုံးလိုက်သည်။ အားလုံးကမူ စိတ်မကောင်းသည့် အသွင်နှင့်။

"ကျွန်တော်တို့ဟာ ပခုံးပေါ် ကျလာတဲ့တာဝန်တွေကို ကျေပြန်စွာ ထမ်းဆောင်ရတယ်လေ။ ကျွန်တော် ဘယ်သူ့ကိုမှ အပြစ်မမြင်ပါဘူး"

သူ့စကားက ပကတိ တည်ငြိမ်သည်။ သူဆက် လျှောက်လာ၏။ အားလုံးသည် စက်ရုပ်တွေလို။ တဖြည်းဖြည်း လျှောက်လာသည့် ဦးစောသည် စကြံဘေးရှိ ဘုရားတစ်ဆူအား ကျော်ဖြတ်ပြီးမှ ပြန်လှည့်ကာ ဝတ်ပြုသည်။

သူ့အသွင်က ပြာယာခတ်ခြင်းမရှိ။

"ကျွန်တော် ဘယ်သူ့ကိုမှ အငြိုးအတေး မရှိပါဘူး။ ကံကံ၏ အကျိုးဆက်အတိုင်း ကျွန်တော်တို့ ခရီးဆက်ရတယ်လေ ကြိုးဆွဲခြင်းနောက်မှာ အမုန်း မရှိသင့်ဘူး။ ကံတရားနဲ့အညီ ပြုကျင့်ကြတယ်လို့ ယုံပါတယ်။

အားလုံးလည်း အရာရာ မေ့လျော့နေသလို ဦးစောသည် တရွေ့ရွေ့လျှောက်သွားပြီး ကြိုးစင်လှေခါးပေါ်သို့ လှမ်းတက်သည်။ တရားသည် သူ့အား လွှမ်းခြုံထားသည်ကား။

စိုးရွံ့ခြင်းမရှိ။

အာရုံဦး အလင်းရောင်တို့ ဖြန့်ကျက်လာသည်။ ငှက်ကျေးသာရကာတို့ အော်မြည်သံကြားသည်။ လေသည် နှောသွေးနေသည်ကား။

အချိန်သည်ရွေ့လျားနေ၏။

နံနက် ၇နာရီ ဂျိုင်းဟူသည့် ခေါက်ဖြုတ်သံ ကြားသည်။ ချုပ်ငြိမ်းခြင်းသည် သူ့အား ဖိနှိပ်ဆွဲယူသွားပြီ။ လောကတွင် လူတိုင်း ပြုလုပ်မှု ကံတရားအတိုင်း ဖြစ်တည်ရ၏။


သူ (သို့မဟုတ်) ဦးစောသည်····

**စာဖတ်သူများရဲ့**
**အောင်မြတ်ဦး**

www.burmeseclassic.com



ခင်မမမျိုး



# မော်တော်ယာဉ်တန်း လုံခြုံရေး ဆိုင်ရာ သိကောင်းစရာ

အရေးပါတဲ့ ခေါင်းဆောင်တွေရဲ့ ပြည်တွင်းစည်းရုံးရေး ခရီးစဉ်၊ နိုင်ငံခြား သံတမန်ရေးရာ ခရီးစဉ်တွေနဲ့ မြို့တွင်း သွားလာရေးတွေမှာ မော်တော်ယာဉ်တန်းလုံခြုံရေး (motorcade protection) ဟာ အလွန်အရေးကြီးပါတယ်။ မော်တော်ယာဉ်တန်း တိုက်ခိုက်ခံရမှုကြောင့် အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးသွားခဲ့ရတဲ့ စစ်ရေး၊ နိုင်ငံရေး၊ သံတမန်ရေးရာ ခေါင်းဆောင်တွေ ကမ္ဘာမှာ အများအပြားရှိပါတယ်။

## မော်တော်ယာဉ်တန်း လုံခြုံရေးဆိုင်ရာ အခြေခံစည်းမျဉ်းများ

မော်တော်ယာဉ်တန်းလုံခြုံရေး အခြေခံစည်းမျဉ်းအရ အရေးပါပုဂ္ဂိုလ်များ လိုက်နာစီးနင်းမယ့် principal vehicle တွေနဲ့ escort vehicle တွေကို မောင်းနှင်သူများဟာ ယာဉ်မောင်းကျွမ်းကျင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ပါတယ်။ ယာဉ်တွေကို အသုံးမပြုချိန်မှာ သော့ပိတ်ထားပြီး၊ ခေတ္တရပ်နားချိန်တွေမှာ အစောင့်ထားရှိဖို့ လိုအပ်ပါတယ်။

မော်တော်ယာဉ်တန်းမထွက်ခင်မှာ သံသယဖြစ်ဖွယ် ပစ္စည်းတွေ၊ ခိုးယူနားထောင်တဲ့ ကိရိယာတွေနဲ့ စက်ချို့ယွင်းမှုတွေ ရှိမရှိ စစ်ဆေးဖို့ လိုအပ်သလို မော်တော်ယာဉ်တန်း သွားလာလှုပ်ရှားနေချိန်မှာ ဆက်သွယ်ရေး ကိရိယာများကို သေချာစစ်ဆေးဖို့ လိုအပ်ပါတယ်။

လေ၊ ရေနဲ့ တာယာဖိအားတွေကို ဂရုတစိုက် စစ်ဆေးဖို့ လိုအပ်သလို၊ ဓာတ်ဆီ (သို့မဟုတ်) ဒီဇယ်ဆီ တိုင်ကီတွေကို တဝက်ထက်လျော့လာတာနဲ့ ပြန်ဖြည့်ရပါမယ်။ အရေးပေါ် အခြေအနေဖြစ်လာခဲ့ရင် ဆီတိုင်ကီမှာ ဆီအလုံအလောက်ရှိနေဖို့ လိုပါတယ်။

ပြင်ပကနေ အန္တရာယ်ရှိတဲ့ ပစ္စည်းတွေနဲ့ ပစ်ပေါက်တာတွေ၊ ကားတံခါးကို ဆွဲဖွင့်တာတွေ မရှိအောင် ကားတံခါးနဲ့ ကားမှန်တွေကို မော်တော်ယာဉ်တန်းသွားလာနေစဉ်မှာ ပိတ်ထားရပါမယ်။ ယာဉ်မောင်းသူ အပါအဝင် ယာဉ်ပေါ်မှာ စီးနင်းလိုက်ပါသူများ အားလုံးဟာ ခါးပတ်ပတ်ထားဖို့ လိုပါတယ်။ ယာဉ်ရပ်နား နေချိန်မှာတောင် ကားတစ်စီးကနေ ရုတ်ခြည်းဝင်ရောက် တိုက်လိုက်တာမျိုး ရှိလာတတ်တဲ့အတွက် ကားပေါ်မှာ ထိုင်နေချိန်မှာပါ သတိရှိဖို့ လိုအပ်ပါတယ်။

သတ်မှတ်နေရာကို ရောက်ချိန်မှာ မော်တော်ယာဉ်တန်းရပ်နားတဲ့အခါ ကားစက်ကို မသပ်ရပါဘူး။ လုံခြုံရေးအဖွဲ့ ခေါင်းဆောင်က debus လုပ်ဖို့ အမိန့်ပေးချိန်ကျမှ main bodyguard က အရေးပါခေါင်းဆောင်ရဲ့ ကားတံခါးကို ဖွင့်ပေးရမှာ ဖြစ်ပါတယ်။ သတ်မှတ်နေရာကနေ မော်တော်ယာဉ်တန်းဆီကို အရေးပါခေါင်းဆောင် ပြန်လာချိန်မှာလဲ ဒီလိုပါပဲ။ ကားစက်ကို ကြိုတင်နှိုးထားဖို့ လိုအပ်ပါတယ်။

## မော်တော်ယာဉ်တန်းလုံခြုံရေးသဏ္ဌာန်

ပထမဦးစွာ သတ်မှတ်နေရာကို ပထမဦးဆုံးသွားရမယ့် ယာဉ်က advanced vehicle ဖြစ်ပါတယ်။ သတ်မှတ်နေရာရဲ့ လုံခြုံရေးအတွက် တာဝန်ရှိသူများကို ကြိုတင်ပို့ဆောင်ရေး၊ သတ်မှတ်နေရာကို ယာယီအော်ပရေးရှင်စင်တာအဖြစ် အသွင်ယူရေးတို့အတွက် တာဝန်ရှိတဲ့ ယာဉ်ဖြစ်ပါတယ်။

ဒုတိယအနေနဲ့ လမ်းကြောင်းရှင်းဖို့အတွက် Reconnaissance vehicle က သတ်မှတ်နေရာကို မရောက်ခင် လမ်းကြောင်းအခြေအနေကို လေ့လာဖို့အတွက် သွားဖို့ လိုအပ်ပါတယ်။ Reconnaissance vehicle နဲ့ လိုက်ပါသွားသူတွေဟာ လမ်းကြောင်းတစ်လျှောက်က အန္တရာယ် ဖြစ်နိုင်ဖွယ်ရှိတဲ့ အခြေအနေတွေကို စနစ်တကျ လေ့လာဖို့ လိုအပ်သလို၊ အဓိကယာဉ်တန်းက လုံခြုံရေးခေါင်းဆောင်တွေဆီကို ဆက်သွယ်ရေးကိရိယာ အသုံးပြုပြီး၊ ပြန်လည်တင်ပြဖို့ လိုပါတယ်။ အချိန်ကာလ မည်မျှကြာအောင် အဆက်အသွယ် ပြတ်သွားခဲ့ရင် အန္တရာယ်တစ်စုံတစ်ရာ ရှိနေပြီဆိုတဲ့ signal ပေးနိုင်အောင် သတ်မှတ်ချိန်တစ်ခု ရှိထားရပါမယ်။

www.burmeseclassic.com

www.burmeseclassic.com





တတိယအနေနဲ့ အရေးပါပုဂ္ဂိုလ် လိုက်ပါ စီးနင်းမယ့် ယာဉ် (principal vehicle) ရဲ့ ရှေ့မှာ Lead escort vehicle ထားရှိရပါမယ်။ ဒီကားဟာ principal vehicles တွေရဲ့ လုံခြုံရေးအတွက် တာဝန်ယူရမှာ ဖြစ်ပြီး၊ အရေးကြုံလာချိန်မှာ principal vehicles တွေ ပျက်စီးသွားခဲ့ရင် အစားထိုး အသုံးပြုတာတွေ လုပ်လို့ ရနိုင်ပါတယ်။ escort vehicles တွေဟာ အော်တိုဂီယာသုံး rear-wheel drive တွေ ဆိုရင် ပိုကောင်းပါတယ်။

စတုတ္ထအနေနဲ့ principal vehicle ဟာလဲ အော်တိုဂီယာသုံး rear-wheel drive (သို့မဟုတ်) four-wheel drive တွေ ဖြစ်သင့်ပါတယ်။ run-flat tyre system ဆိုရင် ပိုကောင်းပါတယ်။ principal vehicle နောက်မှာတော့ ပဥ္စမ အနေနဲ့ follow-up escort vehicle လိုက်ရမှာဖြစ်ပြီး၊ အားလုံးရဲ့နောက်မှာ tail vehicle လိုက်ရမှာ ဖြစ်ပါတယ်။

မော်တော်ယာဉ်တန်းတွင် လိုအပ်သော ပစ္စည်းကိရိယာများ

- ရှေးဦးသူနာပြုသေတ္တာ
- မီးသတ်ဆေးဗူး
- multi-channel two-way radio;
- မြေပုံများ
- ရေဗူး
- ကားအပိုပစ္စည်းများ
- spotlights and flashlights;
- လက်နှိပ်ဓာတ်မီး

## မော်တော်ယာဉ်တန်း လှုပ်ရှားမှု

မော်တော်ယာဉ်တန်းလှုပ်ရှားမှုနဲ့ ပတ်သက်ပြီး Phases ငါးခု ခွဲခြားနိုင်ပါတယ်။ ပထမဆုံးက ယာဉ်တန်း မထွက်ခွာမီ pre-departure phase ဖြစ်ပါတယ်။ မော်တော်ယာဉ်တန်း မထွက်ခွာချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်နဲ့ စက်တွေကို စနစ်တကျ စစ်ဆေးရပါမယ်။ အရေးပါ ပုဂ္ဂိုလ်ကို ကြိုဆိုရမယ့် အချိန်နီးမှ သတ်မှတ်နေရာမှာ ရပ်ထားသင့်ပါတယ်။ အရေးပါပုဂ္ဂိုလ် ကားပေါ်တက်တဲ့ နေရာဟာ လုံခြုံစိတ်ချရတဲ့ ဧရိယာအတွင်းမှာ ဖြစ်ဖို့ လိုအပ်ပါတယ်။ ကားစက်ကို ကြိုနှိုးထားရပါမယ်။ ကားမောင်းသမားက ကားထဲမှာ အဆင်သင့် ရှိနေရပါမယ်။ ကားတံခါးတွေအားလုံးကိုကြိုပြီး မဖွင့်ထားရပါဘူး။ အရေးပါ ပုဂ္ဂိုလ်ရဲ့ ပို့ကြိုင်ကသာ ကားတံခါးကို ဖွင့်ပေးရမှာ ဖြစ်ပါတယ်။

ဒုတိယ phase ဖြစ်တဲ့ ယာဉ်တန်းထွက်ခွာချိန် (Departure phase) ကတော့ အရေးကြီးဆုံးပါပဲ။ ဒီအဆင့်က risk အကြီးဆုံးလည်း ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ရီဂင် နဲ့ နိုင်ငံခေါင်းဆောင်အများအပြား တိုက်ခိုက်ခံရတာက Departure phase မှာ ဖြစ်ပါတယ်။ အရေးပါပုဂ္ဂိုလ် ကားထဲမှာ စထိုင်လိုက်တာနဲ့ လုံခြုံရေးတာဝန်ရှိသူတွေက သတ်မှတ်ထိုင်ခုံတွေမှာ ဝင်ရောက်နေရာယူပြီး၊ အချိန်မဆိုင်းဘဲ မော်တော်ယာဉ်တန်းက ချက်ချင်း ထွက်ခွာဖို့ လိုအပ်ပါတယ်။ အရေးပါပုဂ္ဂိုလ်ရဲ့ ကားထဲကို လူအားလုံး ဝင်ထိုင်ပြီးတာနဲ့ ကားတံခါးတွေကို ချက်ချင်း ပိတ်ရပါမယ်။

တတိယ phase ဖြစ်တဲ့ ယာဉ်တန်းသွားလာချိန် (Transit phase) မှာတော့ ယာဉ်တန်းထဲက လုံခြုံရေး အဖွဲ့ရဲ့ ဆက်သွယ်ရေးစနစ်က အလွန်အရေးကြီးပါတယ်။ အတားအဆီး၊ အနှောင့်အယှက်၊ အခက်အခဲများ မဖြစ်အောင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျ လိုက်နာရပါမယ်။ မီးပွိုင့်ရပ်နားချိန်တွေ၊ လမ်းကျဉ်းတွင်းမှာ သွားလာရချိန်တွေ၊ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားနေချိန်တွေမှာ အရေးပါပုဂ္ဂိုလ်အပါအဝင် လုံခြုံရေးအဖွဲ့တဖွဲ့လုံး သတိရှိဖို့ လိုအပ်ပါတယ်။ ရပ်နားနေချိန်၊ နှေးကွေးစွာ သွားလာနေချိန်တွေမှာ တဘက်ရန်သူအတွက် အခွင့်အရေးတွေ ရသွားတတ်ပါတယ်။

ယာဉ်တန်းသွားလာချိန်မှာ သတိပြု သင့်တဲ့ အရာများကတော့ တံတားများ၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်များ၊၊ လမ်းဆုံ လမ်းခွများ၊ ရပ်နားထားသော ကားများ၊ နှေးကွေးစွာ သွားလာနေသော ကားများ၊ မော်တော်ယာဉ်တန်းကို ကျော်ရန်ကြိုးစားနေသော ကားများ၊ ယာဉ်တန်းအနီးတွင် ရုတ်တရက် ရပ်တန့်နှေးကွေးသွားသော ကားများ၊ ကားလမ်းမပေါ်မှ ယာဉ်တန်းကို လှမ်းတားနေမှုများ၊ ယာဉ်တိုက်မှုများ၊ လူအများ လျှောက်လေ့ လျှောက်ထ မရှိသော နေရာများတွင်



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်နေသူများ၊ သတ်ကွင်းဖြစ်တတ်သော နေရာများ စတာတွေမှာ ဖြစ်ပါတယ်။ ယာဉ်တန်းသွားလာနေတုန်းမှာ တတ်နိုင်သမျှ အစာစားခြင်း၊ ရေသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း စတာတွေကို ရှောင်ကြဉ်သင့်ပါတယ်။ မလိုအပ်ဘဲ စကားပြောနေတာတွေကိုလဲ လျှော့သင့်ပါတယ်။ ဒါတွေဟာ တုံ့ပြန်မှုနှုန်းနဲ့ အာရုံစိုက်မှုကို လျော့ကျစေနိုင်ပါတယ်။

**ဆိုက်ရောက်ချိန်** (**arrival phase**) မှာ လုံခြုံရေးအဖွဲ့တဖွဲ့လုံးက အဆင်သင့်အနေအထား ရှိဖို့ လိုအပ်ပါတယ်။ ယာဉ်ကို မရပ်နားခင်မှာ ပတ်ဝန်းကျင်အခြေအနေကို စနစ်တကျ လေ့လာဖို့ လိုအပ်ပါတယ်။ ရှေ့ပြေးလွှတ်ထားရင် ဆက်သွယ်ရေးစက်နဲ့ အခြေအနေကို ကြိုတင်မေးမြန်းထား ရပါမယ်။ ကားမောင်းသမားတွေက ယာဉ်မောင်း ထိုင်ခုံတွေမှာ အဆင်သင့်ရှိနေပြီး၊ ကားစက်ကိုလဲ မသပ်ရပါဘူး။ အရေးပါပုဂ္ဂိုလ်ရဲ့ ကားတံခါးက ပိတ်ထားရပါမယ်။ လုံခြုံရေးအဖွဲ့ နေရာယူပြီးမှ အရေးပါပုဂ္ဂိုလ်ရဲ့ ကိုယ်ရံတော်က ကားထဲက ထွက်ပြီး၊ လုံခြုံရေးအခြေအနေ စိတ်ချရမှု ရှိမရှိ ကြည့်ပြီးမှ ကားတံခါးကို ဖွင့်ပေးရပါမယ်။ လုံခြုံရေးအဖွဲ့ဟာ ဒီအချိန်မှာ အရေးပါပုဂ္ဂိုလ်ကို ဝန်းရံစောင့်ရှောက်ဖို့ လိုပါတယ်။ ဒါပေမယ့် အရေးပါပုဂ္ဂိုလ်ဆီမှာ မျက်လုံးတွေကို ထားရမှာ မဟုတ်ပါဘူး။ ဘေးပတ်ဝန်းကျင်နဲ့ ပရိသတ်ကို ကြည့်ရမှာ ဖြစ်ပါတယ်။


**ဆိုက်ရောက်ပြီးအချိန်** (**post-arrival phase**) ကလည်း လုံခြုံရေးအတွက် အရေးကြီးပါတယ်။ သတ်မှတ်နေရာမှာ အရေးပါပုဂ္ဂိုလ်ရောက်ပြီးတာနဲ့ လုံခြုံတဲ့ နေရာမှာ ကားကို သွားရပ်ရမှာ ဖြစ်ပါတယ်။ ယာဉ်မောင်းတွေဟာ ကားနဲ့အတူ ရှိနေရမှာ ဖြစ်ပြီး၊ ကားကနေ ခေတ္တခွာမယ်ဆိုရင် အခြားလုံခြုံရေးအဖွဲ့ဝင်ကို လူစားထိုးပြီးမှ ခွာသွားရမှာ ဖြစ်ပါတယ်။ ကားအင်ဂျင်နဲ့ တာယာတွေကို စစ်ဆေးဖို့ လိုအပ်ပြီး၊ အချိန်မရွေးပြန်လည်ထွက်ခွာဖို့ အဆင်သင့် ရှိနေရန် လိုအပ်ပါတယ်။

၈၃ သို့

www.burmeseclassic.com

www.burmeseclassic.com





ဦးသိက္ခာ

## သည့်ဥပဒေ သင်သိပါသလား။ သည့်ဥပဒေ သင်သိပါသလား။

ဆရာကြီးရှင့်....

ယောက်ျားတွေဟာ ငွေရှိလာရင် တစ်ပင်က နှစ်ပင်၊ သုံးပင် စိုက်ချင်ကြတော့ ကျွန်မတို့ မိန်းမသားများခမြာ ကျား၊ မခွဲခြားထားလို့ လူ့အခွင့်အရေး ဆုံးရှုံးတယ်လို့ပဲ ကြီးကြီးကျယ်ကျယ် ဆိုပါရစေ။ ယခင်က သူ့နောက်မိန်းမ ယူတာလည်း ခွင့်ပြုနေခဲ့ရပါတယ်။ တစ်ယောက်တစ်အိမ်စီပေါ့ရှင်၊ သူ့ကိုတော့ မမေးနဲ့။ ကျွန်မက အိုပယ် လေးဆယ်အရွယ်မို့ သူ့အငယ်နဲ့ပဲ ပျော်နေပါတယ်။ ကျွန်မ သူ့ကို ကြည့်ပြီး စိတ်ထဲကျလိကျလိနဲ့ မောနဲ့ ပိုင်းပစ်ချင်ပါတယ်။ (လူမသတ်ရဲလို့သာပါ) စိတ်ဆင်းရဲရင်လည်း လင်မယား ကွာလို့မှ လျှောက်လို့ရတယ်လို့ ပြောကြတယ်။ ဒါကြောင့် ကွာရှင်းခွင့်ရရေး အကြံပေးပါ ဆရာကြီးရှင်။

လိပ်ပြာချစ်

သံတောင်

ဖြေ။ ။ ဥပဒေသဘောအရ ရက်စက်မှု ဆိုရာမှာ ကိုယ်၏ ဆင်းရဲခြင်းသာမက စိတ်၏ ဆင်းရဲခြင်းသည်လည်း ပါဝင်ပါတယ်။အချို့

www.burmeseclassic.com



သော စိတ်ဒုက္ခ ခံစားရမှုများသည် ကိုယ်ထိလက်ရောက်ရိုက်နှက်ခြင်း ခံစားရမှုထက်ပင် ဆိုးဝါးလှပါတယ်။ ဒါကြောင့် စိတ်ဆင်းရဲခြင်းဖြစ်အောင် ရက်စက်မှုပြုကျင့်လျှင်လည်း ကွာရှင်းခွင့်ရသည်ဟု 'မစ္စစ်ပရိုတီမာရိုရှိနှင့် ဘီမာလန်ဒူးရိုရှိ (၁၉၆၃) ခုနှစ်၊ မြန်မာ နိုင်ငံသားများ စီရင်ထုံးစာ-၅၂၆မှာ ထုံးဖွဲ့ထားပါတယ်။

ဒါပေမယ့် ရက်စက်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ခေတ်အဆက်ဆက် ပြောင်းလဲလာပြီ။ လင်ကမယားကို 'လက်ရောက်မှု' (ပါးနားရိုက်မှုစသည်ဖြင့်ပေါ့) ရှိရင်တောင်မှ ကွာရှင်းခွင့်ရှိတယ်လို့ 'ဦးမျိုးမြင့်နှင့်ဒေါက်တာဒေါ်ခင်ဝေကြည် (၁၉၆၈) ခုနှစ် တရားမ အယူခံမှုအမှတ် ၁ အမှုမှာ ထုံးဖွဲ့ထားခြင်းအရ သိရှိရတာက-

"မယားဖြစ်သူ ဆရာဝန်မအား လင်က အကြိမ်များစွာ ပါးရိုက်ခြင်းသည် ရက်စက်မှုပင်မည်ပေသည်။ မြန်မာများအဖို့ ပါးကို လက်ဝါးနှင့် ရိုက်ခြင်းသည် ကိုယ်ကာယာကိုတုတ်နှင့် ရိုက်ခြင်း၊ ဓားနှင့်ထိုးခြင်း ထက်ပင် နာကြည်းတတ်ကြသည်။ လင်ဖြစ်သူသည် မယား၏အရှင်သခင် ဖြစ်သည်ဆိုသော ရှေးဟောင်း အယူအဆများသည် ခေတ်ကုန်လေပြီ။ ယနေ့ခေတ်တွင် လင်နှင့်မယား တန်းတူအခွင့်အရေး ရှိပေသည်။ လင်သည် မယားအား ရိုက်နှက်ဆုံးမခွင့်ရှိသည်ဟု ဓမ္မသတ်များတွင် ပြဆိုထားသော်လည်း ယနေ့ခေတ် လူမှုရေးအရ လင်သည် မယားအား အနည်းငယ်မျှပင် ရိုက်နှက်ခွင့်မရှိပေ" လို့ ပါရှိပါတယ်။ လိပ်ပြာချစ်ရဲ့ ကျလိကျလိ ကိစ္စ ဆက်ရရင် မုန့်သာ ဝေစားနိုင်မယ်။ အချစ်ကိုတော့ မဝေစားချင်ဘူး မဟုတ်လား။ သူ အငယ်ယူစက ကိုယ့်အခြေအနေအရ အားမတန်မာန်လျှော့ခဲ့ရဲ့ပေမယ့် ခုတော့လည်း ကြာရှည်မှာ အငယ်မအပေါ် ကြည့်မရ မသန္တါရေစာတွေ ဖြစ်ကုန်ပြီမှတ်တယ်။ သူတို့အကြည်စိုက်လေ၊ မချစ် တစ်ယောက် မျက်ဖြူစိုက် အဲ့...'ကျလိ' ရလေဆိုတော့ လက်ရောက်မှုကဏ္ဍကလည်း ဆွဲသွင်းဖို့ မပေါ်ပေါက်။ ဒီတော့ စိတ်ဆင်းရဲမှု ဆိုတာကို ဥပဒေအဖြစ် ဖောက်သည်ချရရင် "ဦးဟာရှင်(ခ) ဦးမောင်နုနှင့် ဒေါ်ကလေးမ (၁၉၉၂ ခုနှစ်၊ တရားမအထူးအယူခံမှု အမှတ် ၅၄) အမှုက-

"ယနေ့ မြန်မာမှုနယ်ပယ်၌ တစ်လင်တစ်မယား စနစ်ကို ထောက်ခံပေးသည်ဟု ဆိုသော်လည်း ယောကျ်ားတစ်ယောက်သည် တစ်ပြိုင်တည်း မယားအများယူသည့်စနစ်ကို မူကား လက်ခံ ကျင့်သုံးလျက်ပင် ရှိသေးသည်။ ထို့ကြောင့် လင်ယောကျ်ားသည် တခြားသော မိန်းမများနှင့် ဖောက်ပြန်ရုံမျှနှင့် မယားဖြစ်သူက ကွာရှင်းခွင့်မရနိုင်ဟူသော "မသိန်းနွယ်နှင့် မောင်ခ" (၇- ရန်ကုန်၊ စာ ၄၅၁) စီရင်ထုံးမှ ယနေ့ခေတ် မြန်မာ့ဓလေ့ထုံးတမ်း လူနေမှု



www.burmeseclassic.com

စနစ်တို့နှင့် ဆန့်ကျင်မှုမရှိသ ဖြင့် ယင်းစီရင်ထုံးအား ပယ်ဖျက်ရန် မသင့်ဟု သဘောရသည်။ သို့သော် လင်ယောကျ်ားသည် တခြားသော မိန်းမနှင့် ဖောက်ပြန်ရာ၌ ဇနီးမယားနှင့် တစ်ခြင်ထောင်ထဲထား၍ ဖောက်ပြန်သည်ဆိုသော အချက်မှာ ဇနီးမယားအား စိတ်ဓာတ်အားဖြင့် ညှဉ်းပန်းနှိပ်စက်ရာ ရောက်ပေသည်။ လင်ကမယားကို ကိုယ်ထိလက်ရောက် နှိပ်စက်ညှဉ်းပန်းခြင်းမပြုလင့်ကစား စိတ်ဓာတ်အားဖြင့် ညှဉ်းပန်းနှိပ်စက်ရာ ရောက်ကြောင်း ထင်ရှားပေါ်ပေါက်သဖြင့် မယားအနေဖြင့် လင်အား ကွာရှင်းခွင့်ရထိုက်သည်'' ဟု ဆုံးဖြတ်ထားပါတယ်။ ခုတော့ မချစ် ကိစ္စက တစ်အိုးတစ်အိမ်စီ ဆိုသော်လည်း ခြင်ထောင်ကိစ္စ မပေါ်နိုင်ဘူး။ ဒါကြောင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲဖို့ စည်းရုံး ဖြောင်းဖျကြိုးစားပေါ့ဗျာ။

ဆရာဦးသိက္ခာခင်ဗျား-

'ကိတ္တိမ' သားသမီးက မွေးစားမိဘများထံမှ အမွေရခွင့် ရှိတယ်လို့ ယေဘုယျသိရှိထားပါတယ်။ ကျွန်တော်က မှတ်ပုံတင်စာချုပ်စာတမ်း လုပ်မထားဘဲ မွေးစားထားသူမို့ အပတိဋ္ဌ(အမွေပေးရန် မရည်ရွယ်ဘဲ မွေးစားသောသား) ဖြစ်နေပါတယ်။ မွေးစားမိဘတို့ ကိစ္စဝိစ္စတွေကို လုပ်လိုက်ရတာလည်း ကျွန်တော်က ရှေ့ဆုံးကပါ။သနားတတ်တယ်။ ကူညီတတ်တယ်။ သက်ကြီးရွယ်အိုတွေဆို ရှိသေကိုင်းရှိုင်းတတ်သူပါ။ ဒါပေမယ့် ''ပစ်ရမှာလည်း အဆီနဲ့ ဝါဝင်းဝင်း၊ စားရမှာလည်း သဲနှင့်တရှပ်ရှပ် ဆိုတာလို့ ခုသူတို့ (မွေးစားမိဘ) တွေ ဆုံးပါးကုန်လို့ အမွေခွဲဖို့ကျတော့ ကျွန်တော်နှင့် ဘာမှမဆိုင်ဘူး ဆိုနေပါလားဆရာ။ သူတို့ကျန်ခဲ့တဲ့ အိမ်ခြံမြေကလည်း သိန်းရာထောင်ချီ တန်နေပါတယ်။ ကျွန်တော်က သူတို့သားသမီးရင်းတွေ ကြားထဲ ငွေကြေးတတ်နိုင်သူမို့ ဆေးဝါးခက အစစိုက်သုံးစွဲခဲ့သူပါ။ ခုတော့ အမွေကိစ္စ ဝေသာလီပြည်၊ ဘီလူးဝင်စီးနေပြီ ဆရာရေ။ ကျွန်တော် 'မောင်အပတိဋ္ဌ'အတွက် ကြံပါဦးဆရာ ခင်ဗျာ။ ကျွန်ုပ်မှ ကျွန်ုပ်ပါမလား။




မြင့်မြတ်မောင်

ဖျာပုံ

ဖြေ။ ။ ဝမ်းနည်းခြင်း များစွာနဲ့ ပြန်ကြားပါရစေ။ ပြုခဲ့သမျှ ဒါနလို့သာ သဘောထား။ အမွေပုံကြီးကလည်း မက်စရာပေမယ့် ကိုယ်မထိုက်ဘူးလေ။ ဥပဒေအရ အပတိဋ္ဌက နောက်ဆုံးက ကျွန်တော် ဖြစ်နေတယ်။

ဆရာဦးမြစိန်ရဲ့ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေစာအုပ် (ဒသမအကြိမ်ထုတ် ၂၀၀၄) ဒီဇင်ဘာလထုတ် စာမျက်နှာ ၂၇၈ မှာ ဖော်ပြထားတာက။

အပတိဋ္ဌ သားသမီးများမှာ မူလမွေးစားကတည်းက အမွေဆက်ခံရန် ရည်ရွယ်၍ မွေးစား

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းမဟုတ်ပေ။ ထို့ကြောင့် သားရင်း သမီးရင်းများ ကိတ္တိမ မွေးစားသားသမီးများ၊ မြေးများ မရှိသောအခါမှသာလျှင် မွေးစားမိဘ၏အမွေကို ဆက်ခံခွင့် ရှိပေသည်။ (မဆင်နှင့် မမက လေး (၁၉၃၉၊ ရန်ကုန်၊ စာ- ၃၇၈)၊ ထိုသို့ အမွေဆက်ခံသည့် အခါ၌လည်း အမွေရှင်၏ဆွေမျိုး များက တစ်ဝက်ရရှိမည် ဖြစ် သည်။ (ဒေါ်ဖွားခင်နှင့် ကိုဖွာင် ရွှေ (၁၉၅၆၊ မတစ၊ လွှတ်တော်၊ စာ- ၂၂၈)"လို့ ဆိုထားပါတယ် ဗျာ။

**ဆရာဦးသိက္ခာခင်ဗျား-**

နားနဲ့မနာ ဖဝါးနဲ့နာဆိုသလို မပြောမပြီး၊ မတီးမမြည်ဆိုတာ လည်း ရှိတာကြောင့် ကွယ်လွန် ရှာပြီဖြစ်တဲ့ (ဦး) သိန်းဖေမြင့်၊ ဗိုလ်တာထောင်သတင်းစာမှာ ပင် တိုင်ဆောင်းပါးခေါင်းစဉ် ပေးခဲ့ တဲ့ 'ပွင့်ပွင့်လင်းလင်း ပြောပါရ စေ"ကို စကားငှားသုံးပြီး ပွင့်ပွင့် လင်းလင်း မေးပါရစေဆရာ။

ကျွန်တော်၏ ဦးလေး တော် စပ်သူဟာ ယောကျ်ားစင်စစ် ဖြစ် ပါလျက် 'မိန်းမလျာ' စိတ် ပေါက်နေလို့ ဆွေမျိုးညီအစ်ကို မောင်နှတစ်စုက သေခန်းဖြတ် ထားပါတယ်။ သူကတော့ "ဖိုး ကြိုင်းတုတ်" ပေါ့။ အဲဒီငယ် ငယ်ချောချော ကောင်လေးတွေ ကိုပဲ တစ်ယောက်ပြီး တစ် ယောက် အိမ်ရှင်မကြီးအလား ကျွေးမွေးပြုစု 'အတူ' နေခဲ့ရာ မှာ ခုနောက်ဆုံးကွယ်လွန်ချိန်မှာ တော့ ကောင်လေးတစ်ယောက် နဲ့ပဲ (၁၀) နှစ်လောက် မြဲနေပြီး လူ့ရွာကြီးကို စွန့်ခွာသွားပါပြီ။ ကောင်လေးကပဲ အစစအရာရာ သင်္ဂြိုဟ်ကိစ္စ မြေကျတဲ့အထိ ဆောင်ရွက်ပါတယ်။ အဲဒါ သူ ပိုင်ပစ္စည်းများနဲ့ အိမ်ခြံမြေ ကျန် ရစ်တာ သူစိမ်း (ကောင်လေး) ရမှာလား။ ကျွန်တော်တို့ ဆိုင် ခွင့်ရှိပါသလား။ အမွေမက်တာ တော့ မဟုတ်ရပါဘူးဆရာ။ ကျွန်တော်တို့ သူ့အတွက် ရွာဦး ဘုန်းကြီးကျောင်းမှာ ဇရပ်တစ် ဆောင် ဆောက်ပေးပြီး လှူဒါန်း ချင်လို့ပါ။

**ရာမည‌အောင်ပိုင်သူ**
**ရေးမြို့နယ်။**

ဖြေ။ ။ ကိုအောင်ပိုင်သူတို့ ဆွေ မျိုးနဲ့သူစိမ်း 'အမွေလုဖို့ ကြုံလာ တဲ့ကိစ္စက စဉ်းစားစရာပါ။ဆရာ ဦးမြစိန်၏မြန်မာ့ ဓလေ့ထုံးတမ်း ဥပဒေ (ဒသမ အကြိမ်ပုံနှိပ် ခြင်း) မှာ စာ- ၃၄၅ မှာ ဖော်ပြ ထားတာက။

"သေသူတစ်ဦး၏ ပစ္စည်း ကို သူစိမ်းက အမွေဆက်ခံနိုင်ရန် အတွက် -

(၁)သေဆုံးသူအား ၎င်း၏ ဆွေမျိုးသားချင်းများက ဆွေခန်း မျိုးခန်းပြတ်စဲပြီး သိလျက်နှင့်ပင် သက်သက် စွန့်ပစ်ထားခြင်း သို့ မဟုတ် မေ့လျော့ခြင်း။

(၂) သေဆုံးသူ၏ ဆွေမျိုး သားချင်းများသည် သေဆုံးသူ အား သာစဉ် နာစဉ် ပြုစု စောင့် ရှောက်အပ်သည့် သာမန်ဆွေမျိုး ဝတ်များကို သိလျက်နှင့် မပြု လုပ် မဆောင်ရွက်ခြင်း။

(၃) သူစိမ်းသည် သေဆုံး သူအား ကျန်းမာစဉ်ဖြစ်စေ၊ မကျန်းမာစဉ်ဖြစ်စေ၊ ပြုစုစောင့် ရှောက်ပြီး သေဆုံးသောအခါ သင်္ဂြိုဟ်ခြင်းဆိုသည့် အချက်များ ကို ထင်ရှားအောင်ပြရန် လို သည်ဟု ဆိုထားပါတယ်။

ဒါပေမယ့် သေသူ၏အမွေခံ အမွေစားသားများသည် သေသူ

www.burmeseclassic.com

www.burmeseclassic.com



အား ဆွေခန်းမျိုးခန်း ပြတ်သည်ဆိုရအောင် တမင်သက်သက်ရည်ရွယ်၍ စွန့်ပစ်ထားကြောင်း ထင်ရှားအောင် မပြနိုင်လျှင် သေဆုံးသူအား ပြုစုစောင့်ရှောက်ခြင်း သင်္ဂြိုဟ်ခြင်း စသော အချက်များမှာ အရေးမကြီးလှစ်လျူရှုနိုင်ပေသည်ဟု စီရင်ထုံးများဖြစ်သည့် (က) မောင်ချစ်ကြွယ်၊ မောင်ဖြိုး၊ ၂ ယူဘီအာ (၁၈၉၂-၉၆) ၁၈၄ (ခ) မောင်စိန်နှင့် မောင်ကြွက်၊ ၄ အယ်ဘီအာ စာ- ၂၉၁- စီရင်ထုံးတို့က တစ်ညီတစ်ညွတ်တည်း ထုံးဖွဲ့ထားပါတယ်။

ဒါကြောင့် ဖော်ပြပါ အချက် ၃ ချက်ကို ခိုင်မာအောင် သက်သေပြနိုင်သူ ဘက်သာလျှင် အနိုင်ရမှာပါ။ သူစိမ်းနဲ့ဆွေမျိုးသေသူ အသက်ရှင်လျက်ရှိစဉ် ဘယ်သူလုပ်ဝတ္တရား ပျက်တယ်၊ မပျက်တယ်ဆိုတာ ငြင်းကြခုန်ကြရာမှာ တရားရုံးက ဒိုင်လူကြီးလုပ်ပေးမှာပါ။ တရားနတ်စောင့်ပါတယ်။ သေသူအပေါ်စေတနာထားသူ၊ စေတနာအကျိုး ခံစားရမှာပါ။

ဦးသိက္ခာ



## ပြည့်တန်ဆာပင် ဖြစ်လင့်ကစား


အမျိုးသမီးတစ်ဦးသည် အကျင့်စာရိတ္တ ပေါ့ပျက်ရုံမျှနှင့် သို့မဟုတ် ပြည့်တန်ဆာပင်ဖြစ်စေကာမူ ၎င်းအား အမွေပြုကျင့်ရန် သို့မဟုတ် ၎င်းအလိုမတူဘဲ ကျူးလွန်လျှင် မုဒိမ်းမှုမြောက်သည်ဟု ယခင်အမှုများနှင့် အချက်အလက် အဆက်အစပ်ကို ကြည့်၍ ဆုံးဖြတ်ခဲ့ကြပြီးပြီ။ ဤအမှုတွင်ကား အမွေပြုကြောင်း မခိုင်လုံ။ ထိုသို့မခိုင်လုံသော အထောက်အထားကိုအခြေခံ၍ အပြစ်ပေးလျှင် တရားစီရင်ရေး တိမ်းစောင်းလိမ့်မည်။

မြန်မာနိုင်ငံစီရင်ထုံး ၆၇

www.burmeseclassic.com

www.burmeseclassic.com





ထက်အောင်ကျော်
(ကညွတ်ကွင်း)

# မဖြစ်ရင်ဘာမှမဖြစ်ဘူး

(တစ်)

"ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူး။ ဖြစ်ရင်တော့ ဘယ်သူမှ မကယ်နိုင်ဘူး"

ဝန်ထမ်းတွေ ပြောနေကျ စကားပါ။

ဝတ္တရား ပျက်ကွက်မိတဲ့ အခါမျိုး၊ ဝန်ထမ်း စည်းမျဉ်း ဖောက်ဖျက်ပြီး ပြုလုပ်မိတဲ့အခါ မျိုးမှာ လာလတ္တံ့သော ဘေးအန္တရာယ်ကို ကြောက်စိတ်နဲ့ပြော လေ့ရှိတဲ့ စကားပါ။

ဒါပေမယ့် ခုတော့ ဝန်ထမ်း မဟုတ်တဲ့ မိထက်ထက်တို့ ကောင်မလေးတစ်သိုက်ကို ပြောရမယ့်စကား ဖြစ်နေပြီ။

တစ်လောက မိထက်ထက် တို့အိမ်ကို ကျွန်တော်အလည် ရောက်သွားတယ်။

သူတို့သူငယ်ချင်းတစ်စု နိုင်ငံသားစိစစ်ရေး ကတ်ပြားတွေ ရှေ့ချပြီး အလုပ်ရှုပ်နေကြတာ တွေ့တယ်။

"ဘာလုပ်နေကြတာလဲ"လို့ မေးကြည့်တော့ "အထည်ချုပ်မှာ အလုပ်လျှောက်ဖို့ လုပ်နေကြတာ" တဲ့.....

သူတို့လုပ်နေကြတာတွေ မသိမသာ အကဲခတ်ရှုမိတယ်။

နိုင်ငံသား စိစစ်ရေးကတ်က

www.burmeseclassic.com



ဓာတ်ပုံတွေခွာ၊ ဓာတ်ပုံအသစ်တွေ ပြန်ကပ်။ ကတ်ပြားပေါ်က တချို့ စာတွေကို ဖျက်။ အသစ်ပြန်ရေး၊ လုပ်နေကြတယ်။

ကျွန်တော် မနေနိုင်တော့ဘူး။ အကျိုးအကြောင်း မေးကြည့်မိတယ်။

“အလုပ်လျှောက်ဖို့ လေဘာရော၊ ထောက်ခံစာတွေရောစုပြီ။ သူတို့မှာ မှတ်ပုံတင်မရှိလို့ ဓာတ်ပုံကပ်ပြီး အတုလုပ်နေကြတာတဲ့”

“ဘုရား····ဘုရား”

ကျွန်တော် ဘုရားတမိတယ်။

“မှတ်ပုံတင်တွေကဘယ်ကရတာလဲ”

“ဝယ်တာလေ ကိုကြီးရဲ့ တချို့ကတ်တွေက ဆုံးသွားတဲ့သူတွေရဲ့ ကတ်၊ တချို့ကတ်တွေက ငွေတိုးချေးတဲ့သူတွေဆီမှာ မှတ်ပုံတင်ပေးထားပြီး ငွေချေးတယ်။ မဆပ်နိုင်တော့ ပြေးသွားတယ်။ အဲဒီကတ်တွေကို ငွေတိုး ချေးတဲ့သူက ရောင်းတယ်၊ ငှားတယ်လေ···”

“အလိုလေးလေး···ဒီခေတ်ကြီးထဲမှာမှ ရှာရှာဖွေဖွေတွေ ကြားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးပြပြီး တောင်းရမ်း စား သောက်သူဆီ နို့စို့ကလေးကို နေ့တွက်နဲ့ ငှားတယ်။

ခုလည်း မှတ်ပုံတင်ငှားစား တယ်တဲ့။ ရောင်းစားတယ်တဲ့။ ကြားရပြန်ပြီ။ မိထက်ထက်တို့ အဖွဲ့ကတော့ မှတ်ပုံတင်အတု လုပ်နေတာနဲ့ ပတ်သက်ပြီး တစ် စက်လေးမှ စိုးရိမ်ကြောင့်ကြဟန် မရှိဘူး။ နည်းနည်းလေးမှလည်း ပူပန်ဟန်မရှိဘူး။ အေးအေးဆေး ဆေးပဲ။

မိထက်ထက်တို့အုပ်စု ဥပဒေ ပြဋ္ဌာန်းချက်ကို မသိလို့ အေးဆေး နိုင်တာပါ။

နိုင်ငံသားစိစစ်ရေး ကတ်ပြား ကို မိမိကတ်ပြားမဟုတ်ဘဲ။ မိမိ ဓာတ်ပုံကပ်ပြီး ပြင်ဆင်ရေးသွင်း ရင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၈အရ ထောင်ဒဏ် (၇) နှစ် အပြစ်ပေးနိုင်တယ်လို့ ကျွန်တော် လည်း ပြောရော…

မိထက်ထက်တို့အားလုံး မျက် လုံးလေးတွေ ကလယ်ကလယ် ဖြစ်နေပုံများ။

သနားဖို့တောင် ကောင်းသေး ရဲ့။

ကျွန်တော့်ကို ကြည့်ပြီး စကားတောင် တော်တော်နဲ့မပြော နိုင်ကြဘူး။ ကြောက်သွားကြပုံရ တယ်။

တော်တော်ကြာမှ….

“ကိုကြီးနော်၊ အစ်ကိုဆိုတာ ညီမတွေကို မနောက်ရဘူးနော်”

“ဟဲ့။ ငါက ညည်းတို့ကို နောက်ပါ့မလားဟဲ့၊ မိထက် ထက်ရဲ့”

ညည်းတို့က နားမလည်လို့·· ဒီကိစ္စမျိုးဆိုတာ….

ဘာမှမဖြစ်ရင် ဘာမှမဖြစ် ဘူး။

အဲ ဖြစ်ရင်တော့ သိကြားမင်း ဆင်းကယ်ရင်တောင် မရဘူး။ မိထက်ထက်ရဲ့ သိရဲ့လား။

(နှစ်)

“ဟောဒီမှာကြည့်။ ၁၉၉၆ ခုနှစ်က တရားစီရင်ထုံး ပြည် ထောင်စုမြန်မာနိုင်ငံတော်နှင့် တင် ဝင်းအောင် (ခ) တင်ပိုဝင်း (ခ) ဇော်ဦးတဲ့”

ခုခေတ်ကလေးတွေက လက် တွေ့မဟုတ်ရင် မယုံဘူး။ လူကြီး တွေက မလုပ်စေချင်လို့ ပြော တယ်၊ ဆူတယ်ပဲ အောက်မေ့နေ တာ။ လက်တွေ့မှ ယုံကြတာ။

အဲဒါကြောင့် မိထက်ထက်တို့ အဖွဲ့နဲ့ နောက်နေ့ ပြန်ချိန်းရတယ်။

ဥပဒေစာအုပ်အချို့ ယူသွား ပြီး ရှင်းပြရတယ်။

“ဓာတ်လမ်းရဲ့အစက ဒီလို ….”

၁၆-၁-၁၉၉၃ နေ့ ည ၈ နာရီက ရဲတပ်ကြပ် တင်ဋ္ဌေးနဲ့ အဖွဲ့ဟာ တောင်တွင်းကြီးဘူတာ ရုံမှာ မသင်္ကာလူတစ်ယောက်ကို တွေ့တယ်။

အဲဒီလူက ခုနကပြောတဲ့ နာမည်သုံးမျိုးနဲ့ တင်ဝင်းအောင် ပေါ့။

သူ့ကိုရှာဖွေတော့ အိတ်ထဲက နိုင်ငံသား စိစစ်ရေးကတ်ပြား အတုကိုတွေ့တယ်။

ကတ်ပြားက တောင်တွင်း ကြီးမြို့နယ်၊ တလုပ်ကုန်းကျေး ရွာက ကိုမြင့်ဦးကို ထုတ်ပေးထား တဲ့ ကတ်ပြား။

ကိုမြင့်ဦးကလည်း အဝတ် အစားတွေနဲ့အတူ မှတ်ပုံတင်ပါ ပျောက်သွားလို့ ဆယ်အိမ်မှူး ဦးဆယ်မောင်ကို တိုင်ထားပြီး သား။

ကိုမြင့်ဦးရဲ့ နိုင်ငံသားစိစစ် ရေးကတ်ပြားကို တင်ဝင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



က ကောက်ရခဲ့တယ်။

အဲဒီမှာ ကိုမြင့်ဦးရဲ့ ဓာတ်ပုံခွာပြီး သူ့ဓာတ်ပုံကိုကပ်၊ နေရပ်လိပ်စာတွေ ပြင်ဆင်ရေးခဲ့တယ်။

မနေ့က ညည်းတို့အဖွဲ့လုပ်နေကြသလိုမျိုးပေါ့။

"ဟုတ်တယ်နော် ကိုကြီး"

"ဆက်နားထောင်ဦး၊ အဲဒါနဲ့ ရဲက တင်ဝင်းအောင်ကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂၁ နဲ့ အရေးယူဖို့ အမှုဖွင့်ခဲ့တယ်"

"၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေဆိုတာ ရခိုင်ပြည်နယ်က အကြောင်းတွေဖတ်ရင် ခဏခဏ ပြောနေကြတဲ့ဥပဒေလား"

"သိပ်ဟုတ်တာပေါ့ မိထက်ထက်ရယ်။ တစ်ဖက်နိုင်ငံက ခိုးဝင်လာတဲ့ လူမျိုးခြား၊ ဘာသာခြားတွေကို အဲဒီဥပဒေနဲ့ စိစစ်ပြီး ပြတ်ပြတ်သားသား အရေးယူဖို့ ပြောနေတာလေ"

"ဟာ ညည်းစလိုက်တာနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်တွေတက်ပြီး စကားလမ်းကြောင်းတောင် ပြောင်းသွားပြီ"

"အင်း ဟုတ်တယ်။ တင်ဝင်းအောင်ကို အမှုဖွင့်ပြီး တရားစွဲတင်ခဲ့တယ်"

"မကွေးတိုင်း တရားရုံး (မကွေးခရိုင်) က တင်ဝင်းအောင်ကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၂၁ အရ အလုပ်နဲ့ ထောင်ဒဏ် ၁၅ နှစ်နဲ့ ဒဏ်ငွေ ၅၀၀၀၀ ကျပ် ပေးဆောင်စေ။ ဒဏ်ငွေမဆောင်ရင် အလုပ်နဲ့ ထောင်ဒဏ် ၃ နှစ် ထပ်မံကျခံစေလို့ အမိန့်ချမှတ်ခဲ့တယ်"

"မှတ်ပုံတင် ပြင်တာလေးနဲ့ ထောင် ၁၅ နှစ် ကျတယ်။ ဟုတ်လား ကိုကြီး"

အလန့်တကြား မျက်လုံးပြူးပြူးလေးနဲ့ မိထက်ထက် ပြောတယ်။

"စကား ဆုံးအောင် နားထောင်ပါဦး။ မိထက်ထက်ရယ်။ ငါ ပြောပါဦးမယ်....."

အဲဒီအမိန့်ကို တင်ဝင်းအောင်က မကျေနပ်လို့ အကျဉ်းထောင်ကနေတစ်ဆင့် တရားရုံးချုပ်ကို အယူခံဝင်တယ်။

အယူခံ ပလပ်လိုက်တဲ့တရားရုံးရဲ့ အမိန့်ကို ဥပဒေနဲ့ ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ဖို့ တရားသူကြီးချုပ်ရဲ့ လုပ်ထုံးလုပ်နည်း

> တစ်ဖက်နိုင်ငံက
> ခိုးဝင်လာတဲ့
> လူမျိုးခြား
> ဘာသာခြားတွေကို
> အဲဒီဥပဒေနဲ့ စိစစ်ပြီး
> ပြတ်ပြတ်သားသား
> အရေးယူဖို့
> ပြောနေတာလေ

www.burmeseclassic.com



လမ်းညွှန်ချက်နဲ့ စုံညီခုံရုံး ဖွဲ့ပြီး စိစစ်တာဖြစ်တယ်..။

နိုင်ငံတော်အတွက် လိုက်ပါ ဆောင်ရွက်တဲ့ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက တရားခံ တင်ဝင်းအောင် အတုပြုလုပ်ထားတဲ့လက်မှတ်ဟာ နိုင်ငံသား စိစစ်ရေးကတ်ပြားနိုင် ၆ (က)သာ ဖြစ်လို့ သူ့ကို နိုင်ငံသား လက်မှတ်အတုပြုခြင်းအတွက် ပြဋ္ဌာန်းထားတဲ့ ၁၉၈၂ ခုနှစ် မြန်မာ နိုင်ငံသား ဥပဒေ ပုဒ်မ ၂၁ အရ ပြစ်မှုထင်ရှား စီရင်ခဲ့တာကို ပြန်လည်စိစစ်သင့်ကြောင်း လျှောက်လဲတယ်။

တင်ဝင်းအောင်ကတော့သရက်ထောင်မှာ ထောင်ဒဏ်ကျခံနေရလို့ တရားရုံးချုပ်ကို မလာနိုင်ဘူး။ အကျိုးဆောင်နဲ့လည်း လျှောက်လဲခြင်း မရှိဘူး။

ဒါပေမယ့် အထူး ယူခံရုံးလို့ ခေါ်တဲ့ စုံညီခုံရုံးက သက်ဆိုင်ရာ စာရွက်စာတမ်းတွေ၊ လူသက်သေ၊ ပစ္စည်းသက်သေတွေကို စစ်ဆေးကြားနာတယ်...

အဲဒီမှာ ဘာကို သွားတွေ့လဲ ဆိုတော့...မိထက်ထက်တို့ ငြိမ်ချက်သား ကောင်းလွန်းလို့စကားကိုရပ်ပြီး ကြည့်ရသေးတယ်။

အိပ်ပျော်မနေကြဘဲ လေးလေးစားစား နားထောင်နေကြတာတွေ့မှ စကား ပြန်ဆက်ရတယ်။

"တရားခံ တင်ဝင်းအောင်ဟာ မိမိရဲ့ ကတ်ပြားမဟုတ်ဘဲ မိမိဓာတ်ပုံကပ်ပြီး ပြင်ရေးတယ်။ နိုင်ငံသား စိစစ်ရေးကတ်ပြားအတု ပြုလုပ်တယ်ဆိုတာ ပေါ်လွင်တယ်။

စိစစ်ရမှာက နိုင်ငံသား စိစစ်ရေးကတ်ပြားအတု ပြုလုပ်ခြင်းဟာ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂၁ ကို ကျူးလွန်ခြင်း ရှိ၊ မရှိဆိုတဲ့ အချက်ကို သွားတွေ့တယ်။

ပုဒ်မ ၂၁ မှာက မည်သူမဆို နိုင်ငံသား လက်မှတ်အတု ပြုလုပ်လျှင်ဖြစ်စေ၊ ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ ထောင်ဒဏ် ၁၅ နှစ်နှင့် ငွေဒဏ် ကျပ် ၅၀၀၀၀ ကျ ခံစေရမည်လို့ ပြဋ္ဌာန်းထားတယ်။

ဒီအမှုမှာ တင်ဝင်းအောင် အတုပြုလုပ်ခဲ့တဲ့ လက်မှတ်ဟာ မြန်မာနိုင်ငံသား လက်မှတ် မဟုတ်ဘူး။ နိုင်ငံသားစိစစ်ရေး ကတ်ပြားပုံစံ နိုင် ၆ (က) သာ ဖြစ်တယ်။

နိုင် ၆ (က) ကို အတုလုပ်တာ၊ အတုလုပ်ဖို့အားပေး ကူညီတာနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံသား ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၃၇ မှာ မည်သူမဆို အသက် ၁၀ နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား နိုင် (၃) (သို့မဟုတ်) ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား နိုင် ၆ (က) ကို အတုပြုလုပ်လျှင် ဖြစ်စေ၊ ထိုသို့ ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ ပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်လို့ ဖော်ပြထားတယ်။

ကဲ..ပြစ်မှုဆိုင်ရာ ဥပဒေမှာ ဘယ်လိုဆိုထားလဲ။ ညည်းတို့ကိုယ်တိုင် ဖတ်ကြည့်လိုက်ကြပါဦး..."

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၈ ကို ထောက်ပြပြီး မိထက်ထက်တို့ကို ဖတ်ခိုင်းလိုက်သည်။

(သုံး)

"ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၈။ လိမ်လည်ရန် အလို့ငှာ လိမ်လည်အတုပြုမှု။

မည်သူမဆို လိမ်လည်ရန်

www.burmeseclassic.com



အလို့ငှာ လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားကို သုံးစွဲစေရန် အကြံဖြင့် လိမ်လည်အတုပြုလုပ်မှုကို ကျူးလွန်လျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်..တဲ့"

"ကဲ ရပြီ။ စုံညီခုံရုံးကလည်း မကွေးတိုင်းတရားရုံး (မကွေးခရိုင်) နဲ့ တရားရုံးချုပ်ရဲ့ ပြစ်ဒဏ်စီရင်ချက် အမိန့်တွေကို ပယ်ဖျက်လိုက်တယ်။ တင်ဝင်းအောင်ကို အလုပ်နဲ့ထောင်ဒဏ် ၇ နှစ် ကျခံစေဖို့ ပြင်ဆင်အမိန့်ချမှတ်လိုက်တယ်"

"တော်သေးတာပေါ့နော် အစ်ကိုကြီး။ ပထမ ၁၅ နှစ်ကနေ အခု ၇ နှစ်ပဲ ကျတော့လို့"

မိထက်ထက်ရဲ့ သူငယ်ချင်း ခင်နုလွင်က ဝင်ပြောတယ်။

"ဘာ. တော်သေးတာလဲ။ မှတ်ပုံတင်လေး အတုလုပ်မိတာနဲ့ ထောင် ၇ နှစ်ကြီးတောင် သတ်မှတ်ရသလား"

မိထက်ထက်က တမှောင့်.. ဥပဒေက ပြစ်ဒဏ်များလွန်းတာကိုပဲ မကျေနပ်တာလား။ မမြင်ဘူးတဲ့ တင်ဝင်းအောင်ကိုပဲ သနားလို့လားမသိဘူး။ ခင်နုလွင်ကို အငေါ်တူးစကားပြောတယ်။

"ကိုကြီးပြောမယ် မိထက်ထက်ရဲ့။ နိုင်ငံသားပြစ်မှု ကိစ္စတွေက အရမ်းအရေးကြီးတယ်ကွဲ့။

နိုင်ငံသားပြစ်မှုနဲ့ ပတ်သက်ရင် ဘာကိုမှ အသေးအဖွဲရယ်လို့ သဘောမထားနဲ့။ ဒီကိစ္စက တိုင်းပြည်နဲ့ လူမျိုးအတွက် အရမ်း အရေးကြီးတဲ့ ကိစ္စမို့ ပြစ်မှုနဲ့ လိုက်လျောညီထွေမယ့် ပြစ်ဒဏ်တွေ ချမှတ်ထားတာဖြစ်တယ်။

ကဲ သဘောပေါက်ကြပြီလား။

"ဟုတ်ကဲ့ သဘောပေါက်ပါပြီ"

"သေချာရော မှတ်ထားရဲ့လား"

"မှတ်ထားပါတယ်ကိုကြီး"

မိထက်ထက်တို့ သူငယ်ချင်းတစ်စု သံပြိုင်အော်ပြီး ကျွန်တော့်ကို ဟာသ လုပ်နေကတယ်။ ဘာပဲဖြစ်ဖြစ် မှတ်မိအောင်တော့ ပြောပြထားရမည်။

"နိုင်ငံသား စိစစ်ရေးကတ်ပြားအတုလုပ်ရင် ပုဒ်မက ..."

"၄၆၈ ပါ ဆရာကြီး"

"ထောင်ဒဏ်က...."

"ခုနစ်နှစ်ပါ ဆရာကြီး"

မိထက်ထက်တို့ သူငယ်ချင်းတွေ ပျော်ရွှင်နေကြပုံရတယ်။ ကျွန်တော့်အနေနဲ့လည်း အပြစ်ကြီးလေးတဲ့ ဥပဒေတားမြစ်ချက်တစ်ခုကို အသေးအဖွဲကိစ္စလို သဘောထားပြီး ချိုးဖောက်ဖို့ ပြင်နေတာကို ဟန့်တားပြီး အသိပညာပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော် ကျေနပ်မိပါတယ်။

နောင်များမှာတော့ "မြေမျိုလို့ လူမျိုးမပြုတ်၊ လူမျိုးမှ လူမျိုးပြုတ်မယ်" ဆိုတဲ့ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးနဲ့ ပတ်သက်တာလေးတွေလည်း သူတို့အဖွဲ့ကို ပြောပြရဦးမယ်လို့ ကျွန်တော့်စိတ်ထဲမှာ 'တေး' ထားလိုက်ပါတယ်။

ထက်အောင်ကျော်
(ကညွတ်ကွင်း)

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ့ရိုးရာ လက်ဝှေ့သမားများအတွက် ဘဝအာမခံချက်

မြန်မာရိုးရာ လက်ဝှေ့သတ်ပြိုင်ပွဲများသည် ပဒေသရာဇ်ခေတ်ကတည်းက မြန်မာပြည်တစ်ဝန်းတွင် ခေတ်စားခဲ့ခြင်းဖြစ်သည်။ သက်ဦးဆံပိုင်မင်းဧကရာဇ်နှင့်တကွ မင်းမျိုးမင်းနွယ် နန်းတွင်းသူ၊ နန်းတွင်းသားများသည်သာ ကြည့်ရှုခံစားရသော နန်းတွင်းဇာတ်သဘင် ပြပွဲပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ ခင်းကျင်းပြသရာဝယ် မြန်မာ့ရိုးရာ လက်ဝှေ့သတ်ပွဲ သည်မပါလျှင် မပြီးဘဲတစ်ခန်းတစ်ကဏ္ဍ အနေ နှင့် ပါဝင်လျက်ရှိသည်။ ယင်းသို့



www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းသူ နန်းတွင်းသားများကို ဖျော်ဖြေရသည့် ဇာတ်သဘင် ပြိုင်ပွဲဝင် အဖွဲ့အသီးသီးအား မင်းကေရာဇ်အနေဖြင့် ဆုအသီးသီး ချီးမြှင့်ပေးသနားတော်မူလေ့ရှိပေသည်။

ရိုးရာလက်ဝှေ့သတ်ပြိုင်ပွဲသည် တော်ဝင် နန်းသုံးအဖြစ် တစ်ခေတ်တစ်ချိန်က ရပ်တည်ခဲ့ကြ၏။

သို့တစေ မြန်မာပြည်တစ်ဝန်းကို လက်နက်အားကိုးဖြင့် နယ်ချဲ့အင်္ဂလိပ်တို့က သိမ်းပိုက်စိုးမိုးခဲ့သည့် ၁၈၈၅ ခုနှစ်မှ သည်ဘက်ပိုင်းတွင် မြန်မာ့ရိုးရာလက်ဝှေ့သတ်ပြိုင်ပွဲများ တဖြည်းဖြည်း တစ်စတစ်စ မှေးမှိန်ပပျောက်ခဲ့ရသည်။

မှေးမှိန်ပပျောက်ခဲ့ရခြင်း အကြောင်းမှာ အင်္ဂလိပ်အစိုးက မြန်မာ့ရိုးရာလက်ဝှေ့သတ်ပွဲများကို ကျင်းမခွင့်မပြုဘဲ တရားဝင် တားမြစ်ပိတ်ပင်၍ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်ဝှေ့သတ်ပွဲ ကျင်းပပါကအနိုလက်ဝှေ့သမားများနှင့် လက်ဝှေ့ဒိုင်လူကြီးတို့အား ရာဇဝတ်သားအဖြစ် သတ်မှတ်လိုက်ပြီး ပုဒ်မ ၁၀၉၊ ၁၁၀ တပ်ကာ ဖမ်းဆီး အရေးယူအပြစ်ပေးတော့သည်။

မြန်မာပြည်တွင် မြန်မာ့ရိုးရာလက်ဝှေ့သတ်ပွဲများကို ကျင်းပလျှင် အင်္ဂလိပ်အစိုးရက ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးလေ့ရှိသကဲ့သို့ ထိုခေတ် ထိုအခါက (၁၈ ရာစုခေတ်) က အင်္ဂလန်ပြည်၌လည်း လက်ဝှေ့သတ်ပြိုင်ပွဲများကို ကျင်းပနေချိန်၊ ခေတ်စားနေချိန် ဖြစ်သည်။ အင်္ဂလန်ပြည်တစ်ဝန်းမှ လက်ဝှေ့သမားတို့သည်လည်း ထိုခေတ်ထိုအခါက ဥပဒေမဲ့၊ စည်းကမ်းသတ်မှတ်ချက်မရှိ၊ အချီမရှိ၊ အချိန်မရှိ၊ ဗလာလက်သီးသက်သက်ဖြင့် ကြိုက် သလို ထိုးနေကြသည့် ကာလဖြစ်ပေသည်။ သို့တစေ အင်္ဂလိပ်အစိုးရက မဖမ်းဆီးခဲ့ပါချေ။

ရိုးရာ လက်ဝှေ့သတ်ပြိုင်မှုကို အလွန်ဝါသနာကြီးကြသော ဗမာ့လက်သီးကျော်တို့သည် အင်္ဂလိပ်အစိုးရက တားဆီးပိတ်ပင်နေသည့်ကြားမှ တောကြိုတောကြားသွား၍ ပုန်းလျှိုးကွယ်လျှိုး လက်ဝှေ့သတ်ပွဲများကို ကျင်းပဖြစ်အောင် ကျင်းပလိုက်ချေသေးသည်။ သို့တမူ မြန်မာပြည် လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၏ ဤဘက်ပိုင်းဝယ် မြန်မာပြည်တစ်ဝန်း၌ မြန်မာ့ရိုးရာ လက်ဝှေ့သတ်ပြိုင်ပွဲများ ပြည်လည်ထွန်းပေါ်လာတော့သည်။

အထူးသဖြင့် မော်လမြိုင်၊ သထုံ၊ ဘားအံ၊ ဇင်းကျိုက်၊ ကော့ကရိတ်၊ ကျိုက်လပ်၊ ရွှေဂူန်း၊ မုတ္တမ၊ ပုသိမ်၊ ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ မကွေး၊ မြို့ကလေး မြို့ကြီးများမှ ဘုရားပွဲများ၌လည်းကောင်း၊ ရွှေဘို၊ စစ်ကိုင်း၊ ငါန်းဇွန်၊ မြင်းမူ၊ မတ္တရာ၊ မန္တလေး ဘုရားပွဲများတွင်လည်းကောင်း၊ မြန်မာ့ရိုးရာလက်ဝှေ့ သတ်ပွဲများကို အားတက်သရော ကျင်းပလာသည်ကို တွေ့ရသည်။ ဖော်ပြပါမြို့ရွာများမှ လက်ဝှေ့သမားတို့သည် လက်ဝှေ့သတ်ပွဲရှိရာ မြို့ရွာအသီးသီးသို့ လှည့်လည်၍ လက်ဝှေ့သတ်ပြိုင်လေ့ရှိသည်။ ယင်း မြန်မာ့လက်ဝှေ့ကျော်တို့သည် ဘုရားပွဲများတွင် ပုဂ္ဂလိက ကန်ထရိုက်ယူ၍ ကြေးပွဲ အလံလုပွဲအဖြစ် ကျင်းပသည့် သတ်ပွဲများကိုသာ အများဆုံး ယှဉ်ပြိုင်သတ်ကြရသည်။ သို့ ကန်ထရိုက်၏ လက်ဝှေ့ တံခွန်လုပွဲများသည် ၁၉၆၄ ခုနှစ်၏ နောက်ပိုင်းဝယ် ပေါ်ကြွယ်ဝမှုရှိလာ၍ တစ်ပိုင်းအနေနှင့် ရိုးရာအားကစား ထွန်းပြောင်လာသည်မှာ မှန်သော်လည်း ပွဲသွင်းကြလေသည့် ကန်ထရိုက်တို့သည် မြန်မာလက်ဝှေ့သမားတို့၏ ကုပ်သွေးကို စုပ်နေကြသည်ကို သိရသဖြင့် တောနေဆင်းရဲသားလူတန်းစား လူရိုးလက်ဝှေ့သမားကြီးတို့အဖို့ သနားစရာ ကောင်းလှချေသည်။

အလံလု ဗိုလ်လုပွဲတိုင်းသည် အနည်းဆုံး သုံးဦးမျှကို သတ်နိုင်ပြီးပါမှ အလံပိုင်ကာ ဗိုလ်စွဲ၍ တံခွန်ထူပြီး ဆုတော်ငွေကို ရရှိစမြဲဖြစ်သည်။ လက်သီး သမားတို့ခမျာ ရသည့်ငွေနှင့် မကာမိလေအောင် ဒဏ်ရာအနာတရ ဖြစ်ကြသည်။ ဗိုလ်လုပွဲသတ်ပြီး လေတိုင်း သေရာပါဒဏ်ရာ ရမြဲဖြစ်သည်။ မြန်မာ့ရိုးရာ လက်ဝှေ့သတ်ပွဲဟူသည် ကြောက်ရှုံး၊ ကွဲရှုံး ဖြစ်လေ၍ ပြိုင်ပွဲဝင်လေသော လက်ဝှေ့သမားတိုင်း လိုလိုသည် ပွဲအပြီး[illegible]ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com



မရသည့် လက်ဝှေ့သမားဟူ၍ မရှိတတ်လေချေ။

အချို့သော လက်သီးသမားများသည် လက်ဝှေ့သတ်ပွဲမှ ရရှိသည့် ဒဏ်ရာဖြင့် မမာမကျန်းဖြစ်ပြီး တရှောင်ရှောင်ဖြင့် သေပွဲဝင်ကြရရှာသည်။ အချို့ လက်သီးသမားတို့ခမျာ ယှဉ်ပြိုင်သတ်ရင်း အရိုက်ဒူးတိုက်၊ နားထင်ဒူးဝင်၊ အုတ်ဆက် လက်ဝါး စောင်းရိုက်ခံရမှုဒဏ်ကြောင့် သွေးကြောပြတ်ကာ သေပွဲဝင်ကြရသည့် လက်ဝှေ့သမားများလည်း ရှိပေသည်။ ဗမာ့ရိုးရာလက်ဝှေ့ဟူသည် ရင်ဝ၊ အရိုက်၊ မျက်နှာ၊ ဦးခေါင်းစသည့် တည်နေရာများကို ဒူးနှင့်တိုက်၊ လက်ဖျံနှင့်ရိုက်၊ ခေါင်းနှင့်ဆောင့်၊ ဖနောင့်နှင့် ပေါက်ရပြီး၊ ဗလာလက်သီးဖြင့် ငယ်ပါကလွဲ၍ တိုက်နိုင်၊ ထိုးနိုင်၊ ထုနိုင်၊ ထောင်းနိုင်၊ ရိုက်နိုင်၊ ဖြတ်နိုင်ဟုဆိုလျှင် မမှားတန်။

၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီ ပေါ်ပေါက်လာသည်။ယင်း ဗဟိုအားကစားနှင့် ကာယပညာ ကော်မတီက မြန်မာ့ ရိုးရာလက်ဝှေ့သတ်ပြိုင်ပွဲများကို စနစ်တကျ ထိရောက်စွာ အားပေးမြှောက်စားခဲ့သည်။ ဗဟို အား/ကာမှ ဦးစီးကျင်းပခဲ့သော ရိုးရာလက်ဝှေ့တံခွန်စိုက်ပွဲများဝယ် ပထမတန်းအလံလုပွဲ ဆုတော်ငွေ ၁၀၀၀ ကျပ်၊ ဒုတိယတန်း အလံလုပွဲ ၇၀၀ ကျပ်၊ တတိယတန်း အလံလုပွဲ ဆုတော်ငွေ ၅၀၀ ကျပ်၊ စတုတ္ထတန်း အလံလုပွဲ ဆုတော်ငွေ ၃၅၀ ကျပ်နှင့် အထူးပွဲ ဆုတော်ငွေ ၂၀၀ ကျပ်စသဖြင့် သတ်မှတ်သည့်အပြင် လက်သီးသမားများကို ကောင်းမွန်စွာ ကျွေးမွေးပြုစုပြီး ဆရာဝန်နှင့် ကြပ်မတ်ခဲ့သည်။

ဗဟိုအားကစားနှင့် ကာယပညာကော်မတီ၏ လက်အောက်ခံ လက်ဝှေ့အဖွဲ့ချုပ်မှ လက်ဝှေ့နည်းစနစ်မှူးဖြစ်သူ ဆရာကျားဘညိမ်းအား (Boxing) ခေါ် အနောက်တိုင်း လက်ဝှေ့နှင့် ထပ်တူ မြန်မာ့ရိုးရာ လက်ဝှေ့သတ်ပွဲကိုပါ ဦးဆောင်ကျင်းပရန်နှင့် ရန်ကုန် သို့မဟုတ် မန္တလေးတွင် လွတ်လပ်ရေးနေ့ကြီးများ၌ ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပရန် အခြား မြို့ကြီးများတွင် ရိုးရာလက်ဝှေ့တံခွန်စိုက်ပွဲများကို ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ကျင်းပရန်အတွက် ဗဟို အား/ကာမှ တာဝန်သီးခြားပေးထားခဲ့သည်။ လက်ဝှေ့ ပြိုင်ပွဲတစ်ပွဲ ကျင်းပတော့မည့်ဆိုလျှင် ဆရာကျား ဘညိမ်းသည် ဗမာ့ လက်ဝှေ့ကျော်တို့၏ နယ်မြေဖြစ်သော ဘားအံ၊ ဇင်းကျိုက်၊ ကော့ကရိတ်၊ မြဝတီ၊ တောင်ငူ အစရှိသည့် မြို့နယ်တောရွာများသို့ သွား၍ လက်ဝှေ့ကျော်တို့ကို ခေါ်ဆောင်ရ

အချို့ လက်သီးသမားတို့ခမျာ
ယှဉ်ပြိုင်သတ်ရင်း အရိုက်ဒူးတိုက်၊
နားထင်ဒူးဝင် အုတ်ဆက်လက်ဝါးစောင်း
ရိုက်ခံရမှုဒဏ်ကြောင့်
သွေးကြောပြတ်ကာ
သေပွဲဝင်ကြရသည့်
လက်ဝှေ့သမားများလည်း ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်။ မြန်မာပြည်အနှံ့ မြန်မာ့ရိုးရာ လက်ဝှေ့သတ်ပွဲများကို ဆရာ ကျားဘညိမ်းဦးဆောင်၍ ကျင်းပနေပြီး ဆရာကျားကြောင့် တစ်ပိုင်းအားဖြင့် ရိုးရာလက်ဝှေ့တိုးတက်လာသည်၊ ဖွံ့ဖြိုးလာသည်ဟု ယူဆယုံကြည်မိသည်။

ဗဟိုအားကစားနှင့် ကာယပညာ ကော်မတီက မြန်မာ့ရိုးရာ လက်ဝှေ့အဆင့်အတန်း မြင့်မားစေရန် အမျိုးမျိုးအဘက်ဘက်မှ ပျိုးထောင်ပေးနေသည့် အထဲတွင် လက်ဝှေ့သတ်ပွဲကို ပေ ၂၀ ပတ်လည်ရှိ အနောက်တိုင်း လက်ဝှေ့ကြိုးဝိုင်း (Boxing ring) ပေါ်တွင် ထိုးပြိုင်စေခြင်းကိုက အဆင့်အတန်း၏ ဂုဏ် အင်္ဂါတစ်ရပ်ပါပေ။

အနောက်တိုင်း လက်ဝှေ့ကဲ့သို့ လက်ဝှေ့သမားများအား ဆေးစစ်ခြင်း၊ ပွဲဝင်ပြီး လက်ဝှေ့သမားများ၏ ဒဏ်ရာအနာတရဖြစ်ပွားမှုများကို ဆေးထိုး ဆေးထည့် ဆေးကုပေးခြင်းနှင့် အခြား လိုအပ်ချက်အထွေထွေကို လိုလေသေးမရှိ ပြုစုသည်ကို သိရ၍ အားရစရာကောင်းလှသည်။ မည်သည့်ခေတ်၊ မည်သည့် ကာလကမျှ ဤသို့ မြန်မာ့ရိုးရာလက်ဝှေ့ သမားများကို အားပေးမြှောက်စားမှုပြုခဲ့ခြင်း မရှိသည်ကတော့ အမှန်။

တစ်ခုတော့ ဖြစ်စေချင်လှသည်။ မြန်မာ့ရိုးရာ လက်ဝှေ့သမားကြီးတွေအတွက် -

မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာ ကော်မတီမှ ဦးစီးဦးကိုင်ပြု၍ ကျင်းပသော မြန်မာ့ရိုးရာ လက်ဝှေ့သတ် ပြိုင်ပွဲများဖြစ်စေ၊ ကန်ထရိုက်စနစ်ဖြင့် ပွဲသွင်းသော ကန်ထရိုက်ပိုင် မြန်မာ့ရိုးရာ လက်ဝှေ့သတ်ပွဲဖြစ်စေ -

(က) ပြိုင်ပွဲဝင် မြန်မာ့ရိုးရာ လက်သီးသမား တစ်ဦးချင်းအား ပြိုင်ပွဲမစမီ ပြိုင်ပွဲတွင် အသက်သေဆုံးပါက အသက်လျော်ကြေးငွေ မည်ရွေ့မည်မျှ လျော်ကြေးငွေအဖြစ် ပေးရန်အတွက် စာချုပ်ချုပ်ထားပေးရန်။

(ခ) မြန်မာ့ရိုးရာ လက်ဝှေ့တံခွန်စိုက်ပွဲတွင် ပထမတန်းစားအလံ၊ ဒုတိယတန်းစားအလံ၊ တတိယတန်းစားအလံ၊ စတုတ္ထတန်းစားအလံလုပွဲ၌ဆုတော်ငွေအဖြစ် အနည်းဆုံး မည်ရွေ့မည်မျှ ပေးမည်ကို ကန့်သတ်ပေးထားရန်။

(ဂ) မြန်မာ့ရိုးရာ လက်ဝှေ့ပွဲတွင် တစ်ပွဲထိုး (အထူးပွဲ) တွင် နိုင်သူရှုံးသူအား သတ်ကြေးအဖြစ် ဆုတော်ငွေ မည်ရွေ့မည်မျှပေးမည်ကို ကန့်သတ်ပေးထားရန်။

(ဃ) ပြိုင်ပွဲဝင် မြန်မာ့ရိုးရာလက်သီးသမားသည် ပြိုင်ပွဲတွင် ဆေးရုံသို့ တက်လောက်သည့် ဒဏ်ရာဒဏ်ချက်ရပါက ပွဲသွင်းသူက ယင်း လက်သီးသမား၏ ဒဏ်ရာလုံးဝပျောက်သည်အထိ ဆေးဖိုးဝါးခ တာဝန်ယူ၍ ဆေးကုသပေးရန်စသည့် စည်းမျဉ်းမျိုးများကို မြန်မာ့ရိုးရာ လက်သီးသမားတို့၏ ဘဝလုံခြုံစိတ်ချရေးအတွက် ရည်စူး၍ ရေးဆွဲသင့်သည်ဟု ထင်မြင်ယူမိပါသည်။

သို့မဟုတ်က လက်သီးသမားတို့မှာ နစ်နာမှုများထပ်ဆင့်၍ ရှိနိုင်ပါသည်။ ရှိနေပါသည်။ လက်သီးသမားတို့မှာ နစ်နာမှုရှိပါကြောင်းကို ဥပမာတစ်ခု သက်သေပြုရသော် ၁၉၇၁ ခုနှစ် မတ်လ နောက်ဆုံးအပတ်က သထုံမြို့ ရွှေစာရံဘုရားပွဲ၌ ထည့်သွင်းကျင်းပခဲ့သော မြန်မာ့ရိုးရာ လက်ဝှေ့တံခွန်

www.burmeseclassic.com



လုပွဲတွင် ဒုတိယတန်းအလံကို ဖိုင်နယ်ပွဲအဖြစ် သထုံမြို့ ဘင်လှိုင်ရပ်ကွက်မှ တင်ရွှေ ခေါ် မောင်ကျော်ခေါ် ကျောင်းသား (မော်လမြိုင်မြို့မှ ပထမတန်း အလံတံခွန်စိုက် လက်သီးကျော် ကျောင်းသား မဟုတ်) နှင့် ရှမ်းလေးဆိုသူတို့ ယှဉ်ပြိုင်လုကြရာ တင်ရွှေခေါ် ကျောင်းသား (အသက် ၂၀) က အနိုင်ရသော်လည်း ပွဲပြီးလျှင် ပြီးချင်း လဲခွေကျသွား၍ အမျိုးမျိုးဝိုင်းဝန်း ကုသရာတွင် မရသဖြင့် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့လိုက်ရသည်။ တင်ရွှေသည် ပြည်သူ့ဆေးရုံကြီး၌ပင် ဦးနှောက်သွေးကြောပြတ်၍ သေဆုံးသွားရရှာသည်။

တင်ရွှေခမျာ ဒုတိယတန်း တံခွန်စိုက်အလံဆုတော်ငွေ (၁၅၀) ကိုပင် လက်ဝယ်ပိုက်မသွားနိုင်ရှာပေ။ ယင်းလက်ဝှေ့ပွဲသည် အားကစားနှင့် ကာယပညာကော်မတီတို့က ဦးစီးကျင်းပသည့် လက်ဝှေ့ပွဲ မဟုတ်ဘဲ ပုဂ္ဂလိက ကန်ထရိုက်တာက ဦးစီးကျင်းပသော လက်ဝှေ့သတ်ပွဲဖြစ်ပေသည်။ အနီကန်ထရိုက်တာ ဦးစီးကျင်းပသည့် ရိုးရာလက်ဝှေ့သတ်ပြိုင်ပွဲ၌ (၁) မြို့နယ်ဆရာဝန်မရှိမှု၊ (၂) အလံလုပွဲ ဆုတော်ငွေ အလွန်နည်းပါးမှု၊ (၃) သေဆုံးသောလက်ဝှေ့ သမားအား မည်သို့သော အကျိုးခံစားရမှုနှင့် ဘဝ အာမခံချက်ကိုပေးမှု မရှိကြောင်း သိရ၏။

အမှန်အားဖြင့်မူ ရိုးရာလက်ဝှေ့သတ်ပွဲတွင် မြို့နယ်ဆရာဝန်တစ်ဦး ရှိသင့်ပေသည်။ သို့မှသာ အစစအရာရာ ကုသစမ်းသပ်ပြုစုနိုင်မည်ဖြစ်သည်။ ကိုတင်ရွှေအနေဖြင့် အသက်နှင့်လဲ၍ ရရှိသည့် ထိုးသတ်ကြေးသည် အလွန်နည်းပါးသည်ကို သိရ၍ စိတ်ထိခိုက်စရာတစ်ရပ်ပါပေ။

ထိုနည်းတူ သထုံခရိုင် သိမ်ဆိပ်မြို့နယ်ခွဲ ကျိုက္ကော်မြို့ ရွှေဘုံသာစေတီဘုရား ရွှေချပွဲတွင် ဗမာ့ လက်ဝှေ့တံခွန်လုပွဲကို ထည့်သွင်းကျင်းပခဲ့၏။ ကျင်းပ သည့်ရက်မှာ ၂၁-၁-၇၂ ခုနှစ်ဖြစ်သည်။

ကျိုက္ကော်မောင် (ဝါ) တာတီးနှင့် သိမ်ဆိပ် မင်းတဲစုရပ်ကွက်နေ တင့်လွင် (ဝါ) သိန်းဟန်တို့ စတုတ္ထတန်း အလံလုပွဲအတွက် ထိုးပြိုင်ကြရာ သိန်းဟန်၏ ခေါင်းကို ဒူးတိုက်ခံရပြီးသည့်နောက် ခေါင်းမူးသည်ဟု ပြောပြီး လဲကျသွားသည်။ များမကြာမီမှာပင် သိန်းဟန်သေဆုံးတော့သည်။ ယင်းလက်ဝှေ့ပွဲတွင် ဆရာဝန်မရှိ၊ ဆေးဝါးကုသမည့်သူ နတ္ထိမို့ အရေးကြုံတော့ အခက်တွေ့ကြရပေသည်။

အနီစတုတ္ထတန်း အလံလုပွဲ၏ သတ်ကြေးဆုငွေကို ပွဲသွင်းသူ ကန်ထရိုက်တာက (၁၀၀ကျပ်) တည်းသာ ထားသဖြင့် မပြောပလောက်သည့် သတ်ကြေးဟု ဆိုရပေလိမ့်မည်။ ကိုသိန်းဟန်အနေနှင့် လက်ဝှေ့သတ်ကြေး ဆုတော်ငွေ ၁၀၀ ကျပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ အသက်ကို လဲလိုက်ရရှာသည်။

မြန်မာပြည်တစ်ဝန်းတွင် ကျင်းပခဲ့သော ကန်ထရိုက်တာတို့ ဦးစီးသည့် ရိုးရာလက်ဝှေ့ပွဲတိုင်း လိုလိုသည် လက်ဝှေ့သမားတို့အပေါ် လုံးဝသက်ညှာ ထောက်ထားမှု မထားဘဲ ၎င်းတို့အတွက် အကျိုးရှိမှုကိုသာ တစ်ဖက်သတ် ကြည့်တတ်ကြသည်ချည်း ဖြစ်သည်။ ထိုသည်တို့ကြောင့် ရိုးသားသော လက်ဝှေ့သမားကြီးတို့ကို ရိုးရာလက်ဝှေ့ပွဲသွင်း ကန်ထရိုက်တာတို့က ပြုစားမှု မပြုနိုင်လေအောင် ...


(က) မြန်မာနိုင်ငံအားကစားနှင့် ကာယပညာကော်မတီတို့က ဦးစီး၍ ကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့သတ်ပွဲဖြစ်စေ၊

(ခ) ကန်ထရိုက်စနစ်ဖြင့် ပွဲသွင်းနေသည့် ပုဂ္ဂလိကပိုင် မြန်မာ့ရိုးရာ လက်ဝှေ့သတ်ပွဲများဖြစ်စေ တူညီသော စည်းမျဉ်းဥပဒေများကို ရေးဆွဲချမှတ်သင့်ပြီဟု ယုံကြည်မိသည်။

ဗဟိုအားကစားနှင့် ကာယပညာကော်မတီက ရိုးရာလက်ဝှေ့သမားများအတွက် စည်းမျဉ်းဥပဒေ မရေးဆွဲသရွေ့ ကာလပတ်လုံးဗမာ့လက်သီးသမားတို့ကို ပွဲသွင်းသူ ကန်ထရိုက်တာအပေါင်းက ဂုတ်သွေးကို စုပ်ကြဦးမည်မှာ ကေန်ဖြစ်သည်။

ဘာမထီခင်အောင်

( ရွှေဘို )



www.burmeseclassic.com

www.burmeseclassic.com






# ဆရာနီ ၃နှစ်ပြည့်အလွမ်း

ကျွန်တော့်သူငယ်ချင်း ဆရာနီလေးမောင်၏ ခရုပ်မှန် မဂ္ဂဇင်းမှာ ကျွန်တော် ဆောင်းပါးတွေ ရေးလာခဲ့သည်မှာ နှစ်ပေါင်း (၃၀) ရှိခဲ့ပြီ။

ဆရာနီနှင့် ကျွန်တော် သိကျွမ်းခဲ့သည်မှာ ဆရာနီတို့ မိသားစု ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ် ဖဆ.ပ.လ ကွက်သစ်၌ နေကတည်းက ဖြစ်၏။

ထိုစဉ် ကျွန်တော်က ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေ ရေးဦးစီးဌာနတွင် အမှုထမ်းဘဝနှင့် ရှိနေသည်။ သတ္တုတွင်း ဝန်ကြီးဌာနလက်အောက်ခံ ထို ဘ.မ.ရ ဦးစီးဌာနသို့ ၁၉၇၇ ခုနှစ် ဇွန် (၁) ရက်ကမိုးကုတ်မြို့ ကျောက်မျက်ရတနာ စီမံကိန်းဌာနမှ ပြောင်းရွှေ့

www.burmeseclassic.com

www.burmeseclassic.com



လာရခြင်းဖြစ်ပါသည်။

ဆရာနီလေးမောင်နှင့် မိတ်ဆွေဖြစ်ရလေအောင် မိတ်ဆက်ပေးသူကတော့ စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ လှိုင်ဦးပင်ဖြစ်ပါသည်။ ဦးရဲမြင့်ခေါ် လှိုင်ဦးက သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ခံ အမှတ် (၂) သတ္တုရှာဖွေရေး ကော်ပိုရေးရှင်းက ဝန်ထမ်းဖြစ်ပါသည်။


တစ်နေ့ ဆရာနီလေးမောင်က ဆရာလှိုင်ဦးထံ လာရောက်လည်ပတ်စဉ် ဘ.ခ.ရ ကန်တင်း၌ဆရာလှိုင်ဦးက ဆရာနီနှင့် မိတ်ဖွဲ့ပေးခဲ့၏။

"ကိုနီရေ … ဒါ စာမျိုးစုံရေးနေတဲ့ ရွှေဘိုဘာမထီခင်အောင် ဖြစ်တယ်။ အထူးသဖြင့် BOXINGဆောင်းပါးတွေ အရေးသန်တယ် ကိုနီ"

"သိရတာ ဝမ်းသာတယ်ဗျာ။ ဆရာရဲ့ လက်ဖွေ့ဝတ္ထုတိုလေးဖြစ်တဲ့ လက်သီးတစ်လုံး အသက်တစ်ချောင်း ဝတ္ထုကို မှတ်မိနေတယ်။ ပန်းချီဆရာကြီး ဗဂျီအောင်စိုးက ပုံဆွဲပေးထားတာပါ။ တကယ့် ကိုယ်တွေ့ အဖြစ်အပျက်ဝတ္ထုလေးမို့ ရသလည်း မြောက်ပါတယ်။ ကျွန်တော်ရဲ့ ဖြစ်ရပ်မှန်မဂ္ဂဇင်းမှာလည်း လက်ဖွေ့ဆောင်းပါး၊ မှုခင်းဝတ္ထု၊ မှုခင်းဆောင်းပါးတွေကို ရေးပို့နိုင်ပါတယ်။ ကျွန်တော်သုံးပါ့မယ်"

ဆရာနီလေးမောင်က အင်မတန်ရိုးဖြောင့်စွာ ကျွန်တော့်အား ဆက်ဆံလိုက်သဖြင့် ကျွန်တော်သူ့ကို ချက်ချင်းပဲ သဘောကျသွားသည်။

ဒီလူ လူဖြောင့်တစ်ယောက်ပဲဟု သုံးသပ်လိုက်မိသည်။ ကျွန်တော်က လူရိုးလူဖြောင့်။ တရားသဖြင့် လုပ်တတ်သူ့ကိုသာ ရွေးစစ်၍ ပေါင်းတတ်




သင်းတတ်သူပါ။ လူရိုးလူဖြောင့် မိတ်ရင်းမိတ်ဆွေအတွက်ဆိုလျှင် အနစ်နာခံတတ်သလို တကယ့်အရေးတွင် ဘယ်တော့မှ အထိမခံတတ်။ ကျွန်တော် ဆရာနီလေးမောင်ကို သေသေချာချာ ကြည့်လိုက်ပြီး ပြုံးလိုက်မိသည်။ ကျေနပ်တဲ့ အပြုံးပါဗျာ။

"ဆရာဦးနီလေးမောင်ရဲ့ မဂ္ဂဇင်းမှာ ကျွန်တော် လိုက်ဖွေ့ဆောင်းပါးတွေကို ဓာတ်ပုံတွေနဲ့တကွ ရေးပါ့မယ်ဗျာ။ ရေးခွင့်ပြုလို့ ကျေးဇူးတင်ပါတယ်"

"အခု ဆရာဘာမထီကြီး ဘယ်မှာရေးနေသလဲ ပြောပြလိုက်ပါဦး" ဆရာလှိုင်ဦးက ဝင်ထောက်ပေးရှာ၏။

"ကျွန်တော် ရုပ်ရှင်မင်းသားကြီး ဝင်းဦးပိုင် (စန္ဒာမဂ္ဂဇင်း) မှာ လက်ဖွေ့ဆောင်းပါးရေးတာ အခုလမှာ ဖော်ပြခံရပါတယ် ဆရာ။ ဘားမား မောင်သောင်းအကြောင်းဖြစ်ပါတယ်"

"ဆရာဝင်းဦးရဲ့ စန္ဒာမဂ္ဂဇင်းမှာ ရေးနေတာ ကြာပြီလား"

ဆရာနီ့အမေး …

"(၅) နှစ်လောက် ရှိလောက်ပါပြီ"

ဥပဓိရုပ်ကောင်း၍ စကားပြောညက်လှသော ဆရာဦးနီလေးမောင်သည် သူ၏ ဖြစ်ရပ်မှန် မဂ္ဂဇင်း တစ်အုပ်ကို သူ့လွယ်အိတ်အနီထဲမှ ဆွဲထုတ်ကာ လက်မှတ်ရေးထိုး၍ ဆရာလှိုင်ဦးအား တစ်အုပ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို တစ်အုပ် လက်ဆောင်အဖြစ် ပေး သည်။

ကျွန်တော် ဘာမထီခင်အောင်က မိတ်ဖြစ် ဆွေဖြစ် ရေးဘော်ရေးဘက်ဖြစ်သူ ဆရာနီလေး မောင်အား ပြား (၅၀) တန် လက်ဖက်ရည်တစ်ခွက် ကို တိုက်လိုက်သည်။ ဆရာလှိုင်ဦးကိုလည်းပဲ လက်ဖက်ရည်တိုက်ပါသည်။

ထိုစဉ်ကာလကအစ ဆရာနီနှင့် ကျွန်တော် လက်တွဲလာခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း (၃၀) ကျော်ခဲ့လေပြီ။ ကျွန်တော်ရန်ကုန်တိုင်း ရန်ကင်း မြို့နယ် ဘ.ခ.ရ မှ နာမကျန်းပင်စင်ယူကာ ၁၉၈၇ ခုနှစ် ဧပြီ (၆) ရက်က ရွှေဘိုသို့ တစ်ခါတည်း မိသားစုတစ်စု (စိမ်းရယ်၊ သမီးသရဖီရယ်၊ သမီး စကားဝါရယ်၊ သား သူရိန်ရဲရင့်အောင်ရယ်) တည်း အပြီး ပြောင်းကြသည်။

ကျွန်တော် ပြည်ရွှေဘိုသို့ ပြန်လည်ရောက်ပြီး နောက် ဆရာနီလေးမောင်နှင့် အဆက်မပြတ်ခဲ့။ ဆရာနီ၏ ဖြစ်ရပ်မှန်မဂ္ဂဇင်းသို့ မှခင်းလက်ဆောင့် ဆောင်းပါးတွေ ဆက်၍ ဆက်၍ ပေးပို့လျက်ပါ။

၂၂-၈-၂၀၁၁ ရက်နေ့၌ ဆရာကွယ်လွန်ခဲ့ရာ ထို ၂၀၁၁ ခုနှစ်တိုင် ကျွန်တော်က လက်ဆောင့် ဆောင်းပါးတွေ ပို့လျက်ပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀) က ဆရာနီ့ကို ကျွန်တော် ကတိခံတဲ့အတိုင်း ကျွန်တော် ဆက်၍ ဆက်၍ ဆောင်ရွက်ခဲ့။

ကျွန်တော် ချစ်ခဲ့ရသည့် သူငယ်ချင်း ဆရာ နီလေးမောင်အပေါ် ဘယ်တော့မှ သစ္စာမဖောက်။

အင်မတန်မှ အကျင့်စာရိတ္တကောင်းလှပြီး လူသားပီသလှသည့် စာရေးဆရာ၊ အယ်ဒီတာ ဆရာနီလေးမောင်တစ်ယောက်အပေါ် ကျွန်တော် ကြည်ညိုဆဲ။

လောကကြီးမှာ လူတော်များသော်လည်း လူကောင်းရှားလေပြီ။ ဆရာနီတစ်ယောက် ကတော့ လူကောင်းလူတော်ပါ။

ဆရာနီ၏ ဖြစ်ရပ်မှန်မဂ္ဂဇင်းသည် ပြည်သူကို တကယ်ပဲ အကျိုးပြုလျက်ရှိနေပါသည်။

ရာဇဝတ်ဘေးသည် လွန်စွာ စက်ဆုပ်စရာ ကောင်းကြောင်း၊ ကြောက်စရာကောင်းလှကြောင်း၊ မဖြစ်သင့်ကြောင်း ဆရာနီကြီးက သူ့ ဖြစ်ရပ်မှန် မဂ္ဂဇင်းမှနေ၍ မီးမောင်းထိုး၍ လစဉ် ပြပေးနေပါ သည်။ တကယ်မတော့ ဖြစ်ရပ်မှန်မဂ္ဂဇင်းဟာ ပြည်သူ့လက်စွဲဖြစ်သည်ဟု ကျွန်တော် ဘာမထီ ပြောရဲသည်။

ယခု ဆရာနီမရှိ ကွယ်လွန်ခဲ့ပြီ။ ဖြစ်ရပ်မှန် မဂ္ဂဇင်းကို ဆရာနီ၏သား ကိုမိုးမြင့် ၊ ကိုအောင်မိုး

တို့က ဆက် လက်ထိန်းရမှာ ...။ ထိန်းရမှာ ကျွန်တော်တို့ ရေးဘော်ရေးဘက်အားလုံး (အားလုံး) ကပါ ဝိုင်းဝန်း ထိန်းသိမ်းကြရမှာဖြစ်ပါသည်။ တာဝန်တစ်ရပ် အနေဖြင့် ဖြစ်ရပ်မှန် မဂ္ဂဇင်းမှာ ရေးပေးကြပါရန် အထူးမေတ္တာရပ်ခံပါရစေဗျာ။

ပြည်သူကို အကျိုးပြုနေသည့် ဖြစ်ရပ်မှန် မဂ္ဂဇင်းမှာ ပြည်သူအတွက် အကျိုးသက်ရောက်မည့် ဆောင်းပါး၊ ဝတ္ထု၊ ကာတွန်းများကို ဆက်၍ ဆက် ၍ ရေးပေးသွားကြပါစို့လို့ တိုက်တွန်းလိုက်ရပါ သည်ဗျား။

ရွှေဘို ဘာမထီခင်အောင်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# သူခိုးက လူပြန်ဟစ်

[ပညာရေး]

ပြည်တွင်း
ဖြစ်ရပ်မှန်

(၁)

လောကတွင် အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ ပွေရတတ်သည်ဟူသော ရှေးလူကြီးသူမတို့၏ ဆိုရိုးစကားမှာမှန်သော်လည်း မိမိက အမှုအခင်း၊ ပြဿနာ တစ်စုံတစ်ရာ မဖြစ်အောင် အစစ ဆင်ခြင်နေသော်လည်း ပြဿနာက မိမိထံသို့ မမျှော်လင့်ဘဲ တိုက်ရိုက်ကြီး ရောက်လာတတ်သည်။

ကျွန်တော်သည် အမှုအခင်းဖြစ်မှာ၊ ပြဿနာဖြစ်မှာကို အလွန်ကြောက်သူ ဖြစ်သည်။ ငယ်စဉ်ဘဝက စပြီး အစစအရာရာ ဆင်ခြင်ပြီး နေထိုင်သွားလာပြောဆိုသည်။ ယုတ်စွအဆုံး စကားကိုပင် အပြိုင် မပြော။ အပြိုင်ပြောလာလျှင် အငြင်းပွားကာ ပြဿနာဖြစ်လာနိုင်သဖြင့် စကားကို ဆက်မပြော ရပ်ထားလိုက်သည်။ စကားနည်းရန်စဲသဘော ဖြစ်သည်။

ဤသို့ ပြဿနာဖြစ်မှာအမှုအခင်းနှင့် ကြုံမည်စိုးသဖြင့်အသိတရားနှင့် သတိထားနေသည့်ကြားက မမျှော်လင့်ဘဲ ပြဿနာတစ်ခုနှင့် ကြုံခဲ့ရပါသည်။ ဘယ်လိုမှ မျှော်လင့်မထားသော ပြဿနာလည်း ဖြစ်၍ အံ့သြမှုလည်း ဖြစ်ရသလို ခရီးသွားအတွေ့အကြုံမရှိသော ကျွန်တော့်အဖို့ ဘဝတစ်သက်တာအတွက် မမေ့နိုင်သော သင်ခန်းစာလည်း ဖြစ်သည်။

(၂)

နွေရာသီ ကျောင်းပိတ်ရက်ဖြစ်သဖြင့် တာဝန်ကျရာ ဒေသမှ မိဘများရှိရာ ဇာတိရွာသို့ ပြန်ခဲ့သည်။ နွေရာသီအချိန် ဆိုလျှင် ကျွန်တော်တို့ ရွာထဲတွင် လူသိပ်မရှိကြ။ သက်ကြီးရွယ်အိုများနှင့် ကလေးများသာ အိမ်စောင့်အဖြစ် ကျန်ခဲ့ပြီး ကျန်လူများက ရွာ

www.burmeseclassic.com



အနောက်ဘက်ရှိ ငရုတ်ခင်း၊ နေကြာခင်း၊ ပဲခင်းများတွင် ရောက်နေကြသည်။ ငရုတ်ခူးသူ၊ပေါင်းမြက်ရှင်းသူ၊ နေကြာရိတ်သူ၊ မြေပဲနုတ်သူ၊ ပဲခွတ်သူများနှင့် စိုက်ခင်းများတွင် အလွန်စည်ကားနေသည်။ ကျွန်တော်သည်လည်း ကျွန်တော်တို့၏ ငရုတ်ခင်းနှင့် မြေပဲခင်းသို့ ရောက်နေပြီးအလုပ်သမားများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနေရသည်။

ငရုတ်ခင်းထဲသို့ ရေစုပ်စက်နှင့် ရေသွင်းနေသော ကိုကြီး သာအေးဆီသို့ ကျွန်တော်သွားကာ စကား ပြောနေစဉ် လူတစ်ယောက်သည် ကျွန်တော်တို့ ဆီသို့ ခပ်သွက်သွက်လျှောက် လာသည်ကို တွေ့ရသည်။ ဝေးနေသဖြင့် မည်သူမည်ဝါဟူ၍သဲသဲကွဲကွဲမသိရ။ ထိုသူက လက်ဇော့ယမ်းပြနေသည်။ တဖြည်းဖြည်းနှင့် နီးလာသည်။



"ဟေ့ … ဖိုးသိန်းထက် … ငါပါကွ"

"ဟာ …ကိုထွန်းပါလား။ ဘယ်တုန်းက ရောက်တာလဲ"

"ငါအခုပဲ ရောက်တာကွ။ အိမ်ရောက်တော့ ဦးလေးက မင်းစိုက်ခင်းတွေဆီမှာ ရှိနေတယ်ဆိုလို့ ငါလိုက်လာတာကွ"

ကျွန်တော်တို့ နှစ်ယောက် ဝမ်းသာအားရ ဖက်ထားကြသည်။ မတွေ့ရသည်မှာ အတော်ကြာပြီ ဖြစ်သည်။ အခုလို ပြန်တွေ့ကြသဖြင့် အလွန်ဝမ်းသာနေကြရသည်။ ကိုထွန်းသည် အဖေ၏ အစ်မကြီးမှ မွေးသူ၊ အဖေ၏ တူအရင်းဖြစ်သည်။ ကျွန်တော်နှင့်က သက်တူရွယ်တူ ကျောင်းနေဖက်လည်းဖြစ်၊ ညီအစ်ကိုလည်းဖြစ်၊ သူငယ်ချင်းလည်း ဖြစ်သဖြင့် အလွန် ချစ်ခင်ကြသည်။

ကိုထွန်း (၁၀) တန်း ရောက်သည့်နှစ်တွင် မိဘနှစ်ပါးမှာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးသွားကြသည်။ ကိုထွန်း (၁၀) တန်းကိုလည်း မဖြေ။ စိတ်ဓာတ်တွေ ကျ၊ ရွာမှာလည်းမနေလိုသဖြင့် မိတ်ဆွေ တစ်ဦးနှင့် ရန်ကုန်သို့ လိုက်သွားသည်။ နောက်တော့ အုတ်ကျင်းဂုန်နီစက်ရုံတွင် အလုပ်ရသည်။ ထိုစက်ရုံမှ အလုပ်သမတစ်ဦးနှင့် အကြောင်းပါပြီး အုတ်ကျင်း၌ပင် အခြေကျနေသည်။

ရွာမှ ဆွေမျိုးသော်လည်းကောင်း၊ ရွာသူရွာသား တစ်ဦးဦးသော်လည်းကောင်း ရန်ကုန်သို့ လာလျှင် သူ့အိမ်မှာ တည်းခိုပါက ကိုထွန်း အလွန် ဝမ်းသာနေသည်။

"ကျွန်တော်က ဒီမှာ အမျိုးရှိတာ မဟုတ်ဘူး။ ရွာက အမျိုးတို့၊ ရွာသူရွာသား ဖြစ်ဖြစ်လာရင် သိပ်ဝမ်းသာတာပဲ"

ကိုထွန်းက ဝမ်းသာနေသလို ဇနီးဖြစ်သူ မညီမ်းကလည်း စိတ်သဘောထား ကောင်းသူပီပီ ညှို့ခံ ကျွေးမွေးနေသည်။ရန်ကုန်မြို့ထဲရှိ ဘုရားစုံကိုလည်း လိုက်ပို့တတ်သည်။ ကိုထွန်းတို့ဇနီးမောင်နှံ၏ စိတ်စေတနာကောင်းမှုကြောင့်လားမသိ၊ ကိုထွန်းရွာသို့

www.burmeseclassic.com

www.burmeseclassic.com



## မြည်တွင်း ဖြစ်ရပ်မှန်

ရောက်လာပြီး ပြန်မည်ဆိုလျှင် ဆွေမျိုးများ သာမက သူစိမ်းများကပါ ရွာထွက်သီးနှံများ၊ ငါးပိ၊ ငါးခြောက်၊ ဆန်စသဖြင့် ဝိုင်းပေးတတ်ကြသည်။ ယခုလည်း ကိုထွန်းကိုပေးထားသော လက်ဆောင်ပစ္စည်းများမှာ အတော်များနေသည်။

"ငါက ခွင့် (၁၀) ရက် ပဲ ရတာကွ။ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး။ ပြီးတော့ မိုးမကျမီ အိမ်မှာ ပြင်ဆင်စရာတွေကို ပြင်ရဦးမှာကွ။ ငါပြန်ရင် မင်းလိုက်ခဲ့ကွာ"

"ဟုတ်သားပဲ သားရဲ့။ မင်းလည်း အလုပ်ဝင်ပြီး ကတည်းက ရန်ကုန်မရောက်တာ ကြာပြီပဲဟာ။ လိုက်သွားပါ။ ပြီးတော့ ထွန်းကို ပေးထားတဲ့ လက်ဆောင်ပစ္စည်းတွေကလည်း မနည်းဘူး။ ထွန်းတစ်ယောက်တည်းနဲ့ မဖြစ်ပါဘူး။ သားလိုက်ပို့မှ ဖြစ်မှာပါ"

ကိုထွန်းကလည်း ခေါ်၊ ဖခင်ကြီးကလည်း လိုက်ရန်တိုက်တွန်း၊ ပစ္စည်းတွေကလည်း များသဖြင့် ကိုထွန်းနှင့် ရန်ကုန်လိုက်ရန် ဆုံးဖြတ်လိုက်သည်။

ပေးထားသော ပစ္စည်းများကို သယ်ပိုးရလွယ်အောင် ပြင်ဆင်ရသည်။ ဆန်က (၃) အိတ်၊ ငရုတ်သီးအခြောက်က ပီနံအိတ်တစ်အိတ်၊ မြေပဲနှင့် သီးနှံများက ပီနံအိတ်တစ်အိတ်၊ အုန်းသီးက ပီနံအိတ် တစ်အိတ်နှင့် ငှက်ပျောက (၃) ခိုင်ဖြစ်သည်။ ပစ္စည်းက အတော်များနေသည်။ သင်္ဘောတစ်တန်၊ ကားတစ်တန်နှင့် အတင်အချ အဆင့်အဆင့်ရှိနေသဖြင့် ကိုထွန်း တစ်ယောက်တည်း မဖြစ်နိုင်။ သည်တော့ ကျွန်တော် ရန်ကုန်သို့ မဖြစ်မနေ လိုက်ရတော့သည်။

မနက်စောစောတွင် ရွာမှထွက်သော ကူးတို့မော်တော်လေးပေါ်သို့ ပစ္စည်းများတင်ပြီး ဝါးခယ်မလိုက်ခဲ့ကြသည်။ ဝါးခယ်မ ဝဲကြီးဆိပ်ခေါ် ပုဂ္ဂလိက ရေယာဉ်များ ဆိုက်ကပ်သည့် သင်္ဘောဆိပ် တံတားပေါ်တွင် ပစ္စည်းများကို ဆိပ်ကမ်းအလုပ်သမားများကို ငှားပြီး တင်ထားရသည်။ ဝါးခယ်မမှ ရန်ကုန်သို့ ထွက်မည့် ပုဂ္ဂလိကပိုင် မင်းဆန်းနှစ်ထပ်ရေယာဉ်ကြီးသည် ဝါးခယ်မတစ်ဖက်ကမ်းရှိ ဆန်စက်များတွင် ဆန်သွားတင်နေသဖြင့် ရန်ကုန်လိုက်မည့် ခရီးသည်များမှာ တံတားပေါ်နှင့် လမ်းဘေးတွင် ပစ္စည်းများထားပြီး စောင့်နေကြရသည်။ ကျွန်တော်နှင့် ကိုထွန်းလည်း ပစ္စည်းများဘေးတွင်ထိုင်ပြီး သင်္ဘောပြန်အလာကို စောင့်နေရသည်။

"ကိုထွန်း ... အမေထည့်ပေးလိုက်တဲ့ ထမင်းချိုင့်ကို ညနေကျမှ သင်္ဘောပေါ်မှာစားမယ်။ သင်္ဘောပေါ်မှာ ဝယ်စားရတာ ဈေးလည်းကြီး၊ စားချင်တာလည်း မရဘူး။ အချိန်ရတုန်း အခု မနက်စာကို ဈေးထဲမှာ သွားဝယ်စားရအောင်"

"အေး ဟုတ်တယ်။ ဒါဆို ဒီပစ္စည်းတွေကို ဘယ်လိုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့မလဲ"

ကိုထွန်း အမေးကြောင့် ကျွန်တော်က ပတ်ဝန်းကျင်ကို ကြည့်ပြီး အကဲခတ်လိုက်သည်။ ကျွန်တော်တို့နှင့် မနီးမဝေးတွင် အသက် (၄၀) ကျော်ခန့်ရှိ အမျိုးသမီးတစ်ဦးနှင့် အသက် (၁၅) နှစ်ခန့်ရှိ မိန်းကလေးတစ်ဦးတို့ ထိုင်နေကြသည်။ ခရီးဆောင်အိတ်၊ ဆွဲခြင်းနှင့် အိပ်ရာလိပ်တစ်ခုကိုလည်း အနားမှာ ချထားသည်။ အမျိုးသမီး နှစ်ဦးမှာ သားအမိဖြစ်ပုံလည်း ရသည်။

"ဒီက အစ်မက ရန်ကုန်လိုက်မယ့် ခရီးသည်လား"

ကျွန်တော်က သွားမေးလိုက်သည်။

"ဟုတ်ပါတယ်။ ရန်ကုန်သွားမလို့ပါ။ ဘာကိစ္စများ ရှိပါသလဲ"

"သြော် သင်္ဘောမလာခင် ထမင်းသွားစားချင်လို့ပါ။ ကျွန်တော်တို့ အိတ်တွေကို အပ်ထားခဲ့ပါရစေ"

"သြော် ရတယ် ... ထားခဲ့ပါ။ စိတ်ချသွားပါ။ လက်ဆွဲအိတ်တွေတော့ ယူသွားပြီး ကျန်တာတွေတော့ ထားခဲ့ပါ။ စိတ်ချလက်ချသွားနော်"

အမျိုးသမီးက ဖော်ဖော်ရွေရွေနှင့် ပြောဆိုသဖြင့် ပစ္စည်းများကို စိတ်ချလက်ချ ထားခဲ့သည်။ အဝတ်ထည့်ထားသော လက်ဆွဲအိတ်နှစ်လုံးနှင့် ထမင်းချိုင့်ကိုတော့ ယူသွားသည်။ စားချင်သည့် ဟင်းကို ဝယ်ထည့်ရန်ဖြစ်သည်။ ဈေးထဲရှိ စေတနာမွန် ထမင်းဆိုင်တွင် ဝင်စားကြသည်။ ပြီးလျှင် ဈေးထောင့်ရှိ ရွှေညောင်ပင် လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် ဝင်သောက်ကြသည်။ သင်္ဘော ဥသြဆွဲသံကြားသဖြင့် သင်္ဘောဆိပ်သို့ ခပ်သုတ်သုတ် ပြန်လာကြသည်။

မင်းဆန်းနှစ်ထပ်ရေ ယာဉ်ကြီးမှာ ဆန်တင်ပြီး ပြန်လာရာ တံတားအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်။ ကုန်းပေါ်ရှိ ခရီးသည်များမှာလည်း လှုပ်လှုပ်ရှရှဖြစ်လာကြသည်။ ကျွန်တော်တို့ ပစ္စည်းများကို အမျိုးသမီးက သူ့အနား ရွှေ့ထားသဖြင့် "စိတ်မချလို့ အနားရွှေ့ထားတာပဲ" ဟု တွေးမိကာ စိတ်ထဲက ကျိတ်ပြီး ကျေးဇူးတင်လိုက်သေးသည်။

"ဒီက အစ်မကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပစ္စည်းတွေကို ယူတော့မယ်နော်"

ပြောပြောဆိုဆိုနှင့် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်က အိတ်များကို ဆွဲယူကြသည်။

"ရှင်တို့ ဒါဘာလုပ်တာလဲ။ ကျွန်မပစ္စည်းတွေကို ဘာဖြစ်လို့ လာဆွဲယူနေတာလဲ"

"ဗျာ အစ်မ ဘာပြောတာလဲ။ ဒီအိတ်တွေက ကျွန်တော်တို့ အိတ်တွေလေ။ ထမင်းသွားစားလို့ အစ်မကို ခဏအပ်ခဲ့တာ။ ဒီကလေးမလေး သိပါတယ်"

"ကျွန်မ မသိဘူး။ ဒါ ကျွန်မတို့ ပစ္စည်းတွေ"

ကလေးမလေးကပါ ပြောင်ပြောင်တင်းတင်း ငြင်းဆိုနေသည်။

"ကိုယ့်ပစ္စည်းကိုယ် ပြန်ယူတာ ဘာဖြစ်လဲကွာ"

ကျွန်တော်တို့ ညီအစ်ကို ပစ္စည်းအိတ်များကို အတင်းဆွဲယူသည်။

"ဟောဒီမှာ လာကြပါဦး ရှင့်။ ကျွန်မတို့ ပစ္စည်းတွေကို လာလုယူနေပါတယ်"

အမျိုးသမီးက ကျယ်

www.burmeseclassic.com



လောင်စွာ အော်လိုက်သဖြင့် လူအများ၏ အကြည့်က ကျွန်တော်တို့ထံ စုပြုံရောက်လာသည်။ ထိုစဉ်တွင် အသက် (၄၀) ခန့်ရှိလူနှစ်ယောက် ရောက်လာသည်။

"ခင်ဗျားတို့ ဘာလုပ်တာလဲ။ ဒီပစ္စည်းတွေက ဒီအမျိုးသမီးရဲ့ ပစ္စည်းတွေဗျ။ မနက်က ကျုပ်တို့ကိုယ်တိုင် ထမ်းပြီး လာပို့ထားတာ။ ခင်ဗျားတို့ နှစ်ယောက်လာတာ လက်ထဲမှာ လက်ဆွဲအိတ်နဲ့ ထမင်းချိုင့်ပဲပါတာ ကျုပ်တို့ အမြင်ပဲ။ ခင်ဗျားတို့ အူကြောင်ကြောင် မလုပ်နဲ့ ရဲစခန်း ရောက်သွားမယ်နော်"

ရော ... ခက်ပြီ။ လူ နှစ်ယောက်ကပါ ပေါက်ချလာပြီး အမျိုးသမီးဘက်မှ ထောက်ခံကာ ကျွန်တော်တို့ကို ဟိန်းဟောက်ခြိမ်းခြောက်နေပြန်သည်။ သူတို့မှာ အတူတူဖြစ်ပြီး ခွင်ဆင်ထားပုံရသည်။ သူတို့ဘက်မှ အားသာပြီး ပိုင်ရှင်ကျွန်တော်တို့ကပင် သူခိုးလိုလို၊ လုယက်သူ လိုလို ဖြစ်ကိန်း ရောက်နေရသည်။ ထိုအချိန်၌ ဆိပ်ကမ်းရဲ တပ်ကြပ်ကြီးနှင့် ရဲသားနှစ်ယောက် ရောက်လာကြသည်။

သူတို့မှာ
အတူတူဖြစ်ပြီး
ခွင်ဆင်ထားပုံရသည်။
သူတို့ဘက်မှ အားသာပြီး
ပိုင်ရှင်ကျွန်တော်တို့ကပင်
သူခိုးလိုလို၊
လုယက်သူလိုလို
ဖြစ်ကိန်း ရောက်နေရသည်။

"ဘာဖြစ်နေကြတာလဲ"

"ဒီမှာရှင် ကျွန်မ ပစ္စည်းတွေကို ဒီလူနှစ်ယောက်ကသူတို့ ပစ္စည်းတွေပါဆိုပြီး လာလုယူနေတယ်"

"ဟုတ်တယ်ဗျ။ ဒီလူ နှစ်ယောက် နိုင်ထက်စီးနင်းလာ လုယူနေတာ ကျွန်တော်တို့ မြင်တယ်"

သူတို့က ရဲကို ဦးအောင်ပြောသည်။ မျက်မြင် သက်သေအဖြစ် ထောက်ခံနေကြသည်။

"မဟုတ်ဘူးဆရာ။ သူတို့ တစ်တွေ တမင် အကွက်ဆင်ပြီး ကလိမ်ကျတာ။ ကျွန်တော်တို့ ထမင်းသွားစားတော့ ဒီပစ္စည်းတွေကို ဟောဒီ အမျိုးသမီးကို ယုံပြီးအပ်ခဲ့တာ။ သူကလည်း လိုလိုလားလား လက်ခံထားတယ်။ ထမင်းစားက ပြန်လာပြီး ကျွန်တော်တို့ ပစ္စည်းတွေကို ပြန်ယူတော့ သူ့ပစ္စည်းတွေကို လုယူပါတယ်ဆိုပြီး အော်တယ်။ ဒီလူနှစ်ယောက်ကလည်း ဘယ်ကရောက်လာမှန်းမသိဘဲ ရောက်လာပြီး ကျွန်တော်တို့ကိုတောင် ဟိန်းဟောက်နေတယ်။ ဒီအိတ်တွေထဲမှာ ဘာပစ္စည်းတွေပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ကျွန်တော်တို့တိတိကျကျ ပြောပြနိုင်တယ်''

ကျွန်တော်က ရဲများကို သေချာစွာ ရှင်းပြလိုက်သည်။ ရဲများကလည်း ကျွန်တော်တို့ အားလုံး၏ မျက်နှာများကို လိုက်ကြည့်ပြီး အကဲခတ်နေကြသည်။ ထိုစဉ်တွင် မင်းဆန်းရေ ယာဉ်ကြီးမှာ ဟံတားတွင်ကပ်လျက် ကုန်းဘောင်ထိုးပြီးသဖြင့် ဆန်လိုက်ထမ်းသော အလုပ်သမားများ ကုန်းပေါ်သို့ အပြေးတက်လာကြသည်။ အလုပ်သမားခေါင်းဆောင် ကိုညိုကြီးနှင့်အဖွဲ့ ကျွန်တော်တို့နား ရောက်လာသည်။

''ဘာဖြစ်နေကြတာလည်း အိတ်တွေသင်္ဘောပေါ် တင်မယ်လေ''

''ပြဿနာဖြစ်နေလို့ ကိုညိုကြီးရေ။ ပစ္စည်းတွေကို ဟောဒီအမျိုးသမီးကို ခေတ္တအပ်ပြီး ထမင်းသွားစားတာ ပြန်လာပြီး ပစ္စည်းတွေယူတော့ ဒီ အမျိုးသမီးက သူ့ပစ္စည်းတွေကို လာယူနေပါတယ်ဆိုပြီး အော်လို့ဗျို့။ ကိုညိုကြီးက ရဲတွေကို ရှင်းပြလိုက်ပါဦးဗျာ''

ကိုညိုကြီးတို့အဖွဲ့ ရောက်လာကတည်းက အမျိုးသမီးမှာ မျက်နှာပျက်နေသလို အမျိုးသားနှစ်ယောက်က မယောင်မလည်နှင့် ထွက်သွားမည်အပြုတွင် ရဲများက ဟန့်တားထားလိုက်သည်။

''ဟောဒီလူက အထက်တန်းပြ ကျောင်းဆရာ ကိုသိန်းထက်တဲ့။ ကျွန်တော်နဲ့သိတာကြာပြီ။ မနက်က သူတို့ နှစ်ယောက် အလန်းရွာက ထွက်လာ တဲ့ ကူးတို့မော်တော်လေးနဲ့ ပါလာကြတာ။ ဒီအိတ်တွေကို ကျွန်တော်တို့ပဲ ကုန်းပေါ်တင်ပေးခဲ့တာ။ အဲဒီတုန်းက ဒီအမျိုးသမီး ဒီနားမှာ မရှိပါဘူး။ အခု ဒီအိတ်တွေကို သင်္ဘောပေါ်တင်ပေးဖို့ ပြောထားလို့ လာတင်တာ။ ဟောဒီမှာ ကျွန်တော့်ကို ဆရာဝယ်ခိုင်းတဲ့ လက်မှတ်နှစ်စောင် ရော ... ဆရာ''

ကိုညိုကြီးက အကြောင်းမှန်ကို ရဲများအား ရှင်းပြပြီး သင်္ဘော လက်မှတ်နှစ်စောင်ကို ကျွန်တော့်အား လှမ်းပေးသည်။ ရဲများလည်း သဘောပေါက်ပြီး အမှန်တရားကို သိသွားကြသည်။

''ကျွန်တော်လည်း အစကတည်းက ဒီအမျိုးသမီးနဲ့ ဒီအမျိုးသားနှစ်ယောက် ပြောတာကို မယုံပါဘူး။ ဒါပေမယ့် ပိုင်ပိုင်နိုင်နိုင်မရှိသေးလို့ လေ့လာနေတာပါ။ သင်္ဘောဆိပ်တွေမှာ ခရီးသွားဟန်ဆောင်ပြီး ယုံကြည်လို့ ပစ္စည်းအပ်ခဲ့ရင် အလစ်သုတ်သွားတာတို့၊ သူများပစ္စည်းတွေကို ပုံမှားရိုက်၊ အကြံအဖန်လုပ်နေတဲ့ အဖွဲ့တစ်ဖွဲ့ရှိနေတာကြားလို့ ကျွန်တော်တို့ ပြည်သူ့ရဲအဖွဲ့က သင်္ဘောဆိပ်တွေမှာ လိုက်စုံစမ်းနေတာ။ အင်း ... အခုတော့ ပက်ပင်းတိုးတာပဲ။ ကိုညိုကြီးကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ''

''ရပါတယ် ဆရာရယ်။ ရဲကို ပြည်သူလက်တွဲကူမှ မှုခင်းတွေ ကျဆင်းလာမှာပေါ့''

''ကိုညိုကြီးတို့လို တာဝန်သိ ပြည်သူတွေ များများရှိဖို့ လိုအပ်တာပေါ့ဗျာ''

ရဲတပ်ကြပ်ကြီးက ကိုညိုကြီးကို ဂုဏ်ပြုစကားပြောပြီးနောက် အမျိုးသမီးနှစ်ယောက်နှင့် အမျိုးသားနှစ်ယောက်ကို ရဲစခန်း

www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်သွားကြသည်။ ကိုညိုကြီး၏ တပည့်များလည်း ကျွန်တော်တို့၏ ပစ္စည်းအိတ်များကို သင်္ဘောပေါ်သို့ ထမ်းတင်ပေးကြသည်။

"ကိုညိုကြီး ကယ်ပေလို့ သာပေါ့ဗျာ။ နို့မို့ဆို ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ပစ္စည်းဆုံး၊ နာမည်လည်းပျက်၊ အချုပ်ခန်းထဲ ရောက်နေမှာဗျို့။ ကိုညိုကြီးကို ကျေးဇူးတင်တယ်ဗျာ"

"အဲဒါပေါ့ ဆရာရဲ့။သူခိုးက လူပြန်ဖမ်းဆိုတာပေါ့ ... ဟား ... ဟား ... ဟား"

ကိုညိုကြီး၏ ရယ်မောသံတို့မှာ သင်္ဘောဆိပ် တစ်ခုလုံးကို လွှမ်းခြုံသွားပါသည်။

ဪ ... လောကမှာ အမှန်တရားဆိုတာ အမှန်ကို တရားသဖြင့် ထုတ်ဖော်ခြင်းပါလားဟူ၍ -။

(လွန်ခဲ့သော နှစ်ပေါင်း (၄၀) ခန့်က ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်မှန်ဖြစ်သည်)

**မောင်အေးနှစ်**

**(ပညာရေး)**



## အလွဲသုံးစား ဖြစ်ခြင်းဟူသည်

မောင်ဖြူသည် ငွေပါသော အိတ်တစ်အိတ် မောင်မဲကျကျန်ရစ်သည်ကို မြင်၏။ ထိုငွေအိတ်ကို မောင်မဲသို့ ပြန်ပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကောက်ယူ၏။ သို့ရာတွင် နောင်အခါ၌ မောင်မဲသို့ ပြန်မပေးဘဲ မောင်ဖြူသည် ထိုငွေကို မိမိအသုံးပြုမှုအတွက် သုံးထား၏။ ကောက်ရသောငွေပင်ဖြစ်လင့်ကစား မောင်ဖြူသည် ထိုငွေကို မိမိအသုံးပြုမှုအတွက် သုံးစားခဲ့သဖြင့် အလွဲသုံးစားမှု ကျူးလွန်ရာရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အောင်ကျော်ကျော် (မြည်)



အောင်ကျော်ကျော် (မြည်)

(၁)

"သမီးရေ အမေ ဈေးရောင်းသွားတော့မယ်။ ဒါနဲ့ ညည်းအစ်ကိုကြီး ဘယ်သွားလဲ သမီး"

"အစ်ကိုကြီး မနက်က သူ့သူငယ်ချင်းပေါက်ကြီး လာခေါ်လို့ ပါသွားတယ် အမေ"

"အေး ... အေး ဒါဆို လည်းပြီးရော အမေသွားပြီ"

ဒေါ်လှမေ ဈေးတောင်းခေါင်းရွက်၍ သူ့သမီးအား လှမ်းပြောလိုက်သည်။ ဒေါ်လှမေတို့မှာ မိသားစု သုံးယောက်သာရှိတော့၏။ ခင်ပွန်းဖြစ်သူက ဆုံးသွားတာ သုံးနှစ်ရှိပြီဖြစ်သည်။ ခင်ပွန်းဖြစ်သူ ဆုံးပါးပြီးကတည်းက ဒေါ်လှမေမှာ ဈေးတောင်းခေါင်းရွက်၍ ရွာရိုးကိုးပေါက်လည်ရောင်းရသော ဈေးသည်ဘဝသို့ ရောက်ခဲ့ရသည်။ဒေါ်လှမေတွင် သားကြီး ကောင်းသစ္စာနှင့် သမီးငယ် ခင်မာလာဟူသည့် သားနှင့် သမီးနှစ်ယောက်သာ ရှိ၏။

"ဟင်းရွက်စုံပါတယ်"

"လှမေ လာပါဦး။ ချဉ်ပေါင်ရွက်လေး နှစ်စီးလောက် ဝယ်ချင်လို့"

"လာပြီ အစ်မမြရေ လာပြီ"

"အင်း ... ငါ့ညီမ လှမေလည်း ဈေးရောင်းရတာ ပင်ပန်းလှတယ်။ ညည်းသမီးလေးနဲ့ သားလေး အလုပ်လုပ်နိုင်ပါလား"

www.burmeseclassic.com



“ဒီလိုပါပဲ အစ်မမြရယ်။ ဘဝသမားတွေပဲ။ သားကြီးကတော့ ကြုံရာအလုပ် လုပ်ရှာပါတယ်။ သမီးလေးကတော့ ဆယ်တန်း ကျောင်းသူဆိုတော့ စာပဲ ကြိုးစားခိုင်းရတယ်လေ။ ဆယ်တန်းလေးအောင်မှ သမီးဘဝတိုးတက်မှာလေ။ ကဲ ကဲ အစ်မမြရေ သွားပြီ”

“အေး ... အေး”

ဒေါ်လှမေ၏သမီး ခင်မာလာမှာ အလွန်ချောမော လှပလေ၏။ သူမ၏ အလှကြောင့် ရွာထဲရှိ ကာလသားများက ယောင်ပေ ယောင်ပေနှင့် စကားလိုက်ပြောခံရသည့် ဒုက္ခကလည်း မသေး။ စာလိုက်ပေးခံရသည့် ရန်ကလည်း မလွတ်။ သို့သော် ခင်မာလာက စာကိုသာ ကြိုးစားသည်။ အနေအထိုင်တည် ကြည်သောကြောင့်မကပ်ရဲကြတော့ပေ ။

ကောင်းသစ္စာကတော့ ဆယ်တန်းထိ မတက်ရ။ သူ၏ ဖခင် ဆုံးပါးပြီးကတည်းက စီးပွားရေး ကျဆင်းခဲ့သဖြင့် ညီမဖြစ်သူ ခင်မာလာအား ဦးစားပေးကာ သူကိုးတန်းအောင်ပြီး ဆယ်တန်း ဆက်မတက်တော့ချေ။ ရရာ အလုပ်လုပ်၍ ခင်မာလာ၏ ကျောင်းစရိတ် ထောက်ပံ့လေ၏။

◆◆◆◆

တစ်နေ့တွင် ကောင်းသစ္စာသည် ကျောက်တူးလိုက်ရန်အမေဖြစ်သူအား ခွင့်တောင်း၏။

“အမေ သား ကိုပေါက်တို့နဲ့ မိုးကုတ်ဘက်လိုက်ပြီးကျောက်တူးမယ် အမေ။ သားချမ်းသာအောင် ကြိုးစားချင်လို့ပါ။ ခွင့်ပြုပါနော် ... အမေနော်”

“ပင်ပန်းပါတယ် သားရယ် မသွားပါနဲ့။ ပြီးတော့ ငှက်ဖျားရောဂါကလည်း ကြောက်ရသေးတယ် သားရဲ့”

“ပင်ပန်းလည်း လုပ်နိုင်ပါတယ် အမေရ။ ချမ်းသာရင်ပြီးရော”

“မသေချာပါဘူး သားရယ်။ ချမ်းသာဖို့ဆိုတာ သားကျောက်ကောင်းကောင်း အောင်ဖို့က လိုသေးတယ်။ ကျောက်အောင်ဖို့ဆိုတာလည်း လွယ်တာမှ မဟုတ်တာ သားရယ်။ အဲဒီတော့ မသေချာတဲ့ အလုပ်ကို ငေးမောနေမယ့်အစားလောလောဆယ် သေချာတဲ့ အလုပ်ကိုပဲ လုပ်ဖို့ကြိုးစားပါ သားရယ်”

“မသေချာပေမယ့် မျှော်လင့်ချက်တော့ ရှိတာပဲ အမေရာ။ သားကို သွားခွင့်ပြုပါ”

ဒေါ်လှမေ အတန်တန်တားသော်လည်း တားမရသဖြင့် ခွင့်ပြုလိုက်ရလေတော့သည်။ ဤသို့ဖြင့် နောက်တစ်ပတ်တွင် ကိုပေါက်တို့နှင့်အတူ ကျောက်တူးရန်အတွက် လိုက်ပါခဲ့လေတော့သည်။ ကိုပေါက်၊ ကိုအေးမင်း (ကိုပေါက်အစ်ကို) နှင့် ကောင်းသစ္စာတို့ သုံးယောက်သည် ကျောက်တွင်းသို့ ရောက်သောအခါ တဲတစ်လုံးဆောက်၍ အတူနေကြလေ၏။ နောက် တစ်နေ့တွင် အလုပ်စဝင်ရသည်။

◆◆◆◆

(၂)

“အဟွတ် ... အဟွတ်”

“အမေသက်သာရဲ့လား ဟင်”

ဒေါ်လှမေတွင် ပန်းနာ ရင်ကျပ်ရောဂါရှိ၏။ ဆရာ အမျိုးမျိုးနဲ့ ကုသသော်လည်း ရှင်းရှင်း မပျောက်။ ပျောက်သွားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြစ်လိုက်နှင့်သာ။ ရောဂါနှိပ်စက်သည်က တစ်ကြောင်း၊ နေပူစပ်ခါး ဈေးလယ် ရောင်းရသည်က တစ်မျိုးကြောင့် ဒေါ်လှမေသည် တစ်လအတွင်း သိသိသာသာ ပိန်ကျသွား၏။ ခင်မာလာလည်း မိခင် နေမကောင်းသဖြင့် ကျောင်းမှန်မှန် မတက်နိုင်တော့။ မိခင်အား ပြုစုနေရ၏။ ဤသို့ဖြင့် တစ်နေ့တွင် ဒေါ်လှမေ၏ နောက်ဆုံး အချိန်ကို ရောက်လာတော့၏။ အဆက်မပြတ် ချောင်းဆိုးနေသည်မှာ သွေးများပင် ပါလာလေ၏။

"အဟွတ် … ဟွတ်"

"အမေ … သတိ ထားပါဦး"

"သမီး … အမေ သ … သမီးကို ပြော ပြော စရာရှိတယ်။ သမီး … သေချာ … နားထောင်ပါ။ အမေ သေ … သေရင် သမီးမြို့က ဦးလေးဆီကို အကျိုး … အကြောင်း ပြော … ပြပြီး အဲဒီမှာနေပါ"

ဒေါ်လှမေသည် သူမ၏ သမီးအား ဦးလေးဖြစ်သူ၏ နာမည်နှင့် လိပ်စာအား ပြောခဲ့ပြီး အသက် ထွက်သွားရှာလေတော့၏။

"အမေ … သတိရပါဦး အမေရဲ့"

"ဟီး …"

◆◆◆◆

(၃)

ကောင်းသစ္စာသည် ငှက်များရောဂါ၏ ဒဏ်ကို အတော်ခံစားနေရ၏။ သူ ငှက်ဖျားရောဂါခံစား နေရသည်မှာ ငါးရက်ခန့်ရှိပြီဖြစ်သည်။ ကျောက်တွင်းသို့ ရောက်သည်မှာ ခြောက်လခန့် ရှိပြီ ဖြစ်သော်လည်း ကျောက် ကောင်းကောင်းတော့ မရသေး။

"သစ္စာ ဆေးသောက်လိုက်ဦးကွ။ ထ … ထ ငါဆန်ပြုတ်လည်း ပြုတ်ထားတယ်။ ပူတုန်း သောက်လိုက်ဦး"

"အင်း … ဟင်း ဟင်း …"

နောက်နှစ်ရက်လောက်ကြာတော့မှ ကောင်းသစ္စာ အတန်ငယ် သက်သာလာသည်။ ကောင်းသစ္စာ စိတ်ထဲ လေးလံနေသည်။

"အိမ်မှာ တစ်ခုခုများ ဖြစ်နေသလား။ ညီမလေးနဲ့ အမေ အဆင်မှ ပြေရဲ့လား မသိဘူး"

ကောင်းသစ္စာသည် အိမ်အကြောင်း စဉ်းစားမိသဖြင့် ချက်ချင်း ထပြန်ချင်စိတ်တွေ ပေါ်ပေါက်လာမိ၏။ သို့သော် ပြန်လို့မဖြစ်။ သူချမ်းသာမှ အိမ်ကို ပြန်မည်ဟု ဆုံးဖြတ်ထားသည်။ နောက်နှစ်ရက်ကြာတော့ ကောင်းသစ္စာ နေကောင်းသွား၏။ ထို့ကြောင့် အလုပ်ခွင်သို့ ပြန်လည်ဝင်ရလေတော့သည်။

ကျောက်တူးသည့် အလုပ်မှာ အလွန်ပင်ပန်းလှသည်။ နေပူ၊ မိုးရွာမရှောင်, လုပ်ရ၏။ နေပူထဲတွင်လည်း ပေါက်ချွန်း တစ်လက်ကိုင်ကာ ကျောက်တောင်များအားပေါက်၍ ကျောက်တူးရ၏။ မိုးရွာထဲတွင်လည်း မနားရ။ ပေါက်ချွန်းတစ်လက်နှင့် တူးရ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုသို့ တူးရင်း အရည်အသွေးကောင်းသော ကျောက်များရပါက တစ်ချီတည်း ချမ်းသာမည် ဖြစ်သည်။

ထို့ကြောင့် ကောင်းသစ္စာသည် ဖွဲ့မလျော့ အပင်ပန်းခံသည်။ တချို့အလုပ်သမားများမှာ ပင်ပန်းသဖြင့် ဖွဲ့လျော့ကာ ပြန်သွားကြ၏။ သို့သော် ကောင်းသစ္စာကတော့ ဖွဲ့မလျော့။ တစ်နေ့သူ အရည်အသွေး ကောင်းသော ကျောက်များရ၍ ချမ်းသာရမည်ဟု မှတ်ယူထားသည်။ထို့ကြောင့်လည်း ဖွဲ့မလျော့ဘဲ အပင်ပန်းခံလုပ်နေခြင်း ဖြစ်သည်။

◆◆◆◆

(၄)

ခင်မာလာသည် မိခင် ဆုံးပါးသွားသဖြင့် တစ်ယောက်တည်း ရှန်းကန်နေရ၏။ အစ်ကိုဖြစ်သူကိုလည်း ဆက်သွယ်၍ မရချေ။ မိခင် ဆုံးပါးသွားသဖြင့် ခင်မာလာ ကျောင်းထွက်လိုက်ရသည်။ ထို့နောက် သူမသည် ရွာထဲတွင် သူများခိုင်းသမျှ တောက်တိုမယ်ရ လုပ်ကိုင်ရင်း ဝမ်းစာရှာနေရ၏။ ရွာထဲမှသူများကလည်း ခင်မာလာအား သနားသဖြင့် ဝိုင်းဝန်းစောင့်ရှောက်ကြ၏။ သူကြီးကလည်း သူ့အိမ်တွင် လာနေပါလား။ သမီးနဲ့လည်း အဖော်ရတာပေါ့ဟု ဆိုသော်လည်း သူမ ငြင်း၏။ သမီးဘာသာ ရှာဖွေစားသောက် ပါ့မယ်တဲ့။ ဒီတော့လည်း ဘာတတ်နိုင်မှာတဲ့လဲ။

တစ်နေ့တွင် ခင်မာလာသည် ရွာလယ်ပိုင်းရှိ ဒေါ်ပုမအိမ်မှ ပြန်လာစဉ် လမ်း၌ ထောင်ရန်ကြီးအောင်တို့တစ်စု လိုက်၍ နှောက်ယှက်လေ၏။

"ညီမလေး ... ခင်မာလာ။ ဟဲဟဲ ခဏလေး နေပါဦး ... အေး။ ညီမလေးကို ပြောစရာရှိလို့"



ရန်ကြီးအောင်နှင့် သူ၏ အဖော်နှစ်ယောက်သည် ခင်မာလာ၏ ရှေ့၌ ပိတ်၍ ရပ်နေ၏။

"ရှင်တို့ဖယ်ပါ"

"နေပါဦးဟ အေး။ တို့ဆရာက နင့်ကို ပြောစရာ စကားလေး နည်းနည်းရှိလို့ ... အေး"

"ဟုတ်တယ် ခ ...ခဏလေးစောင့် ... အေး"

"ရှင်တို့ ကိုယ့်လမ်းကို သွားရင်ကောင်းမယ်"

ခင်မာလာ နောက်တစ်ခါ ထပ်၍ ပြောသည်။ ထိုအခါ ရန်ကြီးအောင်က -

"ညီမလေးကို အစ်ကိုက ပြောစရာရှိလို့ပါ။ အေး ... ပြောပြီးရင် ဖယ်ပေးမယ် ... အေး"

"ရှင်တို့ ဖယ်မလား၊ မဖယ်ဘူးလား ဒါပဲပြော"

"ဖယ်ဘူး ...ဖယ်ဘူး"

"မဖယ်ရင်ချတယ် ... ကဲဟယ်"

ခင်မာလာသည် အနီးတွင် တွေ့သော တုတ်တစ်ချောင်းကို ကောက်၍ ရန်ကြီးအောင်၏ ခေါင်းအား ရိုက်လှ ထွက်ပြေး

www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။

"ဟင် ... ဆရာ ခေါင်းမှာ သွေး ... သွေးတွေ"

ရန်ကြီးအောင်သည် ခေါင်းမှသွေးများကို လက်ဖြင့် ကိုင်ကြည့်ပြီး တောက်တစ်ချက် ခေါက်လိုက်၏။

"တောက် ..."

♦♦♦♦

"ဆရာ ဟိုနေ့က ခင်မာလာ ဆရာ့ခေါင်းကို ရိုက်သွားတဲ့ ကိစ္စ ကျွန်တော် လုံးဝမကျေနပ်ဘူး"

"ဟုတ်တယ် ငါလည်း မကျေနပ်ဘူး။ တို့ဆရာကိုများ အခံရတယ်လို့"

ဥတို့နဲ့ စံမြက မကျေမနပ်ဖြင့် ပြောနေ၏။ ရန်ကြီးအောင်ကိုယ်တိုင်လည်း မကျေနပ်။

"ဘယ် ကျေနပ်ပါ့မလဲကွာ။ ငါ့ကို တစ်ရွာလုံး ဘယ်သူမှ မော်ကြည့်ရဲတာ မဟုတ်ဘူး။ ဒီကောင်မလေးနဲ့ကျမှ ခံရရင် ရာဇဝင်ရိုင်းသွားမှာပေါ့။ ငါ့ကို အနာတရဖြစ်အောင် လုပ်တဲ့ ကောင်မလေး။ ငါ့အကြောင်း ကောင်းကောင်းကြီး သိသွားစေရမှာပေါ့ကွာ ... ဟင်း ဟင်း ဟင်း"

♦♦♦♦

ခင်မာလာသည် အိမ်တွင် တစ်ယောက်တည်း ရှိနေသဖြင့် အလွန်အားငယ်မိလေ၏။ သူမ၏ မိခင်ပြောခဲ့သော သူမ၏ ဦးလေး ဆီသွားဖို့ကျတော့လည်း ရန်ကုန်မြို့ကို ရောက်ဖူးသူ မဟုတ်လေတော့ သွားဖို့ ခက်ခဲနေလေ၏။ ပြီးတော့ သူမသည် ဦးလေးဖြစ်သူကိုလည်း တစ်ခါမှ မမြင်ဖူး။ သူမ၏ မိခင်ကလည်း သူမမှာ ဦးလေးရှိသည်ဟု တစ်ခါမှမပြောဖူး။ အကြောင်း ကိစ္စတစ်ခုခု



ကြောင့် လျှို့ဝှက်ထားဟန်ရှိ၏။ သူ (ဒေါ်လှမေ) ဆုံးပါးကာနီးမှ ပင် ပြောပြခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် ရွာမှာပဲ သူမအစ်ကိုလာတဲ့အထိ စောင့်နေပြီး ပြန်လာမှပဲ ကြည့်စီစဉ်ရတော့မည်ကို တွေးတောရင်း အိပ်မပျော်နိုင်ဘဲ ရှိလေ၏။ အတော် ညဉ့်နက်မှအိပ်ပျော်သွားလေ၏။

တိတ်ဆိတ်သော အမှောင်ထုအောက်မှ လူရိပ်သဏ္ဍာန်သုံးခု

"ဟေ့ကောင်တွေ ဖြည်းဖြည်း၊ ကောင်မလေး နိုးသွားမယ်"

ရန်ကြီးအောင်တို့ ဆရာတပည့်သုံးယောက် တစ်နေ့က ကိစ္စအတွက် တုံ့ပြန်ဖို့ ဖြစ်သည်။ ဤသည်ကို ခင်မာလာ လုံးဝ မသိပေ။

"ဟေ့ကောင်တွေ မင်းတို့ နေခဲ့တော့"

အိမ်ပေါက်ဝ ရောက်တော့ ရန်ကြီးအောင်က သူ့တပည့်နှစ်ယောက်ကို ပြောလိုက်၏။

ထိုအခါ စံမြက ...

"ဖြစ်ပါ့မလား ဆရာ"

"ဖြစ်ပါတယ်ကွာ။ ရန်ကြီးအောင်ပါကွ။ မပိုင်ရင် ခြင်

www.burmeseclassic.com

www.burmeseclassic.com



တောင် မရိုက်ဘူး။ လက်နာလို့"

"ကဲ ကဲ ... ဒါဆို ကျွန်တော်တို့ ဒီကစောင့်နေမယ်။ ဆရာသာ အဆင်ပြေအောင် ကြိုးစား"

ဝွတ်ိုနဲ့ စံမြက အိမ်ပေါက်ဝတွင် စောင့်ကျန်ခဲ့၏။

အိပ်မောကျနေသော ခင်မာလာထံသို့ ကြမ္မာရိုင်းက ဝင်ရောက်လာချေပြီ ။

ရန်ကြီးအောင်က တံခါးပေါက်ကို တွန်းကြည့်သောအခါ တံခါးက အသာလေး ပွင့်သွား၏။ ရန်ကြီးအောင်အတွက် ကံကောင်းသွားသည်။ ပြီးနောက် ခြေကို ဖွနင်းပြီး ခင်မာလာ၏ အိပ်ခန်းရှေ့ ရောက်တော့ အခန်းပေါက်ရှိ လိုက်ကာကို အသာလေးလှပ်ကာ ကြည့်လိုက်သည်။ ထို့နောက်တွင်တော့ ရန်ကြီးအောင်သည် ခင်မာလာ၏ ကပိုကရို ခန္ဓာကိုယ် ကလေးအား ရမ္မက်ခိုးထွက်နေသော မျက်နှာကြီးဖြင့် ကြည့်ကာ အခန်းထဲသို့ ဝင်သွားလေတော့၏။

"ဟင် ရှင် ... ရှင် ဘာလုပ်တာလဲ လွှတ် ... လွှတ်"

"ချစ်လို့ပါ ခင်မာလာရယ် ... ဟီး ... ဟီး"

သူမ၏ ခန္ဓာကိုယ်အား ထိတွေ့လိုက်တဲ့ အထိအတွေ့ကြောင့် ခင်မာလာ အိပ်ရာမှ လန့်နိုးသွား၏။ ထိုအခါ ရန်ကြီးအောင်သည် ခင်မာလာအား တင်းကျပ်စွာ ပွေ့ဖက်ထား၏။ ထို့ကြောင့် ခင်မာလာသည် ရန်ကြီးအောင်၏လက်မှ လွတ်မြောက်ရန်အတွက် အားကုန် ရုန်းလေတော့၏။ သို့သော်လည်း အင်အားခြင်းက မမျှ။ ရန်ကြီးအောင်က ရမ္မက်နွယ်များဖြင့် ရစ်ပတ်ထား၏။



နောက်ဆုံးတော့ ခင်မာလာလည်း အင်အားခြင်း မမျှသဖြင့် ရန်ကြီးအောင်ပြုသမျှ နုရလေတော့သည်။ ပန်းကောင်းတစ်ပွင့်ကတော့ မကြွေသင့်ဘဲ ကြွေလွင့်ခဲ့ရပြန်ပါပြီ။

"ဟင့် ... ဟင့်"

ခင်မာလာသည် အိပ်ခန်း ထဲတွင် တရှုံ့ရှုံ့ငို၍ ကျန်ရစ်ခဲ့လေ၏။ ကာမဘီလူး ရန်ကြီးအောင်ကတော့ လှည့်၍ပင် မကြည့်၊ အခန်းထဲမှ အေးဆေးစွာ ထွက်ခွာသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ … အဆင်ပြေတယ် မဟုတ်လား"

ဥတိုက . မေးလိုက်သည်။ ရန်ကြီးအောင်က လက်မထောင်ပြ၏။ ထိုအခါ ထန်းရည် အဝတိုက်ရမည်ဟု ဆိုကာ သုံးဦးသား ထွက်ခွာသွားလေတော့၏။ ရန်ကြီးအောင်ကတော့ သူ့အလို ဆန္ဒပြည့်ဝသွားခဲ့ပြီ။ ခင်မာလာမှာတော့ ပန်းကောင်း အညွှန့်ချိုး ခံလိုက်ရလေ၏။

◆◆◆◆

"အော့ … ဝေါ့"

"သမီး … ခင်မာလာ ဘာဖြစ်လို့လဲကွဲ့"

ဒေါ်နှင်းအိမ်တွင် အဝတ်ဖွတ်ရင်း ခင်မာလာသည် ပျို့တက်လာခြင်း ဖြစ်၏။

"ဘာမှမဖြစ်ပါဘူးဒေါ်နှင်း …။ မနက်က အစား မှားသွားလို့ပါ"

"သမီး နေမကောင်းရင်လည်း အဝတ်တွေ ထားခဲ့ပါတော့ကွယ်။ ဒေါ်နှင်းပဲ လျှော်လိုက်ပါတော့မယ်"

"ရပါတယ် ဒေါ်နှင်း။ သမီး ပြီးအောင် လျှော်ပါ့မယ်။ ပိုက်ဆံက ယူပြီးပြီဆိုတော့"

"ပိုက်ဆံက အရေးမကြီးပါဘူးကွယ်။ သမီး နေမကောင်းရင်ပြန်ပါ"

"ရပါတယ် ဒေါ်နှင်း။ သမီးပြီးအောင် လျှော်မယ်"

ဒေါ်နှင်းအိမ်မှ အပြန် ခင်မာလာသည် အိမ်တွင် အနားယူလိုက်သည်။ အခုတလော အစားတွေလည်းပျက်။ ပျို့ပျို့နေတာလဲ မကြာခဏ။ ခင်မာလာသိသည် ရန်ကြီးအောင်နဲ့ရတဲ့ ကိုယ်ဝန်သူမ လွယ်ထားရပြီ။ ရန်ကြီးအောင်ကတော့ အရေးပင်မစိုက်။ သူ့တပည့်တွေနဲ့ အရက်သောက်လိုက် ရန်ဖြစ်လိုက်နဲ့ပဲ ပျော်နေလေရဲ့။ ခင်မာလာသည်။ ထိုကိစ္စအား ရန်ကြီးအောင်ထံသွား၍ တောင်းတောင်း ပန်ပန်ဖြင့် ပြောရှာပါသေးသည်။ သို့သော် ရန်ကြီးအောင်က လက်မခံ။ လှောင်ပြောင်၍ပင် ပြောလွှတ်လိုက်သေး၏။ အဲဒီတော့လည်း ခင်မာလာ ဘာတတ်နိုင်မှာတဲ့လဲ။ သူမ အရှက်မရဖို့ လုပ်စရာနည်းလမ်းက တစ်နည်းသာ ရှိတော့သည်။

အဲဒါကတော့ …

◆◆◆◆

ဒေါ်နှင်းသည် ခင်မာလာ နေမကောင်းမှန်းသိ၍ ဆန်ပြုတ်ပြုတ်ကာ ချိုင့်ဖြင့် ထည့်ယူလာခဲ့၏။

"ခင်မာလာရေ … ခင်မာလာ"

အိမ်ထဲမှ ပြန်ထူးသံမကြားရ။

"ခင်မာလာရေ … သမီးခင်မာလာ"

ဒေါ်နှင်း ဒုတိယမ္ပိ ခေါ်သော်လည်း ပြန်မထူး။ လူအရိပ်အယောင်လည်း မတွေ့ရ။

"ဒီအချိန်ဆို ဘယ်မှမသွားလောက်သေးပါဘူး"

ဒေါ်နှင်းလည်း နှစ်ခါစလုံး ပြန်မထူးသဖြင့် အိမ်ပေါ်သို့ တက်ကြည့်မိ၏။ နောက်ဖေးမီးဖိုဘက် ကြည့်တော့လည်းမတွေ့။ ထိုအချိန်တွင် ခင်မာလာ အိပ်ခန်းရှေ့အသွား လေတိုက်လိုက်သဖြင့် ခန်းဆီးစက လှပ်ခတ်သွား၏။

"ဟင် … ဘုရား … ဘုရား"

ယောင်ရမ်း၍ လက်ထဲက စတီးချိုင့်ပင် လွှတ်ကျသွား၏။

ခင်မာလာ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် ပက်လက် အနေအထားဖြင့် မျက်လုံးပြူးကာ သေဆုံးနေလေ၏။ သူမ၏ ဘေးတွင်လည်း ပိုးသတ်ဆေးဘူးတစ်ဘူးက ပစ်စလက်ခတ် …

ဒေါ်နှင်းလည်း အတန်ကြာမှ မှင်သက်နေရာမှ အသိဝင်လာပြီး အခန်းထဲသို့ ပြေးဝင်ကာ ခင်မာလာအား ပွေ့ဖက်လိုက်လေ၏။

"ခင်မာလာ … သမီး ခင်မာလာ ဘယ်လိုဖြစ်ရတာလဲ သမီးရယ်"

ဒေါ်နှင်းသည် ထိုကိစ္စအား ရွာလူကြီးများအား အသိပေးလိုက်ပြီးနောက် နေ့ချင်းပင် သင်္ဂြိုဟ်လိုက်လေသည်။ ခင်မာလာသတ်သေသည့် ကိစ္စနှင့် ပတ်သက်ပြီး သူကြီးနှင့် ရွာသူရွာသားများ ခေါင်းစားနေကြ၏။

"တော်ရုံပြဿနာလောက်နဲ့တော့ ဒီကောင်မလေး ဒီလို မလုပ်ပါဘူး"

"ခင်မာလာက တော်ရုံ ဒုက္ခတွေကို မှုပါဘူး။ စိတ်ဓာတ်ကြံ့ခိုင်တဲ့ ကလေးမလေးပါ"

"မယုံနိုင်စရာပါပဲလား။ အင်း … ဒုက္ခ … ဒုက္ခ အဖန်ငါးရာ ငါးကမ္ဘာတော့ ခံရတော့မှာပဲ"

ရွာသူ ရွာသားများလည်း တစ်ယောက်တစ်မျိုးဖြင့် အမျိုး မျိုး ထင်ကြေးပေးကြ၏။

ထိုအချိန်တွင် ဒေါ်သွယ်က …

"သူကြီး …ကျွန်မ သတိ ထားမိတာ တစ်ခုတော့ ရှိတယ် လွန်ခဲ့တဲ့ နှစ်ရက်လောက်က ခင် မာလာ အဝတ်ဖွတ်နေရင်းနဲ့ ပို့ပို့ နေတာ တွေ့တယ်"

ဒေါ်သွယ်က ထိုသို့ ပြော တော့ ဒေါ်နှင်းကပါ …

"ဟုတ်တယ် သူကြီး။မ ကလည်း ကျွန်မအိမ်မှာ အဲဒီလို ဖြစ်သေးတယ်။ ကျွန်မမေးကြည့် တော့ အစားမှားလို့ပါတဲ့။ ကျွန် အထင်တော့ ဒီကောင်မလေ ကိုယ်ဝန်တွေ ဘာတွေများ ရှိ မလား"

"တစ်ယောက်ယောက် များ စော်ကားလိုက်တာလ မသိဘူး"

ဒေါ်စာကြီး၏ စကားကြေ အားလုံး တွေဝေသွားကြ၏။

◆◆◆◆

ခင်မာလာတစ်ယောက်
အခန်းထဲတွင် ပက်လက်
အနေအထားဖြင့်
မျက်လုံးပြူးကာ
သေဆုံးနေလေ၏။
သူမ၏ ဘေးတွင်လည်း
ပိုးသတ်ဆေးဘူးတစ်ဘူးက
ပစ်စလက်ခတ်

www.burmeseclassic.com

www.burmeseclassic.com



(၅)

ကောင်းသစ္စာသည် အလုပ်အကိုင်အဆင် မပြေသဖြင့် အိမ်ကိုလည်း ပြန်ချင်နေပြီ။ သူ့စိတ်တွေ အရမ်း လေးလံနေသည်။ လောလောဆယ် သူ့မှာရှိသော ပိုက်ဆံလေး အနည်းအကျဉ်းက ရွာပြန်ဖို့ လမ်းစရိတ်တော့ လုံလောက်နိုင်သည်။

နောက်နေ့တွင် ကိုပေါက်နှင့် ကိုအေးမင်းအား နှုတ်ဆက်၍ ရွာသို့ အမြန်ဆုံး ပြန်လာခဲ့သည်။

ကောင်းသစ္စာ ရွာထဲရောက်တော့ လူတချို့က သနား ကရုဏာ မျက်ဝန်းများဖြင့် ကြည့်ကြ၏။ ဖခင် ဆုံးပါးသွားခဲ့သဖြင့် ကျောင်းပင် ဆက်မတက်တော့ဘဲ ညီမ၏ ကျောင်းစရိတ်အတွက် ရရာအလုပ်ကို လုပ်ကိုင်ခဲ့သည်။ သူချမ်းသာချင်သဖြင့် ကျောက်သွားအတူးမှာ သူ၏ မိခင်မှာ ပန်းနာရင်ကျပ်ရောဂါနှင့် ဆုံးပါးခဲ့ရသည်။ ညီမဖြစ်သူမှာလည်း သူများ အစော်ကားခံရ၍ အဆိပ်သောက်ကာ ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားလေ၏။ (ရန်ကြီးအောင် စော်ကားသည်ကို ထိုအချိန်က မည်သူမျှ မသိသေးပေ) သူ့မိသားစု၏သတင်းဆိုးကိုလည်း ခရီးရောက်မဆိုက် မည်သူကမျှ ဖွင့်မပြောချင်ကြ ။

ကောင်းသစ္စာသည် သူ၏ အိမ်ရှေ့ရောက်တော့ အိမ်တံခါး ပိတ်ထားသည်ကို တွေ့လိုက်ရသည်။

"အမေ … ညီမလေး"

"အမေရေ သားပြန်လာပြီ … အမေ"

အိမ်ထဲမှ ပြန်ထူးသံမကြား။ တိတ်ဆိတ် ငြိမ်သက်လျက်ရှိ၏။ ထိုအချိန်တွင် ရွာသားတစ်ယောက် ရောက်လာပြီး "ကောင်းသစ္စာ … မင်းကို သူကြီးက ခေါ်ခိုင်းလိုက်တယ်ကွ" ဟုပြောပြီး သူကြီးအိမ်သို့ ခေါ်လာခဲ့၏။ သူကြီးအိမ်ရောက်တော့ …

"သြော် မောင်ကောင်းတောင် ရောက်လာပြီပဲ။ ထိုင်ကွာ"

"ဟုတ်ကဲ့ သူကြီး"

"အေး … မင်းကို ခရီးရောက်မဆိုက်ပြောရမှာ အားတော့နာတယ်ကွာ။ ဒါပေမယ့် မပြောလို့လည်း မင်းသိမှာ မဟုတ်ဘူး"

"ပြောပါသူကြီး။ ကျွန်တော်အိမ်ကို သတိရလို့ ပြန်လာတာ။ ကျွန်တော် စိတ်တွေအရမ်းလေးနေတယ်။ ညီမလေးနဲ့ အမေရောဟင် .. ဘယ်သွားကြလဲ"

"ဒီလိုကွဲ့ မင်းရဲ့အမေ ဒေါ်လှမေမှာ ပန်းနာရင်ကျပ်ရောဂါ ရှိတာ မင်းလည်း သိပါတယ်"

"ဟုတ်ကဲ့ သိပါတယ်"

"အေးကွယ် … အဲဒီရောဂါနဲ့ပဲ မင်းအမေ ဆုံးပါးသွားခဲ့ပြီကွဲ့"

"ဗျာ …"

"အမေဆုံးပြီ ဟုတ်လားသူကြီး။ ဒါ … ဒါဆို ညီမလေး ခင်မာလာရော"

"အဲဒါလည်း ပြောပြပါ့မယ်ကွယ်။ မင်းအမေဆုံးပါးပြီးနောက် ခင်မာလာလေး ကျောင်းထွက်ပြီး ကြုံရာလုပ်ကိုင်ပြီး ဝမ်းစာ ရှာနေရတယ်။ ဦးတို့လည်း ခင်မာလာကို ဦးတို့အိမ်မှာပဲနေပါ။ သမီးနဲ့လည်း အဖော်ရတယ်လို့ ပြောပေမယ့် မင်းညီမက ငြင်းတယ်။ 'သမီးဘာသာ တစ်ယောက်တည်းပဲ လုပ်ကိုင်စားသောက်ပါ့မယ်တဲ့' တစ်ရွာ

www.burmeseclassic.com

www.burmeseclassic.com



လုံးကလည်း သူ့ကို စောင့်ရှောက် ပါတယ်ကွာ။ ဒါပေမယ့် တစ်နေ့ ခင်မာလာ လူတစ်ယောက်ရဲ့ စော်ကားမှုကို ခံရပြီး အဆိပ် သောက်သေသွားခဲ့တယ်ကွယ်''

သူကြီး ဦးဘညိုသည် ကောင်းသစ္စာအား စိတ်မကောင်း စွာဖြင့် ရှည်လျားစွာ ရှင်းပြလေ၏။

''ဖြစ်မှဖြစ်ရလေ ညီမ လေးရယ်။ ဒါနဲ့ သူကြီး ကျွန် တော့် ညီမလေးကို ဘယ်ကောင် စော်ကားတာလဲ''

''ဒါတော့ ကျုပ်တို့လည်း မသိသေးဘူးကွယ့်''

ထို့နောက်တွင်တော့ ကောင်း သစ္စာသည် စိတ်မရွှင်မလန်းဖြင့် အိမ်သို့ ပြန်လာခဲ့တော့၏။ အိမ် သို့ ရောက်တော့ ဘာမှစဉ်းစား မနေတော့ ... အရက်ပုလင်း ထုတ်၍ မော့ပစ်လိုက်သည်။ ပြီး မှ ခြေပစ်လက်ပစ် အိပ်ချလိုက် တော့၏။

◆◆◆◆

ကောင်းသစ္စာသည် ညီမ ဖြစ်သူအတွက် ယူကျုံးမရ ဖြစ် နေမိသည်။

''နှမချင်း မစာမနာ ... ဘယ် အယုတ်တမာကောင်က ငါ့ညီမကို စော်ကားတာလဲ။ တွေ့ လို့ကတော့ အသေကို သတ်ပစ် မယ်''

နေ့နေ့ညည ညီမနှင့် အမေ ကိုသာ သတိရ လွမ်းဆွတ်နေမိ ၏။

တစ်နေ့တွင် ကောင်းသစ္စာ သည် ညီမဖြစ်သူအား စော်ကား သည့် ပန်းကောင်း အညွန့်ချိုး သမားကို မမျှော်လင့်ဘဲ သိလိုက် ရ၏။

ထိုနေ့က ကောင်းသစ္စာ သည် စိတ်ညစ်ညစ်ဖြင့် ကိုတက် ပု အရက်ဆိုင်တွင် အရက် သောက်နေ၏။

ထိုစဉ် အနောက်ဘက် ဝိုင်းဆီမှ ကြားသော စကားသံ များကြောင့် ကောင်းသစ္စာဒေါသ ထွက်သွား၏။ ထိုဝိုင်းကို လှည့် ကြည့်လိုက်တော့ ရန်ကြီးအောင် တို့ ဖြစ်နေသည်။

''တို့ဆရာကြီး ရန်ကြီး အောင်ကတော့ ပိုင်တယ်ကွာ။ ခင်မာလာနဲ့ဖြစ်တဲ့ကိစ္စ သူကြီး မင်းတောင် မရိပ်မိဘူး''

''ဟေ့ကောင် ဥတို။ ကိုယ့် ဆရာအကြောင်းလည်း ကိုယ်သိ ရဲ့သားနဲ့။ ဘယ်တုန်းက လွဲချော် ခဲ့ဖူးလို့လဲ။ အားလုံး ကွက်တိ ... ဟဲဟဲ''



ဥတိုနဲ့ စံမြသည် အရက် သောက် ကောင်းစေရန် ရန်ကြီး အောင်အား မြှောက်ပင့် နေကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဟော့ကောင်တွေ ပြီးခဲ့တဲ့ ကိစ္စတွေ အသာထားလိုက်တော့။ သူများတွေ ကြားကုန်မယ်။ကဲကဲ အဝသောက်ကြ ...။ လိုရင် တစ်လုံးထပ်မှာ"

ထိုစကားသံများကြောင့် ကောင်းသစ္စာသည် ခံပြင်းဒေါသတို့ အလိပ်လိုက် ထွက်လာ၏။ ထို့ကြောင့် ပုဆိုးကို တိုတိုပြင်ဝတ်လိုက်သည်။ ပြီးနောက် ရန်ကြီးအောင်တို့ ဝိုင်းသို့သွား၍ -

"ဟော့ကောင် ငါ့ညီမကို စော်ကားတာ မင်းလား"

ကောင်းသစ္စာက ရန်ကြီးအောင်အား လက်ညှိုးထိုး၍ မေးလိုက်၏။

"ဟော့ကောင် ... ဘာတွေ လာပြောနေတာလဲ"

ရန်ကြီးအောင်က ဂျစ်ကပ်ကပ်မေး၏။

"ဟော့ကောင် ရန်ကြီးအောင် ခုမှ ဗြောင်မလိမ်နဲ့။ မင်းတို့ပြောတဲ့စကား ငါအကုန်ကြားပြီးပြီ"

"မင်းကကြားတယ်ပေါ့။ ဟုတ်တယ်ကွာ။ ဟုတ်တော့ မင်းက ဘာလုပ်ချင်လဲ"

"ဟုတ်တယ်ဆိုရင် မင်းကို သတ်မလို့"

ကောင်းသစ္စာ၏ စကားကြောင့် ရန်ကြီးအောင်က သူ့တပည့်နှစ်ယောက်ကို အမိန့်ပေးလိုက်၏။ "ဟိတ်ကောင်တွေ ချကွာ" ရန်ကြီးအောင်ရဲ့ အမိန့်ရတာနဲ့ ဝှတိုနဲ့စံမြသည် အရက်ပုလင်းကိုခွဲ၍ ပုလင်းကွဲချွန်ဖြင့် ပြေးထိုးလေတော့၏။

ကောင်းသစ္စာနှင့်သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်ကြရင်း အတန်ကြာတော့ ဝှတိုနဲ့ စံမြ မြေပြင်ပေါ်တွင် လူးလိမ့်နေတော့၏။ သူ့တပည့်နှစ်ယောက် လဲကျသဖြင့် ရန်ကြီးအောင်သည် ခါးကြားမှ ဓားမြှောင်ကို ထုတ်၍ ကောင်းသစ္စာအား ပြေးကာတိုက်ခိုက်လေတော့၏။

ထိုအချိန်တွင် ကိုတက်ပုသည် ထိတ်လန့်တကြားဖြင့် ရွာထဲသို့ ပြေးလေတော့သည်။

"သူ ... သူကြီး ... သူကြီးမင်း ဟောဟဲ"

"ဟော့ကောင် တက်ပုဘာဖြစ်လာတာလဲကွ။ အမောတကောနဲ့"

"ဟို ... ဟို ကျုပ် ... ကျုပ်ဆိုင်မှာ ရန်ကြီးအောင်တို့အဖွဲ့နဲ့ ကောင်း ကောင်းသစ္စာနဲ့ သက်ဖြတ်ကုန်ကြပြီဗျ"

"ဟေ"

"ဟုတ်တယ်သူကြီး။ အဲဒါ သူကြီးအမြန်သွားမှ ဖြစ်မယ်"

"ဟာ..မဖြစ်ဘူး တက်ပု။ မင်းရဲကို အကြောင်းကြားပြီး အမြန်ခေါ်ခဲ့။ ငါအရင် သွားနှင့်မယ်"

သူကြီးက ရွာထဲမှ ရွာသားသုံးယောက်ကို ခေါ်ကာ တက်ပု၏ အရက်ဆိုင်သို့ အလျင်အမြန်သွားကြရတော့သည်။

ထိုအချိန်တွင် ရန်ကြီးအောင်သည် ကောင်းသစ္စာအား ဓားဖြင့် ပြေးထိုးလေတော့သည်။ ကောင်းသစ္စာက အသာရှောင်လိုက်ပြီး ရန်ကြီးအောင်၏ လက်ကို ဖမ်းချုပ်၍ ဓားအားလုလိုက်သည်။

"ဟော့ကောင်တွေ ရပ်ကြစမ်း"

သူကြီး၏ အော်သံမဆုံးမီ ကောင်းသစ္စာက ရန်ကြီးအောင်၏ ဝမ်းဗိုက်အား ဓားဖြင့် စိုက်ချပြီ။

"အ ... အား"

www.burmeseclassic.com



မျက်စိတမှိတ်၌ လူမိုက်တစ်ယောက်ကတော့ သွေးအိုင်ထဲတွင် ဇာတ်သိမ်းခဲ့ရပြီ ။

"မောင်ကောင်း ဘယ်လိုဖြစ်ကြတာလဲကွာ။ ငါ့လည်း ပြောကြပါဦး"

"ဒီကောင် ရန်ကြီးအောင် ကျွန်တော့်ညီမကို စော်ကားတဲ့ကောင် သူကြီး။ ဒီကောင့်ကြောင့် ကျွန်တော့် ညီမလေးသေရတာ"

"ဘာ ... ခင်မာလာကို စော်ကားတာ ရန်ကြီးအောင်လား။ တောက် ... ခွေးမြီးကောက် ကျည်တောက်စွပ်တဲ့ကောင်။ ကိုယ့်တစ်ရွာတည်းသားချင်း ရိုင်းပင်းကူညီရမယ့်အစား ... အခုတော့ကွာ"

ထိုအချိန်တွင် တက်ပုနှင့်အတူ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာကြပြီး ဝတ္တိုနဲ့စံမြအား လက်ထိပ်ခတ်ကာ ခေါ်ဆောင် သွားတော့၏။ ထို့နောက် ကောင်းသစ္စာကိုပါ လက်ထိပ်ခတ်၍ ခေါ်ဆောင်သွားလေတော့၏။


"မောင်ကောင်း ... မင်းဘာမှ စိတ်ဓာတ်မကျနဲ့။ မင်းဘက်မှာ ငါတို့ ရှိပါတယ်။ မင်းအမှုကို ရှေ့နေကောင်းကောင်းငှားပြီး လိုက်ပေးမယ်"

"မလိုပါဘူး သူကြီးရာ ...။ ကျွန်တော် ယောက်ျားပါ။ လုပ်ရဲရင် ခံရဲပါတယ်။ ကျွန်တော့် ညီမလေး ဘဝပျက်အောင် လုပ်တဲ့ကောင် ကျွန်တော် သတ်ရတာ ကျေနပ်တယ်သူကြီး။ အဲဒီအတွက် ပြစ်ဒဏ်ကို ကျွန်တော် ကျေကျေနပ်နပ်နဲ့ ခံယူမယ်။ ကဲ သွားပြီ သူကြီး"

"ညီမလေး ခင်မာလာ ... ညီမလေးအတွက် အစ်ကို တာဝန်ကျေခဲ့ပါပြီ။ ညီမလေး တမလွန်ကနေ ကျေနပ်ပါတော့ကွာ"

ထို့နောက်တွင်တော့ သူ၏ ဘဝပေး ကံကြမ္မာကို နာကျည်းစွာဖြင့် တုန့်ပြန်ခဲ့သူ ကောင်းသစ္စာသည် ရဲတပ်ဖွဲ့ဝင်များ ခေါ်ဆောင်ရာနောက်သို့ ကျေနပ်စွာပင် လိုက်ပါသွားခဲ့လေတော့၏။

**အောင်ကျော်ကျော်**
**(ပြည်)**



www.burmeseclassic.com

www.burmeseclassic.com





မော်တော်ယာဉ်တန်း ယာဉ်မောင်းအရည်အချင်းများ

- တာဝန်ယူမှု
- ဆုံးဖြတ်နိုင်စွမ်းရှိမှု
- သွေးအေးမှု
- မတွေဝေမှု
- ဖြတ်ထိုးဉာဏ်ရှိမှု
- စတီယာရင် နိုင်နင်းမှု
- လမ်းကျွမ်းကျင်မှု
- လုံခြုံရေး အတွေ့အကြုံရှိမှု
- အရေးပေါ်အချိန်တွင် မိမိရည်ရွယ်ချက်ကို အခြားအဖွဲ့ဝင်များထံ အချက်ပြဆက်သွယ် ပေးနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်တတ်မှု
- DEFENSIVE၄ OFFENSIVE, EVASIVE DRIVING Skills များကို ကျွမ်းကျင်ပိုင်နိုင်မှု

နိဂုံး


မော်တော်ယာဉ်တန်း လုံခြုံရေးဟာ အရေးပါပုဂ္ဂိုလ်တွေရဲ့ မြို့တွင်းအသွားအလာ၊ ပြည်တွင်းစည်းရုံးရေး ခရီးစဉ် စတာတွေမှာ အလွန်အရေးကြီးပါတယ်။ အသိဉာဏ်ပညာ၊ ဆင်ခြင်တုံတရားတွေ ဘယ်လောက်ပဲ ရှိပေမယ့်၊ သတိတစ်ချက် လွတ်သွားတာကြောင့် အသက်ပေးလိုက်ရတဲ့ ဖြစ်ရပ်တွေ ကမ္ဘာမှာ အများအပြား ရှိပါတယ်။ ဒါကြောင့် မော်တော်ယာဉ်တန်းလုံခြုံရေးကို အရေးပါပုဂ္ဂိုလ်များ အပါအဝင်၊ လုံခြုံရေး တာဝန်ရှိသူများမှ အသိရှိရှိ၊ သတိရှိရှိနဲ့ အာရုံထားသင့်ပါကြောင်း ရေးသား တင်ပြအပ်ပါတယ်။

ခင်မမိုး

www.burmeseclassic.com

www.burmeseclassic.com





# ထူးဆန်းသောအသံရှင်

ညီညီနိုင်

ရေခြားမြေခြား
ဖြစ်ရပ်မှန်

www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသော အသံရှင်

ညီညီနိုင်

လောကကြီးသည် ဆန်းကြယ်လှ၏။

ကောင်းကင်နှင့် မြေလွှာ၊ တောတောင် သမုဒ္ဒရာ၊ နေလ နက္ခတ်တာရာများ၏ ဖြစ်တည် ပြောင်းလဲမှု သဘာဝကို စေ့ငုသေချာ လေ့လာ ကြည့်လျှင် ဤအချက် ထင်ရှားကြောင်း သိရပေ လိမ့်မည်။

ထို့ထက် သတ္တဝါများ၏ ဘဝကံကြမ္မာက ပို၍ ဆန်းကြယ်၏။ အံ့သြမဆုံးဖွယ် ဆန်းပြား၏။ မယုံနိုင်လောက်အောင် ဆန်းထွေလှ၏။

အနုကြည့် မှန်ဘီလူးဖြင့် အဆပေါင်းထောင် ချဲ့ပြီး ကြည့်မှ မြင်ရသော အမီးဘားပိုး တစ် ကောင်က လူ့အသက်ပေါင်းများစွာ သတ်နိုင် ကြောင်းကို လက်ခံသည်ဆိုပါက။

လူတစ်ယောက်ကို ဖိုးသုညဘဝမှ သန်း ကြွယ်သူဌေးကြီး ဖြစ်အောင် ထူးဆန်းသော အသံ များက ပို့ဆောင် ဖန်တီးပေးခဲ့သည် ဆိုသောအဖြစ် ကိုလည်း ငြင်းပယ်ရန် မလွယ်ပါ။

ဤဖြစ်ရပ်ကို ကာယကံရှင် ကိုယ်တိုင်က ဖွင့်ဟ ရေးသားခဲ့ခြင်းကြောင့်လည်း သက်သေ သာဓက ပိုမို ခိုင်လုံနေပြန်ပါသည်။

ထိုလူကား ရထားလမ်းများကို မိုင်ပေါင်း ထောင်သောင်းချီ၍ ဖောက်လုပ် ပိုင်ဆိုင်ခဲ့ခြင်းဖြင့် ကျိုကျိုတက် ချမ်းသာခဲ့ရုံမက မြို့ပေါင်းလေးဆယ် ကို တည်ထောင်ပေးနိုင်သူအဖြစ် သမိုင်းတွင်ခဲ့သူ အမေရိကန် သန်းကြွယ်သူဌေးကြီး အာသာစတီး ဝဲလ်ပေတည်း။

အာသာစတီးဝဲလ်သည် 'မမြင်ရသော ကျေး ဇူးရှင်များ' ဟု သူကိုယ်တိုင်က ခေါ်ဆိုသော တီး တိုးသံလေးများ၏ ကူညီညွှန်ကြားမှုကို ဘဝတစ် လျှောက်လုံး ဦးစားပေး ရယူခဲ့သည် ဆိုပါသည်။

စိတ်ကူးမယဉ်၊ ပုံပြင်မဟုတ်သော အာသာ စတီးဝဲလ်၏ အံ့မခန်းဘဝကို မှတ်တမ်းအတိုင်းပပ စုံစုံစေ့စေ့ တင်ပြရပါမူကား-။

◆◆◆◆

အာသာစတီးဝဲလ်တို့ ဇနီးမောင်နှံ၏ ဘဝ နိဒါန်းမှာ အခြားသော အိမ်ထောင်ရှင်များကဲ့သို့

www.burmeseclassic.com



ပင် အိုးတစ်လုံး၊ ဖျာသစ်တစ်ချပ်မရှိ။ 'နတ္ထိ' က အစပျိုးခဲ့ကြရသည်။

အာသာစတီးဝဲလ်၏ မိဘများမှာ ဆင်းရဲရှာသည်။ အင်ဒီယာနာပြည်နယ်၌ လယ်ယာအနည်းငယ်မျှသာ ရှိ၍ ကိုယ်ဝမ်းမှ အနိုင်နိုင်။ သားဖြစ်သူ၏ မင်္ဂလာဆောင်မှာ ဘာလက်ဖွဲ့ ဘာအမွေမှ မပေးနိုင်ခဲ့ကြ။

ဇနီးဘက်မှတော့ အထိုက်အလျောက် ပစ္စည်းဉစ္စာကြွယ်ဝသည်။

ယောက္ခမများကတော့ သူတို့ပိုင်ဆိုင်သမျှမှ ခွဲဝေခံစားမှု တချို့လေးကြောင့်ဖြင့် အာသာစတီးဝဲလ် မကြာခဏ ဂုဏ်ယူဝင့်ကြွားတတ်ပါသည်။

သို့သော်လည်း တကယ် စင်စစ်တော့ သူသည် ကိုယ့်ဒူးကိုယ်ချွန်ခဲ့ရသူသာ ဖြစ်ပါသည်။

အိမ်ထောင်ကျစ ကနဦးတွင် ကုန်တင်ကားမောင်း၍ အသက်မွေးခဲ့ရ၏။ ထို့နောက် လအနည်းငယ်အကြာ၌ စာရေးလေးဘဝ ကူးခဲ့သည်။ အညတြ စာရေးလေး အဖြစ်နှင့် နှစ်အတော် ကြာကြာလေး မြဲနေသေး၏။

အသည်းအသန် ကြိုးစားခဲ့၍ အထက်တန်းအောင်ရုံမျှသာ ရှိခဲ့ပြီး တစ်နေ့စာတစ်နေ့ အလျင်မီအောင် ရှာစားနေရသော ငတောင်မွဲ တစ်ယောက်အနေဖြင့်လည်း မီလျံနာ သူဌေးကြီးဘဝကို ယောင်လို့မှ မမျှော်မှန်း။ တမ်းတဖို့တော့ ဝေလာဝေး။

သို့ပေမယ့် သည်ကြားတည်းက ညစဉ်ဆက်တိုက်၏ အသံတွေ ကြားလာရ၏။

တစ်ခါတရံ အိပ်နေရင်းတန်းလန်းက ကြားလိုက်သလို၊ တစ်ခါတရံမှာ စားပွဲတင် မှန်အိမ်အောက်မှ ထိုင်စာဖတ်ရင်းက ပေါ်လာခြင်း ဖြစ်၏။ တစ်ခါတရံ တိုးကိုးတွတ်တွတ် နိုင်လင့်ကစား တစ်ခါတရံ သဲသဲကွဲကွဲ ပီသလှသည်။

အမှန်တော့ သည်အသံတွေက သူ့အတွက် အသစ်အဆန်း မဟုတ်တော့ပါ။ တစ်နည်းအားဖြင့် သူ တရင်းတနှီး ရှိထားသော အသံတွေသာ။

သို့နှင့်အမျှ ကြောက်လန့်တုန်လှုပ်မှုလည်း စိုးစဉ်းမျှ မရှိခဲ့ပါ။

အာသာစတီးဝဲလ်သည် ထိုအသံသေး အသံကြောင်လေးများကို လွန်ခဲ့သော ၁၅ နှစ်သားအရွယ်ကပင် ကြားဖူးပြီးသား ဖြစ်နေ၏။

ထိုစဉ်က သူ့ဒိုင်ယာရီ စာအုပ်ထဲမှာတောင် ရေးမှတ်ထားခဲ့သေးသည်။ အသံတစ်သံက သူသည် လာမည့် လေးနှစ်အတွင်း ဂျင်နီဗာဝုဒ်အမည်ရှိ မိန်းမပျိုတစ်ယောက်နှင့် တွေ့ဆုံ လက်ထပ်ရလိမ့်မည်ဟု ပြောကြားလိုက်ကြောင်းပင်တည်း။

သို့ကလို ကြားခဲ့ရချိန်တွင် အာသာစတီးဝဲလ်၏ အသိုင်းအဝန်း ပတ်ဝန်းကျင်၌ ထိုအမည်မျိုး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ခပ်ဆင်ဆင် တူတာလေးပင် မရှိပါ။ ကုန်ကုန်ပြောရလျှင် သူ့အဖို့ ဘယ်မိန်းကလေး မိတ်ဆွေနှင့်မှ အကျွမ်းတဝင် မသိရသေး။

ဒါပေမယ့် အချိန်တန်တော့လည်း ယောက်ျားကမှန်နေတာ လက်တွေ့ကြုံလိုက်ရသည်။ လက်ရှိဇနီးသည် ဂျင်နီဗာဝုဒ်နှင့်မှ တိုက်တိုက်ဆိုင်ဆိုင် မမျှော်လင့်ဘဲ ဖူးစာဆုံခဲ့ရပြီး မဟုတ်ပါလား။

သည်ကတည်းက ပညာစွမ်းထက်မြက်၍ ထူးဆန်းသော အသံသာလေးများ အပေါ်တွင် အကြွင်းမဲ့ ယုံစားခဲ့မိတော့သည်။

လည်း နာခံလိုက်လျှော ခဲ့ရတော့သည်။

စာရေးအလုပ်မှ ထွက်လိုက်သည်။ ရှိစုမဲ့စု လေးများကို ထုပ်ပိုး၍ မြင်းတစ်စီးငှားကာ တင်န်ဆက်စ်မြို့တော် ရှိရာ ဦးတည်ထွက်ခွာ လာမိကြသည်။ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသည့် ထုံးနှလုံးမူပြီး စွန့်စားခဲ့ရခြင်း ဆိုလည်း မမှားပါ။

ကံအားလျော်စွာပင် နေရာဒေသသစ်၌ ရှာရှာရှူရှူ အလုပ်ရ၏။ ကုန်လှောင်ရုံတစ်ခုတွင် နေပြီး ပွဲစားအလုပ် လုပ်ရခြင်းဖြစ်၏။ သည်ကြားထဲမှ မျက်စိကိုဖွင့် နားကိုစွင့်လျက် အခွင့်အရေး

အာသာစတီးဝဲလ်သည် ထိုလျှို့ဝှက်ချက်ကို ဇနီးဖြစ်သူမှလွဲ၍ တခြားမည်သူ့ကိုမျှ ဖွင့်မပြောခဲ့ပါ။ ယုံမှာ မဟုတ်သည့်အပြင် သူ့ကို ရူးပေါပေါကြောင်တောင်တောင်လို့ စွပ်စွဲကြမှာ စိုးရိမ်သောကြောင့် ဖြစ်၏။

ဟော အခုလည်း ထူးဆန်းတဲ့ အသံတွေလာပြန်ပါပကော။ ပြီးတော့ တစ်ကြိမ်မက အကြိမ်ကြိမ် ထပ်တလဲလဲ လိုက်ပြောနေသည်မှာ ဣန္ဒြေရရ ထိုင်ပြီး အလုပ်ပင် မလုပ်နိုင်တော့သည်အထိ အနောက်ဘက်ကို သွား၊ ရထားလမ်းတွေ ဖောက်တဲ့။

အသံတွေက နားပူနားဆာ တိုက်လွန်းမက တိုက်ခဲ့သည့်အဆုံး အာသာနှင့် ဂျင်နီတို့ မောင်နှံ

ကောင်းကို ရှာနေမိသည်။

နှစ်ကိုယ်ကြား အသံလေးတွေကလည်း ရထားလမ်းတွေ ဖောက်တော့လေ။ ရထားလမ်းတွေ ဖောက်တော့လေနှင့် တစ်နေ့တခြား ပို၍ပင် ဆူပွက်နေသည်။ သာမန်အားဖြင့် စဉ်းစားကြည့်လျှင် လေထဲမှာ တိုက်ဆောက်သည်ကမှ ဖြစ်နိုင်ဦးမည်။ တစ်ပတ်မှ ဒေါ်လာလေးဆယ်သာရသော စာရေးလေး တစ်ယောက်က သန်းချီကုန်မည့် ရထားလမ်း ဖောက်ဖို့ ဆိုသည်မှာ ဖြစ်နိုင်စရာလုံးဝမရှိပါ။

သို့ပေမယ့် ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ခဲ့ပါချေသည်။

ဘဏ်တိုက် သူဌေးများက သူ့ကို ခင်မင်ခဲ့

www.burmeseclassic.com



သည်။ သူ့ဆွေးနွေး တင်ပြချက်ကို အလေးအနက် ထားသည်။ ဘယ်လိုက ဘာကြောင့်မှန်းမသိ။ သူ့ကို ယုံယုံကြည်ကြည် နှင့် ပြောသမျှစကား ခေါင်း ညိတ်ခဲ့ကြသည်။ ငွေဘယ်လောက် လိုသလဲ။ ယူလိုက်စမ်း 'အလွယ်တကူ ထုတ်ပေးလိုက်ကြသည်။

အာသာလည်း နယ်နိမိတ် တစ်ပိုင်လုံးကို တိတ်တဆိတ် သိမ်းကျုံးဝယ်ယူသည်။ ရန်ပုံငွေ ထပ်စုသည်။ ပြီးတော့ နယူးယောက်စ်မှ အဓိပတိ ငွေရှင် စီးပွားရေး သမားကြီးတွေ မျက်လုံးပြူး မျက်ဆံပြူး အံ့အားသင့်သွားအောင် လက်ဦးမှု ရယူ၍ ကင်ဆက်ပြည်နယ် တစ်ခွင်သွား ရထားလမ်းများကို တရားဝင် ဖောက်လုပ်နိုင်ခဲ့လေတော့ သည်။

သို့ဖြင့် အနောက်ဘက် နယ်တစ်လွှားမှာ နေ့ချင်းညချင်း ဘွားခနဲ ပေါ်လာသည့် ရထားလမ်းတွေမှာ အရပ်ရှစ်မျက်နှာသို့ ဖြာထွက်နေပြီး သံမဏိ ရောဘဝဲကောင်ကြီးများ မိုးပေါ်က ကျလာသလား အောက်မေ့ရတော့သည်။ ဖောက်သမျှ ရထားလမ်းတွေ အားလုံးလိုပင် ပြောပလောက်အောင် အခက်အခဲမရှိ။ အဆင်ပြေ အောင်မြင်ခဲ့သည်။ တစ်နေရာမှာ ပြဿနာ ကြုံရသော်လည်း အာသာ အံ့သြလောက်စရာ ကျော်လွှားနိုင်ခဲ့သည်။ တစ်နည်းဆိုသော် ရှာမှရှားအောင် ထူးထူးကဲကဲ ကံကောင်းခဲ့သူ ဖြစ်ကြောင်း ပြောစမှတ်တွင် မှတ်ကျောက် အတင်ခံလိုက်ရခြင်း ဖြစ်၏။

ဤသည်မှ ဂျုံခင်းများ ရှိရာ ကင်န်ဆက်စ် ပြည်နယ်နှင့် မက်စီကို ပင်လယ်ကွေ့ကို ဆက်သွယ်မည့် လမ်းကြောင်း ဖောက်ရန် အကြောင်းဖန်လာခြင်း ဆိုလည်း မမှားပါ။

တကယ်ဆိုတော့ ထိုလမ်းကြောင်းကို ဖောက်လုပ်ခြင်းဖြင့် သေချာပေါက် 'ပွ'မည့် အကွက်ကို စီးပွားရေး ကျားကျသည့် ဘိုးအေကြီးများ မျက်စိ ရှုန်းခဲ့ကြသည်။

အသက် ၂၆ နှစ်သာ ရှိသေးသော အာသာ အနေဖြင့်လည်း သည်စားကွက်ကို ကိုယ်ပိုင်ဉာဏ် အစွမ်းအစ သက်သက်ကြောင့် တွေ့ရှိခဲ့ခြင်း မဟုတ်ပါ။ ထူးဆန်းသော စေတမန် အသံများ၏ ညွှန်ကြား ခိုင်းစေချက်အရ အရေးပေါ် လမ်းကြောင်း ပြောင်းခဲ့ရသောကြောင့်သာ ဖြစ်ပါ၏။

အမှန်စင်စစ်…မူလက ကဝိန်ဆက်စ်နှင့် ဂေဗယ်စတုန်ကို ဖောက်လုပ်ခဲ့ခြင်းသာ ဖြစ်သည်။ ဂေဗယ်စတုန်ကို ရောက်ရန် မိုင်ငါးဆယ်မျှ လိုတော့သည့်အခါတွင်မှ အခန်းအောင်း အနားယူရင်းမှ လေထဲက အသံရှင်များကို သတိရလိုက်သည်။ အကူအညီ ရလိုရငြား တမ်းတတိုင်တည်မိသည်။

ထိုအခါ မမြင်ရသော ကျေးဇူးရှင် အသံများ ရောက်လာကာ လက်ရှိ ရထားလမ်းကို ဆက်မဖောက်ဘဲ ချက်ချင်း ရပ်ပစ်လိုက်ရန်နှင့် မရပ်ပါက သူ့နာလန် မထူနိုင်အောင်အထိ နာ မည်ဟု ပြောကြား၏။ အကြောင်းမှာလည်း ဂေဗယ်စတုန်း မြို့နယ်သည် မကြာမီ ဘေးဆိုးအန္တရာယ် ဆိုးကြီး ကျရောက်၍ အကြီးအကျယ် ပျက်စီးတော့မည်ဖြစ်ကြောင်း ကြိုတင် သတိပေးခဲ့သည်။

အာသာလည်း မှိုင်ဝေငိုင်တွေ ကျသွားရတော့သည်။

သူဘာဆက်လုပ်ရပါမည်နည်း။ သူ့လုပ်ဖော်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဘက် ကြံ့ရာပါတွေက ယုတ္တိကင်းမဲ့သော သူ့စကားကို လက်ခံပါမတဲ့လား။ ဂယောင်ချောက်ချားနှင့် ထင်ရာစိုင်းတာလို့ပဲ အပြစ်တင်ကြလေမလား။

ဘာပဲဖြစ်ဖြစ် သူ့အနေနှင့် တစ်ဘက်က အသံရှင်များကိုလည်း အရေးထား လေးစားလိုက်နာရပေဦးမည်။

နောက်ဆုံးတော့ ရထားလမ်းကို ဦးတည်ချက် ပြောင်း၍ လမ်းလွဲဖောက်ဖို့သာ ဆုံးဖြတ်ချက်ချလိုက်မိသည်။ သို့နှင့်အမျှ လောလောဆယ် အမြန်ဆုံးက ဂေဇယ်စတုန်းသွား ရထားလမ်းတစ်ခုလုံးကို ပြန်လည် ဖျက်သိမ်းဖို့ အမိန့်ပေးလိုက်တော့သည်။

ရထားလမ်း တည်ဆောက်ရေး ကိရိယာများ၊ သံလမ်းများအား နေ့ချင်းညချင်း ရွှေ့ခိုင်းခြင်းဖြစ်၍ အလုပ်သမားများက ပွည့်ပွည့် လုပ်ကြသည်။ အင်ဂျင်နီယာများနှင့် အကြီးအကျယ် စကားများရသည်။

အာသာခမျာ ကောင်းဘွိုင်ဆန်ဆန် သေနတ်ကိုင်၍ အမိန့်ပေးခဲ့ရသည်။

အထူးသဖြင့် ငွေထုတ်ချေးသော ဘဏ်သူဌေးများနှင့် ထိပ်တိုက် ရင်ဆိုင်ရသည်။ မင်းရူးနေပြီ။ ဦးနှောက်မှ ကောင်းသေးရဲ့လား အပြစ်တင်ခြင်းနှင့်အတူ ငွေထုတ်ပေးမှုတွေ ရပ်ဆိုင်းမလောက် အခက်ကြုံရသည်။

ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ။ မေးတော့လည်း အာသာ မဖြေနိုင်။ ဒါပေမယ့် ရွှေ့ချင်လို့ ရွှေ့တာဗျာ ဆိုသည့် လူမိုက်ဆန်ဆန် အပြောမျိုးနှင့်သာ တုံ့ပြန်ခဲ့သည်။

သည်လိုနှင့် နောက်သုံးလေးရက် ကြာမှ သူကိုယ်တိုင် နားမလည်သော ပဟေဠိက အဖြေပေါ်လာသည်။

ဆိုင်ကလုန်း မုန်တိုင်းကြီး ရုတ်တရက် ကျရောက်ခဲ့ခြင်းပေတည်း။

မူလတည်ဆောက်ထားသော လမ်းတစ်လျှောက် ပြည်နယ်တစ်ခွင်ရှိ မြို့တွေရှိသမျှ ဘုံးဘုံးလဲ ပြားချပ်ကုန်အောင်ပင် ပြင်းထန်လှသည်။

သူတို့ ရထားလမ်းတွေကား သီသီလေး လွတ်ခဲ့သည်။

ဤသို့ဖြင့် သိန်းပေါင်းများစွာ ဆုံးရှုံးမည့် ဘဝမှ သန်းပေါင်းများစွာ ကြွယ်ဝချမ်းသာသော ဘဝသို့ ရောက်ခဲ့ရသည်။

သည်တော့မှ အာသာကိုလည်း မဟာဉာဏ်ကြီးရှင်အဖြစ် ချီးကျူးကြဘာ ထောမနာလို့မဆုံး၊ ကျေးဇူးတင်လို့မဝ ဖြစ်ကုန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှ အာသာလည်းနေ့ချင်း ညချင်း သန်းကြွယ်သူဌေး၊ နောက်တော့ ကုဋေကြွယ်သူဌေးကြီး ဖြစ်ခဲ့ရတော့သည်။

အမေရိကန်တစ်ခွင် ရှိသမျှ ရထားလမ်း အားလုံးလိုလို အာသာ၏ လက်ရာ၊ အာသာ၏ ကျေးဇူးနှင့် မကင်းသလို အမြတ်အစွန်းတွေက သောက်သောက်လဲ ရခဲ့သည်။

သို့နှင့်အမျှ အာသာကို ဂုဏ်ပြု ကျေးဇူးဆပ်သောအားဖြင့် မြို့အချို့ကို နာမည်ပေးခဲ့သည်။ ပို့အာသာ၊ စတီးဝဲလ်နှင့် ( ) မြို့သုံးမြို့သည် အာသာကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုမှည့်ခေါ်ထားခြင်းပင်ဖြစ်၏။

သူဌေးကြီး အာသာသည် အရေးအကြောင်းရှိပြီဆိုတိုင်း သူ၏ လျှို့ဝှက်မိတ်ဆွေလေးများနှင့် နှစ်ကိုယ်ကြားတိုင်ပင်၍ ဆုံးဖြတ်ဆောင်ရွက်လေ့ရှိသည်။ သူ့ဆုံးဖြတ်ချက်အတိုင်းလည်း အောင်မြင်ခဲ့သည်သာ ဖြစ်၏။ သည်အကြောင်းကို သူ့ဇနီးသည် ဂျနီဗာဝုဒ်တစ်ယောက်သာလျှင် အတွင်းကျကျ သိခဲ့သည်။

အာသာသည် ရထားလမ်းပိုင်၊ ဘူတာရုံပိုင်၊ ကုမ္ပဏီ မြောက်မြားစွာပိုင်ဆိုင်ခဲ့သော နာမည်ကျော် သူဌေးကြီး ဖြစ်ခဲ့ရုံမျှမက နာမည်ကျော်စာရေးဆရာကြီးအဖြစ်နှင့်လည်း စာအုပ်ပေါင်း ၃၀ ခန့်မျှ ရေးသားနိုင်ခဲ့သည်။

သူ့ဘဝမှတ်တမ်းနှင့် သူ့စာအုပ်များထဲတွင် မြင့်မြတ်သော အလင်းရောင် စာအုပ်များသည် အရောင်းရ အတွင်ကျယ်ဆုံး၊ နာမည်အကြီးဆုံး ဖြစ်ခဲ့သည်။ ဘာသာရေးနှင့် ဒဿနပိုင်းဆိုင်ရာ၊ ကြီးမွားချမ်းသာရေး တက်ကျမ်းများလည်း ပါဝင်ခဲ့သည်။

အာသာစတီးဝဲလ်သည် အလှူအတန်း အပေးအကမ်း ရက်ရောခဲ့၍ လူချစ်လူခင် ပေါများခဲ့သည်။

အာသာကွယ်လွန်ချိန်၌ အသက် ၅၀ ကျော်မျှပင် ရှိသေးသည်။

သူကွယ်လွန်ပြီး နောက်တစ်လလောက် အကြာမှာပင် ဇနီးဖြစ်သူ ဂျနီဗာဝုဒ်လည်း ၁၈ ထပ် မြင့်သောတိုက်ပေါ်မှ ခုန်ချ၍ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားသည်။

တစ်နည်းဆိုသော် အထီးကျန်ဘဝတွင် မနေလိုတော့သလို ထူးဆန်းစွာ ဖူးစာဆုံခဲ့သော ကျေးဇူးရှင် လင်တော်မောင်နောက်သို့ မခွဲမခွာတမ်း လိုက်သွားသည်လို့သာ ဆိုရပါတော့မည်။

မည်သို့ပင်ဖြစ်စေ ထူးဆန်းသောအသံများ (ဝါ) လေလှိုင်းထဲမှ စေတမန်လေးများနှင့် အာသာဝဲလ်တို့ ဇနီးမောင်နှံ၏ ဘဝမှာ ပြောလို့မကုန်၊ မယုံနိုင်ဖွယ် အစုံအလင်နှင့် အံ့မခန်း အဆန်းတကျယ်ပ်လို့ မော်ကွန်းထိုးလောက်စရာပဲ မဟုတ်ပါလား။

ညီညီနိုင်

www.burmeseclassic.com

www.burmeseclassic.com



## လင်မယားချင်းစကားများရာမှ ဝါးဆစ်ပိတ်တုတ်ဖြင့်ရိုက်နှက်ခံရ၍ ခင်ပွန်းသေဆုံး



ရန်ကုန်၊ ဇူလိုင် ၂၈

၂၇-၇-၂၀၁၄ ရက်နေ့ ၁၀း၁၅ အချိန် ကွမ်းခြံကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့နယ်၊ သပြုစမ်းကျေးရွာတွင် လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သပြုစမ်း ကျေးရွာနေ ဦးမောင်ငွေး (ခ) ဦးမောင်တင်ငွေး (၄၇)နှစ်အား ဦးခေါင်းနောက်စေ့နှင့် ဝဲချိုစောင်းတို့တွင် ပေါက်ပြဲဒဏ်ရာများရရှိကာ သေဆုံးနေသည်ကို တွေ့ရှိရပါသည်။

ဖြစ်စဉ်အားစုံစမ်းရာ ယင်းနေ့ ဝ၉၃ဝ အချိန်ခန့်တွင် သေဆုံးသူ ဦးမောင်ငွေး(ခ) ဦးမောင်တင်ငွေးသည် ဇနီးဖြစ်သူ မအိပုံ(ခ)မလှလှသန်း (၃၀)နှစ်နှင့် မိသားစုကိစ္စ ပြောဆို ဆွေးနွေးစဉ် အဆင်မပြေဖြစ်ကာ စကားများရန်ဖြစ်ရာမှ လင်မယားချင်းကွဲမည်ဟု ပြောဆိုပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၏ နေအိမ်သို့ သွားရောက်ခဲ့ကြကြောင်း၊ ထိုသို့ သွားရောက်ခဲ့ရာ ရွာလယ်လမ်းမ၌ ထပ်မံစကားများကြပြီး သေဆုံးသူမှ အသင့်ပါလာသော ဝါးဆစ်ပိတ်တုတ်ဖြင့် ရိုက်မည်ပြုစဉ် ဇနီးဖြစ်သူ မအိပုံ(ခ)မလှလှသန်းမှ တုတ်ကိုလုယူ၍ ၄င်းကိုရိုက်နှက်ခဲ့သဖြင့် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်းသိရှိရပါသည်။

ယင်းသို့ ဖြစ်ပွားခဲ့သည့်အတွက် ကွမ်းခြံကုန်းမြို့မရဲစခန်း (ပ)၁၆၈၊ ၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ကာ မအိပုံ(ခ)မလှလှသန်းအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# အောင်ချမ်းရွှေ

# ယှဉ်ပြိုင်မှု၏ ပန်းတိုင်

''စိန်ဖေကွ…ဒီရွာမှာ တစ်ဖေတည်းရှိတယ်။ အိမ်မှာမနေချင်လို့ ထွက်လာတာ။ ဘယ်သူသတ္တိရှိလဲ သတ္တိရှိတဲ့သူ ထွက်ခဲ့ယှဉ်မယ်။ အမြဲစိန်ခေါ်နေတဲ့ စိန်ဖေကွ''

''ဘယ်သူမှ ဂရုစိုက်စရာမလိုဘူး။ ကိုယ်စိတ်နဲ့ကိုယ် ထင်ရာလုပ်မယ် ဘယ်သူမှလာပြီး ဩဇာအာဏာမပြနဲ့။ သတ္တိရှိရင်တော့ထွက် သတ္တိချင်း ယှဉ်မယ်''

မနက် မိုးလင်းလာပြီဆိုသည်နှင့် ဒီအသံကို စတင် ကြားနေရပြီ။ ရေဒီယိုက လွှင့်တဲ့ အသံမဟုတ်ပါ။ ဆတ်သွားဖူးကုန်းရွာအနောက်ထိပ်က စတင်ကြားရသော အသံသည် ဆတ်သွားဖူးကုန်းရွာလယ် လမ်းတစ်လျှောက် အရှေ့အနောက် အစုန်အဆန် ဒီအသံ ကြားနေရမှာ ဖြစ်သည်။ နေ့စဉ် အဖြစ်အပျက်တစ်ခုပါ။

ဆတ်သွားဖူးကုန်းရွာ အနောက်မှ အော်ဟစ်လာသောအသံသည် စိန်ဖေ၏ အသံမှလွဲ၍ အခြားမရှိပါ။ တစ်ရွာလုံး၏ အော့ကြောလန်နေသူ ဖြစ်သည်။ ရွာလယ်လမ်းအရှေ့မှ အနောက်၊အနောက်မှအရှေ့ ခေါက်တုန့်ခေါက်ပြန် အော်ဟစ် ဆူပူနေခြင်း ဖြစ်သည်။ ကာလ ကြာလာတော့လည်း တစ်ရွာလုံးမှ သူ့ကို အလေးမထား၊ ဂရုမစိုက်ကြတော့ချေ။

သူဘယ်လိုပင် အော်ဟစ်ဆူပူနေနေ။ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ်လမ်း ကိုယ်သွား၊ အကယ်၍ သူနှင့် မျက်နှာချင်းဆိုင်တွေ့ခဲ့ရင် မတွေ့ဟန်ဆောင် မျက်နှာလွှဲ၍ သွားကြသည်။ မည်သူမျှ သူ့ကို အဖက်လုပ်၍ စကားမပြော။ တစ်နည်းအားဖြင့် ဆတ်သွားဖူး ကုန်းတစ်ရွာလုံး၏ အပြစ်ပယ်ခံ။ အော်ကြောလန် အရက်သမား စိန်ဖေ။

စိန်ဖေသည် ဆတ်သွားဖူးကုန်းရွာသား ဖြစ်သည်။ သူ့ဖခင်သည် မသေဆုံးခင် အချိန်အထိ တစ်ရွာလုံးက လေးစားရသော ရွာသူကြီးဖြစ်၏။ သူ့ဖခင် ဦးဆံဖူးနှင့်အတူ ညီများဖြစ်ကြသော ဦးဆံညြ၊ ဦးဆံမောင်၊ ဦးဆံနောင်နှင့် ညီမဖြစ်သော ဒေါ်နန်းစိန်တို့သည်လည်း ဤရွာကလေးတွင်

www.burmeseclassic.com

www.burmeseclassic.com



လူရှိသေ ရှင်ရှိသေဖြစ်ကြသည်။

စိန်ဖေတို့တွင် မောင်နှမကိုးယောက်ရှိသည်။ စိန်ဖေက တတိယ။ သူ့အထက်တွင် အစ်မကြီးနှစ်ဦးရှိသည်။ စိန်ဖေသည် လူပျိုပေါက် အရွယ်ကတည်းက အရက် စသောက်တတ်နေပြီ။ ယခုပင် အသက် ၅၀ နားနီးနေပြီဖြစ်သော်လည်း ပင်ကိုယ်အသိ တရားမရှိ တရားမရသေး။

အရက်သောက်ပြီးလျှင် ဒုတ်တစ်ချောင်းကိုင် ရွာလယ်လမ်းမတလျှောက် အော်ဟစ်ဆူပူတော့သည်။ လမ်းတွင်ခွေးတွေ့



www.burmeseclassic.com

www.burmeseclassic.com



လျှင် ခွေးရိုက်၊ ကြောင်တွေ့လျှင် ကြောင်ရိုက်၊ ဒါကြောင့်လည်း ခွေးတွေ ကြောင်တွေသည် စိန်ဖေ့ရှေ့ မဖြတ်ရဲကြချေ။ စိန်ဖေ အသံကြားလျှင် ဝေးဝေးက ရှောင်သည်။ သို့သော် စိန်ဖေသည် လူတော့ တစ်ကြိမ်တစ်ခါမှ မရိုက်။

ဘုန်းကြီးကျောင်းထွက် အဆင့်ထိ စိန်ဖေ၊ ပညာသင်ဖူးသည်။ ငယ်စဉ်က လယ်ယာ လုပ်ငန်းများကို မိဘများနှင့် အတူ လုပ်ကိုင်နေခဲ့သေးသည်။ တဖြည်းဖြည်း အရွယ်ရောက်လာသည့် အချိန်။ အရက်စတင် သောက်လာကတည်းက အလုပ် သိပ်မလုပ်တော့။ မိဘကြီးများ ရှိနေစဉ်က ဖခင်ကြီးကို ကြောက်၍ ဒီအခြေအနေလောက်အထိ မဆိုးသေး။ ဖခင်ကြီး အရှိန်အဝါရှိနေဆဲမို့ ငြိမ်သေးသည်။

အိမ်ထောင်ကျပြီး မိဘများနှင့် အိုးအိမ်ခွဲစဉ်ကာလမှတစ်စတစ်စ စိန်ဖေ၏ဇာတိ ပြလာတော့၏။ မိဘကြီးများ ဆုံးပါးသွားသည့်အခါတွင် အရက်ကို စိန်ဖေသည် အကြီးအကျယ် သောက်တော့၏။ လယ်ယာလုပ်ငန်းခွင်များကိုလည်း ကိုယ်တိုင်မလုပ်၊ မိန်းမဖြစ်သူက သူရင်းငှားအချို့နှင့် တွဲဖက်လုပ်ကိုင်ရသည်။ သမီးတစ်ဦး၊ သားတစ်ဦး မွေးထားသည်။ သားသမီးများ ငယ်စဉ်ကလည်း အလုပ်ကို ဟုတ်တိပတ်တိမလုပ်။ သားသမီးများ အရွယ်ရောက်လာပြန်တော့လည်း သားသမီးများနှင့် မိန်းမကသာလျှင် လယ်ယာလုပ်ငန်းခွင်များ ဝင်ရောက်ရပြန်သည်။ စိန်ဖေကတော့ အရှိန်မပျက် သောက်မူးနေဆဲ။ ရွာထဲတွင် အော်ဟစ်ဆူပူနေဆဲ။

သို့သော်လည်း တစ်ခုကောင်းတော့ရှိသည်။ စိန်ဖေသည် အရက် မူးနေသော်လည်း ဆဲဆိုတိုင်းထွာသည့် ရိုင်းစိုင်းသော စကား တစ်လုံးမှမပါ။ မည်သူတစ်ဦး တစ်ယောက်ကိုမှလည်း ကိုယ်ထိလက်ရောက် မကျူးလွန်။ ဒါကတော့ စိန်ဖေ၏ စရိုက်တစ်မျိုး ဖြစ်သည်။

ဆတ်သွားဖူးကုန်းရွာသည် အိမ်ခြေငါးရာကျော်မျှ ရှိသော ရွာကြီးတစ်ရွာ ဖြစ်သည်။ တစ်ရွာလုံး ပြန်ကြည့်လျှင် စိန်ဖေ၏ ဖခင် ညီအစ်ကိုမောင်နှမတစ်စုမှ မွေးဖွားလာကြသော ဆွေမျိုးညီအစ်ကိုမောင်နှမများက အိမ်ခြေ တစ်စိတ်ကျော်ကျော် ရှိနေသည်။ ဖခင်ဖြစ်သူ၏ ရွာသူကြီးလုပ်ခဲ့သော အရှိန်အဝါလည်းရှိသည်။ ဒါကြောင့်လည်း စိန်ဖေ့အော်ဟစ်ဆူပူနေမှုသည် ရွာအကျိုးပျက်စီးစရာ အကြောင်းမရှိသဖြင့်လည်း သူ့ကို ပြောဆိုဟန့်တားမည်သူမရှိ ဖြစ်နေဟန်တူ၏။ အချိန်တန် သူ့အသံအလိုလို တိတ်သွားမည်။ တစ်ရေးတမော အိပ်မည်။ အိပ်ယာနိုးလာလျှင် အရက် ထပ်သောက်မည်။ ရွာလယ်လမ်း တလျှောက် အော်ဟစ်ဆူပူနေဦးမည်။ ဒါသူ့အလုပ် ဖြစ်သည်။

♦♦♦♦

(၂)

"လာပြီနော် စိန်ဖေ တစ်ဖေတည်းရှိတယ်။ အိမ်မှာ မနေချင်လို့ ထွက်လာတာ သတ္တိရှိတဲ့သူ ထွက်ခဲ့။ သတ္တိချင်း ပြိုင်မယ်"

စိန်ဖေသည် ရွာလယ်လမ်း အတိုင်း သူ့အိမ်ရှိသည့် ရွာအနောက်ဖက်ထိပ်မှ အရှေ့ထိပ်သို့ အော်ဟစ်လျှောက်လာနေ

www.burmeseclassic.com

www.burmeseclassic.com



၏။ တဖြည်းဖြည်း ရွာလယ်ပိုင်းသို့ ရောက်လာသည်။

"ဟေ့ စိန်ဖေကွ၊ ဘယ်သူ သတ္တိရှိလဲ ထွက်လေကွာ။ သတ္တိချင်း ပြိုင်မယ်။ ဟေ့ စိန်လှမြိုင် ပေးစမ်းတစ်ခွက်"

စိန်လှမြိုင်သည် ရွာလယ်ပိုင်း ရွာလမ်းမ တောင်ဘက်ခြမ်းတွင် အိမ်ဆိုင်ကလေးဖွင့်၍ ဈေးရောင်းနေသူ ဖြစ်သည်။ စိန်လှမြိုင်သည် ဤရွာသား မဟုတ်။ အညာဒေသမှ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်၊ လယ်ယာလုပ်သားအဖြစ် ဤရွာသို့ လာရောက်လုပ်ကိုင်နေရာမှ ဤရွာသူနှင့် အိမ်ထောင်ကျသည့် ဤရွာသား ဖြစ်နေပြီး အိမ်ဆိုင်လေးဖွင့်၍ ဈေးရောင်းနေသည်။ သူ့ဆိုင်တွင်လည်း မြို့ပြနှင့်အလှမ်းဝေးသော ကျေးရွာများ၏ သဘာဝအတိုင်း ကျေးရွာများတွင် မရှိမဖြစ် လိုအပ်သောတောအရက်ကိုလည်း တွဲဖက် ရောင်းချသည်။ တခြားရွာမှ သူနည်းသူ့ဟန်ဖြင့် ချက်လုပ်ထားသော အရက်ကိုတစ်ဆင့်ယူ၊ ပြန်လည်ရောင်းချနေခြင်း ဖြစ်သည်။

စိန်ဖေသည် စိန်လှမြိုင်ဆိုင်ရှေ့သို့ ရောက်တိုင်း တစ်ခွက်သောက် သောက်သည်။ ပိုက်ဆံပေးသည့်အခါရှိသလို မပေးသည့်အခါလည်း ရှိသည်။ စိန်လှမြိုင်ကလည်း မတောင်းရဲ။ သူပေးလျှင် ယူလိုက်သည်။ မပေးလျှင် စာရင်း မှတ်ထားလိုက်သည်။ သူလိုလိုလားလားရှိသည့်အခါ မှတ်ထားသော အကြွေးစာရင်းကို ကြည့်သည်။ရှင်းသည့်အခါရှင်းသည်။ မရှင်းသည့်အခါမရှင်း။ စိန်လှမြိုင်သည် သူနှင့်ဖက်ပြိုင်ပြီး မပြောရဲသည်က အမှန်။ ယခုလည်း ဝင်လာပြန်သည် တစ်ခွက်တဲ့။

စိန်လှမြိုင်သည် သူ့ဆိုင်ရှေ့ ကွပ်ပစ်ကလေးပေါ်တွင် ဧည့်သည်တစ်ဦးကို အရက်ဖြင့် ဧည့်ခံနေခြင်း ဖြစ်သည်။ စိန်ဖေ ဝင်ရောက်လာပြီး တစ်ခွက်တောင်းသဖြင့် သူ့ရှေ့ရှိပုလင်းထဲမှအရက်ကိုခွက်ထဲသို့ ထည့်ပြီး ကမ်းပေးလိုက်သည်။ စိန်ဖေသည် အရက်ခွက်ကို တစ်ရှိန်တည်းမော့ချလိုက်ပြီး စိန်လှမြိုင်နှင့် အတူထိုင်နေသော ဧည့်သည်ကိုကြည့်လိုက်သည်။ သူ့ထက်ဆယ့်လေးငါးနှစ်ခန့် ငယ်မည့် လူရွယ်တစ်ဦးမှန်းသိသည်။

"မင်း ဘယ်ကလာတာလဲ။ ဒီရွာသား မဟုတ်ဘူးဆိုတာတော့ ငါသိနေတယ်"

"စိန်ဖေ၏ နှုတ်ထွက်စကားကြောင့် စိန်လှမြိုင်သည် ဧည့်



www.burmeseclassic.com

www.burmeseclassic.com



သည်ကို အားနာစွာ ကြည့်လိုက်မိသည်။

"ဟာ အစ်ကိုကြီး စိန်ဖေကလည်းဗျာ၊ မြို့ကလာတဲ့ ညွှန့်သည်ပါဗျ။ အခု သူကြီးအိမ်မှာ တည်းပြီး ကျုပ်ဆိုင်မှာ ခဏလာ အပန်းဖြေလို့ ညွှန့်ခံနေတာပါ"

စိန်လှမြိုင်မှ ရှင်းလင်းပြောကြား စကားဆိုနေသော်လည်း ညွှန့်သည်ဖြစ်သူက တစ်ခွန်းမှ မပြော။ စိန်ဖေကိုသာ ကြည့်နေသည်။

"သြော် ဒီလိုလား မင်းက မြို့ကလာတာဆိုတော့ မြို့သားလား။ ငါက တောသားကွ မင်း သတ္တိရှိလား မင်းနဲ့ငါ သတ္တိ ပြိုင်ရအောင်"

စိန်လှမြိုင်သည် ညွှန့်သည်ကို အားတုံ့အားနာ ဖြစ်ရပြန်သည်။

"အစ်ကိုကြီး စိန်ဖေကလည်းဗျာ ဒီလိုမပြောပါနဲ့။ မဟုတ်သေးပါဘူး။ သူက ညွှန့်သည်ပါဗျာ"

"အေး ညွှန့်သည်မို့ ပြောတာပေါ့ကွ။ ဒီရွာသားဆိုရင်ငါ့ကို သတ္တိပြိုင်ရဲတဲ့သူ တစ်ယောက်မှ မရှိဘူး။ ဒါကြောင့် မြို့သားက သတ္တိပြိုင်ရဲလားလို့ မေးနေတာပေါ့ကွ"

ညွှန့်သည်သည် စိန်ဖေအား ခပ်ပြုံးပြုံး ကြည့်လိုက်ပြီးမှ-

"အစ်ကိုကြီးက ဘယ်လို သတ္တိ ပြိုင်ချင်တာလဲဆိုတာအရင် ပြောပါဦး"

"ငါနဲ့ သတ္တိပြိုင်ရမှာက အရက် ပြိုင်သောက်ရမှာကွ။ ဘယ်သူက အများဆုံးသောက်နိုင်သလဲဆိုတာ ပြိုင်မယ်"

"သြော် ဒီလိုလား ဟုတ်ပါပြီ အစ်ကိုကြီး။ ပြိုင်တော့ အနိုင်အရှုံးပေါ်လာရင် နိုင်တော့ဘာဖြစ်မလဲ။ ရှုံးတော့ဘာဖြစ်မလဲ"

ညွှန့်သည်၏ အမေးစကားကြောင့် စိန်ဖေသည် နည်းနည်းတွေဝေသွားသည်။

"အေး ဟုတ်တယ်ကွ၊ နိုင်ရင် ဘာဖြစ်မလဲ။ အေး‥အေး မင်းပြောတာ သဘာဝကျတယ်။ ကဲ မင်းပဲဆုံးဖြတ်ကွာ"

ညွှန့်သည်သည် စိန်ဖေအား ပြုံး၍စိုက်ကြည့်နေပြန်သည်။ ပြီးမှ တွေးတွေးစစဖြင့် ပြန်ပြောလိုက်သည်။

"ဒီလိုလုပ်မယ် အစ်ကိုကြီး အရက်ယှဉ်ပြိုင်သောက်လို့ အနိုင်အရှုံးပေါ်လာခဲ့ရင် ရှုံးတဲ့သူက အရက်ကို တစ်သက်လုံးမသောက်တော့ပါဘူးလို့ ကတိပေးရမယ်။ ကဲ‥ဘယ်လိုလဲသဘောတူလား"

"ဟား‥‥ဟား‥‥ဟား ကြိုက်သွားပြီကွ။ သဘောတူတယ်။ လုပ်လိုက်၊ စိန်ဖေတို့က ဒီလို သတ္တိပြိုင်နိုင်တဲ့ သူကို စိန်ခေါ်နေတာ။ ရတယ် သဘောတူတယ်။ ဒီအဆုံးအဖြတ်အတိုင်း သတ္တိပြိုင်မယ်။ ကဲ အခု ပြိုင်မလားဟေ့။ စိန်လှမြိုင် ပေးစမ်းကွာ တစ်ခွက်။

ညွှန့်သည်သည် စိန်ဖေကို ကြည့်ပြီး ပြုံးနေပြန်သည်။ သူ့ရှေ့တွင်ရှိသော အရက်ကိုလည်း ခွက်ထဲငှဲ့၍ စိန်ဖေကို လှမ်းပေးလိုက်သည်။ စိန်ဖေကလည်း အရက်ခွက်ကို တစ်ရှိန်ထိုး မော့ချလိုက်သည်။ ပြီးမှ‥‥

"ကဲ ဘယ်လိုလဲ ငါ့ညီ ပြိုင်တော့မလား"

"အခုတော့ မပြိုင်သေးဘူး အစ်ကိုကြီးရာ ကျွန်တော့်မှာ အလုပ် ရှိနေသေးတယ်။ မနက်ဖြန်မနက် ၉ နာရီဒီဆိုင်မှာ လာပြိုင်မယ်ဟုတ်ပြီလား"

"အေး ဟုတ်ပြီ ဒါမှစိန်ဖေက ကြိုက်တာကွ။ မနက်ဖြန်

www.burmeseclassic.com

www.burmeseclassic.com



မနက် ၉ နာရီနော်။ ဟုတ်ပြီ ဟုတ်ပြီ။ ဒါဆို စိန်ဖေသွားပြီ ဟေ့" ပြောပြောဆိုဆို ဆိုင်ထဲမှ ထွက်ခွာသွားတော့သည်။

◆◆◆◆

(၃)

စိန်လှမြိုင်အိမ်ရှေ့ ကွပ်ပြစ်ပေါ်တွင် ညွှေ့သည်နှင့်စိန်ဖေတို့ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ ဘေးမှ စိန်လှမြိုင်က သူတို့နှစ်ဦး၏ အရိပ်အကဲကို ထိုင်ကြည့်နေ၏။ သူတို့နှစ်ဦး၏ ရှေ့တွင်လည်း ဖန်ခွက်ငယ်နှစ်ခွက်နှင့် အရက်အပြည့် ပုလင်းနှစ်လုံးလှည့်၍ ချထားသည်။ ညွှေ့သည်သည် စိန်ဖေ၏မျက်နှာကို ကြည့်၍ ပြုံးပြလိုက်ပြီး..

"ကဲ အစ်ကိုကြီး ကျွန်တော်နဲ့ အရက် ပြိုင်သောက်တော့မယ်နော်။ အများဆုံး သောက်နိုင်တဲ့သူက အနိုင်နော်။ ရှုံးတဲ့သူက တစ်သက်လုံး အရက်မသောက်တော့ပါဘူးဆိုတဲ့ ကတိပေးရမယ်နော်။ ဟုတ်ပြီလား"

"အေး ဟုတ်ပါပြီ ကဲ ပြိုင်ပွဲစလိုက်ရအောင်"

စိန်ဖေသည် ပြောပြောဆိုဆို သူ့ရှေ့ရှိ အရက်ပုလင်းကိုယူပြီး ခွက်ထဲသို့ အပြည့်ငှဲ့သည်။ ခွက်ကို ဘစ်ရှိန်ထိုး မော့ချလိုက်သည်။ စိန်ဖေသည် ခွက်ကို ပြန်ချ၍ ညွှေ့သည်အား "ကဲ ဘယ်လိုလဲ" ဆိုသော အကြည့်ဖြင့် ကြည့်လိုက်သည်။ ထိုအခါမှ ညွှေ့သည်သည် သူ့ရှေ့ရှိ အရက်ပုလင်းကို ယူပြီး ပါးစပ်တွင်တေ့၍ မော့ချနေတော့သည်။ ညွှေ့သည်၏ အပြုအမူကို မြင်လိုက်ရသော စိန်ဖေသည် ပါးစပ်အဟောင်းသားဖြင့် တအံ့တသြဖြစ်နေတော့သည်။

ညွှေ့သည်သည် ပုလင်းတစ်ဝက်နီးပါးမျှ မော့၍သောက်ပြီး ပုလင်းကိုပြန်ချထားလိုက်၏။ ထိုအခါ စိန်ဖေသည် ဒုတိယခွက်ကို မော့ချလိုက်ပြန်သည်။ ထိုခွက်မော့အပြီးတွင် စိန်ဖေ၏ သဏ္ဌာန်သည် ယိမ်းယိုင်စ ပြုလာပြီး မျက်လုံးများလည်း ရီဝေနေပြီဖြစ်သည်။

သူတစ်ခါမှ ဤကဲ့သို့ တစ်ထိုင်တည်း တစ်ခွက်ပြီးတစ်ခွက် ဆင့်၍ ဆင့်၍ မသောက်တတ်။ သူက စကားပြောလိုက် သောက်လိုက် လမ်းထွက်လျှောက်လိုက်

မင်းက
မြို့ကလာတာဆိုတော့
မြို့သားလား။
ငါက တောသားကွ
မင်းသတ္တိရှိလား ။
မင်းနဲ့ငါ
သတ္တိပြိုင်ရအောင်

www.burmeseclassic.com

www.burmeseclassic.com





တစ်ခွက် ပြန်သောက်လိုက်ဖြင့် တစ်နေကုန် သောက်နေနိုင်သည်။

ယခုကဲ့သို့ တစ်ထိုင်တည်း တစ်ခွက်ပြီးတစ်ခွက် မသောက်နိုင်။ သူနောက်တစ်ခွက် မော့သည့် အချိန်တွင် ဧည့်သည်က ယခင်အတိုင်း ပုလင်းကို ပါးစပ်တွင် တေ့၍ မော့ချလိုက်သည်။ ပုလင်းထဲတွင် အရက်အနည်းငယ်သာ ရှိတော့သည်။

စိန်ဖေသည် ဟန်ချက်ပျက်အောင် မူးနေပြီဖြစ်သည်။ သူ့ကိုယ်သူမနည်းထိန်းနေရသည်။ ယိမ်းယိုင်စ ပြုလာပြီဖြစ်သည်။ သူ ဆက်လက် မသောက်နိုင်တော့မှန်းလည်း သိသည်။ ဒီပွဲတွင် သူရှုံးနိမ့်သွားပါပြီ။

သူ့ပုလင်းထဲတွင် အရက်များ အများကြီး ကျန်နေသေးသည်။

"ညီလေး အစ်ကိုကြီး ဆက်မသောက်နိုင်တော့ဘူးကွာ။ အရှုံးပေးပါတယ်။ ဒီပွဲမှာ အစ်ကိုကြီး ရှုံးပါပြီ။ အရက်ကို တစ်သက်လုံး မသောက်တော့ဘူးလို့ ကတိပေးပါတယ်ကွာ"

စိန်ဖေသည် ယိမ်းယိုင်နေသော သူ့ခန္ဓာကိုယ်ကို အတတ်နိုင်ဆုံး ထိန်းပြီး ဆိုင်တွင်းမှ တဖြည်းဖြည်း ထွက်ခွာသွားတော့သည်။

စိန်ဖေနှင့် မြို့ကဧည့်သည်တို့၏ အရက်ပြိုင်သောက်သောသတင်းသည် ဆတ်သွားဖူးကုန်း တစ်ရွာလုံး ပျံ့နှံ့သွားသည်။ အရက် ပြိုင်သောက်ပွဲတွင် စိန်ဖေ ရှုံးနိမ့်သွားသည်ကို တစ်ရွာလုံး သိသွားကြသဖြင့် နောက်ဆက်တွဲ ဖြစ်လာမည့် အခြေအနေကို လည်း စောင့်မျှော်နေကြသည်။

အရက်သောက်ပြိုင်ပွဲ ပြုလုပ်ပြီး နောက်နေ့မှစ၍ စိန်ဖေ၏အသံကို ထိုရွာထဲတွင် မကြားရတော့ချေ။ စိန်ဖေလည်း အိမ်ထဲက အိမ်ပြင်လုံးဝ မထွက်တော့။ နှစ်လသုံးလခန့် အကြာတွင် စိန်ဖေတစ်ယောက် ရွာဦးကျောင်း ဆရာတော်ထံတွင် သင်္ကန်းဝတ်၍ သာသနာ့ဘောင်သို့ ဝင်ရောက်သွားသည်ကို တစ်ရွာလုံးအံ့ဩစွာ မြင်တွေ့ကြရတော့သည်။

♦♦♦♦

(၄)

ရာသီ အလီလီပြောင်း၍ ဆယ်စုနှစ်နှစ်ခုကျော် ကြာခဲ့ချေပြီ။ တစ်ချိန်က စိန်ဖေသည် ယခုအခါ ဦးစန္ဒိမာအဖြစ် ဆတ်သွားဖူးကုန်းရွာ မျိုးဆက်သစ်များ ကိုးကွယ်နေသော ရွာဦးကျောင်း ဆရာတော် ဖြစ်နေပြီ။ တစ်ချိန်က စိန်ဖေ ဟစ်ကြွေးနေသည့် သတ္တိခြင်းပြိုင်ရအောင်၊ သတ္တိရှိတဲ့လူထွက်ဟူသော အဓိပ္ပာယ်ကို ဆတ်သွားဖူးကုန်း ရွာသားများ အသိတွင် ယခုချိန်ထိ ဟိုးတိုးဝါးတား ထင်မြင်နေဆဲသား ဖြစ်သည်။

အရက် ပြိုင်သောက်သည့်နေ့ ညပိုင်းရွာသူကြီး အိမ်စကားဝိုင်းတွင် မြို့သားဧည့်သည် ပြောနေသောစကားလုံးများကို စိန်ဖေ တဖြစ်လည်း ဦးစန္ဒိမာ ကြားခဲ့ရမည်ဆိုလျှင် ပို၍အံ့ဩစရာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်း ဖြစ်နေဦးမည်မှာ အမှန်ပင်။

မြို့သားညွှေ့သည် ပြောနေသည်မှာ-

"သူကြီး စဉ်းစားကြည့်လေဗျာ။ သူက မင်းဘယ်လောက်သတ္တိရှိလဲ။ စိန်ခေါ်နေမှတော့ ကျွန်တော်က မပြိုင်မဖြစ် ပြိုင်ရတော့တာပေါ့"

"ယာတောကုန်း ဂေါ်ရခါး ရွာသားကော့ဘောဲးဆီက ထောပတ်သွားရှာထားပြီး အရက်သောက်ခါနီးမှာ ထောပတ်သုံးလေးဇွန်းကို ကျွန်တော် ကြို သောက်ထားလိုက်တော့သောက်တဲ့အရက်မှာ အဓိုးအငွေ့ မရိုက်နိုင်တော့ဘဲ တောက်လျှောက် အစာအိမ်ထဲ ဆင်းသွားတော့ မမူးတော့ဘူးပေါ့ သူကြီးရာ အရက်နံ့လေးနဲ့ အရှိန်လေးနည်းနည်းတော့ ကျန်နေတာပေါ့"

"ကျွန်တော်က အဲဒီနည်းနဲ့ ဦးစိန်ဖေကို ပြိုင်လိုက်တာပါ"

**အောင်ချမ်းအေး**

သူများနဲ့ယှဉ်ပြိုင်တယ်ဆိုတာ
မပြိုင်တတ်ရင် အန္တရာယ် ကြီးပါတယ်
အကောင်းဆုံးကတော့
မနေ့ကငါနဲ့ ဒီနေ့ငါ
ဘယ်သူသာသလဲ လို့
ပြိုင်တာပဲ ကောင်းပါတယ် ။

( ဓမ္မဒူတအရှင်ပညာသိရ )


www.burmeseclassic.com

www.burmeseclassic.com



ထက်ကောင်းလတ် (မင်းဘူး)

# ရေလယ်ခေါင်မှ
# ငွေငါးသိန်းအလစ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



# ရေပယ်ခေါင်မှ ငွေငါးသိန်းအလစ်သုတ်မှု

ထက်ကောင်းလတ် (မင်းဘူး)

မင်းဘူး - မကွေးသည် မောင်စိုးအတွက် ရေအိုးနှင့်ရေမှုတ်သဖွယ် ဖြစ်သည်။ ရက်ခြားဆိုသလို မကွေးတက် ကုန်ဝယ်သွားရသည်။ မကွေးမြို့မှာ တိုင်းမြို့ဖြစ်၍ စည်ကားသည့်ပြင် ရောင်းဝယ်ရေး၌ လက်ကားကုန်စုံ စတိုးဆိုင်ကြီးများ ပွဲရုံကြီးများ ရှိသည်။ မောင်စိုးက မင်းဘူးမြို့ပေါ်တွင် ကုန်စုံဆိုင်ကြီးဖွင့်ရောင်းချနေသူ ဖြစ်၍ ဈေးဝယ်လျှင် မကွေးလက်ကား ဆိုင်ကြီးများမှာ ဝယ်ယူသည်။ မင်းဘူး မြို့ပေါ်တွင် မောင်စိုး၏ "စေတနာကုန်စုံဆိုင်ကြီးမှာ ဈေးမှန် ဈေးချို ဆက်ဆံရေးကောင်း၍ ရောင်းအားကောင်းသည်။ ရက်ခြားဆိုသလို မကွေးလက်ကား ဆိုင်ကြီးများမှာ ငါးသိန်း၊ ငါးသိန်း အထက် ကုန်များ ဝယ်ရသည်။ မင်းဘူးမှမကွေးသို့ ရေအိုးနှင့် ရေမှုတ်သဖွယ် သွားလာရသည် ဆိုငြား ထိုစဉ်က (လွန်ခဲ့သောအနှစ် နှစ်ဆယ်ကျော်က) ယနေ့လို ရောဝတီမြစ်ကူး တံတားကြီး မရှိသေး။ မင်းဘူးမြို့နယ် သမဝါယမ အသင်းကြီး၏ ကူးတို့ သမဝါယမ ဖွဲ့စည်းလျက် မင်းဘူး-မကွေး ခရီးသည် ပို့ဆောင်ရေးကို တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး ရေမော်တော်ကြီးများ ကူးတို့ဖောင်များဖြင့် ခရီးသည် ကုန်ယာဉ်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးခဲ့သည်။ နောက်ပိုင်း တိုးတက်လာ၍ ရေမော်တော်ကြီးများအပြင် ပွဲထောင်များစွာနှင့် ယာဉ်ကြီးငယ်များ သယ်ယူပို့ဆောင် ရေးအတွက်စက်သဘော် (ယာဉ်မင်းဇရာ) ဖြင့် ရာသီမရွေး လမ်းပန်းခရီး ချောမွေ့ ဆောင်ရွက်ပေးသည်။ သမဝါယမ ဆိုသည့်အတိုင်း ခရီးသွားလာမှုနှုန်း

www.burmeseclassic.com



လွန်စွာ ချိုသာ၍ ခရီးသည်များ လွန်စွာ အဆင်ပြေခဲ့သည်။ (မိုး တွင်း ကာလတွင်တော့ အခက် အခဲများ ရှိသည်)။

ခရီးစဉ်အရ မင်းဘူးမှ မနက် ငါးနာရီစ၍ အသွားအပြန် နာရီပိုင်းအတွင်း မော်တော်ပဲ့ ထောင်များကို အလှည့်ကျ ထွက် ပေးခြင်းဖြင့် ညနေ ခြောက်နာရီ အထိ အမြဲရှိသည်။

မနက်ဖြန် မောင်စိုး မကွေး ဘက် ကုန်ဝယ်သွားရမည်။ မနက် ခြောက်နာရီ ခေါက်နှင့် လိုက်မည့် ညကပင် ဇနီးယဉ် ယဉ်နှင့် ဈေးဝယ်ဖို့ ငွေငါးသိန်း အပြင် အလွတ်သုံးဖို့ ငွေခြောက် သောင်းရေတွက်ပြီး ပိုက်ဆံအိတ် ထဲ မှတ်ပုံတင်ကတ်နှင့် ဈေးဝယ် စာရင်း မှတ်စုကိုပါ ရောထည့် ထားပြီး ပိုက်ဆံအိတ် ဇစ်ပိတ်မိရို ထဲ ထည့်ထားလိုက်သည်။မနက် ကြမှ အသင့်ထားသော လွယ်နေ ကြ လွယ်အိတ်ထဲ ပိုက်ဆံအိတ် ထည့် လွယ်ယူရန်ဖြစ်၏။ မနက် ငါးနာရီ အိပ်ယာထ ဈေးဆိုင် အတွက် ဆိုင်လုပ်သားများနှင့် အတူလုပ်ကိုင် စီစဉ်စရာများစီစဉ် ပြီး ခြောက်နာရီထိုးခါနီး မော် တော်ဆိပ် ဆင်းလာခဲ့သည်။ ဆိပ်ကမ်းရောက် မော်တော်လက် မှတ်ဖြတ် မော်တော်ပေါ်တက် ရှေ့ကုန်းပတ်ပိုင်း နေရာလွတ်မှာ ဝင်ထိုင်လိုက်သည်။ မော်တော် ထွက်ဖို့ အချိန် နည်းနည်းလိုသေး ၍ နောက်ထပ် ခရီးသည်များ တဖွဲဖွဲ ရောက်လာနေကြသည်။ မောင် စိုးထိုင်သော နေရာမှာ နေရာလွတ်ရှိသေးသည်။ ထိုစဉ် ခပ်ရွယ်ရွယ် လူရွယ်လေးတစ် ယောက် ဝင်လာထိုင်သည်။ အနီး ဝန်းကျင်တွင်လည်း ခရီး သည်များ နေရာကိုယ်စီ ထိုင်နေ ကြသည်။ မောင်စိုးက ဘေးနား လာထိုင်သော လူရွယ်ကို ကြည့် လိုက်သည်။ အဝတ်အစား ခပ် နွမ်းနွမ်း ဝတ်ဆင်ထားသည်။ မျက်နှာ အသွင်အပြင်မှာ၊ ပွင့် လင်းရိုးသားသည့် အသွင်ဖြစ် သည်။ ထိုလူရွယ်လေးက မောင် စိုးကို ခပ်ပြုံးပြုံးလေး ပြန်ကြည့် ရင်း "အစ်ကိုက မကွေးရုံးတက် သွားဖို့လား" ဟု စကားနှင့် မိတ် ဖွဲ့သည်။ မောင်စိုးက ဖော်ဖော် ရွေရွေပင် "ရုံးတက်မဟုတ်ပါ ဘူး။ ကုန်ဝယ်ဖို့ပါ။ ငါ့ညီက ရော "ပြန်ပြောရင်း မေးလိုက် သည်။ "ကျွန်တော်က တိုင်း ဆေးရုံသွားမလို့ပါ အစ်ကို" လူ ရွယ်က ဖြေသည်။ "ဟုတ်လား ဘာအတွက်လဲဟင်"

"ကျွန်တော့်အမေ ဆေးရုံ တင် ဆေးကုနေလို့ပါ။ ဆေးဖိုး လိုလို့ ရွာပြန်ယူတာ အစ်ကို"

"ငါ့ညီက ဘယ်မှာနေ တာလဲ"

"မင်းဘူး အနောက် တောင်ဘက် ရေမြက်ရွာမှာ နေ တာပါ" မောင်စိုး ဆက်မမေး တော့။ မော်တော်ထွက်ရန် စက် နှိုးသံ အချက်ပေးသံ ခရီးသည် များ အသံဖြင့် ဆူညံသွားသည်။ လူရွယ်လေးမှာ ညှိုးနွမ်းပုံစံဖြင့် ငြိမ်သွားပြီး အတွေးနှင့် မြစ်ပြင် ဘက် ငေးကြည့်နေသည်။ မော် တော်က ရေလယ်ဘက် ဦးတည် မောင်းနှင်နေသည်။ ဝန်းကျင်မှ ခရီးသည်များမှာ ကိုယ့်အစုနှင့် ကိုယ် စကားပြောနေကြသည်။ မောင်စိုးက ငြိမ်တွေးနေသော လူ ရွယ်လေးကို ကြည့်လိုက်ပြီး "ညီ လေး မင်းနာမည် ဘယ်လိုခေါ် လဲ"မေးလိုက်သည်။ "ကျွန် တော့်နာမည် လှဆွေပါအစ်ကို"

"အေးအေး ဒါနဲ့ညီလေး

www.burmeseclassic.com



အမေ အခြေအနေကရော"

"အရင်ကစာရင် သက်သာစပြုလာပါပြီ။ ဆေးမပြတ်ဖို့ ကြိုးစား နေရတာပါ။ အခုရွာက ဆွေမျိုးတွေ ဝိုင်းထောက်ပံ့လို့ ငွေယူပြန်လာတာ အစ်ကိုရဲ့"

"မင်းအဖေကရော"

"ကျွန်တော့်မှာ အဖေမရှိတော့ဘူး အစ်ကို။ ဆုံးသွားတာ ငါးနှစ်ကျော် သွားပါပြီ"

"ဟုတ်လား။ မင်းကရော ဘာလုပ်လဲ"

"ကျွန်တော်က ကြုံရာအငှားအလုပ် လုပ်ပါတယ်။ တောမှာဆိုတော့ ယာကိုင်းအငှား ထွန်-စိုက်- အလုပ်နဲ့ အမေ့ကို ပြုစုစောင့်ရှောက် လုပ်ကိုင်ကျွေးမွေးနေတာပါ။ တခြားမွေးချင်း မရှိဘူး။ အဖေမရှိတော့ကျွန်တော် ကိုးတန်းနဲ့ ကျောင်းကထွက် အဖေ့ကိုယ်စား အမေ့ကို ပြုစုစောင့်ရှောက် နေရတာပါ"

"သြော်-ဟုတ်လား။အေးပေါ့ကွာ" မောင်စိုးရင်ထဲ စိတ်မကောင်း ဖြစ်သွားပြီး ဆက်မမေးတော့ ငြိမ်တွေးနေမိသည်။

ဤလူရွယ် ပြောသည့်အတိုင်းမှန်လျှင် သနားဖွယ်လည်း ဖြစ်ရသည်။ မိခင်ကြီးကို ကျွေးမွေးစောင့်ရှောက် ပြုစုနေသူလည်းဖြစ်၍ ချီးကျူးစရာလည်းကောင်းသည်။ ပညာသာ ဆက်သင်ရလျှင် ထက်မြက်တော်မည့် ပုံစံဖြစ်သည်။ ဤလို လူရွယ်လေးမျိုး လေးစားဖွယ်လည်းကောင်း၏။ မိမိသည် မိခင်ဖခင်တို့ကို လုပ်ကိုင်ကျွေးမွေး စောင့်ရှောက်ခြင်း မပြုခဲ့ရ။ မိမိထက်တော်သော သိတတ်သော လူငယ်လေးမျိုးကို တတ်နိုင်သမျှ ကူညီပေးကမ်းရလျှင် ကြီးစွာသော ကုသိုလ်ထူးဖြစ်မည်။ မောင်စိုးတွေးရင်း လွယ်ထားသော လွယ်အိတ်အတွင်းဘက်မှ ပိုက်ဆံအိတ်ကို ထုတ်ဖွင့် လျက် ငွေစက္ကူအထပ်များမှ ငွေတစ်သောင်း ထုတ်၍ "ရော့ ငါ့ညီ မင်းအမေ့ ဆေးဖိုး"

"အစ်ကို ကုသိုလ်ပြုပါရစေကွာ"ပြောပေးလိုက်သည်။ လူငယ်သည် မောင်စိုးကို အံ့ဩစွာ ကြည့်ရင်း "အစ်ကိုရာ ကျေးဇူးတင်ပါတယ်"

အခု ခဏလေးတွေ့ ပြောရုံနဲ့ အစ်ကိုက အမေ့ဆေးဖိုးကူညီတာ ကျေးဇူးကြီးလှပါတယ်။ အမေ့ဆေးဖိုးအတွက် ပြည့်သွား



www.burmeseclassic.com



ရပါတယ်။ ''လူငယ်သည် ငြင်းဆန်မနေ ပွင့်ပွင့်လင်းလင်းပင် ပြော၍ ကျေးဇူးတင် ဝမ်းသာနေသည်။

''ဒါနဲ့ မေးရဦးမယ်။ ဘာပြုလို့ ကိုယ့်မြို့ ဆေးရုံကြီးမှာ မတက်ဘဲ တိုင်းဆေးရုံ လာတက်နေရတာလဲ ငါ့ညီ'' မောင်စိုးက မေးကြည့်လိုက်သည်။ ''ကိုယ့် မြို့ဆေးရုံက တိုင်းဆေးရုံ သွားခိုင်းလို့ပါ''

''ကျွန်တော်တို့ကကိုယ့်မြို့ ဆေးရုံမှာပဲ ကုချင်တာ မဖြစ်လို့သာ လာရတယ်။ အကုန်အကျက မသက်သာ သွားလာရေးက ခက်နဲ့။ ဒါတောင် အခု သမကူးတို့မော်တော်တွေ ရှိနေလို့ နို့မို့ မလွယ်ဘူး အစ်ကိုရေ'' လူငယ်က ပြန်ဖြေသည်။

ဟုတ်ပါသည်။ကျေးလက်မှာနေပြီး ရောဂါဝေဒနာ ဖြစ်လျှင် ကျေးလက် ဆေးရုံမှာ ကုမရသည့် ရောဂါဝေဒနာအတွက် မြို့နယ်၊ ခရိုင်ဆေးရုံကြီး လွှတ်ရသည်။ တစ်ခါ ခရိုင်မြို့နယ် ဆေးရုံမှာ မရလျှင် ဆေးပစ္စည်း ကိရိယာ စုံလင်သော တိုင်းဆေးရုံထိုမှ ရန်ကုန်-မန္တလေး ဆေးရုံကြီးများသို့ ဆက်ညွှန်ရလေသည်။ ငွေကြေး အစစ တတ်နိုင်သူတို့က မြို့ပြကြီး အထူးကု ဆရာဝန်ကြီးများ အထူးကု ဆေးရုံကြီးများတွင် ကုသကြသည်။ ငွေကြေး မပြည့်စုံ ရှေ့ခံနောက်ခံမရှိသူများ အဖို့တော့ဘဝ တိုကြသည် ပြောရမလားပင်။ အခု လူငယ်လေး မိခင်ရောဂါဝေဒနာသည် နှလုံးရောဂါ၊ နှလုံးရောဂါသည် ငွေနှင့် အချိန်နှင့် ဆက်၍ ကျွမ်းကျင် ဆရာဝန်ကြီးများနှင့် ကုသရသော ရောဂါ မောင်စိုး ဆက်မတွေးချင်တော့ သနားကရုဏာ သက်စွာ ဆုတောင်းပေးနေမိသည်။

''အစ်ကို့ကို ကျေးဇူးတင်ပါတယ်။ ရွာရောက်ရင် လှဆွေလို့ မေးရင် ရပါတယ်။ အစ်ကိုအိမ်မှာ အလုပ်ကြမ်း ခိုင်းစရာရှိရင် ရွာကို လူကြုံနဲ့လှမ်းမှာလိုက်ပါအစ်ကို။ ပိုက်ဆံပေးစရာ မလိုပါဘူး။ အစ်ကို့ကို ကျေးဇူးပြုချင်လို့ပါ။ အချိန်မရွေး လှမ်းခေါ်ပါ အစ်ကို'' လူငယ်သည် အပေါ်ယံမဟုတ် လှိုက်လှိုက်လှဲလှဲ ပြောနေလေသည်။

''ရပါတယ် ညီလေးရာ။ ဒီလောက် ပြောစရာ မလိုပါဘူးကွာ။ အေး အစ်ကိုနာမည်က ကိုစိုး မြို့လယ်မှာ စေတနာကုန်စုံဆိုင်ကြီးမေးရင် ရတယ်။ ငါ့ညီ ကြုံတဲ့အခါ ဝင်လာခဲ့၊ အစ်ကိုဇနီးက မယဉ်ယဉ်တဲ့ မှတ်ထားနော်'' မောင်စိုးက နေရာကို ပြောပြလိုက်သည်။ နှစ်ဦးသား အတွေးကိုယ်စီနှင့် ငြိမ်နေကြသည်။ ဝန်းကျင်မှစကားသံများ တဝူးဝူး တဝုန်းဝုန်းဖြင့် မော်တော်စက်သံများ ဆူညံနေလေသည်။ မော်တော်က မြစ်လယ်အရှေ့ဘက်ကမ်း ရေလမ်းဖြတ်၍ကမ်းဘက်ဆီ ဦးတည်ဖြတ်မောင်းနေသည်။ မောင်စိုးနှင့် လှဆွေတို့ နှစ်ဦး စကား ပြောနေကြစဉ် မောင်စိုးနောက်နား ထိုင်နေသော လှဆွေအရွယ် လူငယ်လေး တစ်ယောက်က အကဲခပ်ကြည့် နားထောင်နေသည်။ ထိုလူငယ်ပုံစံက သပ်သပ်ရပ်ရပ် သန့်သန့်စင်စင် ဝတ်ဆင်ထားပြီး အသားဖြူဖြူ ခပ်ကျော့ကျော့လေး ပုံစံအပြောနုရောင် လက်ရှည်အင်္ကျီ အစိမ်းကွက်စိပ် ပုဆိုးနှင့် လက်တစ်ဖက်တွင် အနက်ရောင်သားရေ လက်ဆွဲအိတ် ကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင်း ဖြစ်ရပ်မှန်

သည်။ ဦးခေါင်းတွင် ပန်းနုရောင် ဦးထုပ်ဆောင်းထားသည်။ တက္ကသိုလ်ကျောင်းသား သို့မဟုတ် ရုံးဝန်ထမ်းလားမသိ။ မောင်စိုးက ပိုက်ဆံအိတ် ထည့်ထားသော လွယ်အိတ်ကို ဘေးတိုက်လွယ်ထားပြီး အိတ်ပိုင်းကို ရင်ခွင်ထဲ ထည့်သွင်းထားသည်။ လှဆွေက မောင်စိုးနောက်မှ လူငယ်ကို သာမန်အနေဖြင့်သာ ကြည့်မိသည်။ ခဏအကြာ မောင်စိုး မတ်တပ်ရပ်လိုက်ပြီး ပွဲပိုင်း သန့်စင်ခန်း ခဏသွားဦးမည်ဟု လှဆွေကို ပြောသွားသည်။ လှဆွေက အမှတ်မဲ့ဟင် မောင်စိုးသွားရာ လှမ်းကြည့်ရင်း သဘောထားပြည့်ဝ စေတနာ ပြည့်ဝသူအဖြစ် စိတ်ထဲလေးစား နေမိသည်။ ထိုစဉ် မောင်စိုး နောက်နားကပ်လျက် သွားနေသော လူငယ်ကို နောက်ကနေ လှမ်းမြင်လိုက်ရ၍ သေချာကြည့်မိသည်။ မျက်နှာက ရှေ့ဘက် သွားနေ၍ မမြင်ရသော်လည်း အကျီအရောင်၊ပုဆိုးအရောင်ကွက် လက်တွင်ကိုင်ဆွဲထားသော အနက်ရောင်သားရေ လက်ဆွဲအိတ်တို့ကြောင့် စောစောက မောင်စိုးဘေးဘက် နောက်က ထိုင်နေသော လူငယ်မှန်း သိလိုက်သည်။ စိတ်အထင်တော့ သူလည်း အပေါ့အပါးသွားရန် ဖြစ်မည်။ သို့သော် လှဆွေစိတ်ထဲ ထိုလူငယ်ကို ကြည့်နေမိရင်း စိတ်ထဲတွင် ပြောမပြတတ်သော စနောင့်စနင်းတစ်ခု ဖြစ်နေမိသည်။ ထိုလူငယ် ကိုလှဆွေ ဆက်ကြည့်နေမိသည်။ ရှေ့က သွားနေသော မောင်စိုးသည် လူတွေကြားမှ ရှောင်ဖယ် ကွေ့ဝိုက် သွားနေသလို နောက်နားက ကပ်သွားနေသော လူရွယ်သည် လည်း မောင်စိုး နောက်ကျောနား ကပ်လျက် သွားနေသည်။ ပွဲပိုင်း မရောက်ခင် အလယ် မော်တော်စက်ခန်းအပေါ် ခုံအဆင့်တွင်ခရီးသည်များ တန်းထိုင်နေကြသည်။ လူတွေက အသွားအလာဖြင့် မောင်စိုးကို ဆက်မမြင်ရတော့။ နောက်က လူရွယ်သည် ခုံတန်းပေါ် ထိုင်နေသော လူငယ်တစ်ယောက်ကို ဘေးတိုက်လက်ကာ ပြသွားသည်ကိုလည်း ရုတ်တရက် မြင်လိုက်ရသည်။ နောက် လူတွေကြား ဆက်မမြင်လိုက်တော့။ လှဆွေလည်း ဆက်မကြည့်တော့ စိတ်ထဲမှာတော့ မတင်မကျနှင့် ငြိမ်နေလိုက်ရသည်။

ခဏအကြာ မောင်စိုး ပြန်ရောက်လာသည်။ သို့သော် မောင်စိုး နောက်နားကပ်လိုက်သွားသော စောစောက လူငယ်ကိုတော့ ပြန်ရောက်လာသည် မတွေ့ရ။ ပွဲပိုင်းဆီ လှမ်းကြည့်သော်လည်း မမြင်မိ။ တစ်နေရာရာ နေခဲ့၍ဖြစ်မည်။ မောင်စိုးသူနေရာ ပြန်ထိုင်အပြီး လွယ်ထားသော လွတ်အိတ်သူ့ရင်ခွင်ထဲ ဆွဲအသွင်း ရုတ်တရက် "အင်" ခနဲ မောင်စိုး စိုးရိမ်အံ့သြသံထွက်လာသည်။ မောင်စိုးအသံကြောင့် လှဆွေက "အစ်ကို ဘာဖြစ်လို့လဲဟင်" မေးလိုက်သည်။ မောင်စိုး မျက်စိမျက်နှာပျက်ဖြင့် အဖြေရခက်နေပုံ သူ့လက်များ

www.burmeseclassic.com


www.burmeseclassic.com



ကတော့ လွယ်အိတ်အတွင်းဘက် နှိုက်လျက်သား ဖြစ်နေသည်။ လှဆွေ ဆက်မေးပြန်သည်။

"ပြောပါ အစ်ကို နေမကောင်းလို့လားဟင်" မောင်စိုး မဖြေမဖြစ်တော့၍ "အစ်ကို နေကောင်းပါတယ်။ အစ်ကို လွယ်အိတ်ထဲက ပိုက်ဆံအိတ် မရှိတော့လို့ကွာ" စိတ်မကောင်းစွာနှင့် ပြောလိုက်သည်။

"ဟင် ဟုတ်လားအစ်ကို။ ဒီက သွားတုန်းက လွယ်အိတ်ကို သတိထားမိလား။ ဒီနေရာမှာ အစ်ကိုနဲ့ကျွန်တော် စကားပြောပြီး အစ်ကို သန့်စင်ခန်းဘက်ထသွားတာ" လှဆွေအံ့ဩစိတ်မကောင်းလွန်းစွာ ပြောလိုက်သည်။ "အေးကွ ဒီက သွားတုန်းကပါတယ် ထင်တာပဲ" မောင်စိုး စကားက မရေမရာ ဖြေသည်။ လှဆွေဘာမှ ဆက်မမေးတော့ စောစောက လှဆွေမြင်ကွင်းကို ပြန်တွေးမြင်ကြည့်သည်။ မောင်စိုးမိမိနှင့်အတူ ထိုင်နေရင်း စကားပြောသည်။ နောက်ရင်ခွင်ထဲ ထည့်သွင်းထားသော လွယ်အိတ်ထဲမှ ပိုက်ဆံအိတ်ကိုထုတ် ဇစ်ဖွင့်ပြီး ငွေများထဲမှ ငွေတစ်သောင်းယူ မိမိကို ပေးသည်။ နောက် ပိုက်ဆံအိတ်ပိတ် လွယ်အိတ်ထဲထည့် ရင်ခွင်ထဲ ပြန်သွင်းထားသည်။ သည်နောက် မောင်စိုး သန့်စင်ခန်း အိမ်သာဘက် ထသွားသည်။ လွယ်အိတ်ကတော့ ပခုံးဘေးတိုက် လွယ်လျက် မောင်စိုး သန့်စင်ခန်းဘက်အသွား မောင်စိုးနောက်ကပ်လျက်အတူ ကပ်ထိုင်ခဲ့သော လူငယ် ပါသွားသည်ကို မြင်ရသည်။ ထိုလူငယ်က အလယ် စက်ခန်းအပေါ် ခုံတန်းထိုင်နေသော လူများကြားမှ လူငယ်တစ်ယောက်ကို ဘေးတိုက်လက်ကာပြလိုက်သည်ကို မြင်လိုက်ရသည်။ သူတို့ချင်း သိ၍နှုတ်ဆက်သည်လားမသိ။နောက်ဆက် မမြင်ရတော့ ခဏအကြာ မောင်စိုးနေရာ ပြန်ရောက်လာသည်။ နောက်က ကပ်လိုက်သွားသော လူငယ်ပြန်ရောက်မလာ လှမ်းကြည့်လည်းမမြင်မိ။ "အစ်ကို ပိုက်ဆံအိတ်ထဲ ငွေတွေ ဘယ်လောက် ပါသွားလဲဟင် တခြားရော ဘာတွေ ပါသွားသေးလဲ အစ်ကို" လှဆွေက ထပ်မေးသည်။ "ငွေက ငါးသိန်းကျော်ကျော်နဲ့ အစ်ကို့မှတ်ပုံတင် စာရင်းမှတ်စုစာအုပ်ကလေးတစ်အုပ်ပါသွားတယ်" မောင်စိုးက ပြောပြလိုက်သည်။ လှဆွေ



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တတွေး ငြိမ်သက်သွားသည်။ မောင်စိုးက လှဆွေကို ကြည့်ပြီး စိတ်ထဲက တွေးလိုက်မိသည်။

"ဒီကောင်လေးနဲ့ အတူထိုင်စကားပြော။ သူ့ကို ပိုက်ဆံအိတ်ထဲက ငွေတစ်သောင်းထုတ်ပေးသည်။ ပြီး အိမ်သာဘက်သွားမည်ပြောပြီး ထသွားခဲ့သည်။ ထိုစဉ်က ပခုံးတွင်လွယ်အိတ် လွယ်ထားသည်။ အင်း ဒီကောင်လေး သူ့ရှေ့က ငါဖြတ်အသွား လွယ်အိတ်ထဲက ပိုက်ဆံအိတ်ကို နှိုက်ယူလိုက်သလား။ ဒီလိုလည်း မဖြစ်နိုင်၊ ဒီကောင်လေး ကြည့်ရသည်မှာ ရိုးရိုးသားသားပုံစံ နောက်တစ်ချက်က အခုလေးတွင် တွေးသိပြီး သူ့ဒုက္ခအတွက် မိမိက ငွေတစ်သောင်း ကူညီပေးခဲ့သည်။ မိမိကို အလွန်ကျေးဇူးတင်နေသည်။ အခုလို ကူညီခဲ့သူကိုတော့ ကျေးဇူးကန်းပြီး အခုလို မလုပ်တန်ရာ။ သို့သော် မိမိ ငွေထုတ်ပေးစဉ်က ပိုက်ဆံအိတ်ထဲက ငွေတွေမြင်ပြီး လောဘဇောဖြင့် ကျေးဇူးမထားဘဲ ပိုက်ဆံအိတ်ကို နှိုက်ယူသလား။ နောက်ပြီး အခုလို ဒုက္ခရောက် ငွေလိုအပ်နေချိန် အလွယ်တွေ့မြင်ပြီး မလုပ်ဘဲ နေမလား။ မောင်စိုးအကောင်းအဆိုး တွေးရင်း လှဆွေကို အကဲခတ်ကြည့်သည်။ မျက်နှာပျက်ခြင်းမရှိ။ သို့သော် ကောင်လေး ငြိမ်တွေးနေခြင်းကို မြင်၍ စိတ်ထဲအတွေးက လွန်ဆွဲနေပြန်သည်။ ထိုစဉ် ငြိမ်တွေးနေသော လှဆွေ တစ်ချက် သတိရသွားသည်။အခု မောင်စိုးနှင့် စကားပြောနေချိန်ထိ စောစောက မောင်စိုး နောက်နားထိုင်ခဲ့သော လူရွယ်သည် မောင်စိုးနှင့် ရှေ့ဆက် နောက်ဆင့် နောက်က ကပ်လိုက်သွားခဲ့ပြီး။ ယခု သူ့နေရာ သူပြန်ရောက်မလာ။ လှဆွေ အိမ်သာဘက်ဆီ ဖျတ်ခနဲ တစ်ချက် လှမ်းကြည့်လိုက်သည်။ သွားလာနေသော လူတွေမြင်ကွင်း ရှင်းသွား၍ ဟိုးနောက်ဘက် မော်တော်ပွဲပိုင်း အဆင့် ခုံတန်းပေါ် မြစ်ဘက်လှည့်ထိုင်နေသည့် လူရွယ်ကိုမြင်လိုက်ရသည်။ ပုံစံက အေးအေးဆေးဆေး ပုံစံ။ ထိုလူရွယ်ကို လှဆွေ ပိုမှတ်မိနေသည်ကအင်္ကျီ၊ ပုဆိုးအရောင်နှင့် ခေါင်းတွင် ဆောင်းထားသော ပန်းနုရောင် အဝတ်ပျော့ ဦးထုပ်။ ထူးခြားသည်မှာ ထိုလူရွယ် မိမိတို့အနားမှ သွားစဉ်က အနက်ရောင် လက်ဆွဲအိတ် ကိုင်ထားသည်။ အခု ထိုင်နေစဉ် အမြင်အရလက်ဆွဲအိတ် အနက်ကို မမြင်မိတော့ လှဆွေ စက္ကန့်ပိုင်းအတွင်းအတွေးများစွာ ဖြန့်ကျက်နေလေသည်။

"ညီလေး မင်းဘာတွေတွေးနေတာလဲကွ" မောင်စိုးက သံသယ တစ်ဝက်နှင့်ကြည့်မေးလိုက်သည်။ လှဆွေ သတိပြန်ဝင်လာပြီး

"ဟုတ်-ဟုတ်ကဲ့။ ကျွန်တော် တွေးနေတာက" လှဆွေ ပြောပြီး စဉ်းစားသလိုနှင့် ရပ်သွားပြန်သည်။ မောင်စိုးမှာ လှဆွေကို ကြည့်ပြီး သံသယပိုဝင်လာပြန်သည်။ ဖွင့်မေးဖို့တော့ အခက်၊ အခြေအနေကို စောင့်ကြည့်ဦးမည် တွေးလျက် ထပ်မေးလိုက်ပြန်သည်။

"ပြောစမ်းပါဦးကွ။ ဒီလောက်တောင် ဘာတွေတွေးနေရတာလဲ" လှဆွေ နေရာပြင်ထိုင်ရင်း

"ပြောပါ့မယ် အစ်ကို။ အစ်ကို့စိတ်ထဲမှာတော့ အစ်ကိုက ကျွန်တော်နဲ့အတူ ထိုင်ရာကနေ

www.burmeseclassic.com



အိမ်သာဘက် ထသွား အိမ်သာက ပြန်လာ နေရာပြန်ထိုင်တော့ အစ်ကို့လွယ်အိတ်ထဲက ပိုက်ဆံအိတ် မရှိတော့ဘူး ဆိုတော့။ ရှင်းရှင်းပြောရရင် အစ်ကို့ သံသယက ကျွန်တော့်အပေါ် ရှိလာမယ်။ နောက်ပြီး ကျွန်တော်က အစ်ကို့ပိုက်ဆံအိတ်ထဲ ငွေတွေ ဘယ်လောက်ပါသွားလဲမေးတာရယ်။ ကျွန်တော် ငြိမ်တွေးနေတာရယ်။ ထောက်ပြီး ကျွန်တော် ဟန်ဆောင်မေးသလို သံသယဝင်စရာတွေ ဖြစ်ရပြန်တယ်။ ကျွန်တော့်ကို ငွေတစ်သောင်း ထုတ်ပေးတော့ အစ်ကို့ ပိုက်ဆံအိတ်ထဲက ငွေတွေမြင်လိုက်နိုင်တာတွေ အားလုံးပေါင်းစပ်ပြီး ပိုမသင်္ကာစရာ ဖြစ်လာမယ်။ အစ်ကို့က ဖွင့်မပြောပေမယ့် အစ်ကို့အကြည့်နဲ့ အမေးက ကျွန်တော့်အပေါ် သံသယ ဖြစ်နေပြီဆိုတာ ကျွန်တော် ခန့်မှန်းတွေးရတယ် အစ်ကို" လှဆွေ ပြောစကားကို မောင်စိုးမငြင်းဘဲ။

"အေး ဟုတ်တယ်။ မင်းပြောသလိုပဲ အစ်ကိုက မင်းအပေါ် သံသယဖြစ်တာတော့ မှန်တယ်။ ဒါပေမယ့် တပ်အပ်မထင်ပါဘူး။ သံသယဖြစ်ရတာက မင်းနဲ့အစ်ကို အနီးကပ် နှစ်ယောက်ထဲ နေပြီးမှ အစ်ကိုက အိမ်သာဘက် သွားခဲ့တယ်။ ဒီပြန်ရောက်မှ အစ်ကို့ပိုက်ဆံအိတ် မရှိမှန်း သိရတယ်။ ဒါ့ကြောင့် ပထမအတူနေခဲ့တဲ့ မင်းကို သံသယ အနေဖြစ်တာ မှန်ပါတယ်။ ဒါပေမယ့် မင်းတပ်အပ် ယူပါတယ်လို့ မထင်ဘူး။ ဒါကလည်း မင်းနဲ့အစ်ကို အခုမှသိပြီး မင်းအခက်အခဲ သိလိုက်ရလို့ အစ်ကိုက ငွေတစ်သောင်းကူညီလိုက်တာကြောင့်ပဲကွ"။ မောင်စိုးပြောပြနေသည်ကို လှဆွေ နားထောင်ရင်း မော်တော်ပဲ့ပိုင်း အဆင့်ခုံဆီ လှမ်းကြည့်လိုက်သည်။ လှဆွေ မော်တော်ပဲ့ပိုင်း မြင်ကွင်းက မူလအတိုင်း ရှိနေ၍ မောင်စိုးကို ပြန်ပြောလိုက်သည်။ "ဟုတ်ကဲ့"။ အစ်ကိုနဲ့အတူ ကျွန်တော်ရှိနေခဲ့လို့ သံသယဆိုတာ ရှိရမှာပါ။ ဒါပေမယ့် ကျွန်တော့်အပြင် အစ်ကိုနောက် နားကပ်ထိုင်ပြီး အစ်ကိုထသွားတော့ နောက်ကလိုက်ပါသွားတဲ့ လူတစ်ယောက်ကိုတော့ အစ်ကို သတိမထားမိဘူး။ ကျွန်တော် သတိထားမြင်မိတယ်။ ဒါပေမယ့် အဲဒီလူက အစ်ကို့ပိုက်ဆံအိတ်ကို ယူပါတယ်လို့တော့ သေချာပေါက် အခုမပြောသေးဘူးနော်။ အင်းအစ်ကို့ကို ကျွန်တော်မေးတဲ့ စကားထဲမှာ ငွေ ဘယ်လောက်ပါသွားလဲ၊ တခြား ဘာတွေပါသွားသေးလဲလို့ မေးတာဟာ တိကျမှုဖြစ်အောင် မေးထားတာပါ" လှဆွေရှင်းပြသော စကားကို မောင်စိုး နားမလည် ဇဝေဇဝါ ဖြစ်နေသည်။ သူပြောစကားအရ "အဲဒီလူ ယူပါတယ်လို့တော့ သေချာပေါက် အခုမပြောသေးဘူး" ဆိုရင် လှဆွေဘာတွေ ဆက်လုပ်ဖို့ ရှိနေလို့လဲ။ သူပြောတာတွေက ဘာတွေလဲ။ မောင်စိုး တွေ့ရင်း မအူမလည် ဖြစ်နေပုံကို လှဆွေ အကဲခတ်မိသည်။

မော်တော်သည် စက်သံတဒုန်းဒုန်းဖြင့် ရေလယ်ရေကြောင်းမှ မြစ်လယ်သောင်ကျွန်းကို ပတ်လျက် ရေစုန် အရှေ့ဘက် မကွေးမြို့ ဆိပ်ကမ်းဆီ ဦးတည်မောင်းနေသည်။ နာရီဝက်ခန့်အတွင်း ဆိပ်ကမ်းသို့ ဆိုက်ကပ်တော့မည်။ ခရီးသည်တွေ မော်တော်ပေါ်မှ ဆိပ်ကမ်း

www.burmeseclassic.com

www.burmeseclassic.com



သော တံတားပေါ် မဆင်းမီ မိမိ အဲနေနှင့် ဆိပ်ကမ်းကို အရင်ဆုံး ရောက်ဖို့လိုသည်။ ပထမဆုံး သတိထားရမည်က ပုံပိုင်းထိုင်နေသော လူရွယ်နောက် မိမိသတိထား ကြည့်မိပြီး တွေ့မြင်လိုက်ရသည်။ မော်တော် အလယ် စက်ခန်းအပေါ် ခုံဆင့်၌ ထိုင်နေသော လူရွယ်၊ ထိုလူရွယ် လက်ထဲတွင် ပုံပိုင်းထိုင်နေသော လူရွယ်၏ အနက်ရောင် လက်ဆွဲအိတ်က ရောက်နေ၍ ဖြစ်၏။ လူဆွေ စိတ်တွက်ဖြင့် ကွင်းဆက်လိုက်သည်။ ပြီးမှ ဆိပ်ကမ်းဘော တံတားပေါ်ရပ်နေသောဆိပ်ကမ်း လုံခြုံရေး ရဲတပ်ဖွဲ့ဝင် သူနောက် မလှမ်းမကမ်း ကမ်းစပ်ရပ်နေသော ဆိပ်ကမ်းလုံခြုံရေး ရဲတပ်ဖွဲ့တစ်ဦးတို့ကို ကြည့်ထားလိုက်သည်။

"ကဲ အစ်ကို မော်တော်ဆိပ်ကမ်းကပ်ပြီး ဆင်းရင်အစ်ကို ကျွန်တော့်ကို ကြည့်ပြီး မလှမ်းမကမ်း နေရာမှာ စောင့် ကျွန်တော် အခြေအနေကြည့်ပြီးအစ်ကို ကျွန်တော့်နား ရောက်အောင်လာခဲ့နော် အစ်ကို" လူဆွေကမောင်စိုးကို သေချာ မှာထားလိုက်ပြီး မော်တော် အရှေ့ဘက် သံတန်းနား ခပ်သွက်သွက်သွား ရပ်နေလိုက်သည်။ မောင်စိုး ရှင်းရှင်းလင်းလင်း မသိသော်လည်း လူဆွေ ပြောစကားကို ခေါင်းညိတ်လိုက်ပြီး လူဆွေထွက်သွားရာဘက် လိုက်ကြည့်ထားလိုက်သည်။ အခြေအနေသည် လူဆွေ တွေးထင်ထားမှုဖြင့် ကိုက်ညီနေသလို ဖြစ်သော်လည်း လက်တွေ့တွင် မည်သို့ ဖြစ်လာမည်တော့ မသိ စွန့်စားမှုတစ်ခုလိုတော့ အရဲစွန့် လုပ်ရတော့မည်။ လွဲချော်သွားလျှင်တော့ ကံတရားပဲ။ ထိုရလဒ်မှ တုံ့ပြန်သလို ခံရမည်။

၁။ လွဲချော်သွားလျှင် ပြန်ခံရမည့် အခြေအနေ။

၂။ မောင်စိုး သံသယသည် သံသယမှသေချာပေါက် တပ်အပ်သေချာ ယိုးစွပ်မှုဖြစ်မည်။ လိုအပ်လျှင် ရဲကို အမှုဖွင့်အတိုင်ခံ အရေးယူ ခံရမည်။

၃။ အတွေးအတိုင်း စွန့်စား၍မှန်လျှင် ကျေးဇူးရှင်ကို ပြန်ကျေးဇူးတုံ့ပြန်ရာဖြစ်မည်။ မိမိအပေါ် အထင်သံသယများ ကင်းရှင်းမည်။ ထိုသည်နှင့်အတူ မိမိ ကျေနပ် ဝမ်းသာရပေမည်။

မော်တော်သည် ဆိပ်ကမ်း ဆိုက်ကပ်စ ပြုနေသည်။ မော်တော်ပေါ်မှ ခရီးသည်များ တိုးဝှေ့ မဆင်းနိုင်ရန် မော်တော်ပေါ် တာဝန်ရှိသူများက အဆင်းဘက် အပေါက်သံတံခါးတန်းကို မဖွင့်သေးဘဲ ထားသည်။ ဆိပ်ကမ်း တံတားပေါ်မှ လုံခြုံရေး ရဲတပ်ဖွဲ့ဝင်က တံတားထိပ်မှ ရပ်၍ ခရီးသည်များ အဆင်းအန္တရာယ် မဖြစ်ရေးအတွက် စောင့်ကြပ်နေသည်။ ထိုစဉ် လူဆွေကလျင်မြန်စွာဖြင့် အဆင်းပေါက် ဘေးသံတန်းကြားမှ မော်တော်ကမ်းသို့ မကပ်မီလွှားခနဲ ခုန်ကူးသွားသည်ကို မြင်လိုက်သည်။


သို့သော် မော်တော်သမားဟုထင်ပြီး အလေးအနက်မထား။ လူဆွေကို လှမ်းကြည့်နေရင်း၊ မောင်စိုးစိတ်ထဲ ဘာကြောင့်ဟု မတွေးတတ်သော်လည်း အထင်ကတော့ "ဒီ ကောင်လေး ငါ့ကို လိမ်ပြီး ဦးအောင်လစ်သွားတာဖြစ်မှာ" ထင်ရာမှ "အင်း သူက ငါ့ကို မှာထားတယ်။ မော်တော်ပေါ်က ဆင်းရင် သူ့ကို ကြည့်ထားဖို့ အခြေအနေကြည့် အနားလာခဲ့ဖို့ဆိုတာ တစ်ခုခုတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုပဲ'' ဟု တွေးရင်းလှဆွေကို လှမ်းကြည့်လိုက်သည်။ ထိုစဉ် ဆိပ်ကမ်းတံတားပေါ်မှ လှဆွေသည် လုံခြုံရေး ရဲတပ်ဖွဲ့ဝင် အနားကပ်သွားပြီး စကားပြောနေသည့် ရဲတပ်ဖွဲ့ဝင်က နားထောင်ပြီး ဆိပ်ကမ်းကုန်းဘက် ရပ်နေသော ရဲတပ်ဖွဲ့ဝင်ကို အချက်ပြ လှမ်းခေါ်လိုက်သည်။ ထိုစဉ် မော်တော်သည် ဘောတံတားဘေးတွင် ကပ်- စက်ရပ်သွားပြီး မော်တော်ပေါ် အဆင်းဘက် သံတန်းအကာကို ဖွင့်ပေးလိုက်၏။ ခရီးသည်များ တိုးဝှေ့ဆင်းလာသည်။ မောင်စိုး မော်တော်ပေါ်မှ ဆင်းလာပြီး ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် လှဆွေဘေးနားက ဖြတ် ကမ်းပေါ်တက်လာသည့် မလှမ်းမကမ်း မန်ကျည်းပင်ကြီးအောက် ရပ်လျှက် လှဆွေ အခြေအနေ စောင့်ကြည့်နေသည်။ လှဆွေက ဆင်းလာသော မော်တော်ပေါ်မှ ခရီးသည်များကို တစ်ဦးချင်း မလွတ်တန်း ကြည့်နေသည်။ လုံခြုံရေး ရဲတပ်ဖွဲ့ဝင် နှစ်ဦးက တိုးဝှေ့ဆင်းလာသော ခရီးသည်များကို တားဆီး၍ ဖြည်းဖြည်းချင်း ဆင်းသွားစေရန် ကြပ်မတ်နေရင်း လှဆွေဘက်ကို သတိထား ကြည့်နေသည်။အမှန်က ခရီးသည်များ ဖြည်းဖြည်း၊ မှန်မှန်ဆင်းမှ လှဆွေကြည့်ပြီး ပြောနိုင်ရန်လည်း ဖြစ်သည်။ ခရီးသည်များ တစ်ဝက်ကျော်ဆင်းပြီးသည်အထိ ၄၂ဆွေ အလိုရှိသော လူကိုမတွေ့ရသေး။ လှဆွေ စိုးရိမ်လာသည်။ အနီးကပ် ရဲတပ်ဖွဲ့ဝင်က ''ညီလေး မင်းဟာ သေချာရဲ့လား နှစ်ယောက်ဆို တစ်ယောက်မှ မတွေ့သေးပါလား'' မေးလိုက်သည်။ လှဆွေဘာမှပြန်မပြောဘဲ နောက်တစ်သုတ် ဆင်းလာသော ခရီးသည်ကြားမှ လက်ဆွဲအိတ် အနက်နှင့် လူရွယ်ကို မြင်လိုက်၍ ရဲတပ်ဖွဲ့ဝင်ကို တိုးတိုးကပ် ပြောလိုက်သည်။ ရဲတပ်ဖွဲ့ဝင်က ထိုလူရွယ်ကို ကြည့်လျက် အနားက မိမိရဲတပ်ဖွဲ့ဝင်ကို တိုးတိုးပြောအချက်ပြလိုက်သည်။ ရဲတပ်ဖွဲ့ဝင်က ထိုလက်ဆွဲအိတ်နက်နှင့် လူရွယ်နောက်လိုက်ပြီး ခပ်လှမ်းလှမ်း ကမ်းပေါ်ရောက်မှ လက်ကို ဆွဲ၍ မန်ကျည်းပင်ကြီးအောက် ခေါ်သွားရပ်နေသည်။ ထိုလူရွယ်က ရဲတပ်ဖွဲ့ဝင်ကို ''ကျွန်တော့်ကို ဘာလို့ခေါ်တာလဲ။ ကျွန်တော့်အဖော်နဲ့ ချိန်းထားတာ နောက်ကျနေလိမ့်မယ်'' မေးလိုက်သည်။ ရဲတပ်



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ဝင်က "အေးပါ။ ခဏနေပါဦး။ ငါတို့ မေးစရာရှိလို့ ခဏစောင့်ကွာ" ခပ်မာမာပြောလိုက်၍ လူရွယ်ငြိမ်သွားသည်။ ထိုအခြေအနေကို ဘေးနားရပ်နေသော မောင်စိုးကြားမြင်လိုက်ရသည်။ ဒါပေမယ့် ရေရေရာရာ မသိသေး။ ဆိပ်ကမ်းတံတားပေါ်က လှဆွေမှာ ဆိပ်ကမ်း ရဲနားမှရပ်၍။ ခရီးသည်များကို ကြည့်နေသည်ကို မြင်ရသည်။ "ဒီကောင်လေး ဘာအဓိပ္ပာယ်နဲ့များ ရဲနား ရပ်ကြည့်နေတာလဲ" တွေးနေသည်။ ခဏအကြာ မော်တော်ပေါ်မှ ခရီးသည်များ အားလုံးဆင်းကုန် သွားလေသည်။ လှဆွေ စိုးရိမ်စိတ်ပိုလာသည်။ ရဲတပ်ဖွဲ့ဝင်က မေးပြန်သည်။ "ညီလေး ဘယ်လိုလဲ မတွေ့ဘူးလား" လှဆွေ စဉ်းစားရင်း "အဆင်းလူတွေထဲတော့ မပါဘူး။ သေချာပေါက် မော်တော်ပေါ်မှာ ပါခဲ့တာ အစ်ကို။ အတွဲတစ်ယောက်တွေ့ပြီး အဓိကတစ်ယောက် မတွေ့တာတော့မဟုတ်သေးဘူး အစ်ကိုရဲ့" ပြန်ပြောလိုက်သည်။ လှဆွေ စကားကြောင့် ရဲတပ်ဖွဲ့ဝင် အပြေးအလွှား စဉ်းစားရင်း အတွေ့အကြုံအရ အတွေးပေါက်သလို ဖြစ်သွားပြီး။

"လာ ညီလေး မော်တော်ပေါ်တက်ကြည့်မယ်" ပြောရင်း အမြန်ဆုံး မော်တော်ပေါ် တက်သွားသည်။ လှဆွေ နောက်နားက ကပ်လိုက်သွားသည်။ မော်တော်ပေါ်ရောက်မှ မော်တော်တာဝန်ရှိသူများကို အကျိုးအကြောင်း ပြောပြလျက် ပထမ မော်တော်ပေါ် စက်ခန်းအိပ်ခန်း စတိုခန်းများကို ရှာကြသည်။ မော်တော်ပေါ်မှ ရေထဲဆင်းကူးသွားမလား။ ဒါလည်း မဖြစ်နိုင်လောက်။ နောက်ဆုံး ရဲတပ်ဖွဲ့ဝင်က ပဲ့ပိုင်းအိမ်သာခန်းဆီ ခပ်သွက်သွက် ပြေးသွား၍ အားလုံး ပိုင်းလိုက်ကြရသည်။ အိမ်သာမှာ နှစ်ခန်းတွဲဖြစ်သည်။ ပထမအခန်း တစ်ခန်းက အပြင်မှ ဂျက်ထိုးထားသည်။ ပိုသေချာအောင် ရဲတပ်ဖွဲ့ဝင်က တံခါး ဂျက်ဆွဲ တံခါးကို ဖွင့်လိုက်သည်။ အတွင်းဘက်တွင် ဘာမှမရှိ။ နောက် ဒုတိယအခန်း အတွင်းဘက်က ဂျက်ထိုးထားသည်။ ရဲတပ်ဖွဲ့ဝင်က တံခါးကို ခေါက်၍မေးသည် ဘာမှပြန်မထူး။ နောက်ခပ်ပြင်းပြင်း ခေါက်ပြီး တံခါးဖွင့်ရန် ခပ်မာမာ အော်ပြောမှ တံခါးပွင့်လာသည်။ အတွင်းဘက်မှ လှဆွေ



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်၍ ခုလို ပြောထားသည့် ပုံစံ အဝတ်အစားတို့ကို ဝတ်ဆင်ထားသည့် လူရွယ် ထွက်လာသည်။

"သူပဲ အစ်ကိုသူပဲ" လုဆွေက ရဲတပ်ဖွဲ့ဝင်ကို ပြောလိုက်သည်။ "ဟုတ်လား ကဲကိုယ့်လူ အေးအေးဆေးဆေး လိုက်ခဲ့နော်။ မင်းကို မေးစရာရှိလို့" ရဲတပ်ဖွဲ့ဝင်က ထိုလူရွယ်ကို အသာတကြည် လိုက်ခဲ့ဖို့ ပြောခေါ်နေသည်။ မော်တော်ပေါ်မှ တာဝန်ရှိသူများမှာ ဘာမှန်းမသိ အံ့သြနေကြသည်။ ဘာမှတော့ မမေးရဲသေး။ ထိုလူရွယ်ကို ဝိုင်း၍ ရံထားလိုက်ကြသည်။ လူရွယ်သည် ရဲတပ်ဖွဲ့ဝင် ဘေးနားက လုဆွေကို ကြည့်ပြီး မျက်နှာတစ်ချက် ပျက်သွားသည်။ သို့သော် ခပ်တည်တည်ပင်။ "နေပါဦး ကျွန်တော်နဲ့ ဘာဆိုင်လို့ ခေါ်တာလဲ။ မော်တော်ပေါ်က ဆင်းခါနီး ဗိုက်နာတာနဲ့ အိမ်သာတက်နေတာဗျ" လူရွယ်က ခပ်တင်းတင်း ပြောလိုက်သည်။

"ဟုတ်လား။ မင်းနဲ့မဆိုင်ဘူးလား။ အေး မင်းနဲ့ဆိုင်တယ် မဆိုင်တယ်။ ဟောဟိုကမ်းနားက လက်ဆွဲအိတ် အနက်နဲ့ မင်းလူက ပြောပါလိမ့်မယ်။ ထပ်ပြီး ပိုသေချာအောင် ဟောဒီညီလေးကလည်း ပြောလိမ့်မယ်။ အေး အေး သက်သာလိုက်ခဲ့ကွာ" ရဲတပ်ဖွဲ့ဝင်က လုဆွေကို ပုတ်၍ ပြောလိုက်သည်။

"ဟုတ်ကဲ့။ ဒါတွေထက် သေချာအောင် အောက်ကျမှ ထပ်ပြီး သက်သေပြ ပြောပါ့မယ်" လုဆွေက သူ့စွန့်စားအတွေးကို အပိုင်ထားပြောလိုက်သည်။

"ဟုတ်ပြီလေ။ ကျုပ်ဆီမှာ ဘာမှ မရှိဘူး။ ဘာမှလဲ မပတ်သက်ဘူး" လူရွယ်က ခပ်မာမာ ထပ်ပြောပြန်သည်။

"အေးပါ။ ဆိပ်ကမ်းကြမှ ရှင်းကြတာပေါ့။ ကဲ လာသွားမယ်" ရဲတပ်ဖွဲ့ဝင်က စကားဖြတ်ပြီး မော်တော်အောက် ဆိပ်ကမ်းပေါ် ခေါ်သွားသည်။ ဆိပ်ကမ်းမန်ကျည်းပင်ကြီး အောက်တွင် ကျန်ရဲတပ်ဖွဲ့ဝင်နှင့် အိတ်အနက်ကိုင်ထားသည့် လူရွယ် အနီးအနားမှ လူအချို့နှင့် မန်ကျည်းပင်ကြီး အောက် ရပ်နေသော မောင်စိုးတို့ စုပြုံရှိနေကြသည်။ မော်တော်ပေါ်မှ လူရွယ်တို့ ခြံရံဆင်းလာသော သူများထဲမှ လုဆွေကိုလည်း မောင်စိုး မြင်တွေ့လိုက်ရသည်။ မော်တော်ပေါ်မှ ရဲတပ်ဖွဲ့ဝင်နှင့်အဖွဲ့ မန်ကျည်းပင်ကြီးအောက် ရောက်လာကြသည်။

သက်သေ အားလုံးရှေ့မှာ ရဲတပ်ဖွဲ့ဝင်က ပထမအိတ်အနက် ကိုင်ထားသော လူရွယ်ကို စစ်ဆေး ရှာဖွေသည်။ ထိုလူရွယ် လက်ဆွဲအိတ် အနက်ထဲမှ ပိုက်ဆံအပြည့်နှင့် ပိုက်ဆံအိတ်ကို တွေ့လိုက်ကြသည်။ ရဲတပ်ဖွဲ့ဝင်က "ဒါမင်းပိုက်ဆံအိတ်လား။ မှန်မှန်ပြောနော်" မေးလိုက်သည်။ လူရွယ်သည်ပထမ ငြိမ်နေပြီးမှ "ဒါ ကျွန်တော့်ပိုက်ဆံအိတ် မဟုတ်ပါဘူး။ ဒီလက်ဆွဲအိတ်အနက်ကလည်း ကျွန်တော့်ဟာ မဟုတ်ပါဘူး။ သူက ခဏယူထား ဆိပ်ကမ်းပေါ် လက်ဖက်ရည်ဆိုင်ကြမှ ယူမယ် ပြောပြီး ပေးထားလို့ ယူထားတာပါ။ ပိုက်ဆံတွေ ပါမှန်းလည်း မသိပါဘူး" လူရွယ်က မော်တော်ပေါ်က ခေါ်လာသော လူရွယ်ကို လက်ညှိုးထိုး၍ ဖွင့်ပြောတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား"။ ရဲတပ်ဖွဲ့ဝင်က ထပ်မေးလိုက်သည်။ "သေချာပါတယ်ဆရာ" လူရွယ်က ပြန်ဖြေသည်။

"မင်းနာမည်"

"ကျွန်တော့်နာမည် မောင်အုန်းပါ" ရဲတပ်ဖွဲ့ဝင်သည် အားလုံး သက်သေများ ရှေ့မှာ လက်ဆွဲအိတ် အနက်နှင့် ပိုက်ဆံအိတ်ကို ချထားပြီး မော်တော်ပေါ်မှ ခေါ်လာသော လူရွယ်ကိုလှမ်းမေးလိုက်သည်။ "ဒီလက်ဆွဲအိတ်နဲ့ ပိုက်ဆံအိတ်ဟာ မင်းပစ္စည်းတွေဆိုတာ ဟုတ်သလား"။ လူရွယ်သည် ချက်ချင်းပင်"ဟုတ်ပါတယ်။ ကျွန်တော့် လက်ဆွဲအိတ်နဲ့ ပိုက်ဆံအိတ်ပါ။ သူ့ကို ခဏပေးထားပြီး မိုက်နာလို့ အိမ်သာတက်နေတာ" ဖြေသည်။ ရဲတပ်ဖွဲ့ဝင်က "မင်းသေချာရဲ့လား။ မင်းနာမည်ပြော မင်းမှတ်ပုံတင်ပြပါဦး" ဆက်တိုက် မေးခွန်းများ မေးလိုက်သည်။ "သေချာပါတယ်။ ကျွန်တော့်နာမည် သောင်းတင် မှတ်ပုံတင်က အိမ်မှာ ကျန်ခဲ့တယ်။ လူရွယ်က ခပ်တင်းတင်း ဖြေသည်။

"ဒါဖြင့် မင်းပိုက်ဆံအိတ်ထဲမှာ ငွေဘယ်လောက်ပါလဲ။ တခြား ဘာတွေပါသေးလဲ" ရဲတပ်ဖွဲ့ဝင်က ထပ်မေးလိုက်သည်။

"ဈေးဝယ်ဖို့ အိမ်က ထည့်ပေးလိုက်တာ သေချာမရေလိုက်ဘူး။ ခါတိုင်းလည်း ဒီလိုပဲ ယူလာတာ။ တခြားတော့ ဘာမှ မပါပါဘူး" သောင်းတင်က မရေမရာနှင့် ပြန်ဖြေသည်။ ထိုစဉ် လှေခွေဘေးနား ရောက်နေသော မောင်စိုးက "ဆရာ ဒါ ကျွန်တော့်အိတ်ပါ။ ဟိုလက်ဆွဲအိတ် အနက်ကတော့ ကျွန်တော့်ဟာ မဟုတ်ပါဘူး" ဝင်ပြောလိုက်သည်။ ရဲတပ်ဖွဲ့ဝင်က မောင်စိုးကို လှမ်းကြည့်လိုက်သည်။ ကျန်လူများကလည်း ဝိုင်းကြည့်ကြသည်။

"မင်းနာမည် ပြောပါဦး။ မှတ်ပုံတင်ရော "ရဲတပ်ဖွဲ့ဝင်က မေးလိုက်သည်။ "နာမည်မောင်စိုးပါ။ မင်းဘူးမြို့မှာ နေပါတယ်။ မှတ်ပုံတင်က အဲဒီ ပိုက်ဆံအိတ်ထဲမှာ မှတ်စုစာအုပ်ကလေးနဲ့ ထည့်ထားပါတယ်။ မောင်စိုး ပြန်ဖြေသည်။ ဒါဖြင့် ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံ ဘယ်လောက်ပါလဲ ပြောပါဦး"

"ဈေးဝယ်ဖို့ ငွေငါးသိန်း။ အလွှတ်သုံးဖို့ငွေ ငါးသောင်း အစက ငွေခြောက်သောင်း တစ်သောင်းက သုံးလိုက်လို့ ငါးသောင်း ကျန်တာ။ နောက်ပြီး ကျွန်တော့် မှတ်ပုံတင်ကတ်နဲ့ ဈေးဝယ်ဖို့ စာရင်းပါ မှတ်စုစာအုပ်ငယ်လေးလည်း ပါပါတယ်" မောင်စိုးက အတိအကျ ပြောပြလိုက်လေသည်။ သောင်းတင် ဘာမှ ဝင်မပြောတော့ ငြိမ်ကျသွားလေသည်။ ရဲတပ်ဖွဲ့ဝင်က "ကဲအားလုံးရှေ့မှာ ပိုက်ဆံအိတ်ကို ဖွင့်စစ်ကြည့်မယ်" ပြောလိုက်ပြီး။ သက်သေများကို အားလုံးရှေ့ ပိုက်ဆံအိတ် ဖွင့်ခိုင်းလိုက်သည်။ ပိုက်ဆံအိတ်ဖွင့်စစ်ကြည့်သည့်အခါ မောင်စိုးပြောသည့်အတိုင်း အတိအကျမှန်နေသည်။ "အားလုံးသက်သေများ အမြင်ပဲ။

"ကဲ ရဲတပ်ဖွဲ့ စခန်းကြမှ ထပ်စစ်မယ်" ရဲတပ်ဖွဲ့ဝင်က ခပ်ကျယ်ကျယ် ပြောလိုက်ရင်း သောင်းတင်၊ မောင်အုန်းကို

www.burmeseclassic.com

www.burmeseclassic.com



လက်သိပ်ခတ် ရဲစခန်းခေါ်သွားလေသည်။ လှဆွေ မောင်စိုးတို့ပါ ရဲစခန်း လိုက်သွားရသည်။

နေ့လည် ဆယ့်နှစ်နာရီ မောင်စိုး၊ လှဆွေတို့ ရဲစခန်းမှ ပြန်လာကြပြီး နံနက်စာကို မြို့လယ်မြန်မာထမင်းဆိုင်တွင် စားကြသည်။

“အားရှိရဲ့ ငါ့ညီ။ ဘာမှ အားမနာနဲ့။ ငါ့ညီကျေးဇူးကြောင့် အစ်ကို့ငွေတွေ ပြန်ရတာ။ ငါ့ညီကို အလွန်ပဲ ကျေးဇူးတင်ပါတယ်။ တောင်းလည်းတောင်းပန်ရဦးမယ်။ အစ်ကို့ သံသယဖြစ် .... “မောင်စိုး စကားမဆုံးခင် လှဆွေက လက်ကာလျက်···

“အို အစ်ကိုကလည်း ကျေးဇူးတင်တာတွေ၊ တောင်းပန်တာတွေ မပြောပါနဲ့ဗျာ။ ကျွန်တော်က အစ်ကိုကို ကျေးဇူးတင်ရမှာနဲ့ ကျေးဇူးရှင် အစ်ကိုရဲ့ သံသယကင်းဖို့ တုံ့ပြန်စွန့်စား ကူညီရတာကိုပဲ ဝမ်းသာမိတယ်။ အထူးသဖြင့် အစ်ကို့ရဲ့ ငွေတွေ ပြန်ရခဲ့တာ ပိုဝမ်းသာမိတယ်။ အဲဒီအချိန်မှာ စွန့်စားတယ်ဆိုတာက အမြင်အတွေး ဆက်စပ်မှုနဲ့ အရဲစွန့်ပြီး ရဲကို သတင်းပေး အကူအညီ တောင်းရတာကို ပြောတာပါ။ တကယ်လို့များ အခုလို ဖြစ်မလာရင် ကျွန်တော့် မစဉ်းစားရဲတော့ဘူး။ ရဲကလည်း မမှန်သတင်းပေးတယ် ထင်မယ်။ အတိုင်ခံရ၊ သူကလည်း တန်ပြန် ပြန်တိုင်မယ်။ အစ်ကိုကလည်း ပထမ သံသယ ပိုခိုင်မာပြီး ကျွန်တော့်ကို ကျေးဇူးရှိလို့ ကျေးဇူးပိုထုတ်တဲ့သူဆိုပြီး ပိုထင်သွားမယ်။ လိုအပ်ရင် ရဲကိုတိုင်မယ်” လှဆွေက စိတ်ထဲရှိသည့်အတိုင်း ပြောပြလိုက်သည်။


“အေးပါကွာ။ ငါ့ညီ ကျေးဇူးကြောင့် ငွေတွေပြန်ရတာ ပထမတော့ အစ်ကိုသံသယဖြစ်မိတယ်။ နောက် ငါ့ညီအစီအစဉ် လုပ်တာလဲ နားမလည်ဘူး။ တမင် အကွက်ဆင်တာလို့ပဲ ထင်မိတယ်။ အခုတော့ အားလုံး ရှင်းသွားပါပြီ။ ငါ့ညီရဲ့ စေတနာ အမှန်ကိုလည်း သိရပါပြီ။ ငါ့ညီက ရိုးရိုးအေးအေးနဲ့ အတွေးကွင်းဆက်တွေ အမြင်တွေပေါင်းစပ်ပြီး စွန့်စား ဖော်ထုတ်ပုံကို လည်း ရဲစခန်းမှူးကြီးက ချီးကျူးလိုက်သလို အစ်ကိုကလည်း လေးလေးစားစား ချီးကျူးပါတယ်ငါ့ညီ။ စိတ်အထင်မှားမိတာကိုလည်း အထူး တောင်းပန်ပါတယ်ကွာ။ ငါ့ညီ ကျေးဇူးကြောင့် အစ်ကို့ငွေတွေ တစ်ပြားတစ်ချပ်မှ မလျော့ဘဲ နာရီပိုင်းအတွင်း ပြန်ရအောင် ဆောင်ရွက်ပေးခဲ့လို့ ရဲတပ်ဖွဲ့ဝင်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ငါ့ညီကို ဂုဏ်ပြုတဲ့အနေနဲ့ ညီလေးရဲ့ အမေအတွက်ဆေးဖိုး အလှူငွေနှစ်သောင်း အစ်ကို ကုသိုလ် ပြုပါရစေ။ ငါ့ညီ လုံးဝ မငြင်းပါနဲ့နော်။ မောင်စိုးကလည်း စိတ်ထဲရှိသည့်အတိုင်း ပြောရင်း လှဆွေလက်ထဲ ငွေနှစ်သောင်း ထည့်ပေးလိုက်လေသည်။

**ထက်ကောင်းလတ်**
**(မင်းဘူး)**

www.burmeseclassic.com

www.burmeseclassic.com





# သိစေချင်တဲ့ မက္ကဆီကို အကြောင်း

ဝံထွန်း ၆၅

စောစောကတော့ မက္ကစီကိုနိုင်ငံကို တစ်ပတ်အလည်သွားမလိုပါပဲ။ TV သတင်းစာ၊ ဇာတ်ထဲမှ ရေဒီယိုသတင်းတွေမှာ မက္ကစီကိုရဲ့ မူးယစ်ဂိုဏ်းတွေအကြောင်း ဖော်ပြလာတာတွေကြောင့်လည်းကောင်း၊ အမေရိကန်အစိုးရမှ မက္ကစီကိုနိုင်ငံသို့ ခရီးမသွားကြရန် Alert ပေးထားသဖြင့်လည်း ငြိမ်နေလိုက်ပါတယ်။ မက္ကစီကိုနိုင်ငံ အကျယ်အဝန်း ၇၆၁,၆၁၀ စတုရန်းမိုင်ရှိပြီး၊ လူဦးရေက ၁၀၄ သန်းကျော်၊ ကိုးကွယ်ဘာသာက ကက်သလစ်၊ စပိန်စကားပြောဆိုကြပါတယ်။ ကြားသတင်းတွေပြောရလျှင် ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ထိ မူးယစ်ဂိုဏ်းတွေလက်ချက်ကြောင့် တစ်နှစ်မှာ တစ်သောင်းကျော် သေဆုံးကြောင်း မက္ကစီကို အစိုးရမှ သတင်းထုတ်ပြန်ပါတယ်။ အသက်က (၁၄) နှစ်၊ သူ့နာမည်က "ပင့်ချေ"တဲ့။ ဒီကောင်လေးက (၈) လခန့်အတွင်းမှာ လူ ၂၀၀ ကျော်ကို ပစ်သတ်ခဲ့ပြီးဖြစ်ကြောင်း၊ မက္ကစီကိုပုလိပ်က သူ့ကို အထူးစစ်ဆင်ရေးနဲ့ ဖမ်းဆီးခဲ့ရကြောင်း သတင်းစာရှင်းလင်းပွဲလုပ်ပါတယ်။ (၁၄) နှစ် (၁၆) နှစ် ကောင်လေးကို အလုပ်ခိုင်းရတာ သွက်လက်သမို့ မူးယစ်ဂိုဏ်းတွေအတွက် အဆင်ပြေစေတယ်။ "ပင့်ချေ"မှာ အမေက နောက်အိမ်ထောင် သစ်နဲ့ပျော်၊ အဖေဖြစ်သူလည်း နောက်အိမ်ထောင်သစ်နဲ့နေလေတော့ အဖွားနဲ့နေရတဲ့ "ပင့်ချေ"ကို မူးယစ် ဂိုဏ်းက အသုံးပြုပြီး လက်သံပြောင်စေခဲ့ကြောင်း သိကြရပါတယ်။ နှစ်လင်သုံးလင်ရပြီး မိန်းမ၊ မိန်းမ နှစ်ယောက်သုံးယောက်ယူခဲ့တဲ့ယောကျ်ား။ မက္ကစီကန်လူမျိုးမှာ အဆန်း မဟုတ်ပါဘူး။ လိမ်မယ်၊ ညာမယ်၊ ကတိမရှိ၊ ကျေးဇူးတရားဆိုတာမသိ။ အလုကြိုက်၊ မျိုးစစ်ကြိုက်၊ ပါတီကြိုက်၊ အကကြိုက်၊ မိန်းမလည်း ဘီယာကြိုက်၊ မိတ်ဆွေဖြစ်ရန် အရမ်းလွယ်ပေမယ့် မက္ကစီကန်လူမျိုးက သင့်ကို မိတ်ဆွေလို ရင်ထဲမှာ မရှိဘူးဆိုတာ သိထားပါ။ ထောင်ဝန်ထမ်းတချို့ကို ပိုက်ဆံပေး၊ ညသန်းခေါင်မှာ ထောင်ကိုပစ်ခတ်၊ အနုကြမ်းစီးကာ မူးယစ်ဂိုဏ်းမှဖမ်းထားတဲ့ လူ ၂၀၀ ကျော်ကို ၄၅ မိနစ်အတွင်း ထောင်မှလွတ်အောင် လုပ်သွားတာ မကြာခင်က ဟိုးလေးတကျော်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရေမရှိတဲ့ ရေတွင်းဟောင်းတစ်တွင်းထဲမှ လူသေအလောင်း (၅၀) ခန့်ကို တွေ့ရှိကြောင်း၊ လူသေ အလောင်းများမှာ တစ်ချိန်တည်း တစ်ပြိုင်တည်းသေတဲ့အလောင်းတွေ မဟုတ်ဘဲ နေ့ခြား၊ လခြား အလောင်းတွေဖြစ်ကြောင်း TV မှာ ထင်ထင်ရှားရှား ဖော်ပြပေးပါတယ်။

အလယ်ပိုင်း အမေရိကန်နိုင်ငံများဖြစ်သော ကွာတီမားလား၊ အဲဆာဗေဒို၊ ဟန်ဒူးရစ်၊ နီကါရာဂွါ၊ ကိုစတာရီကာနှင့် ပါနားမားများမှ အမေရိကန်နိုင်ငံသို့ တရားမဝင် ဝင်ရောက်ရန်လာသူများမှာ မက္ကစီကို နိုင်ငံကို ဖြတ်သန်းရသဖြင့် မက္ကစီကို မူးယစ်ဂိုဏ်းမှ ဖမ်းဆီးပြီး မက္ကစီကိုနိုင်ငံအတွင်း မူးယစ်ပစ္စည်းများကို ဟိုမှသည်မှ သယ်ဆောင်ရန် အသုံးချကြောင်း၊ သယ်ဆောင်ပြီးလျှင်လည်း နှုတ်ပိတ်ခအနေနှင့် ပစ်သတ်၊ မသယ်ဆောင်နိုင် ငြင်းဆန်သူများကိုလည်း ပစ်သတ်၊ မက္ကစီကို ပြန်ပေးဂိုဏ်းတွေကလည်း နိုင်ငံခြားသား များကို ပြန်ပေးဆွဲကာ မိသားစုများထံမှ ဒေါ်လာ ၁၀၀၀ မှ ၅၀၀၀ အထိ ငွေပို့ရန်တောင်းကြောင်း၊ သတ်မှတ်ရက်အမီ မပို့က ပစ်သတ်၊ ငွေရပြီးသူကိုလည်းပစ်သတ်သဖြင့် နိုင်ငံခြားသား အလောင်းပေါင်း (၁၅) လောင်းကို လူသူဝေးသော အဆောက်အဦးအဟောင်းတစ်ခု၌ ဦးခေါင်းမှာ ကျည်ဆံဒဏ်ရာများဖြင့် သေဆုံးနေကြောင်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သတင်းထုတ်ပြန်ပါတယ်။

မက္ကစီကိုနိုင်ငံရဲ့မြို့တော်ဟာ မက္ကစီ ကိုစီးတီးပါ။ လူဦးရေ (၁၈) သန်းကျော်က ထိုမြို့တော်မှာ နေထိုင်ကြ သဖြင့် ကမ္ဘာပေါ်ရှိ လူဦးရေအများဆုံး နေထိုင်သောမြို့ထဲမှာ တစ်မြို့အပါ အဝင်ဖြစ်ပါတယ်။ သင့်လက်မှ လက်ပတ်နာရီ (သို့မဟုတ်) ဆွဲကြိုးကို တစ်စုံတစ်ယောက်က ငါလိုချင်တယ် ပေးလို့ တောင်းလျှင် ညင်ညင်သာသာ မြန်မြန်သာချွတ်ပေးလိုက်ပါ။ ငြင်းနေရင်တော့ သေနတ်ထုတ်ပစ်ပြီး ယူသွားမှာပဲ။ မျက်မှန် (သို့မဟုတ်) ဦးထုပ် (သို့မဟုတ်) ဖိနပ်ကို ကြိုက်လို့တောင်းလို့မပေးရင် ပစ်သတ်ပြီး ချွတ်ယူသွားတာတွေ အံ့ဖွယ်ပါ။

မူးယစ် အရောင်းအဝယ်ကြောင့် ချမ်းသာသူတွေ မြေကြေအကျယ်ကြီးဝယ်ထားပြီး အိမ်ကြီးဆောက် ကာ အိမ်ခေါင်မိုးပေါ်မှာ ရေကူးကန်နဲ့ ရဟတ်ယဉ်ကွင်းနဲ့ လက်နက်ကိုင် လုံခြုံရေးယူထားသူတွေက ရာကျော်။ ထိုချမ်းသာသူရဲ့ ဆွေမျိုး (သို့မဟုတ်) ယုံကြည်ရတဲ့ မိတ်ဆွေတွေကို လူနဲ့လက်နက်အပြည့် တပ်ဆင်ပေးပြီး နေရာနယ်မြေသစ်တွေခွဲကာ မူးယစ် ဂိုဏ်းလုပ်စေပါသတဲ့။ သူတို့ရဲ့လက်နက်တွေက လည်း စစ်တပ်နဲ့ယှဉ်တိုက်နိုင်တဲ့ လက်နက်တွေ ပိုင်ဆိုင်ထားကြတယ်။ ဒီဂိုဏ်းတွေက ပုလိပ်တွေကို နှုတ်ပိတ်၊ မျက်စေ့ပိတ်၊ ငြိမ်ထားနိုင်တယ်။ သူတို့နဲ့ အဆင်မပြေရင်တော့ အိမ်ကမိသားစု ရုပ်ပျက်ဆင်းပျက် သေပွဲပဲ။ မက္ကစီကိုနိုင်ငံဟာ တစ်ဖက်က ပစိဖိတ်ကမ်းခြေ နောက်တစ်ဖက်က Gulf . of Mexico ပင်လယ်ကွေ့ရှိသမို့ ကမ္ဘာတစ်ဖွမ်းမှာ အပန်းဖြေရန် မက္ကစီကိုနိုင်ငံကို အလုံးအရင်းနဲ့လာရောက် လည်ပတ်ကြပါတယ်။ အမေရိကန်နဲ့လည်း မိုင် ၂၀၀၀ ကျော် ထိစပ်နေတဲ့နိုင်ငံတစ်ခု ပါ။ လက်နက်မျိုးစုံကို အမေရိကန်ကရယူပြီး မူးယစ်ဆေးကို ကိုလံဘီယာမှရယူကာ တစ်ကမ္ဘာလုံးကို နည်းမျိုးစုံနဲ့တင်ပို့နေ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကမ္ဘာ့မာဖီးယားဂိုဏ်းတွေဟာ မက္ကစီကိုမှာပဲ အခြေချလှုပ်ရှားနေကြပါ တယ်။

အခုတော့ မက္ကစီကိုနိုင်ငံကို Danger Zone အဖြစ် သတ်မှတ်ခံနေရတော့ မက္ကစီကိုသမ္မတထံမှ မူးယစ်ဂိုဏ်းအားဖြို ခွင်းရန် စစ်တပ်ကို အမိန့်ပေးထားကြောင်း ကြားသိရပါတယ်။

စံထွန်းရွှေ

**LOS ANGELES U.S.A**

## မိလ္လာကျင်းထဲပြုတ်ကျသွားတဲ့ မိုဘိုင်းဖုန်းကိုပြန်ဆယ်ရင်း သားအမိနှစ်ယောက်သေဆုံး

တရုတ်နိုင်ငံ၊ XinXiang မြို့က သားအမိနှစ်ယောက်ဟာ ပေါင် ၁၈၀ တန်ကြေးရှိတဲ့ မိုဘိုင်းဖုန်းတစ်လုံးကို မိလ္လာကျင်းထဲက ပြန်ဆယ်ရင်း သေဆုံးသွားကြပါတယ်။

သေဆုံးသွားတဲ့ အမျိုးသားရဲ့ဇနီးဖြစ်သူဟာ အိမ်သာသွားရင်း လက်တလော ဝယ်ထားတဲ့ ဖုန်းသစ်တစ်လုံးကို ဒူးခေါင်းလောက်နက်တဲ့ အဖုံးပွင့်မိလ္လာကျင်းထဲ ပြုတ်ကျခဲ့ရာကနေ ယင်းကဲ့သို့ဝမ်းနည်းစရာဖြစ်ရပ်စတင်ခဲ့တာပါ။

ဖုန်းကို ယောကျ်ားဖြစ်သူက အိမ်သာကျင်းထဲ ခုန်ချ ဆယ်ရင်းနဲ့ မူးမေ့လဲကာ အိမ်သာကျင်းထဲနစ်ခဲ့ပါတယ်။ ပြုတ်ကျသွားတဲ့ အမျိုးသားကို သူ့ရဲ့အမေဖြစ်သူ ဝင်ကယ်တဲ့ အခါမှာလည်း အလားတူကံကြမ္မာနဲ့ တိုးခဲ့ပြီး မူးမေ့လဲကာ သားအေးနားကို ပြုတ်ကျသွားခဲ့ပါတယ်။ မိန်းမဖြစ်သူကလည်း ခုန်ချကယ်ဆယ်ခဲ့ပေမယ့် အနံ့အသက်တွေကြောင့် မူးမေ့သွားခဲ့ပြန်ပါတယ်။

အိမ်နီးနားချင်းတွေဟာ ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းခဲ့ပြီး ဇနီးဖြစ်သူကို အသက်အန္တရာယ်က ဆွဲတင်ကယ်ဆယ်နိုင်ခဲ့ပေမယ့် ခင်ပွန်းနဲ့ ယောက္ခမကတော့ သေဆုံးသွားခဲ့ပါတယ်။

ဝင်ရောက်ကယ်ဆယ်ခဲ့တဲ့ အိမ်နီးချင်းသုံးဦးပါ မူးမေ့လဲပြီး မိလ္လာကျင်းထဲ ပြုတ်ကျခဲ့ပေမယ့် ဒဏ်ရာအနာတရ ရခဲ့ယုံကလွဲလို့ အသက်ဆုံးရှုံးမှုမရှိခဲ့ဘူးလို့ Metro သတင်းဌာနက တင်ပြထားပါတယ်။

**Ref: Internet News**

www.burmeseclassic.com

www.burmeseclassic.com





## မက္ကဆီကို မိသားစုများပိုင် လက်နက်များကို အစိုးရ ဒေါက်ပုံကြေးပေးပြီး သိမ်းဆည်း

မက္ကဆီကို နိုင်ငံတွင် မိသားစုအားလုံးနီးပါးသည် လက်နက်ငယ် အမျိုးမျိုးကို ကိုင်ဆောင်ပိုင်ဆိုင်ထားသဖြင့် အကြောင်းအမျိုးမျိုးကြောင့် လူသတ်မှု ထူပြော များပြားသော နိုင်ငံဖြစ်ခဲ့ရသည်။ ထိုဖြစ်ပေါ်မှုများကို တရားဥပဒေအရ ဖြေရှင်းနိုင်ရန် မိသားစုများ လက်ဝယ်ရှိ သေနတ်များကို အစိုးရက လက်ငင်းငွေချေခြင်း၊ မိသားစု လိုနေသော လူသုံးကုန်ပစ္စည်းပေး ပြီး သေနတ်ကို အစိုးရထံ အပ်စေခြင်းနှင့် စိတ်ကောင်း စေတနာဖြင့် အစိုးရထံ လက်နက်အပ်စေခြင်းများ ဆောင်ရွက်ခဲ့ရာ ထိုစီမံချက် အကောင် အထည်ဖော်သည့် အနေဖြင့် မက္ကဆီကိုမြို့တော်တွင် တပ်မတော်သားတို့က တစ်အိမ်တက်ဆင်း မှတ်ပုံတင် စာရင်းကောက် ဆောင်ရွက်ခဲ့သည်။

**Ref: XIN HUA News**

ညီမင်းလွင် (မော်ကျွန်း)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ဒီလိုမျိုးရှိတယ်

သာမုရေမြ ဂျုန်း ရှိန်

၂၅-၅-၂၀၁၀ နေ့နံနက် လင်းဦးစမျှသာ ရှိသေး၏။ အိပ်ရာထဲမှာ ဇိမ်ရစ်၍ကောင်းသော အချိန် ဖြစ်သည်။ အိမ်ရှေ့မှ ခပ်လောလော တံခါးခေါက်လိုက်သောအသံကြောင့် ဦးလှဘုန်းရင်ထဲမှာ ရှေရွတ်ဂိသွားသည်။

"စောစောစီးစီးကွာ"

ထိုစဉ် အိပ်ရာကနိုးထနေပြီဖြစ်သော ဦးလှဘုန်းသမီး မချိုက အိမ်ရှေ့တံခါးဆီသို့ လျှောက်သွားသည်။ ဦးလှဘုန်းလည်း ...

"စောစောစီးစီးမှာ ဘယ်ကဘယ်သူ ဘာကိစ္စနဲ့ တံခါးလာခေါက်တာလဲ။ ကောင်းသောခေါက်ခြင်း ဖြစ်ပါစေ" ဟုတွေးတောဆု တောင်းပြီး အိပ်ရာမှထလိုက်၏။ ထိုစဉ် သမီးဖြစ်သူ တံခါးကို ဖွင့်လိုက်ပြီး ...

"ဘာကိစ္စရှိလို့ပါလဲရှင့်"

ဟု အပေါက်ဝမှရပ်၍ မေးလိုက်သည်။ ဦးလှဘုန်းလည်း တံခါးဆီ ဖျတ်ခနဲလှမ်း ကြည့်လိုက်၏။

ဆက်သွယ်ရေးဌာန ယူနီဖောင်းနှင့် အသက် (၄၀) လူ ရာစ်ယောက်ကို တွေ့မြင်ရသည်။ သူက ဦးလှဘုန်းကို လှစ်ခနဲလှမ်းကြည့်၏။ ပြီးတော့ သမီးမေးသည်ကို မဖြေဘဲ သမီးကိုပြန်မေးသည်။

"ဒါ တိုက်အမှတ် ၁၄/ အခန်းအမှတ် (×××) မှာနေတဲ့ ဦးလှဘုန်းအခန်း ဟုတ်ပါတယ်နော်"

"ဟုတ်ကဲ့ပါ။ ဦးလှဘုန်းအခန်းပါ။ ဘာကိစ္စရှိလို့ပါလဲရှင့်"

သမီးက မှန်ကန်ကြောင်း ဖြေပြီး တစ်ဆက်တည်းမှာ မေးခွန်းထုတ်လိုက်သည်။

"ဆက်သွယ်ရေးမှာ ဖုန်း လျှောက်ထားတယ် မဟုတ်လား"

ထိုသူက မေးပြန်၏။

ထိုမေးခွန်းကို သမီးမချို မဖြေနိုင်သဖြင့် သူ့အဖေ ဦးလှဘုန်းကို လှမ်းကြည့်သည်။

"လျှောက်ထားတယ်ကွဲ့။ ၂၀၀၇ ခုနှစ်ကလျှောက်ခဲ့တာ"

ဦးလှဘုန်းက လှမ်းဖြေ လိုက်၏။

"ဩော် ... ဟုတ်ကဲ့ အဲ ကိစ္စကို လာအကြောင်းကြားတာ

www.burmeseclassic.com



ပါ။ ဦးနာမည်နဲ့ ဖုန်းရပါတယ် ခင်ဗျ"

"ကျေးဇူးတင် ဝမ်းသာလိုက်တာကွယ်။ အိမ်ထဲဝင်ထိုင်ပါဦး။ အိမ်ပေါက်ဝကြီးမှာ ရပ်လို့။ လာပါ တူမောင်ရဲ့။ ဝင်ထိုင်ပါ"

ဦးလှဘုန်းမှာ ဖုန်းရတော့မည့်သတင်းကို ကြားလိုက်ရသဖြင့် ထိုသူအား အိမ်ထဲဝင်ထိုင်ရန် ဝမ်းမြောက်ဝမ်းသာ ဖိတ်ခေါ်သည်။ သူကိုယ်တိုင်လည်း ဧည့်ခန်းသို့သွား၍ ဆိုဖာတစ်လုံးပေါ်မှာထိုင်လိုက်၏။

"ဟုတ်ပါတယ်ရှင့် အထဲဝင်ထိုင်ပါဦး"

ဦးလှဘုန်းသမီး မချိုကလည်း ပျားရည်ပေါ် သကာလောင်းသောအပြုံးနှင့် လောကွတ်ပျူငှာ ဖိတ်ခေါ်သည်။ တံခါးပေါက်မှလည်း ဖယ်ပေးလိုက်သည်။

"ကျွန်တော်က ဆက်သွယ်ရေးရုံးက အေအီးကျော်ကျော်ပါ"

ထိုသူက ဆိုဖာအလွတ်တစ်လုံးမှာဝင်ထိုင်ပြီး သူ့ကိုယ်သူမိတ်ဆက်၏။

"အေးကွယ် သိရတာ ဝမ်းသာပါတယ်။ အခုလို စောစောစီးစီး အကြောင်းလာ ကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး ဦး။ ကျွန်တော် သတင်းပေးလိုက်လို့ ဦးတို့မိသားစုမှာ ဝမ်းသာပီတိ ဖြစ်သွားတယ်ဆိုရင် ကျွန်တော့်မှာလည်း ဝမ်းသာပီတိ ဖြစ်ရတာပါပဲ"

"အေးကွယ် စေတနာရောင်ပြန်ဟပ်တယ်ဆိုတာ အဲဒါမျိုးပေါ့။ တူမောင်က လူများအပေါ်မှာ မေတ္တာစေတနာထားပြီး အကြောင်းကြားပေးတော့ ကြားသိရသူများဆီက မေတ္တာစေတနာတွေ တုံ့ပြန်ရရှိပြီး ဝမ်းသာကြည်နူးမှုတွေကို ခံစားရတော့တာပေါ့"


ဦးလှဘုန်းက တလိုက်တလှဲ ချီးကျူးလိုက်သည်။ ထိုစဉ် သမီးဖြစ်သူ မချိုက ကော်ဖီပူပူနှင့် ကိတ်မုန့်ပန်းကန်လေး လာချပေး၏။

"သောက်လိုက်ပါဦးကွဲ့။ ပူပူလေး မုန့်လည်းစားနော်"

ဦးလှဘုန်းက စေတနာကြွယ်ကြွယ် တိုက်တွန်းသည်။ အေအီးကျော်ကျော်ဆိုသူက -

"ဟုတ်ကဲ့ပါ ဦး"

ဟု ပြန်ပြောပြီး ကော်ဖီပန်းကန်ကို ယူသောက်သည်။ ကိတ်မုန့်ကိုလည်း နှိုက်စား၏။ သူစားသောက်သည်ကို ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ခမျာ စောစောစီးစီး အကြောင်းလာကြားပေး ရတာဆို တော့ ဘာမျှ စားသောက်မလာခဲ့ ဘူး ထင်ပါရဲ့" ဟု ဦးလှဘုန်း ရင်ထဲမှာ ကရုဏာစမ်းချောင်း လေး စီးဆင်းသွားသည်။

အအေးအီး ကျော်ကျော်က တော့ ဦးလှဘုန်း၏ ကရုဏာကို သိဟန်မတူ။ ကော်ဖီတစ်ခွက်နှင့် ကိတ်မုန့်တစ်ချပ် ကုန်အောင်စား သောက်ပြီး သူ့ဘောင်းဘီအိတ်ထဲ က အမွေးပွ လက်ကိုင်ပဝါလေး ကိုထုတ်၍ပါးစပ်ကိုသုတ်သည်။

"ဖုန်းက ဘာဖုန်းလဲရှင့်။ G.S.M လား။ ကြိုးဖုန်းလား"

အအေးအီးကျော်ကျော် စား သောက်၍အပြီးတွင် မချိုက သူ့ အဖေ ဘေးနားသို့ဝင်ထိုင်ရင်း မေးလိုက်၏။

"ကြိုးဖုန်းခင်ဗျ။ ပြန် ရောင်းမယ်ဆိုရင် အမြတ်ရ တယ်။ ဒါပေမယ့် မရောင်းပါနဲ့ ဗျာ။ ကိုယ့်ဘာသာပဲ သုံးပါ။ သူက ကိုယ့်ဆီက အထွက်သာ ပေးရတာ၊ အဝင်ကိုပေးဖို့မလိုဘူး ဆိုတော့ သက်သာတာပေါ့"

ဟု ပြောပြီး တစ်ဆက် တည်း လမ်းညွှန်မှုပေး၏။

"ဦးတို့သွားရင် လမ်း(၄၀) ကရုံးကို သွားရမှာနော်။ အဲဒီမှာ ဦးသန်းမြင့်ဆိုတာ ရှိတယ်။ သူနဲ့ ဆက်သွယ်လိုက်ရင် လိုအပ်တာ တွေ အားလုံး လုပ်ပေးလိမ့်မယ်။ သူ့ဆီက ပြီးတော့မှ ရွှေဂုံတိုင်ရုံး ကိုသွားရမှာ။ ဦးတို့သွားရင် စောစောသွားနော် (၁၁) နာရီမှာ အစည်းအဝေးရှိတယ်။ ဟိုမှာ သီပ်လည်း ကုန်စရာမလိုပါဘူး။ လေးထောင့်ရှစ်ရာပဲ ကျပါတယ်။ ဦးတို့မသွားအားဘူးဆိုရင် ကျွန် တော် အားလုံး အပြီးအစီးလုပ်ပေး ပြီး စာရွက်စာတမ်းတွေ လာပို့ ပေးပါမယ်"

သူက စကားအဆုံး သတ် ပြီး ဦးလှဘုန်းတို့ သားအဖကို ကြည့်သည်။ ဦးလှဘုန်းနှင့် အကြည့် ဆုံမိသောအခါ မျက် တောင် ပုတ်ခတ်ပုတ်ခတ်လုပ်၍ လွှဲဖယ်သွား၏။

"သူ့ခမျာ အပိုဝင်ငွေ ရချင် ရှာလို့ စောစောစီးစီး လာ အကြောင်းကြားပေးရတာ။ ဒီ အချိန်က အိမ်မှာ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး အမျှပေးဝေ မေတ္တာ ပို့နေရမယ့် အချိန်"

အအေးအီးကျော်ကျော် ဆိုသူ ကိုကြည့် ဦးလှဘုန်း ရင်ထဲမှာ ကရုဏာ လှိုင်းခတ် သွားပြန် သည်။ သို့ဖြင့် သူ စောစောထ၍ လာပြောကျိုးနပ် ပါစေတော့ဟု တွေး၍ သမီးမချိုကို သူ့စားပွဲ ပေါ်မှ ဒိုင်ယာရီ စာအုပ်အယူခိုင်း လိုက်၏။

မချိုက ဒိုင်ယာရီ စာအုပ် ကို ယူပေးလိုက်သောအခါ စာ အုပ်ကိုလှန်ရင်းပြောသည်။

"ဦးမှာလည်း အလုပ်က မအားဘူးကွဲ့။ အပန်းမကြီးဘူးဆို ရင် တူမောင်ကပဲ အကျိုးဆောင် ပေး စေချင်တယ်ကွယ်။ ဦး ပိုက် ဆံပဲပေးလိုက်ပါရစေ"

"ရပါတယ် ဦး၊ ပေးလိုက် ပါ။ ကျွန်တော် အပြီးအစီး လုပ် ဆောင်ပြီး လာပို့ပေးပါမယ်။ ကျွန်တော် အအေးအီးကျော်ကျော်ဆို တာကိုလည်း ရေးမှတ်ထားလိုက် ပါဦး"

သူက ကိုယ်ကိုကိုင်းညွှတ် ၍ ရိုကျိုးစွာပြော၏။ ဦးလှဘုန်း က ...


"ရပါတယ်ကွယ်"

ဟုပြောပြီး သူ့ဒိုင်ယာရီ စာအုပ်ကြားတွင်ညှပ်ထားသော တစ်ထောင်တန် ငွေစက္ကူ (၅)

www.burmeseclassic.com

www.burmeseclassic.com





ရွက်ကို ထုတ်ယူလိုက်ပြီး …

"ရှော့ကွယ် တူမောင်"

ဟု လှမ်းပေးသည်။ အေအီးကျော်ကျော်က လက်နှစ်ဖက်ဖြင့် တရိုတသေယူပြီး …

"ကျွန်တော် အောင်ချမ်းသာ (၂) လမ်းက အိမ်တစ်အိမ်ကို သွားအကြောင်းကြားပေးရဦးမှာမို့လို့ ခွင့်ပြုပါဦးခင်ဗျာ"

ဟု ပြောပြီး နှုတ်ဆက်၍ ထွက်သွားသည်။

"စောစောစီးစီး မင်္ဂလာသတင်းယူလာပေးတဲ့ အေအီးမောင်ကျော်ကျော် ကျန်းမာချမ်းသာပါစေ။ ကောင်းသောလိုရာဆန္ဒများ ပြည့်ဝပါစေ"

ဦးလှဘုန်းက သူ့ ကျောပြင်ကို မျက်စိတစ်ဆုံး လိုက်ကြည့်ရင်း ဆုတောင်း မေတ္တာပို့ပေးသည်။ ပြီးတော့ သမီးမချိုဘက်လှည့်၍ ပြောလိုက်ပြန်၏။

"သူတစ်ပါး အကျိုးကိုရွက်ဆောင်သောပုဂ္ဂိုလ်သည် လူပေါင်းများစွာ၏ စိတ်ကို စောင့်ရှောက်၏။ တရားကို စောင့်ရှောက်သော ထိုသူမျိုးကို နတ်များက စောင့်ရှောက်၏။အကြားအမြင်လည်းများ၊ သီလနဲ့လည်းပြည့်စုံ၊ တရားဥ္စလည်း တည်သော ထိုပုဂ္ဂိုလ်အား ဂုဏ်သတင်းကျော်စောခြင်းသည် စွန့်ခွာခြင်းမရှိတဲ့ သမီးရဲ့။ ပဉ္စက အင်္ဂုတ္တိုရ်၊ သပ္ပုရိသသုတ် ဟောထားတာရှိတယ်"

ဟုပြောပြီး ကျေနပ်စွာ ပြုံးလိုက်လေ၏။

ထိုနေ့နံနက် ဦးလှဘုန်းတစ်ယောက် မျက်နှာသစ်၊ သွားတိုက် ရေချိုးသန့်စင်ခြင်း ကိစ္စများပြီးသောအခါ ဘုရားရှိခိုး၊ ပုတီးစိပ်၊ ပရိတ်တရားတော်များရွတ်၍ အမျှဝေ၊ မေတ္တာပို့ခြင်းတို့ကို စိတ်ကြည်လင်စွာ ပြုလုပ်၍ နံနက်စာကို ကြည်နူးစွာ သုံးဆောင်ရလေသည်။ သားအဖ နှစ်ယောက်တည်းသာရှိသဖြင့် ထွေလီကာလီကိစ္စမများချေ။ သမီးမချိုက ချက်ပြုတ်ဖို့ ပြင်ဆင်နေ၍ ဦးလှဘုန်းက ငြိမ်းငြိမ်းချမ်းချမ်း စာထိုင်ဖတ်နေလိုက်သည်။

ဘယ်လောက်ကြာအောင် စိတ်ဝင်စားစွာ ဖတ်နေလိုက်မိသည် မသိ။ ကမာရွတ်၊ လှည်းတန်းဈေး အနီးတွင်နေသော တူတော်မောင် ကြည်သာလင်း ရောက်လာ၍ နှုတ်ဆက်တော့မှ စာအုပ်ကိုချ၍ စကားပြောဖြစ်တော့၏။ စကားထဲတွင် စောစောစီးစီး ရောက်လာသော အေအီးကျော်ကျော်အကြောင်း ပါလာသောအခါ တူတော်မောင် ကြည်လင်းက …

www.burmeseclassic.com



"ဟာ … ဦးလေး ပါ သွားပြီ"

ဟု အော်ပြောလိုက်လေ၏။ ဦးလှဘုန်းက သူ့တူ ကြည်သာလင်းကို စူးစူးကြည့်ပြီး …

"ဘာပါသွားတာလဲကွ"

ဟု ခပ်ဆတ်ဆတ် မေးပစ်လိုက်သည်။

"ဦးလေး အခုပြောပြတာ တစ်ထေရာတည်းပဲ ကျွန်တော်တို့ လှည်းတန်းဈေးနားက နှစ်အိမ် သုံးအိမ်မှာ ဝင်ပြောပြီး ပိုက်ဆံတွေယူသွားတာ ပြန်မလာတော့ဘူး။ ဆက်သွယ်ရုံးကို လိုက်စုံစမ်းတော့မှ လိမ်သွားမှန်းသိကြရတယ်ဦး။ အဲဒီလူပုံက အသားညိုညိုနဲ့ လမ်းလျှောက်ရင် ခြေထောက်က လိမ်ဖယ် လိမ်ဖယ်နဲ့တဲ့"

မောင်ကြည်လင်းက လူပုံစံနှင့်တကွ ပြောလိုက်တော့ ဦးလှဘုန်းမှာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ပြီးတော့ တစ်ယောက်တည်းပြောသကဲ့သို့ တီးတိုးရေရွတ်သည်။

"ဒီလိုမျိုးလည်း ရှိသေးသကိုး"

"ဦးလေးရယ် ရှိလို့ပဲ ခံလိုက်ရပြီမဟုတ်လား"

"အင်း … အင်း … အဲဒါကြောင့် ရွှံ့ကိုလုပ်ထားသော နားတောင်း ကဲ့သို့လည်းကောင်း၊ ရွှေရည်စိမ်ထားသော နှစ်ပြားတန် ကြေးနားကပ်ကဲ့သို့လည်းကောင်း၊ အတွင်းမစင်ကြယ်ဘဲ ဂုဏ်ပကာသန အဆောင်အရောင်တို့ဖြင့်ဖုံးကာ အပြင်ပန်းအားဖြင့် လူကောင်းသူကောင်း လုပ်နေကြသူတွေ လောကမှာ များစွာရှိလေသည်လို့ ကောသလသံယုတ်မှာ မြတ်စွာဘုရားရှင် ဟောကြားခဲ့တာ"

ဟု ပြောပြီး ဦးလှဘုန်း တစ်ယောက် ခေါင်းတညိတ်ညိတ်လုပ်နေတော့သည်။

သာစုမြေ- ဘုန်းရှိန်

www.burmeseclassic.com

www.burmeseclassic.com



# အယ်ဒီတာ ပြန်ကြားလွှာ

(၁) ဖြစ်ရပ်မှန်သည် အနယ်နယ် အရပ်ရပ်မှ စာဖတ်သူတို့၏ ဆန္ဒနှင့်ကိုက်ညီမည့် ကဏ္ဍသစ်နှင့် အစီအစဉ်များကို တိုးချဲ့ဖော်ပြလျက်ရှိပါသည်။

(၂) တိုးချဲ့ကဏ္ဍသစ်အဖြစ် ဖြစ်ရပ်မှန်မဂ္ဂဇင်းတွင် ရေးသားဖော်ပြ လှူကြိုက်များခဲ့ဖူးသည့် စာရေးဆရာ ကလောင်ရှင်တို့၏ စာများကို ပြန်လည်ဆန်းသစ်မှုအဖြစ် ရံဖန်ရံခါ ဖော်ပြထားပါသည်။

(၃) ဤသို့ ပြန်လည်ဆန်းသစ်မှုကဏ္ဍတွင် ဖော်ပြထားသော စာများအတွက် ညာဏ်ပူဇော်ခကို အိမ်တိုင်ရာရောက် ပို့ပေးမည် ဖြစ်သော်လည်း လက်လှမ်းမမီသော ဆရာများအတွက် ညာဏ်ပူဇော်ခကို ကိုယ်တိုင်သော်လည်းကောင်း သက်ဆိုင်သူမှသော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော် လည်းကောင်း မဂ္ဂဇင်းတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(၄) နယ်မှ စာရေးဆရာ ကလောင်ရှင်များအနေနှင့် ညာဏ်ပူဇော်ခကို ကိုယ်တိုင်မထုတ်နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူစေလိုပါသည်။

(၅) ဖြစ်ရပ်မှန်သို့ စာမူများပို့ပေးနေသော အနယ်နယ် အရပ်ရပ်မှ စာရေးဆရာ ကလောင်ရှင်များကို ကျေးဇူးတင်ရှိပါကြောင်း ပြန်ကြားရင်း ဖြစ်ရပ်မှန်မဂ္ဂဇင်းအတွက် ပို့ထားသော စာမူများကို အခြား တိုက်များသို့ မိတ္တူပွားချ၍မပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာ

www.burmeseclassic.com

www.burmeseclassic.com





# မြို့ကလေးတစ်မြို့၏ သိုင်းဝိုင်းရည်

မင်းရာဇာ

လွန်ခဲ့သော အနှစ် ၃၀ လောက်က မြန်မာပြည် မြေလတ်ပိုင်း မြို့ကလေး တစ်မြို့ဖြစ်သည့် အောင်လံမြို့တွင် ကျွန်ုပ်သည် အမှုစစ် ဒုရဲအုပ် တာဝန်ဖြင့် မြို့မရဲစခန်း၌ တာဝန်ထမ်းဆောင်လျက် ရှိခဲ့ပါသည်။ မိုးအကုန် ဆောင်းအကူး ရာသီဥတု သာယာသော နံနက်ခင်းတစ်ခုတွင် ကျွန်ုပ်သည် ရဲစခန်းရုံးခန်းအတွင်း၌ ရှိနေပြီး မိမိစစ်ဆေးဆဲဖြစ်သည့် အမှုတွဲများအတွက် လိုအပ်သည်များကို ဆောင်ရွက်လျက်ရှိပါသည်။

ထိုစဉ် စခန်းရုံးနှင့်ကပ်လျက်ရှိသည့် အချုပ်ခန်းအတွင်းမှ "မာလာရေ"ဟု ခေါ်လိုက်သော ယောကျ်ားတစ်ယောက်၏ ခေါ်သံ ကြားလိုက်ရပြီး မကြာမီ မာလာဆိုသော မိန်းကလေး၏ "ရှင် အစ်ကိုကြီး" ဟု ပြန်ထူးသံကို ကြားလိုက်ရပါသည်။

အချုပ်ခန်းကို ဘားတိုက်ပုံ သဏ္ဌာန် တည်ဆောက်ထားပြီး အလယ်တွင် အုတ်နံရံကိုအလျားလိုက် ကာရံထားပါသည်။ အုတ်နံရံမှာ အမိုးအထိ မရှိဘဲ အပေါ်ပိုင်းကို သံဇကာဖြင့်ပိတ်ပြီး ကာထားကာ အချုပ်ခန်း၏ တောင်ဘက်ခြမ်းမှာ အမျိုးသား တရားခံများ၊ မြောက်ဘက်ခြမ်းမှာ အမျိုးသမီး တရားခံများ ထားပါသည်။ တစ်ဖက်နှင့်တစ်ဖက် လှမ်းခေါ်လျှင် အသံကြားရပါသည်။

"အစ်ကိုကြီးကို သီချင်း တစ်ပုဒ်လောက် ဆိုပြပါ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အသံများ ဆက်တိုက် ကြားရပြီး မကြာမီ မာလာ၏ သီချင်းသံလေး ထွက်ပေါ်လာပါတော့သည်။

"မာလာငုံဖူးပွင့်တဲ့ ပန်းဥယျာဉ်ထဲမှာ ဖြူနီဝါလိပ်ပြာလေးတွေ ဝဲကာ…ဝဲကာ… ပုစွန်ဆိတ်လေး ဘယ်လိုငယ် ပင်လယ် ကူးတတ်တယ်…"

ဂီတစာဆို မောင်ကြေးမုံ ရေးစပ်ပြီး မေဆွိသီဆိုထားသည့် နာမည်ကြီး တေးစီးရီးမှ ပုစွန်ဆိတ် သီချင်းကို အစအဆုံး ပိုင်နိုင်စွာ သီဆိုနေသော မာလာအမည်ရှိ မိန်းကလေး၏ အသံမှာ ကျွန်ုပ်၏ နားတွင် လွန်စွာမှ နဝင်ပီယံ ရှိလှပါတော့သည်။ မေဆွိအသံထက်ပင် ပို၍ကောင်းသည်ဟု ခံစားမိပါသည်။ ကျွန်ုပ်လည်း မာလာ၏ သီချင်းသံစဉ်တွင် နစ်မျောနေရင်းမှ ကင်းစောင့်ရဲဘော် တစ်ဦးကို မာလာနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ ထိုရဲဘော်က-

"ဒီလို ဆရာရေ သူ့နာမည်က မာလာတဲ့။ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ညဘက် မတ်တရောင် လှည့်တဲ့ ရဲကင်းအဖွဲ့က မာလာကို တွေ့ပြီး ဖမ်းလာတာ။ ရဲအက်(၃၅) နဲ့ အမှုဖွင့်ထားတယ်။ မာလာက ပြည်မြို့ကနေ ဒီကို ရောက်လာတာ၊ ပြည့်တန်ဆာ အလုပ်လုပ်ဖို့ ညဘက် ထွက်လာတုန်း ပတ်တရောင် အဖွဲ့က ဖမ်းမိတာ"

ကင်းစောင့်ရဲဘော်က ရှင်းပြပါတယ်။ ကျွန်ုပ်သည် မာလာကို အကဲခတ် ကြည့်ရှုသောအခါ ထမိန်စိမ်းစိမ်း၊ အင်္ကျီအဖြူကျောင်းသူပုံစံ ဝတ်ဆင်ထားပြီး အရပ်အမောင်း ကောင်းကောင်းနှင့် ညိုချောလေး ဖြစ်နေသည်ကို တွေ့ရပါတော့သည်။ သူမ၏ အသက်မှာ ၁၈ နှစ်ခန့်ရှိပေလိမ့်မည်။ အကယ်၍သာ မာလာသည် ပြည့်တန်ဆာ တစ်ယောက် မဟုတ်ဘဲ အဆိုတော် တစ်ယောက် ဖြစ်ခဲ့ပါလျှင် မာလာ၏ သာယာသော သီချင်းသံလေးကို ကြားရသူအပေါင်းသည် အဆိုတော် မေဆွိကို မေ့ကောင်း မေ့သွားကြလိမ့်မည် ထင်ပါသည်။

တစ်နေ့သော ညနေခင်းတွင် ရဲစခန်းအတွင်း၌ စခန်းမှူးရဲအုပ် ဦးအောင်ညွန့်တင်က ကျွန်ုပ်အား….

"ဦးဇော်ဝင်း မနက်ဖြန် မနက် မကွေးတိုင်း ရဲမင်းကြီးလာပြီး စခန်းကို စစ်လိမ့်မယ်။ ခင်ဗျားက မနက်ဖြန်မှာ တာဝန်မှူးကျတော့ စခန်းအတွင်းနဲ့ အချုပ်ခန်း အတွင်းကို သေသေချာချာ စစ်ဆေးပြီး အပြစ်ပြော မခံရအောင် လုပ်ထားပါ"ဟု မှာကြားပါသည်။

ကျွန်ုပ်လည်း "ဟုတ်ကဲ့ ဗိုလ်ကြီး သေသေချာချာ လုပ်ထားပါ့မယ်"ဟု ပြောဆိုပြီး မကြာမီ အချုပ်ခန်း ဘားတိုက်သို့ ဝင်ရောက်ကာ အချုပ်သားများအား စည်းကမ်းတကျ နေထိုင်ရန် ကြိုတင် မှာကြားရပါသည်။ အချုပ်ခန်းအတွင်း စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ကျွန်ုပ်နှင့် အခြားအမှုစစ် အရာရှိများသည် လက်ကျန်အမှုများအား လိုအပ်ချက်များ ဖြည့်စွက်ခြင်း၊ တရားစွဲတင်ရမည့် အမှုများအား အမြန်ဆုံး စွဲတင်နိုင်ရန် စီစဉ်ခြင်း စသဖြင့် မိမိဘက်မှ လိုအပ်ချက် မရှိအောင် အလုပ်လုပ်လျက် ရှိနေကြပါတော့သည်။

နောက်တစ်နေ့ နံနက် (၄)

www.burmeseclassic.com

www.burmeseclassic.com



# တွေ့ကြုံရ ခံစားမှုများ

နာရီမှာတော့ ကျွန်ုပ်တာဝန် မှူးအဖြစ် စတင်တာဝန် ထမ်းဆောင်ပါသည်။ ရှေးဦးစွာ ကင်းစောင့်ရဲအဖွဲ့အား ယူနီဖောင်း ဝတ်စားဆင်ယင်မှု သပ်သပ်ယပ်ယပ် ရှိစေရန် စစ်ဆေးရပါသည်။ ကင်းအဖွဲ့၏ ရှေ့မှ ရဲမင်းကြီး၏ကား ဖြတ်သွားသည့်အခါ စနစ်တကျ အလေးပြုရန် မှာကြားရပါသည်။ အချုပ်ဆောင်အတွင်းမှ တရားခံ အမျိုးသား၊ တရားခံ အမျိုးသမီးများကိုလည်း ရဲမင်းကြီး လာမည်ဖြစ်သဖြင့် စည်းကမ်းတကျ ငြိမ်သက်စွာ နေကြရန် ပြောထားရပါသည်။ ထိုအချိန်က မကွေးတိုင်း ရဲမင်းကြီးမှာ ဘီအေဘသင်ခေါ် ရဲမှူးကြီးဘသင် ဖြစ်ပါသည်။ ၎င်း ရဲမင်းကြီး၏ ထူးခြားချက်မှာ မြို့နယ်မှူး၊ စခန်းမှူးတို့နှင့် ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံခြင်း မရှိ။ ဦးစားပေးခြင်း မရှိ။ အောက်လက်အောက်ငယ်သား အခြားအဆင့် ဝန်ထမ်းများကိုသာ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံလေ့ ရှိပါသည်။ စခန်းတွင် ထမင်းစားသည့် အခါမှာလည်း အသားငါးများ ဖွယ်ဖွယ်ရာရာ လုပ်ပေးစရာ မလိုဘဲ ခရမ်းချဉ်သီး ငပိချက်၊ တမာရွက်ပြုတ် တို့စရာပါလျှင် ထမင်းမြိန်သူ ဖြစ်ပါသည်။

မနက် (၉) နာရီထိုးပြီးပါပြီ။ မကြာမီ ရဲမင်းကြီး ရောက်လာပါတော့မည်။ ထိုအချိန်မှာပင် အမျိုးသား အချုပ်ဆောင်မှ "မာလာရေ-မာလာရေ" ဟု အော်ပြီး ခေါ်သံ ထွက်ပေါ်လာရာ ကျွန်ုပ်လည်း ဒေါသ ထွက်ထွက်နှင့် အချုပ်ခန်း အပေါက်ဝသို့ သွားပြီး

"ခုနက မာလာရေ၊ မာလာရေလို့ အော်ပြီး ခေါ်နေတာ ဘယ် ငါ...မသားလဲကွ"

ဟု ဆဲပြီး မေးရာ တန်စီးလုပ်သူက...

"ဗိုလ်လေး ခုနက ခေါ်သံက ဟိုလူလိမ်ဘိုးတော် ခေါ်တာ"

ဟု ဖြေပါသည်။ ကျွန်ုပ်လည်း ဆဲပြီးမှတော့ မထူးတော့ပြီမို့ အရှိန်နှင့်ဆက်ပြီး

"ဟိတ်ကောင် ဘာဖြစ်လို့ ခေါ်နေတာလဲ။ လူကြီးလာမှာလို့ သေသေချာချာ ပြောထားရက်သားနဲ့ ငြိမ်ငြိမ်နေပါ"

ဟု ခပ်မာမာလေး ပြောလိုက်ရပါတော့သည်။

မကြာမီ ရဲမင်းကြီး ရောက်လာပြီး စစ်ဆေးစရာ ရှိသည်များကို စစ်ဆေး၊ မှာကြားစရာ ရှိသည်များကို မှာကြားပြီးနေ့လည်စာ ထမင်းပွဲကို ခရမ်းချဉ်သီး ငပိချက်၊ တမာရွက်ပြုတ် တို့စရာနှင့် အဓိကထားပြီး ထမင်းသုံးဆောင်ပါသည်။ နေ့လည် (၁၂) နာရီလောက်မှာတော့ ရဲမင်းကြီးသည် အောင်လံ မြို့နယ်အတွင်း ပြည်လမ်းမပေါ်ရှိ မြို့


www.burmeseclassic.com



ရဲစခန်း၊ ဒုရက်ဗိုလ် ရဲစခန်းများ အား စစ်ဆေးရန် တောင်ဘက် သို့ ဆက်လက် ထွက်ခွာသွားပါ သည်။

(မှတ်ချက်။ ဘီအေဘ သင်ခေါ် မကွေးတိုင်း ရဲမှူးကြီး ဘသင်သည် ၁၉၈၆ ခုနှစ်တွင် လပတ် အစည်းအဝေး တက်ရန် မာဇဒါ ၃၂၃ ကားလေးဖြင့် ရန်ကုန်သို့ သွားရာ သုံးဆယ်မြို့ အနီးတွင် ဒရိုင်ဗာ ရဲသားကြီး ကိုစိန်မောင် အိပ်ငိုက်ပြီး ကားက လမ်းဘေးထိုးကျကာ သစ်ပင်ကို ဝင်ဆောင့်မိသဖြင့် ရဲမင်းကြီးနှင့် ကိုစိန်မောင် နှစ်ဦးစလုံး နေရာ မှာပင် ပွဲချင်းပြီး ကွယ်လွန်ခဲ့ပါ သည်။)

ညနေပိုင်းတွင် ကျွန်ုပ် သည် မာလာ၏ အမှုကို စစ် ဆေးသူ အမှုစစ်အရာရှိ တပ်



ကြပ်မောင်ပုအား-

"ဆရာမောင်ပုရေ မာလာ ရဲ့ အမှုကို အမြန်ဆုံး စွဲတင်နိုင် အောင် လုပ်ဗျာ။ ဟိုဘက် အဆောင်က ကောင်တွေနဲ့မာလာ နဲ့ အတူရှိနေတာ မလွယ်ဘူးဗျို့ ကြာရင် ပြဿနာ တက်လိမ့် မယ်" ဟု ပြောရာ ဆရာ မောင်ပု က-

"ကျွန်တော် နောက်နှစ် ရက်လောက်ဆိုရင် စွဲတင်နိုင် တော့မှာပါ ဆရာ။ အခြားအမှု လေးတွေလည်း လုပ်စရာ ရှိနေ သေးလို့ပါ" ဟု ကျွန်ုပ်အား ရှင်း ပြပါသည်။ ထိုနေ့ညနေမှာပင် ဘိုးတော်လူလိမ်ကို အာမခံရန် လူနှစ်ယောက် စခန်းသို့ ရောက် လာပြီး အာမခံသည့်အတွက် အဆိုပါ ဘိုးတော်လူလိမ် အပြင် သို့ ရောက်သွားပါတော့သည်။ နောက်နှစ်ရက် ကြာသောအခါ ဆရာမောင်ပုလည်း မာလာကို တရားရုံးသို့ တရားစွဲတင်ပို့လိုက် ပါသည်။ မာလာသည် တရား ရုံးတွင် အာမခံသူ နှစ်ယောက် နှင့် လျှောက်ထားရာ တရားရုံး က အာမခံပေးလိုက်သည်ဟု သိ ရပါသည်။ ပုစွန်ဆိတ် သီချင်း ဆိုသည့် အသံပိုင်ရှင် ညဉ့်ငှက် မလေး မာလာတစ်ယောက် အချုပ်ခန်း လှောင်ချိုင့်မှ ဝေးရာ သို့ ပျံသန်းထွက်ခွာ သွားလေ ပြီ။

အထက်ပါ အဖြစ်အပျက် များ ဖြစ်ပွားပြီးနောက် တစ်လ ခန့် အကြာတွင် အောင်လံမြို့၏ မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ ရွှေညောင်ပင်ရွာတွင် ခိုးမှုဖြစ်ပွား ရာ ရဲစခန်းသို့ လာရောက်တိုင် တန်းသဖြင့် စခန်းမှူး၏ တာဝန် ပေးချက်အရ ကျွန်ုပ်နှင့် ရဲတပ်ဖွဲ့ ဝင် နှစ်ဦးတို့ ရွှေညောင်ပင်ရွာသို့ မနက်စောစော လိုက်သွားပါ သည်။ ရွှေညောင်ပင်ရွာမှာ အောင်လံမှ တောင်တွင်းကြီးမြို့ သို့ သွားသော ပြည်လမ်းမကြီး ဘေးရှိ ရွာငယ်လေး တစ်ရွာဖြစ် ပါသည်။ ရွာသို့ ရောက်လျှင် ရောက်ချင်း ခိုးယူခံရသူ အိမ်ရှင် ဦးမြိုင်နှင့် တွေ့ဆုံပြီး အမှုနှင့် ပတ်သက်၍ တရားခံ ဖော်ထုတ် နိုင်ရေးအတွက် လုပ်စရာရှိသည် များကို လုပ်ပြီး အိမ်ရှင် ဦးမြိုင် နှင့် စကားပြောနေစဉ် ၎င်း၏ သားတစ်ဦးဖြစ်သူ အသက် ၂၀ ကျော် လူငယ် တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သည် ကျွန်ုပ်တို့ရှိရာသို့ ရောက်ရှိလာပါသည်။ အနီးသို့ ရောက်သောအခါ ထိုလူငယ်က

"ဆရာ ကျွန်တော့်နာမည်က စိုးဝင်းပါဆရာ။ ကျွန်တော် ဆရာ့ကို တင်ပြစရာလေးရှိလို့ လာခဲ့တာပါ ဆရာ"ဟု ပြောပါသည်။ ကျွန်ုပ်လည်း-

"အေးအေး စိုးဝင်း ထိုင်ကွာ။ ဘာလဲ မင်း ဒီဦးမြိုင်အိမ် အခိုးခံရမှုနဲ့ ပတ်သက်ပြီး သိထားတာ ရှိသလား။ ရှိရင်လည်း ငါတို့ကို ကူညီတဲ့အနေနဲ့ မင်းသိသလောက် ပြောကွာ"ဟု လမ်းဖွင့် ပေးလိုက်ပါသည်။ သို့သော် ကျွန်ုပ် ထင်ထားသလို မဟုတ်ပါ။ စိုးဝင်းက-

"ခု ခိုးမှုနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာမှ မသိပါဘူး ဆရာ။ နောက်ရက်တွေမှာ သတင်းရရင်တော့ ကျွန်တော် ဆရာ့ကို အမြန်ဆုံး ပြောပါ့မယ်" ဟု ပြောပါသည်။ ကျွန်ုပ်က

"နို့…မင်း ငါ့ကို တင်ပြချင်တယ်ဆိုတာ ဒီအမှုနဲ့မဆိုင်ဘူးဆိုတော့ ဘယ်လိုကိစ္စလဲကွ။ ကဲ ပြောကွာ ငါကူညီနိုင်ရင်လည်း ကူညီရတာပေါ့"

ကျွန်ုပ်က အခွင့်ပေးလိုက်ရာ စိုးဝင်းက ၄င်းကြုံတွေ့ခဲ့ရပုံများကို အောက်ပါအတိုင်း ပြောပြပါတော့သည်။

"ဒီလိုပါ ဆရာ။ လွန်ခဲ့တဲ့ တစ်လလောက်က ကျွန်တော် အောင်လံမြို့မ ဈေးကြီးကို ဈေးဝယ်သွားပါတယ်။ ကျွန်တော်တို့ လင်မယား နှစ်ယောက်က ဒီရွာမှာ အိမ်ဆိုင်လေး ဖွင့်ပြီး ဈေးရောင်းစားပါတယ် ဆရာ။ အဲဒီနေ့က ကျွန်တော် ဈေးတောင်ဘက်နားအရောက် ကျွန်တော်နဲ့ ရွယ်တူ လူတစ်ယောက်က ကျွန်တော့်ကို လှမ်းခေါ်ပါတယ်။အဲဒီလူက သူ့နာမည် သိန်းအောင်ပါလို့ မိတ်ဆက်ပြီး သရက်တောရပ်ကွက်မှာ နေတဲ့အကြောင်း ကျွန်တော့်ဆီက အကူအညီတစ်ခု တောင်းချင်ကြောင်း၊ သူ့ရဲ့ နမဝမ်းကွဲတစ်ယောက် တရားရုံးမှာ အာမခံ လျှောက်ဖို့ လူတစ်ယောက် လိုနေလို့ ကူညီရမှာဖြစ်ကြောင်း အမည်၊ အဘအမည်၊ နေရပ်လိပ်စာလေး ပြောပြီးလက်မှတ်ထိုးပေးရုံနဲ့ ငွေ ၁၀၀ ကျပ် ပေးမှာဖြစ်ကြောင်း ကျွန်တော့်ကို ပြောပါတယ်။ ဒါနဲ့ ကျွန်တော်လည်း သိန်းအောင်နဲ့ အတူ တရားရုံးထဲ လိုက်သွားပါတယ်။ ငွေ (၁၀၀) ဆိုတာနည်း တာမှတ်လို့။ သိန်းအောင်က တရားရုံးအချုပ်ခန်းထဲက အသက် ၁၈ နှစ်ခန့် မိန်းကလေး တစ်ယောက်ကို လက်ညှိုး ထိုးပြပါတယ် ဆရာ။ သူ့နာမည်က မာလာတဲ့ ကျွန်တော်လည်း ဘာမှ မစဉ်းစားတော့ဘဲ ငွေ (၁၀၀) ရဖို့အတွက် ထိုးမယ်ကွာဆိုပြီး အာမခံစာရွက်မှာ သိန်းအောင်နဲ့ အတူ လက်မှတ် ထိုးပေးလိုက်ပါတယ်။ အဲဒီနောက် သိန်းအောင်ဆီက ငွေ (၁၀၀) ရတော့ အိမ်ဆိုင်လေးအတွက် တော်တော်လေး ပြည့်စုံအောင် ဝယ်နိုင်တာပေါ့ဆရာ။ အိမ်ရောက်တော့ ကျွန်တော့်မိန်းမကိုတောင် ဒီအကြောင်း ရှင်းပြပြီး မြို့ကလူတွေ ဒါမျိုးလွယ်လွယ် လုပ်စား နေတာပါလို့ ပြောလိုက်ပါသေးတယ်။ (မှတ်ချက်။ ထိုအချိန်က ကျွန်ုပ်တို့ ရဲအရာရှိတစ်ယောက်၏ လခမှာ ၄၀၀ ကျပ် နီးပါးမျှသာ ရှိရာ စိုးဝင်း အာမခံကြေး ရရှိတဲ့ ငွေ ၁၀၀ ကျပ် အတော်လေး ခရီးရောက်မည်ဆိုကာ သိနိုင်ပါသည်။)

www.burmeseclassic.com



"ကဲ စိုးဝင်း ဆက်ပါဦး။ နောက် ဘာတွေဆက်ဖြစ်သေးလဲဆိုတာ" ကျွန်ုပ်တို့ မေးလိုက်ရာ စိုးဝင်းက

"ငွေ ၁၀၀ ရလို့ (၁၅) ရက်လောက်ပဲ ကြာသေးတယ်။ တရားရုံးက ကျွန်တော့်ဆီသမ္မာန်စာ ရောက်လာပါလေရော ဆရာရေ။ ရုံးချိန်းတဲ့နေ့က မာလာ ရောက်မလာဘူးတဲ့။ အဲဒါ အာမခံသူနှစ်ယောက် ဖြစ်တဲ့ကျွန်တော်နဲ့ သိန်းအောင်ကို အဘယ်ကြောင့် ဒဏ်ငွေ ၃၀၀ ကျပ်စီ မပေးဆောင်သင့်ကြောင်း ခုလကုန်မှာ တရားရုံးကို လာရောက် ထုချေ ရှင်းလင်းရမယ်တဲ့ ဆရာ။ ရတာက ငွေ ၁၀၀၊ ကုန်မှာကငွေ ၃၀၀ ဖြစ်နေပြီ ဆရာရေ။ ကျွန်တော်တော့ ဒုက္ခပါပဲ။ ခုကျွန်တော့် မိန်းမကတောင် ပြောပြီ။ မြို့ကလူတွေ ဒါမျိုး လုပ်စားနေတာ ဆိုတဲ့။ အဲဒါ ဘယ်လိုလုပ်ရမယ် ဆိုတာ ကူညီပါဦး ဆရာရယ်"

စိုးဝင်းစကား ဆုံးသွားတော့မှ ကျွန်ုပ်က

"အေးအေး ကူညီရတာပေါ့ကွာ။ တကယ်တော့ မင်း အာမခံခဲ့တဲ့ မာလာဆိုတဲ့ မိန်းကလေးဟာ သိန်းအောင်နှမဝမ်းကွဲ မဟုတ်ဘူးကွ။ မာလာဟာ ပြည့်တန်ဆာမလေး တစ်ယောက်ကွ။ ပြည်မြို့ကနေ အောင်လံကို ရောက်လာတာလို့ သိရတယ်။ သိန်းအောင်ကတော့ ခေါင်းဖြစ်မှာပေါ့ကွာ။ ဒါနဲ့ သိန်းအောင် ဘယ်မှာနေတယ် ဆိုတာကော မင်းသိလား" ဟု မေးရာ-

"သိပါတယ် ဆရာ။ သူနေတာက သရက်တော ရပ်ကွက်ထဲမှာပါ။ ဆိုက်ကားနင်းပါတယ်" စိုးဝင်းက ပြန်ဖြေပါသည်။ ကျွန်ုပ်က -

"ကဲ ကဲ ဒါဖြင့် မင်းနဲ့ သိန်းအောင်နဲ့ တရားရုံးကိုသွား မာလာကို ဖမ်းဖို့ ဝရမ်းထုတ်ပေးပါလို့ တရားသူကြီးဆီမှာ တောင်း။ ဖမ်းဝရမ်းရတာနဲ့ မင်းတို့နှစ်ယောက် ပြည်မြို့အမှတ် (၂) ရဲစခန်းကိုသွား။ ရွှေဆံတော်ဘုရားကြီး အနောက်မြောက်ဘက်ကပ်လျက်မှာ ရှိတယ်။ ဆံတော်ဂိတ်လို့လည်း ခေါ်တယ်။ အဲဒီကိုရောက်ရင် ဝရမ်းစာရွက်ကိုပြ။ နယ်ထိန်းအဖွဲ့ကို အကူအညီတောင်းပြီး မာလာကို ဖမ်းပေးဖို့ပြော ဟုတ်ပြီလား။ ငါလည်း ပြည်ဆံတော်ဂိတ်ကို ဖုန်းဆက်ပြီး ကြိုပြောထားပေးမယ် ကြားလား။ ငါပြောတဲ့အတိုင်း အမြန်ဆုံး လုပ်ပေတော့" ဟု ပြောရာ စိုးဝင်းက-

"ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်တော် ဆရာပြောတဲ့ အတိုင်း အမြန်ဆုံး လုပ်ပါတော့မယ်" ဟု ပြောပြီး စိုးဝင်း ကျွန်ုပ်တို့ရှိရာ ဦးမြိုင်အိမ်မှ ပြန်သွားပါသည်။

ကျွန်ုပ်တို့အဖွဲ့လည်း ယခုခိုးမှုနှင့် ပတ်သက်၍ တရားခံကို အမြန်ဆုံး ဖော်ထုတ်ပေးမည် ဖြစ်ကြောင်း ပြောကာ ဦးမြိုင်အား နှုတ်ဆက်ပြီး ရွှေညောင်ပင်ရွာမှ ရဲစခန်းသို့ ပြန်လည်ထွက်ခွာလာကြပါသည်။

တစ်ပတ်လောက် အကြာမှာတော့ ကျွန်ုပ်၏ ရဲဘော်ကြီး စိုးဝင်းသည် သိန်းအောင်၊ မာလာ၊ ပြည်အမှတ် (၂) ရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ် မြင့်မောင်တို့နှင့်အတူ ရဲစခန်းသို့ ရောက်ရှိလာပါတော့သည်။ မာလာကို အချုပ်ခန်းထဲ ထည့်ပြီးနောက် စိုးဝင်းက-

www.burmeseclassic.com

www.burmeseclassic.com



"ဆရာပြောတဲ့ အတိုင်း ကျွန်တော်တို့ နှစ်ယောက်လုပ်လို့ ကောင်မလေးကို ပြန်မိတာ ဆရာ။ ကျေးဇူးတင်လိုက်တာ ဆရာရယ်"လို့ ပြောပါသည်။ ကျွန်ုပ်က စိုးဝင်းအား-

"အေး··အဲဒါ သင်ခန်း စာပေါ့ကွာ။ နောက် ဒါမျိုးကြုံလာရင် ကိုယ်မသိဘဲနဲ့ ငွေရပြီး ရောဆိုပြီး အာမ မခံနဲ့ပေါ့ကွာ။ အာမခံရဲလို့ ဒုက္ခရောက်တဲ့လူ တွေ အများကြီး ရှိတယ်။ ဆင်ခြင်ပေါ့ကွာ" ဟု ပြောပြီး သိန်းအောင်လှည့်ကာ

"သိန်းအောင် ဆိုတော့ ဘယ်သူများလဲ မှတ်တယ် ဟို တလောက လိမ်လည်မှုနဲ့ အချုပ်ထဲရောက်လာပြီး မာလာရေ မာလာရေနဲ့ ခေါ်တဲ့ကောင်ကိုး။ သိန်းအောင် မင်း မာလာကို ခေါ်ချင်သေးလား။ ခေါ်ချင်ရင် ခုခေါ်လိုက်လေ"ဟု ပြောရာသိန်းအောင်က

"အမလေး မခေါ်ရဲတော့ ပါဘူး ဆရာရယ်။ ဒီကောင်မလေးကို ကြောက်ပါပြီ။ နောက်ကိုလည်း ကျွန်တော် မကောင်းတဲ့ အလုပ်ကို လုပ်မစားတော့ပါဘူး။ ရိုးရိုးသားသား ဆိုက်ကားပဲ နင်းစားတော့မယ်လို့ ကတိပေးပါတယ် ဆရာ"ဟု ကျွန်ုပ်ထံ ကတိတွေ ပေးပါတော့သည်။ ကျွန်ုပ်က စိုးဝင်းဘက်သို့ တဖန်လှည့်ပြီး-

"စိုးဝင်း ခုမင်းတို့ မာလာကို လိုက်ရှာတာ မင်းအိပ်ထဲက ဘယ်လောက် ကုန်ခဲ့လဲ"

စိုးဝင်းက

"ဆရာရေ ရတာက ၁၀၀ ကျပ် ကုန်တာက ၄၀၀ ကျပ်လောက် ကုန်ခဲ့တယ်။နောက်များတော့ သိန်းအောင်လို လူမျိုးကို ဝေးဝေးက ရှောင်တော့မယ် ဆရာ"ဟုပြောရာ သိန်းအောင်က ပြုံးပြုံးကြီး လုပ်နေပါတော့သည်။

စိုးဝင်းနှင့် သိန်းအောင်တို့ ကျွန်ုပ်အား နှုတ်ဆက်ပြီး ပြန်သွားကြတော့ ကျွန်ုပ်လည်း ပြည်အမှတ် (၂) ဆံတော်ဂတ်မှ ရဲတပ်ကြပ် မြင့်မောင်ကို ဧည့်ခံကျွေးမွေးကာ အောင်လံ-ပြည်ကားဂိတ်မှ ထွက်မည့် ပြည်ကားပေါ်သို့ တင်ပေးခဲ့ပြီး စခန်းသို့ ပြန်လာခဲ့ပါသည်။

မာလာတစ်ယောက်ကျွန်ုပ်တို့ အချုပ်စခန်းသို့ နောက်တကျော့ ရောက်ရှိလာ ပြန်ပါပြီ။ မြို့နယ် တရားသူကြီးကလည်း သူမအား အာမခံပေးတော့မည် မဟုတ်ပေ။ တရားရုံးမှ စီရင်ချက် မချမီ အတောအတွင်းမှာတော့ မာလာသည် ကျွန်ုပ်တို့၏ ရဲစခန်း အချုပ်တွင် ဆက်ရှိနေပေလိမ့်မည်။ သီချင်းများလည်း ဆက်၍ ဆိုပေလိမ့်ဦးမည်။

နောက်တစ်နေ့ မနက် ကျွန်ုပ် ရဲစခန်းသို့ ရောက်ရှိပြီး အမှုတွဲများ ရေးသားနေစဉ် မနက် ၁၀ နာရီလောက်မှာတော့ လွန်စွာမှ သာယာနာပျော်ဖွယ်ကောင်းသော မာလာ၏ သီချင်းသံလေးများသည် အမျိုးသမီး အချုပ်ဆောင် အတွင်းမှ ပျံ့လွင့်လာပါတော့သည်။

"ကိုကိုရေ ··· ကွယ်ရာမှာ ခြေမများနဲ့နော် ····ကိုကိုရေ အချိန်မှန်မှန် သူ ဖုန်းဆက်နော် ··· ကိုကိုရေ ··· စာမှန်မှန်သူ ရေးပါနော်····ကိုကိုနော်····။

မင်းရာဇာ

www.burmeseclassic.com

www.burmeseclassic.com



# စကားများရန်ဖြစ်ရာမှ ဓါးဖြင့်ထိုး၍သေဆုံး




ရန်ကုန်၊ ဇူလိုင် ၂၃

၂၂.၇.၂၀၁၄ ရက်နေ့ ၂၁၀၀ အချိန်ခန့်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွာသာကြီးကျေးရွာနေ ဦးသောင်းငွေသည် သားဖြစ်သူ သားကြီး (ခ) သန့်ဇင်ဦး၊ (၂၂) နှစ်မှာ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်းနှင့် စံပြလမ်းဆုံအနီးတွင် ဓားဖြင့်ထိုးခံရသဖြင့် သေဆုံးသွားပြီး သဃ်္ဃန်းကျွန်းစံပြဆေးရုံသို့ ရောက်ရှိနေကြောင်း ကြားသိရသဖြင့် သွားရောက်ကြည့်ရှုခဲ့ရာ သားဖြစ်သူတွင် ဝဲဘက်ချိုင်းအောက်၌ ထိုးသွင်းဒဏ်ရာ(၁)ချက်ရရှိထားသည်ကို တွေ့ရှိရပါသည်။

ယင်းသို့ သားဖြစ်သူအား သေဆုံးအောင်ပြုလုပ်သူကို စုံစမ်းအရေးယူပေးပါရန် တိုင်တန်းခဲ့သဖြင့် သဃ်္ဃန်းကျွန်းမြို့မရဲစခန်း(ပ)၃၂၁။၂၀၁၄၊ ပြစ်မှုပုဒ်မ-၃၀၂ ဖြင့်ရေးဖွင့်ပြီး စုံစမ်းဆောင်ရွက်ခဲ့ပါသည်။

အမှုမှပြစ်မှုကျူးလွန်သူအားဖမ်းဆီးရမိရေးအတွက် သဃ်္ဃန်းကျွန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များကစုံစမ်းဆောင်ရွက်ခဲ့ရာပြစ်မှုကျူးလွန်သူမှာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ မောင်ချစ်စု(ခ)စိုးကိုကိုဦး၊ (၂၂)နှစ်၊ (ဘ)ဦးမြင့်ဦးဖြစ်ကြောင်းသိရှိရပြီး ၄င်းကို သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ ဘဝမြင့်မှတ်တိုင်အနီး၌ ၂၃၃၀ အချိန်တွင် ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူ မောင်ချစ်စု(ခ)စိုးကိုကိုဦးအားစစ်ဆေးခဲ့ရာ ၄င်းနှင့် သေဆုံးသူ သားကြီး(ခ)သန့်ဇင်ဦးတို့ စကားများကြစဉ် ၄င်းအား လူအများရှေ့တွင်ဆဲဆိုသဖြင့် ခိုက်ရန်ဖြစ်ပွားရာမှ သားကြီး(ခ)သန့်ဇင်ဦးအား ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး ပြစ်မှုကျူးလွန်စဉ်က ၄င်းအသုံးပြုခဲ့သော အရိုးအသွား(၉)လက်မခန့်ရှိ ဓားဦးချွန်အားသိမ်းဆည်းကာ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ခွေးသူခိုး

နောင်ရိုး (ကျိုက်ထ္ဒမိ)



နံနက်စောစော ရုံးဖွင့်လိုက်တာနဲ့ ပထမဦးဆုံး လာတိုင်တဲ့အမှုက ခွေးကိုက်တဲ့အမှုပဲ ဖြစ်ပါတယ်။ ကုန်စုံဆိုင်က ဦးခွေးကို ခွေးရူးကိုက်လိုက်လို့တဲ့။

ရွာမှာ ခွေးပြဿနာတွေက မကြာခဏဆိုသလိုပဲ။ ယခုအခါမှာ တိုးတက်လာတဲ့ လူနေမှုစနစ်ကြောင့် သူခိုးဓားပြဆိုတာ ရှားသွားပြီ။ ရုံးမှာအမြဲတမ်း ဖြေရှင်းနေရတဲ့ ပြဿနာတွေက လင်မယားကိစ္စ၊ မိသားစုအမွေကိစ္စ၊ ယာဉ်တိုက်မှု ပြဿနာနဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်မွေးတိရစ္ဆာန် အမှုကိစ္စတွေပဲ ရှိတော့တယ်။

ကျေးရွာ အုပ်ချုပ်ရေးမှူးကြီးက အမှုလာတိုင်သူ ဦးခွေးကတော် ဒေါ်တရုတ်မကို လှမ်းမေးလိုက်ပါတယ်။

"ဘာဖြစ်တာလဲ ဒေါ်တရုတ်မ"

"ငါ့ယောကျ်ားကို ဒေါ်ဝက်မခွေးကိုက်လို့ လာတိုင်တာ အုပ်ချုပ်ရေးမှူး"

"လမ်းသွားရင်း ကိုက်လိုက်လို့လား"

"မဟုတ်ဘူး ဆိုင်ပေါ်အထိ တက်ကိုက်တာ"

"ဒါဆို ခွေးရူးပေါ့"

"ဟုတ်တယ် ဒေါ်ဝက်မခွေး ရူးနေတယ်။ ဒီမနက်တို့ရပ်ကွက်မှာ လူငါးယောက်လောက် အကိုက်ခံရပြီး ငါ့ယောကျ်ားကို လေးချက်တောင် ကိုက်တားတယ်။ အဲဒါတောင် သူမလွှတ်ဘူး။ ဒေါ်ဝက်မ အိမ်ပေါ်ကဆင်းလာပြီး ခွေးလည်ပင်းကို ဓားမကြီးနဲ့ လှီးဖြတ်လိုက်တော့မှလွှတ်တော့တယ်"

"ဟား ဒေါ်ဝက်မက မကြောက်မရွံ့နဲ့ တော်တော် သတ္တိကောင်းတာပဲ"

"သတ္တိကောင်းဆို သူ့ခွေးပဲ။ သူ့ဒီလိုမှ မလုပ်ရင် ငါ့ယောကျ်ား သေသွားမှာပေါ့။ ငါ့ယောကျ်ား အခု ဆေးရုံ တင်ထားရတယ်။ အဲဒါ ကုန်ကျစရိတ်နဲ့ နစ်နာကြေးတွေရဖို့ အုပ်ချုပ်ရေးမှူးဆီလာတိုင်တာ"

ရွာမှာ ခွေးကိုက်မိရင် ကိုက်တဲ့ ခွေးပိုင်ရှင်က အကိုက်ခံလိုက်ရတဲ့ လူကို ခွေးရူးရောဂါကာကွယ်ဆေး ထိုးဖို့အတွက် ကုန်ကျစရိတ် ပေးရတဲ့ အစဉ်အလာက ရုံးမှာ သတ်မှတ်ထားတဲ့ ဥပဒေပဲ။

ကျေးရွာ အုပ်ချုပ်ရေးမှူးကြီးက သူငယ်ချင်း ပြည်သူ့စစ်ခေါင်းဆောင်မွန်ကြီးကို ဒေါ်ဝက်မသွားခေါ်ဖို့ ဆိုင်ကယ်နဲ့ လွှတ်လိုက်ပါတယ်။

◆◆◆◆

ရုံးမှာ လူကော်တော်စုံနေပြီး ဒေါ်ဘုတ်မအပြင် ခွေးရူးအကိုက်ခံရတဲ့ သားရှင်သမီးရှင်တွေလည်း ရောက်နေတယ်။ ထိုအချိန်မှာ မွန်ကြီးဆိုင်ကယ်နောက်ကပါလာတဲ့ ဒေါ်ဝက်မလည်း ထဘီရင်လျှားနဲ့ ရုံးထဲဝင်လာပြီး ခွေးကိုက်တဲ့ အမှုစစ်ပွဲကြီး ဆူညံသွားတော့တယ်။

"ဒီမယ်ဘုတ်မ၊ နင်ဟာလေ ကျေးဇူးတရားကို နားမလည်၊ ငါ့ကို အမှုလာတိုင်ရအောင် နင့်လင်ကိုကိုက်တာ ငါ့ခွေး မဟုတ်ဘူး"

"ဒေါ်ဝက်မ ခွေးမဟုတ်ရင် ဘယ်သူ့ခွေးလဲ၊ ဒေါ်ဝက်မ အိမ်မှာပဲ မွေးပြီးကျွေးထားတာ"

"အစာကျွေးတိုင်း ခွေးရှင်ဆိုရင် နင်လည်းထမင်းကျန် ဟင်းကျန်တွေ ပက်ကျွေးတာပဲ နင့်ခွေးပေါ့"

"ဒေါ်ဝက်မခွေးဆိုတာ တစ်ရပ်လုံး တစ်ရွာလုံးသိတာ"

"ငါ့ခွေးမဟုတ်ဘူး ငါက တိရစ္ဆာန်တွေကို သနားလို့ အစာကျွေးထားတာ"

"သနားဆို ဘာဖြစ်လို့ လည်လှီးသတ်လိုက်တာလဲ"

"လူနဲ့ခွေးဟာ လူကိုဦးစားပေး ရမှာပေါ့။ ဘယ်နှဲ့တော် ကိုယ့်ယောကျ်ားကို ခွေးရူးကိုက်တာ တောင် မသနားဘဲ ဒီအတိုင်း ကြည့်နေတာ အံ့ပါရဲ့"

"နင်သနားရအောင် ငါ့လင်

www.burmeseclassic.com



ကို ကြိုက်နေလို့လား''

''ငခွေးကို ကြိုက်ဖို့ဆိုတာ ဝေးသေး၊ ဝက်မတို့က မုန်းမဆို ဝေမယ့် လင်မရှားဘူးဟော့။ထဘီ နည်းနည်းလေး ခါပြလိုက်ရုံနဲ့ အိမ်ပေါ်ပြေးတက်လာတာ ခုတ်သတ်လို့ မကုန်ဘူး''

''လင်များတာ ကိုယ့်အိမ်မှာ သွားများ ဒီမှာလာမများနဲ့ လင်ပေါမရဲ့''

''တော်ပြီဗျာ အမှုနဲ့မဆိုင်တာ မပြောနဲ့တော့။ သည့်ပြင်လူတွေလည်း ပြောပါစေဦး''

အုပ်ချုပ်ရေးမှူးကြီးက ဟန့်တားလိုက်တော့မှ ပြတင်းပေါက်နားမှာ မတ်တပ်ရပ်နေတဲ့ ဒေါ်မြက ပြောလာပါတယ်။

''အုပ်ချုပ်ရေးမှူးရယ် ဒီခွေးဟာ ဟိုးပေါက်စနလေးကတည်းက ဒေါ်ဝက်မမွေးလာတာ၊ကျွေးလာတာ တစ်ရပ်လုံး သိတယ်။ ဒေါ်ဝက်မ ခွေးအစစ်ပါ''

''အေး နင်တို့က ငါ့ခွေးလို့ ထင်ရင်လည်း ငါတစ်ပြားမှမပေးနိုင်ဘူး။ နင်တို့ကြိုက်တဲ့ နေရာသွား မြို့နယ် အထိတိုင်လည်း ငါဂရုမစိုက်ဘူး''

''တိုင်မယ်စိတ်ချ၊ ဘုတ်မက မတရားတာ ဘယ်တော့မှ မခံဘူးဝက်မ။ နင်ပဲပိုက်ဆံစုထား''

''တစ်ပြားမှ မစုဘူး။ ခွေးကိုက်မှုနဲ့ ထောင်ကျရင် ဝက်မတို့က ပျော်ပျော်ကြီးခံလိုက်မယ် ဟော့''

ဒေါ်ဝက်မက အော်ဟစ်တကျေ်ပြောဆိုလိုက်ပြီး ရုံးထဲကနေ ထွက်သွားသောအခါ အုပ်ချုပ် ရေးမှူးကြီးက တရားလိုများ


www.burmeseclassic.com

www.burmeseclassic.com



ကို နှစ်သိမ့်ကာ နောက်တစ်ခါ ခေါ်ဦးမယ်လို့ ပြောလွှတ်လိုက်ပါတယ်။

◆◆◆◆

ရုံးထဲမှာ တစ်ယောက်သာ ကျန်နေတဲ့ အုပ်ချုပ်ရေးမှူးကြီးက ခွေးပြဿနာကို စဉ်းစားလိုက်သောအခါ ခေါင်းထဲမှာမူးနောက်နောက် ဖြစ်သွားပါရဲ့။ ခွေးကလူတစ်ယောက်ဘဲ ကိုက်မိရင် အကြောင်းမဟုတ်။ ခွေးပိုင်ရှင်က အပြည့်အဝ မလျှော်နိုင်ရင်လည်း သူ့သူငယ်ချင်း ရော်ဘာခြံပိုင်ရှင် မွန်ကြီးက စိုက်ပေးလေ့ရှိတယ်။ ယခုအခါ ခွေးက လူငါးယောက်ကို ကိုက်လိုက်တော့ ကာကွယ်ဆေးထိုးဖို့ အနည်းဆုံး သုံးသိန်းကျော်။ ဒါကြောင့် ဒေါ်ဝက်မက ဘူးခါလိုက်တာဖြစ်မယ်။ သူညှိနှိုင်းလို့ မပြေလည်ဘဲ မြို့နယ်တရားရုံး ထိရောက်သွားရင် သူသိက္ခာ အဝီစိရောက်သွားမှာပေါ့။

ဒေါ်ဝက်မဆီက တစ်ပြားတစ်ချပ်မျှော်ဖို့လည်း လုံးဝမဖြစ်နိုင်။ မုဆိုးမဖြစ်နေတဲ့ ဒေါ်ဝက်မက မိဘ အမွေလယ်ဆယ်ဧကကို သူကိုယ်တိုင်လုပ်နေရတာ။ ရာသီဥတု ဖောက်ပြန်လို့လယ်ဆက်တိုက်ရှုံးတာ သုံးနှစ်ရှိသွားပြီ။ အကြွေးတွေလည်း ပတ်ပတ်လည်ဝိုင်းလို့ပေါ့။ ရှေ့လူကြီးတွေက လယ်ရှုံးတစ်နှစ် လင်မှုံးတစ်သက်ဆိုတဲ့ စကားတွေလည်း လွဲမှားကုန်ပြီ။

ယခုပြဿနာက ရပ်ထဲ ရွာထဲမှာ ခွေးတွေပေါများနေလို့ပဲ။ အုပ်ချုပ်ရေးမှူးကြီးက ဘောလုံးကစားတာ အနားယူပြီး ပင်လယ်ပျော် သင်္ဘောသားလည်း လုပ်ခဲ့တယ်ဆိုတော့သည့် ပြင်နိုင်ငံတော်တော်များများ ရောက်ဖူးပါတယ်။ မြန်မာပြည်လို စည်းမဲ့ကမ်းမဲ့ လမ်းသလားနေတဲ့ ခွေး



တွေကို မမြင်ဖူးဘူး။ သူတို့နိုင်ငံမှာ ခွေးမွေးချင်ရင် လှောင်အိမ်နဲ့ အပြင်ထွက်ချင်ရင် လည်ပတ်ကြိုး ခါးပတ်ကြိုးဆွဲပြီး ပိုင်ရှင်နဲ့အတူ ထွက်ရတယ်။

မြန်မာပြည်မှာ လမ်းပေါ်က ပိုင်ရှင်မဲ့ခွေးများကြောင့် လမ်းသွားရင်း လမ်းသလားနေတဲ့ ကောင်မချောချောလှလှတွေကို မကြည့်အားဘူး။ လမ်းဘေးက ခွေး ဘယ်အချိန်ကိုယ့်ကို လာကိုက်မယ်လို့ပဲ စောင့်ကြည့်နေရတယ်။ ယခုခေတ်မှာဆိုင်ကယ်တွေက တအားပေါနေတော့ ဆိုင်ကယ်နဲ့ ခွေးတိုက်မိတာ ခွေးရောလူပါသေတဲ့ အဖြစ်မျိုးလည်း ခဏခဏ တွေ့ဖူးပါတယ်။သူတို့ဒေသမှာ ခွေးကြောင့်သေသွားတဲ့ လူတွေ မနည်းတော့ဘူး။ မြန်မာပြည်တစ်ပြည်လုံး အတိုင်းအတာနဲ့ဆို ခွေးကြောင့် သေသွားတဲ့ မသာတွေ မရေတွက်နိုင်လောက်အောင် ရှိတော့မှာပဲ။

အသက် (၅၀) ကျော်နေတဲ့ အုပ်ချုပ်ရေးမှူးကြီးက ဘာသာရေး ဘက်စဉ်းစားလိုက်ရင်သူ ဒီအုပ်ချုပ်ရေးမှူး အလုပ်ကို လုံးဝ မလုပ်သင့်ဘူး။ အရာရာမှာ

www.burmeseclassic.com

www.burmeseclassic.com



အနုတ္တ သဘောကြောင့် မိမိခန္ဓာကိုယ်ကိုလည်း မစိုးမိုးနိုင်၊ မအုပ်ချုပ်နိုင်ဘဲ တစ်ရွာလုံးရှိ လူတွေကို အုပ်ချုပ်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်။ လူပြဿနာ ခွေးပြဿနာ အားလုံး ခေါင်းထဲမှာ ထည့်ပြီး နေ့စဉ် ဖြေရှင်းနေရရင် ဘာဝနာပွားဖို့ဆိုတာ ခက်တော့မယ်။ သူ ဒီအလုပ်ကို လုပ်မိတာ မှားသွားပြီ။ ဘာကြောင့် သူအုပ်ချုပ်ရေးမှူး ဖြစ်လာရတာကို စဉ်းစားမိပြန်တယ်။

♦♦♦♦

အုပ်ချုပ်ရေးမှူးကြီးရဲ့ နာမည်ရင်းက ဦးကျော်စိုး။ သူက ငယ်ငယ်ကတည်းက ဘောလုံးကစားတာ ဝါသနာကြီးပြီး ထူးချွန်တဲ့ တိုက်စစ်မှူး တစ်ယောက်လည်း ဖြစ်တယ်။ ကျောင်းနေစဉ်က ကျောင်းသားဘောလုံးအသင်း၊ ဘွဲ့ရပြီးတဲ့ အချိန်မှာ ကျေးရွာအလိုက် မြို့နယ်အလိုက် ဘောလုံးအသင်းတွေမှာ ကျော်စိုးဟာ အကျော်အမော် ဖြစ်ခဲ့တယ်။ သူ့ရဲ့ကစားဟန်က တစ်ဖက် နောက်တန်းခံစစ်သမားတွေကို ခြေလှမ်းတစ်လှမ်းအသာ ဦး

> **မိမိခန္ဓာကိုယ်ကိုလည်း မစိုးမိုးနိုင်၊ မအုပ်ချုပ်နိုင်ဘဲ တစ်ရွာလုံးရှိ လူတွေကို အုပ်ချုပ်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်၊ လူပြဿနာ ခွေးပြဿနာ အားလုံးခေါင်းထဲမှာ ထည့်ပြီး နေ့စဉ် ဖြေရှင်းနေရရင်**

ထားတတ်ပြီး ဘေးစည်းဒိုင်က သူ့ကို လူကျွံဘောလို့ မဖမ်းမိခင် လျှင်မြန် ဖြတ်လတ်စွာနဲ့ တစ်ဂိုးတော့ ကစ်လိုက်တာပဲ။

တစ်ခါတလေ လူတာအားကျွံနေတော့ သူ့အကြောင်းကို သိနေတဲ့ ဘေးစည်းဒိုင်က စောစီးစွာ အလံ ထောင်ထားသောအခါ တစ်ဖက် ပရိသတ်တွေက သူ့ကို "ခွေးသူခိုး" "ခွေးသူခိုး" လို့ လှောင်ပြောင်နေတော့တယ်။ ဒါကို သူစိတ်မဆိုးဘူး။ မခံချင်စိတ်က အင်အားအဖြစ်သုံးကာ ဂိုးရအောင် သွင်းတော့တယ်။ ထိုအခါ သူ့ပရိသတ်တွေကလည်း ဒါမှ "တို့ခွေးသူခိုးဟေ့" ဆိုပြီး လက်သီး လက်မောင်းတန်းကာ အော်ဟစ် အားပေးနေပြန်တယ်။ ဒါကြောင့် ခွေးသူခိုး ဆိုတဲ့ နာမည်က နှစ်ဖက်ပရိသတ်တွေကြားမှာ ထင်ပေါ်နေကာ ဟိုးလေးတကျော် ရှိတော့တယ်။

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ဘုရားပွဲတော် ဘောလုံးပွဲ၊ ကျေးရွာအလိုက် မြို့နယ်အလိုက်ဘောလုံးပွဲတွေမှာ ခွေးသူခိုးမပါလို့ မဖြစ်ဘူး။ သူက ထူးချွန်တဲ့ ရှေ့တန်းတိုက်စစ်မှူး ဖြစ်ပြီး ခွေးသူခိုးဆို

www.burmeseclassic.com



**ကိုက်တဲ့ခွေးရဲ့
အသည်းကိုစားထားရင်
ခွေးရူးပြန်ရောဂါ
မဖြစ်တော့ဘူးလို့
ဘယ်ဆေးဆရာ၊
ဘယ်အချိန်တုန်းက
ညွှန်ကြားထားတာ
မသိရပေမယ့်လူတွေလို
လိုလားလား
ရှိနေတုန်းပဲ၊**



တဲ့ နာမည်ကြောင့်လည်း ပေါ်ပြူလာ ဖြစ်လှတယ်။

ခွေးသူခိုးဟာ အသက် ၃၀ ကျော်မှာ ဘောလုံးကစားတာ ရပ်လိုက်ပြီး သင်္ဘောသားလုပ်ခဲ့တာ အသက် ၅၀ ကျော်မှ ရွာပြန်လာကာ အေးအေးဆေးဆေး အနားယူတော့တယ်။ ထိုအခါ မြို့နယ်လူကြီးတွေနဲ့ ရပ်မိရပ်ဖတွေဟာ တစ်ချိန်တုန်းက နာမည်ကြီး ဘောလုံးသမား ခွေးသူခိုးကို ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးခန့်လိုက်တော့တယ်။ ခက်တာက သူ့နာမည် ဦးကျော်စိုးဆိုတာ ဘယ်သူမှမသိဘူး။ အိမ်က သူ့မိန်းမတောင် ကောင်းကောင်းမမှတ်မိဘူး။ ဒါကြောင့် သူ့ကို အုပ်ချုပ်ရေးမှူး ဦးခွေးသူခိုးလို့ပဲ ခေါ်စရာရှိတော့တယ်။

ဦးခွေးသူခိုးက သူအုပ်ချုပ်ရေးမှူး ဖြစ်လာရတဲ့အကြောင်းကို စဉ်းစားကာ ဘဝင်မကျစရာ ဖြစ်လာဦးမယ့်ကိစ္စက လူတွေ ပြောစရာ ဖြစ်တော့မယ်။ ကုန်စုံဆိုင်က ဦးခွေးကို ခွေးရူးကိုက်တာ အုပ်ချုပ်ရေးမှူး ခွေးသူခိုးက မရှင်းနိုင်ဘူတော်လို့ ရပ်ထဲရွာထဲ ဈေးထဲမှာ ပြောစရာ ပြောင်စရာ ဖြစ်နေတော့မယ်။ ထိုအခါ ရုံးထဲဝင်လာတဲ့ ပြည်သူ့စစ်ခေါင်းဆောင် မွန်ကြီးကို မနက်ဖြန် ခွေးတွေ အဆိပ်ကျွေးသတ်ဖို့ အမိန့်ပေးလိုက်တယ်။

◆◆◆◆

ရွာမှာ ခွေးကိုက်မိရင် ပြည်သူ့ စစ်ခေါင်းဆောင် မွန်ကြီးက အလုပ်ရှုပ်သွားစမြဲပဲ။ ပထမဦးစွာ အကိုက်ခံရတဲ့ လူက ကိုက်တဲ့ ခွေးရဲ့ အသည်းကို ကြော်စားကင်စားဖို့လိုက်သတ်ပေးရတယ်။ ကိုက်တဲ့ခွေးရဲ့ အသည်းကို စားထားရင် ခွေးရူးပြန်ရောဂါ မဖြစ်တော့ဘူးလို့ ဘယ်ဆေးဆရာ ဘယ် အချိန်တုန်းက ညွှန်ကြားထားတာ မသိရပေမယ့်လူတွေလို လိုလားလား ရှိနေတုန်းပဲ။

ယခုကိစ္စမှာ ခွေးရှင်ဒေါ်ဝက် မကိုယ်တိုင် သတ်ပေးကာ ဦးခွေးလည်းခွေး အသည်းကင်စားပြီး ဆေးရုံ တက်သွားတယ်။ ကျန်တဲ့လူတွေက ဘာမှမစားခဲ့ရဘူး။ ထိုအခါမွန်ကြီးက သူ့အမေပေးထားတဲ့ ပညာနဲ့ ခွေးကိုက်ထားတဲ့ လူတွေကို အိမ်တိုင်ရာရောက် ဆေးကုပေးရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

မွန်ကြီးက မီးဖိုချောင်မှ မီးသွေးခဲတစ်ခဲကိုယူ၊ ခြေဖဝါးမှာ ကျားဆိုတဲ့ စာလုံးကို ရေး၊ ခွေးဆရာ 'ကျားလို့အော်ပြီး ခွေးကိုက်ထားတဲ့ ဒဏ်ရာ အကင်းသေအောင် ကျားနဲ့ နင်းပေးလိုက်တဲ့ သဘောပဲ။ သူ့ပညာက တစ်ရွာလုံး အသိဆိုပေမယ့်လည်း အစွမ်းထက်လှတယ်။ သူနင်းပေးတဲ့ လူတိုင်း တစ်ခါမှ ဆိုးဆိုးဝါးဝါး မဖြစ်ခဲ့ဘူး။ တချို့ဆို ကာကွယ်ဆေး ထိုးထားတောင်မှ စိတ်မချဘဲ မွန်ကြီးရဲ့ အနင်းကို ခံနေတုန်းပဲ ရှိတော့တယ်။

◆◆◆◆

ခွေးတွေကို အဆိပ်ကျွေးဖို့ နံနက်စောစော ဈေးထဲရောက်နေတဲ့မွန်ကြီးက ဈေးထောင့်မှာ ဆိုင်အောက်တွေမှာ အဆိပ်ခပ်ထားတဲ့ အမဲသားတုံးတွေကို လိုက်ပစ်ထားတော့တယ်။ ပြည်သူ့စစ်ခေါင်းဆောင် မွန်ကြီးက ဈေးကောက်လည်း လိုက်ကောက်ရတယ်ဆိုတော့ ဈေးထဲကခွေးတွေရဲ့အထာကို သိပြီးသားပါ။ ဆိုင်အောက်က ခွေးတွေက ငါးစိမ်းသည်တွေရဲ့ သားငါးများကို လုစားဖို့ ဈေးထောင့်က ခွေးတွေက ကလေးတွေရဲ့ မုန့်ထုပ်တွေကို အလစ်သုတ်ဖို့ပဲ ဖြစ်တယ်။

အဆိပ်ကျွေးတိုင်း ခွေးပါး ခွေးနပ်တွေက မစားဘူး။ တစ်ခါ တလေစားမိရင် ချက်ချင်း ပြန်အန်ထုတ်လိုက်တယ်။ ဒါကြောင့် အဆိပ်တစ်ကြိမ် ကျွေးရင် ခွေးနုံ ခွေးအ တစ်ကောင် နှစ်ကောင်လောက်ပဲ သေတယ်။ ခွေးသေကောင်တွေကို မွန်ကြီးက ကိုယ်တိုင်ဆွဲပြီး ချောင်းထဲ သွားပစ်ရတယ်။ နောက်နေ့ကျတော့ ခွေးတွေက ဈေးထဲကို လုံးဝ မလာတော့ဘဲ ရွာဦးဘုန်းကြီးကျောင်းဝင်းမှာ စုနေတော့တယ်။ ကျောင်းဝင်းထဲက ခွေးတွေကို အဆိပ်ကျွေးဖို့ဆိုတာ ဆရာတော်ဘုရားကခွင့်ပြုမှာ မဟုတ်ဘူး။

မွန်ကြီး စဉ်းစားမိသေးတယ်။ ဈေးထဲ ဘုရားဝင်း၊ ကျောင်းဝင်းထဲမှာ ခွေးတွေ ဘာကြောင့် ပေါများနေရတာလဲ။ ရွာလယ်ဘုရားဓမ္မာရုံမှာနေတဲ့ အဘရသေ့က ပြောပါရဲ့။ ဈေးထဲမှာခွေးပေါရတာက ဈေးရောင်းရင် အလေးခိုး

> အဆိပ်ကျွေးတိုင်း ခွေးပါး ခွေးနပ်တွေက မစားဘူး၊ တစ်ခါ တလေစားမိရင် ချက်ချင်း · ပြန်အန်ထုတ်လိုက်တယ်၊ ဒါကြောင့် အဆိပ်တစ်ကြိမ်ကျွေးရင် ခွေးနုံခွေးအတစ်ကောင် နှစ်ကောင်လောက်ပဲ သေတယ်၊ ခွေးသေကောင်တွေကို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဈေးသည်တွေနဲ့ ဈေးအကြွေးဝယ်ပြီး ပြန်မဆပ်တဲ့ ဈေးဝယ်တွေကို ယူသုံးမိတဲ့ ဘုရားဒကာ၊ ကျောင်းဒကာတွေ ကြောင့်တဲ့။ ဒါက နောင်ဘဝနဲ့ဘဲ ဆိုင်တော့ သိပ်မသေချာဘူး။ အဘာရသေ့က တစ်ခါတလေ စကားပြောရင် နောက်တောက်တောက်နဲ့ မွန်ကြီးက သူ့ရဲ့ လူစဉ်မမီတဲ့ အသိနဲ့ တွေးမိတာက ယခုခေတ်ခွေးတွေဟာ တော်သလင်းလ မကတော့ဘဲ လူတွေလို အချိန်အခါမရွေး မိတ်လိုက်နေတော့ လူလိုပေါ်များနေမှာပေါ့လို့ ကြံကြံဖန်ဖန် မှတ်ချလိုက်တော့တယ်။

◆◆◆◆

နောက်တစ်နေ့မှာ မြို့နယ်စိုက်ပျိုးရေး အရာရှိတွေက ကျေးရွာစပါး အထွက်တိုးဖို့ အစည်းအဝေးလုပ်မယ်လို့ အကြောင်းကြားထားသောအခါ အုပ်ချုပ်ရေးမှူးကြီးက ရွာဆော်ကို ခေါ်ပြီး တစ်အိမ်တစ်ယောက်ကျ နေ့လယ် (၁၂)နာရီ ရုံးသို့ အရောက်လာကြဖို့ မောင်းထုခိုင်းထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ အစည်းအဝေးလုပ်တိုင်း အုပ်ချုပ်ရေးမှူးက သဘာဝပတိနေရာမှာ နေရတာ အစဉ်အလာ တစ်ခုပဲ။ အခန်းအနားမှူး အဖြစ်ဆောင်ရွက်ရသူ စာရေးက ခရီးလွန်နေသောအခါ သူ့နေရာမှာ ပြည်သူ့ စစ်ခေါင်းဆောင်က အစားဝင်လုပ်ရတယ်ဆိုတော့ မိုက်ခွက်နဲ့ စကားပြောချင်တဲ့မွန်ကြီးက ပြုံးပျော်သွားတော့တယ်။

အုပ်ချုပ်ရေးမှူးနဲ့ ပြည်သူ့စစ်ခေါင်းဆောင်တို့က အစိမ်းရောင် ဦးဂျမ်းပုဆိုး၊ အဖြူရောင်တိုက်ပုံ ကိုယ်စီဝတ်ထားကြပြီး ဂေါပကစတိုင်လ်နဲ့ ကျက်သရေရှိလှတယ်။ ဥစ္စာပေါ သဘောကောင်းတဲ့ မွန်ကြီးက လူတောထဲဝင်ဆံ့နေပေမယ့် သူဟာ အတန်းပညာလုံးဝ မသင်ထားဘူး။ဗမာစကားလည်း ကောင်းကောင်းမပြောတတ်ဘဲ ရှိနေသောအခါ အစည်းအဝေးမှာ စစချင်း အစီအစဉ် ကြေညာလိုက်ပါတယ်။

"<u>အစီအစဉ် နံပါတ်တစ်အရဘာမသိ အုပ်ချုပ်ရေးမှူး ခွေးသူခိုးမှ အမှားစကား ပြောကြားပါတော့မယ် ခင်ဗျာ</u>"

ကျေးရွာ အုပ်ချုပ်ရေးမှူးကြီးက ပရိသတ်တွေကို မင်္ဂလာစကားနဲ့ နှုတ်ခွန်းဆက်ကျေးဇူးတင်စကားများကို ချောချော သာသာ ပြောနိုင်ပေမယ့်လည်း ရှက်စိတ်ကြောင့် မျက်နှာနီရဲလျက်ရှိတယ်။ မွန်ကြီးက သဘာပတိကို ဘာမသိ၊ အမှာစကားကို အမှားစကားလို့ ပြောမိတာကို သူစိတ်မဆိုးဘူး။ ပရိသတ်တွေကြားမှာ သူ့ကို ဦးကျော်စိုးလို့ မခေါ်ဘဲ ခွေးသူခိုးလို့ခေါ်လိုက်တာကို သူအရမ်းရှက်သွားတယ်။ အချစ်ဆုံးသူငယ်ချင်းက သူ့အပေါ်မှာ အမြဲကောင်းနေပြီး ပြောမနာ ဆိုမနာဖြစ်နေတော့ စိတ်ဆိုးဖို့လည်း အခက်။ အစည်းအဝေး ပြီးဆုံးသွားသောအခါ အုပ်ချုပ်ရေးမှူးကြီးက ဘယ်သူ့ကိုမှ နှုတ်မဆက်နိုင်ဘဲ ညှိုးငယ်စွာနဲ့ အိမ်ပြန်သွားတော့တယ်။

နောက်တစ်နေ့မှာ ဦးခွေးသူခိုးက မြို့နယ်လူကြီးများရှိရာ မြို့နယ် စုပေါင်းရုံးသို့ သွားပြီးသူ့ရဲ့အုပ်ချုပ်ရေးမှူး ရာထူးမှ နှုတ်ထွက်စာလွှာကို တင်ထားလိုက်တယ်။


လူတွေက ပြောကြတယ်။

အုပ်ချုပ်ရေးကြီး နှုတ်ထွက်လိုက်တာက ခွေးသူခိုးဆိုတဲ့ သူ့နာမည်ဆိုးကြောင့်တဲ့။ တချို့က ဦးခွေးကို ခွေးရူးကိုက်တာ အုပ်ချုပ်ရေးမှူး ခွေးသူခိုးက မရှင်းနိုင်လို့ ရာထူးက နှုတ်ထွက်လိုက်တယ်တဲ့။ သေချာတာ တစ်ခုက သူ့ဘဝတစ်ခုလုံး အုပ်ချုပ်ရေးမှူးဆိုတဲ့ အလုပ်ကို ပြန်လုပ်တော့မှာ မဟုတ်ဘူး။

**နောင်ရိုး (ကျိုက္ခမီ)**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# ချစ်ခင်ကို အပြစ်မမြင်ပါနဲ့

ယင်းကိုကို (ဓနုဖြူ)

ပုသိမ်အနောက်မြို့နယ် ပင်လယ်ပိုင်းရှိ လှေတုံးတောင်ရွာလေးတစ်ရွာ။ ထိုရွာရှိ ဦးပဏ္ဍဝံသကျောင်းတွင် အသက်ကလေးငယ်ငယ် ကလေးဘဝ အရွယ်မှ လူပျိုဖော် ဝင်ကာစအထိ (၈) နှစ် (၉) နှစ် နီးပါး ကျောင်းအိပ်ကျောင်းစားအဖြစ် နေလာခဲ့သူက မောင်ချစ်ခင်။

မောင်ချစ်ခင်က အမည်နှင့်လိုက်သည်။ ပညတ်သွားရာ ဓာတ်သက်ပါသည်။

တစ်ရွာလုံးကချစ်၍ တစ်တောလုံးက ခင်သည်။ သူ၏ အပြုံးလေးတွေကြောင့် မုန်းသူမရှိ။ သူ၏ ပီယဝါစာ စကားလေးတွေကြောင့် ရန်ပွားသူမရှိ။ အပြောက ပျူငှာသလို သဘောလည်းဖြူပါသည်။ လိမ္မာလိုက်သည့် သူကလေး။ ဒီကလေးက ဦးသာလှနှင့် ဒေါ်မယ်မြတို့၏ ရင်နှစ်သည်းခြာ သားရတနာ။

ဦးသာလှနှင့် ဒေါ်မယ်မြတို့က လိမ္မာယဉ်ကျေး သားလူလေး ဖြစ်အောင်ဆိုပြီး မောင်ချစ်ခင်ကို ဆုံးမပေးရုံနှင့် အားမရ။ ပဲ့ပြင်ပေးရုံနှင့် မဝ။ အရွယ်မနောင်းခင် လူတော်လူကောင်းဖြစ်အောင်ဆိုပြီး လွန်ခဲ့တဲ့ ၈ နှစ် ၉ နှစ်ခန့်ကစ၍ ရွာဦးကျောင်းဆရာတော်ထံသို့ သွန်သင်နိုင်ရန် ပို့ပေးသည်။

ယခုတော့ ဦးသာလှမှာ ၆၅ နှစ်အရွယ်မို့ ငယ်ငယ်ကလို ပင်ပင်ပန်းပန်း အလုပ်မလုပ်နိုင်တော့။ ဒီတော့ စီးပွားရေးကမပြေလည်။ သည်ကြားထဲ နူရာဝဲစွဲ လဲရာသူခိုးထောင်းဆိုသလို ပန်းနာရင်ကျပ် ဝေဒနာကလည်း စွဲကပ်နေပြီမို့ မောင်ချစ်ခင်ကို ဆရာတော်ထံမှပြန်ခေါ်ပြီး မီးသွေးဖိုတွင် ဖခင်အလုပ်ကို ဝင်လုပ်စေသည်။

နေ့ရှိသရွေ့ မီးသွေးဖုတ်သည့် မီးသွေးဖိုတွင် လုပ်ခြင်း အလုပ်

www.burmeseclassic.com



သမားလေး ဘဝဖြင့် ဖခင်ကိုယ်စား ဝင်လုပ်ရသည်။ မီးသွေးတွေကို ခြင်းထဲသို့ထည့်ရ၊ ထမ်းရပိုးရသည်မို့ တစ်ကိုယ်လုံးမှာ ကတ္တရာပုံးတွင် လဲထားသည့်အလား။

သို့သော် မောင်ချစ်ခင်မှာ မောရမှန်းမသိ။ ပင်ပန်းရမှန်းမသိ။ အသက်အရွယ် အိုမင်းနေသော မိဘနှစ်ပါးကို လုပ်ကျွေးရသည်မို့ ပျော်သည်။ ဆရာတော် သင်ပေးလိုက်သည့် သားသမီးဝတ်ကို စိတ်တွင်ပြန်၍ တဖွဖွဆိုပြီး ပီတိဖြာရသည်။

ကျွေးမွေးမပျက် ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ လျှုမြှုဝေ၍ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ။

ထိုသို့ ဖြာလာသော ပီတိတို့ကြောင့် မောင်ချစ်ခင်၏ ညှိုးနွမ်းနေသော မျက်နှာလေးသည်လန်းဆန်းလာပြန်သည်။ မီးသွေးဖိုသည် ငရဲအိုးကြီး မီးထိုးထားသည့်နှယ် ပူပြင်းလွန်းသော်လည်း 'မိဘနှစ်ပါးကို လုပ်ကျွေးသော ငါသည်သားကောင်းသားမြတ်ပါလား'လို့ အတွေး ဝင်လာတိုင်း ရင်ထဲတွင် အေးမြသွားပြန်သည်။

မောင်ချစ်ခင်သည် လုပ်ငန်းခွင်၌ ပျော်သည်။ စိတ်ပျက် အားငယ်ခြင်း အလျှင်းမရှိ။ မိဘ နှစ်ပါးကိုလုပ်ကျွေးရ၍ ရွှင်သည်။ မိဘများကို လုပ်ကျွေးခွင့်ရတာ ငါ့အတွက် ကုသိုလ်ကံထူးတာပဲ''ဟု စဉ်းစားမိသည်။

ငါ့ဘဝကံမကောင်းအကြောင်း မလှပါလား ဟူ၍ စိုးစဉ်းမျှ အတွေးမဝင်ခဲ့။ ဤအသိဤစိတ်ဓာတ်ဖြင့် လုပ်ကျွေးခဲ့သည်မှာ ၆ နှစ်ခန့် ကြာခဲ့ပါပြီ။

ဦးသာလှ၏ ရင်ကျပ်ပန်းနာရောဂါသည်လည်း တစ်နေ့တခြား တိုးပွားလာသည်။ အလုပ်ထဲတွင် မောပန်းမှု မရှိသော်လည်း အိမ်သို့ ပြန်ရောက်သောအခါ ဖခင်၏ ဝေဒနာကို ကြည့်ပြီး မောင်ချစ်ခင် ရင်မောရသည်။

နွေခေါင်ခေါင်မှာတောင်သည်လောက် ကျပ်နေရင် မိုးအေးတဲ့အခါ ဒုက္ခပါပဲ အဖေရယ်ဟု စိုးရိမ်မိသည်။



www.burmeseclassic.com



ဖခင်၏ ဝေဒနာ ပျောက်အောင် ဘာလုပ်ရမည်ကို မောင်ချစ်ခင် စဉ်းစားကြည့်သည်။ တို့ရွာမှာ ဆရာဝန်တော့မရှိ။ ဒေါက်တာ ရမ်းကုတော့ရှိသည်။ ဆေးခန်းတော့မရှိ၊ သုသာန်ဇရပ်တော့ရှိသည်။

"အင်း မြို့တက်ပြီး ကုသရအောင်ကလည်း ငွေမရှိ၊ ရွှေမရှိ၊ အေးလေ ရွှေမရှိတော့လည်း ခွေမျိုးမရှိ၊ ဘယ်မှာနေ၍ ဘယ်မှာရှာရမလဲ။ ဘယ်သူ့ကို အဖေခေါ်ပြီး ဘယ်သူ့ကိုအမေတော်ရမှာလဲ။ တို့ဘဝက ဆိုးပါတယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိဘူး"

မောင်ချစ်ခင် အကြံအိုက်သွားသည်။ အိမ်ရှေ့ ဖိနပ်ချွတ်တွင် ဆောင့်ကြောင့်ကလေး ထိုင်ရင်း ပူးထားသော ဒူးနှစ်လုံးလက်နှစ်ဖက်ဖြင့် သိုင်းထားလိုက်သည်။

နံဘေးရှိတိုင်ကိုမှီရင်း ဉာဏ်စွမ်းဉာဏ်စရှိသမျှ အကြံကုန်ထုတ်ကြည့်သည်။

"ဟော... သတိရပြီ၊ အဲဒါမှ ငါ့အဖေရောဂါ ပျောက်မယ်။ ငါ့အဖေ ကျန်းမာတော့မယ်၊ ငါ့အဖေ အသက်ရှည်တော့မယ်၊ ဟုတ်တယ် ဘကြီးစံပု တို့တစ်ရွာလုံးရဲ့ ဗိန္ဓောဆရာကြီးစံပု၊ သူနဲ့သာဆိုရင် ဟန်ကျတယ် ငါသွားပင့်မှ သင့်တော်မှာ။ ငွေတိုငွေစ ပေးမှ ခြေကြွမှာ"

မိမိရရှိသော စိတ်ကူးလေးကို မိမိ အလွန် နှစ်သက်သွားၿ ကောင်းသည် ဆိုးသည်အံဖေ့ကို တိုင်ပင်လို့မဖြစ်။ အိမ်မှာ စား ရာမရှိရတဲ့အထဲ ကုန်စရာတွေ များတယ်ဆိုပြီး အဖေက ကန့် ကွက်မှာ သေချာသည်။ ပြီးတော့ "မလုပ်နိုင် မကိုင်နိုင်တဲ့ အတူတူ သေတာပဲကောင်းတယ်" ဟု အဖေ့ရဲ့ ပြောနေကျစကားကို မကြားလို၊ သည်စကားမျိုးကြား တိုင်း မောင်ချစ်ခင် မျက်ရည်ကျ ရသည်။

"တစ်နပ်တစ်အိုး မစား နေလိုက်ရုံပေါ့။ ဒီနေ့ရတဲ့ ငွေလေးနဲ့ ခြေကြွသွားခင့်မယ်၊ နောက်နေ့ရတဲ့ ငွေခထဲက အ



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသာ အကုန်ခံပြီး ဟင်းမဖါဘဲ ထမင်းစားကြတာပေါ့။ ထမင်းနဲ့ဆား၊ ငါးပိနဲ့ထမင်း တစ်လုည့်စီ နပ်မှန်အောင် စားရပြီးတာပဲ။ အဖေ့ရောဂါပျောက်ပြီး သက်တော်ရာကျော်ရှည်ဖို့သာ အဓိကပါ''

သားအမိနှစ်ယောက် တစ်ဦးနှင့်တစ်ဦး ကန့်ကွက်မှုမရှိ ခံယူချက်အပြည့်ဖြင့် သဘောတူညီမှု ရသွား၏။

ရွာလယ်ရှိ ဘကြီးစံပုထံသို့ မောင်ချစ်ခင် သုတ်ခြေတင်သွား၏။ ခြေတံရှည်သွပ်မိုး ပျဉ်ထောင်အိမ်ကြီး၏ အောက်တွင် ပျဉ်းကတိုး လျှာထိုး ကွပ်ပျစ်ပေါ်၌ ရေနွေးကြမ်းတစ်အိုးဖြင့် အခန့်သားထိုင်နေသော ဆေးဆရာကြီး ဦးစံပုနှင့် တွေ့ပါ၏။

ဦးစံပု၏ ခြေရင်းတွင် ပုဆစ်ဒူးတုတ်ထိုင်ရင်း တစ်နေကုန်တစ်နေခမ်း လုပ်၍ရသော ငွေ ၁၀/ ကို မောင်ချစ်ခင်သည် လက်နှစ်ဖက်ဖြင့်ကိုင်လျက်-

''ကျွန်တော့်အဖေရဲ့ ရင်ကျပ်တဲ့ဝေဒနာကို လိုက်ပြီး ကြည့်ရှုပေးဖို့ ခြေကြွအဖြစ် ဘကြီးအား ကန်တော့ပါတယ်''

ပြောပြောဆိုဆို ပေးပြီး ဦးချလိုက်သည်။

ဦးစံပုလည်း ငွေမြင်သွားသည်နှင့် မီးနိုးတိုက်ပုံကို ကပျာကယာထပ်ဝတ်၊ ဆေးလွယ်အိတ်ကိုဆွဲပြီး ထလိုက်လာသည်။

မောင်ချစ်ခင်တို့ အိမ်သို့ ရောက်သောအခါ ဦးသာလု၏ အင်္ဂါရုပ်ကိုကြည့်၊ သွေးခုန်နှုန်းကိုစမ်း၊ ရောဂါကိုရှာပြီး အတတ်ပြောလိုက်သည်မှာ-

''မင်း အဖေကို သခွားသီးကျွေးမယ်၊ ဖရဲသီးကို ဓာတ်စာပေးတယ်။ သုံးလေးရက်ကြာရင် ပျောက်သွားလိမ့်မယ်''

သည်စကား ကြားရတော့ မောင်ချစ်ခင် အလွန်ပျော်သွားသည်။ မင်္ဂလာသုတ် စာမေးပွဲ အောင်စဉ်ကထက် ပျော်၏။ မိုးသားမြူတိမ် ကင်းစင်သည့် တန်ဆောင်မုန်း လပြည့်ဝန်းကြီးပမာ မောင်ချစ်ခင်၏မျက်နှာ ကြည်လင် ဝင်းပသွားသည်။ ဒေါ်မယ်မြသည်လည်း ဘုန်းကြီးကျောင်းကထိန်တွင် ကသည်ထက် လှအောင် ကလိုက်ချင်သေးသည်။ သားအမိ နှစ်ယောက် ပျော်လိုက်သည့် ဖြစ်ချင်း။

ဦးစံပု ပြန်သွားပြီးနောက် ၃-ရက်ခန့် ကြာသောအခါ ဦးသာလုသည် မသက်သာတော့ပါ။ ကျပ်သည်ထက် ပိုကျပ်ပြီး နွမ်းသည်ထက် ပိုနွမ်းလာပါသည်။

မောင်ချစ်ခင်သည် အဖေ့နားမှာနေ အဖေ့ကို မျက်ခြည်မပြတ်ကြဘဲ အချိန်ပြည့်ပြုစုနေရသည့်အတွက် အအိပ်ပျက် အစားပျက်ဖြစ်လာသည်။ အဖေ့ အခြေအနေကြည့်ရသည်မှာ မကောင်း။ အဖေ့ကို ပစ်ထားခဲ့ပြီး အလုပ်မဆင်းချင်။ ဒီနေ့ အလုပ်မဆင်းသေးဘူးလေဆိုပြီး အဖေ့နားမှာ တစ်ဖဝါးမခွာ ပြုစုရှာသည်။

မောင်ချစ်ခင် ကြည့်နေရင်း ပြုစုနေရင်း ဦးသာလုတစ်ချက်သတိလစ်သွားသည်။ မောင်ချစ်ခင် မျက်လုံးပြူးသွားသည်။ ဒေါ်မယ်မြလည်း ပျာယာခတ်သွားသည်။ ''အဖေ.... အဖေ''ဟု ခေါ်ရင်း အော်ရင်း ''ကိုသာလု ကိုသာလု'' ဟု လှုပ်ရင်းခါရင်း ခဏမျှအကြာ သတိပြန်ရလာသည်။

''အမေ ဘကြီးစံပုဆီ သွားလိုက်သွားမယ်။ ဒီလိုနေလို့မဖြစ်သေးဘူးဗျာ။ အမေဘယ်မှမသွား

www.burmeseclassic.com



ဘဲ ခဏလေး ကြည့်ထားလိုက်ဦးနော်”

ပြောပြီးသည်နှင့် တပြိုင်နက် မောင်ချစ်ခင်ထံ ပြေးသွားသည်။ မမောနိုင် မပန်းနိုင် ဦးစံပုအိမ်သို့ ရောက်သောအခါ အသက်ကိုတောင် မှန်အောင်မရှူတော့ဘဲ “ဘကြီး ဘကြီး ကျွန်တော့်အဖေ မသက်သာဘူး။ ယခုလိုက်ကြည့်ပေးပါ ဘကြီးရယ်” ဟု ခယယတောင်းပန်ရှာသည်။

မောင်ချစ်ခင်၏ မျက်နှာသည် စိုးရိမ်ပူပန်သော်လည်း ဦးစံပု၏ မျက်နှာမှာသောကကင်းနေသည်။ မောင်ချစ်ခင်မှာ ငိုမလို ပြုံတော့မည်မိုးနယ် ဖြစ်နေသော်လည်း ဦးစံပုကပြုံးစိစိ။ မောင်ချစ်ခင်က ခြေမကိုက်မိ လက်မကိုင်မိဖြစ်နေသော်လည်း ဦးစံပုက အေးတိအေးစက် ကျောက်ဆစ်ရုပ်ကို ကြိုးတပ်ထားသည့်နှယ် တည်ငြိမ်သည်။

ခဏမျှကြာသော်…

“အေး မင်းအဖေဝေဒနာကို ပျောက်အောင် ငါကုသပေးမယ်။ အခုချက်ချင်း ငွေလေးရာကို ရတဲ့နည်းနဲ့ရှာပြီး ငါ့လက်ထဲလာထည့်၊ ငွေတစ်ဆယ်နဲ့တော့ဘယ်

**မြို့မြို့တစ်နေ့ရမှ တစ်နေ့ စားရတဲ့ တို့ဘဝဘယ်မှာ ငွေလေးရာရအောင် စုမိမှာလဲ၊ အဲဒါမှ အခက်ပဲ၊ ကဲပါ မစားရလည်း နေပါစေ၊ အဖေမသေရင် ပြီးတာပဲ၊ ငါ့ရဲ့အလုပ်ရှင် မီးသွေးဖိုပိုင်ရှင်ဆီ သွားချေးမယ်၊**

ပျောက်ပါ့မလဲကွ”

ဘကြီးစံပု၏အသံနှင့် မာန်တို့ကြောင့် မောင်ချစ်ခင် စိတ်ပျက်သွားသည်။ ခန္ဓာကိုယ်လည်းရုပ်သေးကြိုးပြတ် ဖြစ်သွားသည်။ “တစ်နေ့ရမှ တစ်နေ့ စားရတဲ့ တို့ဘဝဘယ်မှာ ငွေလေးရာရအောင် စုမိမှာလဲ။ အဲဒါမှအခက်ပဲ။ ကဲပါ မစားရလည်း နေပါစေ။ အဖေ မသေရင်ပြီးတာပဲ။ ငါ့ရဲ့အလုပ်ရှင် မီးသွေးဖိုပိုင်ရှင်ဆီ သွားချေးမယ်” ဟု ကြံဆမိသဖြင့်…

“အဖေ့ဆီ သွားနှင့် ပါဘကြီးရာ၊ ပိုက်ဆံရှာပြီး ကျွန်တော်လိုက်လာခဲ့ပါမယ်” ဖျောင်း… စကားဖြင့် ဦးစံပုကို တွန်းလွှတ်လိုက်ရ၏။

မောင်ချစ်ခင်သည် အားကိုး… တကြီးဖြင့် မီးသွေးဖို ပိုင်ရှင်… ရာသို့ ဦးတည်၍ လျှောက်လိုက်… သေးသည်။ လမ်းလျှောက်… လျှင် တစ်နာရီလောက် ကြာ… မှာ ဒီအတောအတွင်း အ… တစ်စုံတရာ ဖြစ်ရင် ဒုက္ခပါပဲ… အတွေးဝင်လာပြီး တရှိန်ထိုး… တော့သည်။

မီးသွေးဖိုပိုင်ရှင်ကို အဆင်…

www.burmeseclassic.com



သင့်တွေ့ပါပြီ။ အကျိုးအကြောင်း ပြောပြ၏။

"တစ်နေ့ တစ်ဆယ်ရတဲ့ မင်းရဲ့လုပ်ခလေးနဲ့ ငါ့ငွေလေးရာကို ဘယ်လိုလုပ် ပြန်ဆပ်နိုင်မှာလဲကွ"

တည့်တိုးပြောချလိုက်သည်။

"ကျွန်တော့်ရဲ့ လုပ်ခကို ပြန်မပေးဘဲ ဖြတ်ယူထားလိုက်ပေါ့"

မောင်ချစ်ခင်လည်း လိုရင်းကိုသာ ပြောလိုက်သည်။

"အေး ဒါဆို ချေးမယ်။ ဒါပေမယ့် တစ်ရာကို တစ်ဆယ့်တိုးနဲ့နော်"

မီးသွေးဖိုပိုင်ရှင်၏ ငွေချေးမည်ဟူသော စကားသည် သောကတွေ ဗရပွဖြင့် မောပန်းလာသူ မောင်ချစ်ခင်အတွက် ကျောက်စက်ရေလို အေးမြသွားသည်။ တစ်ရာကို တစ်ဆယ်တိုးနဲ့ဟူသော နောက်ဆက်တွဲ စကားကြောင့် ငါမခိုမကပ်ဘဲ အလုပ်ကြိုးစားခဲ့သမျှ ခုတော့ အတိုးချတာပေါ့ဟု ငြိုငြင်သွားသေးသည်။

"အတိုးပေးရ ပေးရပါလောလောဆယ် ငွေလိုနေချိန်မှာ ငါ့ကူညီတာကို ငါ့ကျေးဇူးရှင်ပေါ့"ဟု ကြံဖန် ကျေးဇူးတင်ပြီး ဦးညွှတ်ခဲ့သေးသည်။

ကြိုးစားပြီး အတိုးနဲ့ရခဲ့သော ငွေလေးရာကိုလက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ပုဆိုးခါးတောင်းကြိုက်၍ မြန်မြန်ပြန်ပြေးလာစဉ် လမ်းတစ်ဝက်တွင် အိမ်နီးနားချင်း မောင်မြင့်ဝေနှင့် တွေ့သည်။

မောင်မြင့်ဝေသည် အပြေးပြိုင်ပွဲတွင် ပန်းဝင်သူကိုဆီးကြိုသည့်ပမာ မောင်ချစ်ခင်ကို လှမ်းဆွဲထားလိုက်သည်။

အတန်ငယ်မျှ ကြာသော်···

"မင်းအဖေ ဆုံးသွားပြီ"

"ဟင်"

အံ့မခန်းဆိတ် အသံနှင့်အတူ မောင်ချစ်ခင်သည် မောင်မြင့်ဝေလက်ထဲမှ ပျော့ခွေ၍ကျသွားသည်။ မျက်ရည်တွေ တသွင်သွင်စီးပြီး နှုတ်ခမ်းနှစ်လွှာတို့မှာ တဆတ်ဆတ် တုန်ခါနေသည်။ အသံသည် ရင်ထဲတွင် မည်မျှဆို့နင့်ပြည့်ကျပ်နေသည်မသိ။ ယခုထိတိုင် ထွက်ပေါ်လာခြင်းမရှိ။

မောင်မြင့်ဝေ၏ ဖေးမကူမှုဖြင့် မောင်ချစ်ခင် တစ်ယောက်သူ၏ အဖေအလောင်းရှိရာသို့ ပြန်ရောက်ခဲ့ပါသည်။ အဖေ့အလောင်းကိုမြင်သည်နှင့် ပြေးဖက်ပြီး တအားငိုချလိုက်သည်။ ကျေနပ်သလောက် ငိုမှ အဖေ့ကို ကန်တော့လိုက်၏။

အဖေ့ ရောဂါပျောက်အောင် ကုသဖို့ ကြိုးစားပြီး အတိုးနဲ့ရခဲ့သောငွေသည် ယခုတော့ အသုဘစရိတ် ဖြစ်နေပြီကော။ သူတို့မှာ အကြောင်းကြားစရာမရှိ။ စောင့်စရာ ဆွေမျိုးဆိုတာ ဗလာနတ္ထိ။ သည်တော့ ရပ်ရွာလူကြီးများ၏ ကူညီမှုဖြင့် သေသည့်နေ့တွင်ပင် အဖေ့အလောင်းကို ချက်ချင်း သင်္ဂြိုဟ်လိုက်သည်။

အဖေ့အလောင်း မြေသို့ချသည်နှင့် မောင်ချစ်ခင်သည်မျက်ရည်စွဲစွဲဖြင့် ဝမ်းနည်းပက်လက်ဖြစ် နေသည်။ မောင်ချစ်ခင်၏ အမေလည်း အရူးမီးပိုင်းသည့်နှယ် လူးနေသည်။

အသုဘပို့ပြီး သုသာန်မှ အပြန်···

မိမိ၏ဖခင် ဘာကြောင့် သေသွားသည်ကို သိလိုဇောဖြင့်လမ်းကြုံ၍ ဦးစံပုထံအကျိုးအကြောင်းဝင်မေးသည်။ အိမ်ပေါ်သို့

www.burmeseclassic.com



တက်သည့် လှေကားရင်းသို့ အရောက်။

"နိမိတ်မရှိ နမာမရှိ မင်း ငါ့အိမ်ကို ဒိုပြီး တက်မလာနဲ့"

ဦးစံပုကဆီး၍ အောက်က လူကို ဟောက်လိုက်သည်။

"အဖေသေတာ ဝမ်းနည်း လွန်းလို့ ဒိုတာပါ ဘကြီးရာ။ ကျွန်တော့်အဖေ ဘာကြောင့် သေ တာလဲဟင်"

လှေကားထစ်ကို တစ်လှမ်း ချင်း နင်းရင်း မေးလိုက်သည်။

"လူမှာက သေသွားပြီပဲ ငါ ဘာမှမသိဘူး"

ဦးစံပုက ကိုယ်လွတ်ရုန်း လိုက်သည်။

"ကျွန်တော် ငွေသွားရာတုန်း ဘကြီးလက်ထဲမှာ သေသွားတာ အိမ်အောက်မှာ ထိုးဆေးပုလင်း ခွံတွေ့တယ် သွားတိုင်မယ်"

မောင်ချစ်ခင်၏ ခပ်ဆတ် ဆတ် အပြောကြောင့်...

"အေး...ဒီလိုဆို လူကြီး အိမ်တော့မရောက်ဘူး"

ပြောပြောဆိုဆို ဦးစံပုသည် မောင်ချစ်ခင်၏ပါးကို ညာလက် ဝါးဖြင့် တအားရိုက်၏။

မိဘ နှစ်ပါးစလုံးက တစ်ချက်လုံး မရိုက်ခဲ့ဖူးသောပါး၊ ဆရာတော်က တစ်ခါဖူးမျှ မထိ ခဲ့ဖူးသောပါး၊ မိမိကိုယ်တိုင် အမြတ်တနိုး တန်ဖိုးထားခဲ့သော ပါး၊ သည်ပါးကို အရိုက်ခံလိုက် ရသောအခါ...။

ဦးစံပုကို တအားပြန်ထိုးလိုက်၏။ ဦးစံပုလည်း ယိုင်လဲသွား၏။ ဦးစံပုလဲနေစဉ် မောင်ချစ်ခင် သည် ပြန်မည်အပြု ဦးစံပုသည် လူးလဲထ၍ ခေါင်းရင်းတိုင်တွင် ချိတ်ဆွဲထားသည့် ငှက်ကြီး တောင်ဓားကို ကမန်းကတန်း ဖြုတ်ပြီး မောင်ချစ်ခင်ကို တအား လွှဲခုတ်လိုက်၏။

မောင်ချစ်ခင်က ခေါင်းငုံ့ ရှောင်လိုက်ပြီး ဦးစံပုကို ဝင်လုံး လိုက်၏။ ဦးစံပုလက်ထဲမှ ဓား ကိုလုယူပြီး ပြန်ခုတ်လိုက်၏။ ဘယ်နှချက် ခုတ်ခဲ့မိသည်ကို မသိ။ သေသည် ရှင်သည်ကို လည်း မကြည့်။

သက်သေခံ ဓားနှင့်အတူ ပုသိမ်အနောက်မြို့နယ် အသည် ကြီးရဲစခန်းတွင် ကိုယ်တိုင် လာ ရောက် အဖမ်းခံခဲ့၏။

ယင်းအမှုကို ပုသိမ်အနောက် မြို့နယ် တရားရုံး အမှတ် (၂) တွင် စစ်ဆေးခဲ့ပါသည်။ မောင် ချစ်ခင်သည် ငွေလည်းမရှိ၊ ရွှေ လည်းနတ္ထိမို့ ရှေ့နေမငှားနိုင်ပါ။ တရားစီရင်ရေးမှုအရ တရားခံကို ခုခံချေပခွင့် အပြည့်အဝပေးသည့် အနေဖြင့် နိုင်ငံတော် စရိတ်ဖြင့် ပုသိမ်မြို့ ရှေ့နေများအသင်း၏ အလှည့်ကျ အကျိုးဆောင် တစ်ဦးကို ငှားရမ်းပေးခဲ့သည်။

အမှုကို စစ်ဆေးသောအခါ တရားခွင်ရှိသူများက မောင်ချစ် ခင်၏ရည်မွန်သော ရုပ်လက္ခဏာ သွင်ပြင်များကို စိတ်ဝင်တစား ကြည့်ရှုနေကြသည်။

မောင်ချစ်ခင်သည် တတ်ထ ရွှန်အင်္ကျီပန်းရောင် လက်တိုကို သေသပ်စွာ ဝတ်ထားသလိုကြမ်း ချောလုံချည် ပုဆိုးတစ်ပတ်နွမ်း ဝတ်ထားပုံမှာလည်း ရိုးသားမှု ဂုဏ်ကို ပြနေသည်။ ဘိုကေမှာ လည်း ဆံရှည်မဟုတ်။ ရိုးရိုးသား သားနောက်ပါးပုံဖြစ်သည်။ အနေ အထိုင် အပြောအဆိုကလည်း သိမ်မွေ့ပါဘိ။

မောင်ချစ်ခင်သည် ရိုင်းစိုင်း သည့်သူမဟုတ်။ ရိုးသားပြီးဘဝ အတွက် ကြိုးစားနေသော လူ ယဉ်ကျေးလေး တစ်ယောက်ပါ

www.burmeseclassic.com

www.burmeseclassic.com



လား။ ဒီသူငယ် ဒီလိုဖြစ်လိမ့်မည်ဟု မည်သူမျှမထင်။ အင်္ဂါရုပ်မြင်သူတိုင်းက စုတ်တသတ်သတ် ဖြစ်ကြ၏။ သနားကြ၏။

ရှေ့နေကြီး ဦးဝင်းမြင့်သည်လည်း အလှည့်ကျလိုက်ရသော အစိုးရငှားပေးသည့် ရှေ့နေဖြစ်လင့်ကစား အစွမ်းကုန်လိုက်ပေး၏။ ရေကုန်ရေခန်း ပညာစွမ်းပြ၏။ ဤကဲ့သို့သော မရှိဆင်းရဲသူများအတွက် ပို၍ကိုယ်စားပြု၏။ ပို၍ကြိုးစား၏။ ပြည်သူတို့၏ ဥပဒေအကျိုးဆောင် တစ်ဦးပီပီ တာဝန်သိ၍ သစ္စာရှိ၏။

အပြီးသတ် လျှောက်လဲချက်တွင် တရားခံအကျိုးဆောင် ရှေ့နေကြီး ဦးဝင်းမြင့်မှ…

(၁) ဓားသည် သေသူ ဦးစံပု၏ ဓားဖြစ်ကြောင်း၊ ဦးစံပုနှင့် တစ်အိမ်တည်းနေ သမီးရင်းကိုယ်တိုင်က ထွက်ဆိုထားခြင်း။

(၂) မောင်ချစ်ခင်သည် ရပ်ရွာထဲတွင် အရက်သောက်၊ ဖဲရိုက်ခြင်း၊ ဆဲဆိုရမ်းကားခြင်း မရှိဘဲ အိုမင်းရင့်ရော်နေသော မိဘနှစ်ပါးကို ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်ကြောင်းကို ကျေးရွာပြည်သူ့ကောင်စီ ဥက္ကဋ္ဌကိုယ်တိုင် ထွက်ဆိုထားခြင်း။

(၃)ဖခင်သေဆုံး၍ ဝမ်းနည်းပူဆွေးနေသည့် အချိန်တွင် မိမိအမြတ်တနိုး ထားသောပါးကို အရိုက်ခံရခြင်း။

(၄) ဆေးစာတွင် ဓားဒဏ်ရာ ၅ချက်ဟု ပေါ်လွင်နေသော်လည်း မိမိအားဓားနှင့်ခုတ်သူကို ပြန်လည်ခုခံ ကာကွယ်ရာတွင် မှားသည်မှန်သည်ကို ဓာတ်ပွဲကြည့်သကဲ့သို့ စဉ်းစားဝေခွဲနေချိန် မရခြင်း။

စသည် အချက်အလက်ကို စီကာရီကာဖြင့် အကျယ်တဝင့် ပြုံးသည်တစ်လှည့်၊ မဲ့သည်တစ်ခါ၊ အသံနေ အသံထားကျကျ ဟန်ပန်လှုပ်ရှားပတ်တို့ဖြင့် ကာကွယ်ခုခံပိုင်ခွင့် အတွင်း ကျရောက်ကြောင်း တင်သွင်းလျှောက်ထားသွားပါသည်။

အမိန့်ချမည့်နေ့….

မောင်ချစ်ခင်ကို အမိန့်ချမည်ဟု သိသည်နှင့် တစ်ပြိုင်နက် ရုံးတော်အနီးအနား တဝိုက်ရှိ သူသူငါငါ လူတကာတို့မှာသူ့ထက်



www.burmeseclassic.com



ငါ အလုအယက် လာကြပါသည်။ ရုံးတော်၏ ဝင်ပေါက်ထွက်ပေါက်အဝနားတွင် ကြိတ်ကြိတ်တိုးနေကြပါသည်။ လူအများ ပြည့်ကျပ်နေ၍ ခြေဖျားထောက်ပြီး ကြည့်သူက ကြည့်မမြင်ရတဲ့ အဆုံး အာရုံစိုက်ပြီး နားထောင်သူကထောင်။ မိဘကို လုပ်ကျွေးရှာတဲ့ သူငယ်လေး လွတ်ပါစေဟု တောင်းဆုပြုသူကပြု။ ဒီခေတ်မှာ ဒီကလေးမျိုး ရှားတယ်ဟု ပြောသူကပြော။ ဗိန္ဓောဆရာကို လွန်ပါတယ်။ သူကုလို့ သူ့လက်ထဲမှာလည်း ကောင်လေး အဖသေသေးတယ်။ သူကပဲ ပါးကိုရိုက်၊ ဓားနဲ့ခုတ်သေးတယ်။ တို့နဲ့သာ တွေ့ရင်တော့ကွာဟု ဆိုသူကဆို၊ တီးတိုး စကားဆိုသူကဆို၊ တီးတိုးစကားတို့သည် စုပေါင်းလိုက်သောအခါ ကျယ်လောင်သွားပါသည်။

ထို့ကြောင့် တရားခွင့်စာရေး ကိုသန်းအောင်က-

"အမိန့်ချတော့မယ်၊ မဆူကြပါနဲ့" ဟု လှမ်း၍ သတိပေးလိုက်ရ၏။

အမိန့်ချခါနီး တရားခံ မောင်ချစ်ခင်ကို မတ်တတ်ရပ်ခိုင်းလိုက်၏။ မောင်ချစ်ခင်လည်း ကျိုးနွံရိုသေစွာ ရပ်လိုက်၏။ တရားသူကြီးက မိမိ ချရမည့်အမိန့်ကို မချရက်။ မောင်ချစ်ခင်ကို မြင်လေ သနားလေတွေးလေ ကရုဏာသက်လေလေ ဖြစ်နေ၏။ ချစ်တာတွေ မုန်းတာတွေ သနားတာတွေ ရက်စက်တာတွေ ဥပဒေမှာ ထည့်သွင်းစဉ်းစားလို့ မဖြစ်ဘူးလေ။ တို့တရားသူကြီးတွေဟာ ဆန္ဒ၊ ဒေါသ၊ လောဘ၊ မောဟ ဆိုတဲ့ အဂတိတရားလေး ပါး ကင်းဖို့လိုတယ်ဟု သတိရလိုက်၏။

အမိန့်ကို ချမှတ်လာရာပြီးကာနီးတွင် ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင်အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ခြင်း ဟူသော် တရားစီရင်ရေး (၈) ချက်အနက် ထိုအချက်ကို ထည့်သွင်း စဉ်းစားကြောင်း၊ ထို့ကြောင့် တရားခံ မောင်ချစ်ခင်ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၃)နှစ် ကျခံရန် အမိန့်ချမှတ်ကြောင်း ရှင်းလင်းပြောပြသွားပါသည်။

အသက် ၆၀ ခန့် ဗဟုသုတ အသင့်အတင့် ရှိပုံရသူ တစ်ဦးက အရင်းရှင်စနစ်တွင် ပြစ်မှု ကျူးလွန်သူကို ပြစ်ဒဏ်ပေးရာ၌ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် ပြစ်ဒဏ်ကိုသာ အဓိကထားပြီး အပြစ်ပေးလေ့ရှိပြီး ဆိုရှယ်လစ်စနစ်တွင်မူ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးသာမက အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ကြောင်း သုံးသပ်သွားသည်။

ဥပဒေကို တီးမိခေါက်မိရှိသူ တစ်ဦးက မိဘကိုလုပ်ကျွေးတဲ့ အကျိုးဟာ ဒီမှာလာပြီး ခံစားရပါလား။ မိဘကို လုပ်ကျွေးသမှု မပြုဘဲ လူရမ်းကားတစ်ယောက်သာဆိုရင် အနည်းဆုံး ၇ နှစ်ပေါ့ကွာ" ဟု ထင်ကြေးပေးသွားပါသည်။

မောင်ချစ်ခင်သည် မတ်တတ်ရပ်လျက်ပင် တရားသူကြီး (၃) ဦးစလုံးအား လက်အုပ်ချီ၍ ဂါရဝပြုလိုက်၏။ ရဲသားတို့က တရားခွင်မှ ပြန်အခေါ်တွင်-

"သား လူလေး၊သားလေး"

မိခင်ဖြစ်သူ ဒေါ်မယ်မြသည် လူအုပ်ကြားထဲမှ ရှေ့သို့ပိုးရင်း တိုးထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းတွင် အဖမ်းခံခဲ့သည့် နောက်ပိုင်းတွင် အမေ့ကို မမြင်ရသည်မှာကြာပြီ ဖြစ်၏။ မောင်ချစ်ခင်က မြင်ချင်သော်လည်း အမေက မလာနိုင် အမေဖြစ်သူက တွေ့ချင်သော်လည်း မောင်ချစ်ခင်ဆီ မလာနိုင်။

မြင်ချင် တွေ့ချင်လွန်းသော အမေ့မျက်နှာကို မြင်လိုက်သည်နှင့်မောင်ချစ်ခင်၏ ခြေလှမ်းတို့သည် တုံ့ခနဲရပ်သွား၏။ အမေ့အသံကို ကြားလိုက်သည်နှင့် ရင်ထဲတွင် ကျဉ်ခနဲစိမ့်သွားလိုက်ရ၏။

"မိဘကိုလုပ်ကျွေးတဲ့ သားလေး ဖြစ်မှဖြစ်ရလေ သားလေးရယ်"

မောင်ချစ်ခင်၏ ကိုယ်ကို သိမ်းကျုံးဖက်ရင်း တတွတ်တွတ် ပြောနေ၏။ မောင်ချစ်ခင်၏မျက်လုံးအိမ်မှ မျက်ရည်တို့သည် တစ်လိမ့်လိမ့် စီးကျလာ၏။ မောင်ချစ်ခင် ဘာတစ်ခွန်းမှ ပြောပြနိုင်စွမ်းမရှိ။ ဒေါ်မယ်မြ၏ ကိုယ်ကို အလိုလို ဖက်မိလျက်သား ဖြစ်နေ၏။

"အမေ့ တစ်ယောက်တည်း ထားခဲ့တော့မှာလား သားရယ်၊ အမေ့ကို ဘယ်သူကလုပ်ကျွေးဦးမှာလဲဟင်"

အမေ၏ စကားတို့သည် မောင်ချစ်ခင်၏ အသည်းနှလုံးထဲသို့ စိုက်ဝင်သွားသည်။ အမေ၏အသံကို မောင်ချစ်ခင်၏နားတွင် ခံနိုင်စွမ်း မရှိတော့ပါ။ အမေ၏ဟန်ကို မောင်ချစ်ခင် မြင်နိုင်စွမ်း မရှိတော့ပါ။ ဖြစ်နိုင်လျှင် မျက်စိကိုမှိတ်၍ နားကိုပိတ်ထားလိုက်ချင်၏။

အမေ ပြောတာတွေ မှန်၏။ အသက် ၆၅ နှစ်အရွယ်ကအိုမင်းရင့်ရော်ပြီး ခွန်အားဆိုတာလည်း မရှိ၊ မယိုင်လဲအောင် တောင်ဝှေးကိုင်ထားရသည်အထိ။

အဖေက သုသာန်၊ သားက ထောင်ဒဏ်ဆိုတော့ အမေ့မှာ မပဋ္ဌာမြေလူး ဖြစ်နေရှာသည်။

စာမျက်နှာ ၁၆၃ သို့



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မာယာထောင်ချောက်

သတင်းထောက်ခင်

ငါးစာကိုသာမြင်ပြီး ငါးများချိတ်ဆူးခဲ့သို့
အိမ်နီးချင်းထိုင်းနိုင်ငံတွင်အလုပ်သွားရှာရင်း မကျူးလွန်သော
အမှုအတွက်ထောင်ဒဏ်ခံခဲ့ရသော ဘဝသင်ခန်းစာ

www.burmeseclassic.com

www.burmeseclassic.com



# မယာယောင်ချောက်


သတင်းထောက်ခင်

ကျွန်ုပ် ထားဝယ်သားဗျ။ အောက်သားတွေပေါ့ဗျာ။ ထားဝယ်မှာက အလုပ်က မဖြစ်ဘူး။ ကျွန်ုပ်၏ မိသားစုက ကျွန်ုပ်ရယ်ဆိုရင် ၅ ဦးရှိတယ်။ စီးပွားရေးအရ အဆင်မပြေတော့လည်း လင်မယားနှစ်ဦးက မကြာခဏ တစ်ကျက်ကျက် စကားများ ရန်ဖြစ်ကျတာပေါ့။ ကျွန်ုပ်ကလည်း ကုန်းရုန်းပြီး အလုပ်စုံနေအောင် လုပ်နေတဲ့ ကြားထဲ မပြေလည်တာ တဖျစ်တောက်တောက်အမြဲ နေ့စဉ်လိုလို ကျွန်ုပ်ကို မိန်းမက ပြောဆိုနေတော့ဗျာ။ နားက အလွန် ပူတာကိုး သိတယ်နော်။ ကျွန်ုပ်တို့ ယောကျ်ားတွေက ကျောပူတာ ခံနိုင်ကြပေမယ့် နားပူနားဆာ လုပ်လာရင် ကြာတော့ စိတ်ကုန်လာခဲ့တယ်။ နယ်မြေအသစ်ပြောင်းပြီး စီးပွားရေး ပြုလုပ် မလားလို့ပေါ့။ ဒါနဲ့ပဲကျွန်ုပ် တစ်ဦးတည်း ကော့သောင်းမြို့ကို ထွက်ခဲ့တာ ကော့သောင်းမြို့က နေတစ်ဆင့် တစ်ဖက်နိုင်ငံ ရနောင်းမြို့ကို သွားခဲ့တယ်။ ရနောင်းကတစ်ဆင့် ကီလို ၃၀ လို့ ခေါ်တဲ့ဘက်မှာ ရာဘာစိုက်ခင်းတွေ ရှိတယ်။ အဲဒီမှာ ကျွန်ုပ် အလုပ်ရဖို့အရေး ထိုင်းသူဌေးတွေထံမှာ အလုပ်တောင်းတယ်။ မရပါဘူး။ တစ်ခြံပြီးတစ်ခြံ လိုက်ရှာတာမရဘူး။ အသိမိတ်ဆွေတွေ မရှိတော့ ဘုန်းကြီးကျောင်းသွားပြီး ခြေဟန်လက်ဟန်နဲ့ ပြုလုပ်ပြပြီး ထမင်းတောင်းစားခဲ့ရတယ်ဗျ။ ကျွန်ုပ်ဘဝ ကုသိုလ်ကလည်း အတော်ဆိုးတာကိုး၊ ထမင်း တောင်းစားနေရတဲ့ဘဝ။ ကျွန်ုပ် အလုပ်သွားတောင်းတဲ့ ခြံတွေမှာကလည်း မြန်မာအလုပ်သမားတွေက အများကြီး ဒါကြောင့်မို့လည်း အလုပ်မရ။ လမ်းလျှောက် ဟိုသွားဒီသွားနဲ့ ကရပူရီမြို့ကို ရောက်ခဲ့တယ်။ ဒီမြို့မှာကလည်းဗျာ။ များလိုက်တဲ့မြန်မာတွေ ဝင်တိုက်ရင်တောင် ထိုင်းလူမျိုး မဟုတ်ပါဘဲ မြန်မာတွေ ဖြစ်နေတာ တွေ့ရတယ်ဗျ။ ဟိုမြို့ရောက် ဟိုဘုန်းကြီးကျောင်းဝင်ပြီးတောင်း စားလိုက်နဲ့အလုပ်ရှာနေရတာပေါ့ဗျာ။ အေးဗျဒီလို လမ်းလျှောက်သွားပြီး အလုပ်ရှာနေတဲ့ ကျွန်ုပ်ကိုဘယ်ရဲ့မှမဖမ်းတာ အံ့သြစရာပါ။ ကျွန်ုပ်က

www.burmeseclassic.com



လည်း ရဲဖမ်းပါစေ ဆုတောင်းနေတာ ရဲဖမ်းရင် အချုပ်ကျ ထောင်ကျမယ်ပေါ့။ အချုပ်ခန်းတို့ ထောင်တို့ ရောက်ရင် ထမင်းတော့ နပ်မှန်အောင် စားရမှာတော့ သေချာတယ်။ ဒီလို ရွဲ့စောင်းပြီး မထေ့မဲ့မြင်လုပ်အလုပ်ရှာနေတဲ့သူကို ဘယ်သူက အလုပ်ပေးကြမှာလဲ။ အလုပ်မျှော်ရတာလည်း ခြေကတိုနေပြီ။ ထိုင်းကို လာအလုပ်လုပ်ကြသူမှန်သမျှ ကျွန်ုပ်လောက် ဒုက္ခမရောက်ကြပါဘူးလို့ ထင်ပါတယ်။ ဒီလိုနဲ့ အိပ်ရတော့ ဟိုချောင်တိုး ဒီချောင်တိုးပြီး ထမင်းတောင်းစားနဲ့ နေခဲ့ရသူဆိုတော့ ထိုင်းနိုင်ငံမှာ မနေချင်တော့ဘူး။ မြန်မာနိုင်ငံကို ပြန်တာပဲ ကောင်းမယ်။ ဒါပေမယ့် နောက်ဆုံးအကြိမ် အဖြစ်တော့ကြိုးစား ရှာကြည့်ချင်တာနဲ့ ကရပူရီ မြို့ရဲ့ မြောက်ဘက် ၄ ကီလိုအထိ လမ်းလျှောက်လာခဲ့ပါတယ်။အဲဒီလို ကျွန်ုပ် လမ်းဘေးကနေပြီး လမ်းလျှောက်နေစဉ်မှာပဲ ကားတစ်စီး ထိုးရပ်လာတယ်ဗျ။ကားမောင်းသူက အသက်ရှိလှ ၃၅ နှစ်ပေါ့ဗျာ။ သူမက ကျွန်ုပ်ကို မေးတယ်။ မြန်မာလားတဲ့ ကျွန်ုပ်က စိတ်မပါတစ်ပါ ခေါင်းပဲ ညိတ်လိုက်တယ်။ ဆက်ပြီး ကျွန်ုပ်သွားတယ်။ သူမကားက ကျွန်ုပ်ထံအထိ တဖြည်းဖြည်း မောင်းလာပြီး ကားပေါ်ကနေပြီး မေးပြန် တယ်။ အလုပ်ရှိလားတဲ့ ကျွန်ုပ်က စိတ်အရမ်းညစ်နေပါပြီး လက်ဝါးနှစ်ဖက် ဖြန့်ပြီးခါးပြလိုက်တယ်။ ဒါနဲ့ပဲ သူမက ကားစက်ရပ်ပြီး နောက်ကားတံခါးဖွင့်လို့ ကျွန်ုပ်ကို ကားအတွင်း ဝင်ခိုင်းလိုက်တယ်။ အလို မြတ်စွာဘုရား ဘာဖြစ်နေတာပါလိမ့်လို့ပေါ့။ သူမလည်း ကားတံခါး ပိတ်ပြီး မောင်းထွက်သွားပါလေရော။ ၁ နာရီလောက် သူမ မောင်းပြီး ရော်ဘာခြံဝန်းကြီးထဲရှိ အလုပ်သမား တန်းလျားရှေ့ ရောက်တော့ ကားရပ်ပြီး ဆင်းခိုင်းတယ်။ ကျွန်ုပ်ကို အလုပ်ခန့်ကြောင်းနဲ့ ဒီမှာနေဖို့အကြောင်း သူက ခြေဟန်လက်ဟန်နဲ့ ပြောနေတယ်။ ထိုင်းစကားကို ကျွန်ုပ် ထမင်းစား ရေသောက်လောက်ပဲ ရသူဆိုတော့ ကျွန်ုပ်အဖို့ ကံကောင်းလာပြီလို့ ဆိုရမှာပေါ့။ ဒါဟာ သူ့ခြံဆို တော့ ကျွန်ုပ်ရဲ့ သူဌေးမပေါ့ဗျာ။ ကျွန်ုပ်ကို ထားပြီး သူမကားဖြင့် ထွက်သွားတယ်။ နောက်နေ့တွေမှာ ကျွန်ုပ် စားဖို့ဆိုပြီး ထမင်းချိုင့်နဲ့ ထိုင်း




www.burmeseclassic.com

www.burmeseclassic.com



ထိုင်းအမျိုးသမီး
သူဌေးမက ကျွန်ုပ်ကို
ချစ်တယ်လို့ပြောတာ
ကျွန်ုပ်လောက်
ကံကောင်းသူ
ရှိပါဦးမလားဗျာ၊
ဒါနဲ့ပဲ ကျွန်ုပ်
သူမကို ပြန်ပြီး

အစားအစာ တွေကိုပို့ပေးတယ်။ ကျွန်ုပ်ကလည်း သူမကျွေးတဲ့ အကောင်းစားတွေကို ငတ်ပြတ်ခဲ့ရတာနဲ့ အတိုးချပြီး စားတာပေါ့ဗျာ။ကျွန်ုပ်နေရတဲ့ ရော်ဘာခြံ ဟောင်းကြီးဟာ အသုံးပြုစိုက်ပျိုးခြင်း မရှိတော့သလို ခြံအလုပ်သမား တစ်စုံတစ်ဦးမျှ မတွေ့ရဘူး။ ထိုင်းသူဌေးမပို့ပေးတဲ့ ခေါက်ဆွဲခြောက်၊ စည်သွပ်ဘူး၊ ရိက္ခာများနဲ့ စားသောက်လိုက်၊ အိပ်လိုက် နေထိုင်ရင်းနှစ်လကျော်ကြာခဲ့တယ်။ အလုပ်ခန့်တယ်ဆိုပေမယ့် ကျွန်ုပ်ဘာဆို ဘာမှ မလုပ်ရဘူး။ အဲဒါ အတော်ခက်တယ်။ ဘာမှ မလုပ်ရတော့ ပိုက်ဆံမရမှာ အလွန် ပူပင်တယ်။ နောက်တစ်နေ့ သူမ ဂါဝန်လှလှလေး ဝတ်ဆင်လာပြီး ကားပေါ်က ဆင်းတာနဲ့ ကျွန်ုပ်ကို ပွေ့ဖက်ပြီး နမ်းတော့တာပါပဲဗျာ။ ကျွန်ုပ် ကံကောင်းသူလား ဆိုးသူလားတော့ မသိဘူး။ ဒီလို ထိုင်းအမျိုးသမီး ချောချောလှလှသူဌေးက နမ်းတာဆိုတော့ ပြောရရင် ကျွန်ုပ်သိပ်ကို ကျေနပ်တာပဲဗျ။

နောက်ပြီး သူမက–

"ချိုင်းလခွး"

လို့ ပြောတယ်ဗျ။ မြန်မာလိုတော့ နင့်ကိုငါသိပ်ချစ်တယ်တဲ့ ပြောတာ။ ကျွန်ုပ်ကိုယ်ကျွန်ုပ် မယုံနိုင်အောင် ဖြစ်သွားတယ်ဗျာ။ ဒီလို ထိုင်းအမျိုးသမီး သူဌေးမက ကျွန်ုပ်ကို ချစ်တယ်လို့ ပြောတာ ကျွန်ုပ်လောက် ကံကောင်းသူ ရှိပါဦးမလားဗျာ။ ဒါနဲ့ပဲ ကျွန်ုပ် သူမကို ပြန်ပြီးတော့–

"ချိုင်းလခွး"

လို့ ပြန်ပြောလိုက်ပါတယ်။ သူမ ကျွန်ုပ်ပြောလိုက်တဲ့ နင့်ကိုချစ်တယ်ဆိုတာ စကားကြားပြီးနေတဲ့ တဲအတွင်းမှာ ကျွန်ုပ်တို့နှစ်ဦးသား တစ်ဦးကိုတစ်ဦးလွတ်ထွက်မသွားအောင် ဖက်ပြီးနမ်းလိုက်ကြနဲ့ အဲဒီအခန်း ကွပ်ပြစ်ကလေးဟာ ကျွန်ုပ်တို့ ပျော်ရွှင်ခဲ့ကြရတဲ့ ဘုံဗိမာန် စခန်းလေးပေါ့ဗျာ။ ဟုတ်တယ်ဗျ။ တကယ်ချစ်ကြည့်လိုက်မှ အနှစ်တွေရှိကြတာ သိရတယ်။ ဒါနဲ့ ကျွန်ုပ်တို့ရေမိုးချိုးပြီး အဝတ်အစား လဲလှယ်ဖို့သူဌေးမက ကားဖြင့်ပြီး စူပါမတ်ကက်ကြီးမှာ ကျွန်ုပ်ဝတ်ဖို့ဆိုပြီး ဝယ်ပေးတာဗျာ အဲဒီနေ့ကပင် ဘတ် ၁၀၀၀၀

www.burmeseclassic.com



ကျော်ကျော် သူမကုန်သွားတယ်။ ကျွန်ုပ်လည်း ပီတိဖြစ်ရတာပေါ့။ ပျော်လိုက်တာ။ ထကို ကလိုက်ချင်တဲ့ စိတ်ပေါက်တယ်။အဝတ်အထည်တွေ ဝယ်ပြီးတော့ သူမပိုင်ဆိုင်တဲ့ ကီလို ၃၀ အနားအရောက် တစ်ယောက်မှာ တိုက်ခြံဝန်းကြီးထဲ မောင်းဝင်လာတယ်။ အလို တိုက်ကြီးကဖြင့် နေအိမ်ထဲ နင်းရက် ခြေချရက်စရာ မရှိဘူး။ နတ်ပြည်နတ်နန်းတမျှ တစ်အိမ်လုံး ဖိန့်ဖိန့်တောက်နေတာပါပဲဗျာ။ အတော်ချမ်းသာတဲ့ သူဌေးမကိုမှ ကျွန်ုပ် ပိုင်ဆိုင်လိုက်ပြီးလား။ သူမရဲ့ နေအိမ်မှာ အိမ်စေ အမျိုးသမီး ၂ ဦး ရှိတယ်။ ကျွန်ုပ်လည်း သူမက လက်ဆွဲခေါ်ခဲ့လို့ တိုက်အပေါ်ထပ် အိပ်ခန်းထဲ ရောက်တယ်။ ဝယ်လာတဲ့ ဝတ်စုံတွေ တစ်စုံပြီး တစ်စုံ ဝတ်ပြရတယ်။ ကျွန်ုပ်ကို ကျွန်ုပ်ကြည့်တော့ အတော် ခန့်ချောကြီးပဲဗျ။ အိမ်မက် မဟုတ်ဘူးဆိုတာ သိလိုက်ရတာရယ်။ ဒီလို ထိုင်းနိုင်ငံ အမျိုးသမီးက ဖူးစာရှိလို့ သူမကိုယ်တိုင် ချစ်ခွင့်တောင်းပြီး ချစ်ခဲ့ကြရာမှ ကျွန်ုပ် ၃ ပတ်လောက်ပဲ ရှိဦးမယ်ဗျ။ ထိုင်းရဲတပ်ဖွဲ့ဝင်တွေ ကားတွေနေအိမ်ပတ်ပတ်လည် ဝိုင်းပြီး ကျွန်ုပ်သူဌေးမ အိမ်ထဲဝင်ရောက်လာကြတယ်။ ဘာတွေရှာနေကြသလဲတော့မသိဘူး။ ဟိုရှာဒီရှာနဲ့ အိမ်တွင်းလည်း ရှာသလို ခြံထဲလည်း ရဲအဖွဲ့လိုက် ရှာကြတယ်။ ကျွန်ုပ်က သူဌေးမရဲ့ လက်ကို တင်းတင်း ဆုတ်ကိုင်ထားလိုက်ပါတယ်။ သူကလည်း ကျွန်ုပ်ကို အကြင်နာအကြည့်နဲ့ ကျွန်ုပ် ပခုံးမှီပြီး ရှိနေတယ်။ တိုက်ရဲ့ အိမ်နောက်ဘက်နား ရေတွင်းထဲကို ရဲတပ်ဖွဲ့ဝင်တွေက ကြည့်နေကြတယ်။ မကြာခင်မှာပဲ ထိုင်းရပ်မြင်သံကြား (၃) ရိုက်ကူးရေးတွေ ရောက်လာကြတယ်။ ရဲမှူးကြီးတွေက ကျွန်ုပ်မိန်းမကို ထိုင်းဘာသာစကားတွေနဲ့ မေးကြပြောကြနဲ့ အဲဒီမှာ ကျွန်ုပ်မိန်းမပေါ့ဗျာ။ သူမက ကျွန်ုပ်ကို လက်ညှိုးထိုးပြတယ်။ ရဲမှူးကြီးက အခြားရဲတွေကို ခေါ်ပြီး ကျွန်ုပ်ရဲ့ လက်နှစ်ဖက်ကို လက်ထိပ်ခတ်လိုက်ပါတယ်။ အခုအချိန်ထိ ကျွန်ုပ်ဘာဖြစ်တယ်ဆိုတာ မသိဘူးဗျ။ ရဲစခန်းရောက်တော့ ချုပ်နှောင်ထားတာပါပဲ။ တရားရုံးချိန်းမှာ သူမက ထိုင်းလို တစ်တွတ်တွတ်နဲ့ ပြောတယ်ဗျာ။ ကျွန်ုပ်သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပြီးဗျ။ ကျွန်ုပ်ကို ရော်ဘာခြံထဲထားရှိခဲ့စဉ် အချိန်က သူမမှာ ကာမပိုင်လင် ရှိတယ်။ သူ့လင်ကိုသတ်ပြီး နေအိမ်တိုက် အနောက်ဖက်က ရေတွင်းထဲချပြီး အလောင်းဖျောက်ထားတာကို ရဲက စုံစမ်းသိရှိလို့ သူမကို ဖမ်းတာ။ ဒါကို သူမ -မသတ်ရပါကြောင်း ဒီမြန်မာက သူကိုယ်တိုင် သတ်ပေးမယ်ဆိုပြီး သူမ မသိလိုက်တဲ့ အချိန် သေနတ်နဲ့ အချက် ၃ ချက် ဦးခေါင်းကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ဤကဲ့သို့ ပစ်သတ်တာကို ဖော်ပြောရင် သူမကို ဒီမြန်မာနိုင်ငံသားက သတ်မည်ဟု ပြောဆိုပါသဖြင့်ကြောက်လန့်ပြီး သူဖြင့် ပေါင်းသင်းနေခဲ့ရပါကြောင်းဖြင့် နောက်ဆုံးတော့ ကျွန်ုပ် မှာလူသတ်မှုဖြင့် ထောင်ဒဏ်၇ နှစ် ကျခံခဲ့ရတယ်။ ကျွန်ုပ် ထောင်က လွတ်တော့ ကိုယ်ရဲ့ မြန်မာနိုင်ငံမှာပဲ နေတော့တယ်။ ထိုင်းကို ဘယ်တော့မှ ပြန်မ သွားတော့ပါဘူး။ ဒါတွေအားလုံးဟာ မာယာထောင်ခြောက် အတွင်းသက်ဆင်းမိတဲ့ ကျွန်ုပ်၏ ဖြစ်ရပ်အမှန်သာ ဖြစ်ပါကြောင်း။

**သတင်းထောက်ခင်**

**ဓေတ္တ-လုံဖောနယ်စပ်**

**ကော့သောင်းခရိုင်**



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ ၁၅၃ မှ

မောင်ချစ်ခင် ငယ်ငယ်တုန်းက ကြားဖူးသည်မှာ အသံချိုစက်က မပဌာ၊ အရွယ် ရောက်တုန်းက မြင်ဖူးသည်မှာ ဇာတ်ထဲက မပဌာ ခုတော့ ကိုယ်တိုင်ကြုံ၍ ကိုယ်တိုင်ဆုံခဲ့ရသည်က

အမေမပဌာရဲ့ အဖြစ်ပါလား။

သည်အဖြစ် သည်သနစ်ကို မောင်ချစ်ခင် မမြင်လို မတွေ့လိုတော့ပါ။ မောင်ချစ်ခင် တစ်ယောက် မိမိ၏ ခံနိုင်အားကို တောင့်ထားလိုက်၏။ ဦးနှောက်ကို ဖြစ်ညှစ် ထုတ်လိုက်၏။ အမေကို လုပ်ကျွေးမည့်သူမရှိ။ အမေကလည်း မလုပ်နိုင် မကိုင်နိုင်။ ငွေဆိုလည်း မကျန်ရစ်ခဲ့။ စားသောက်စရာ မရှိ။ ခိုကိုးရာမဲ့ပြီး အမေသေသွားမှဖြင့် …

မောင်ချစ်ခင်ဆက်၍ မတွေးတော့ပါ။

အမေ့ ရင်ခွင်ထဲမှ ရုန်း၍ထွက်ပြီး အမေ့ကို ရှိသေမြတ်နိုး လက်စုံမိုး၍ သုံးကြိမ်တိတိ ကန်တော့လိုက်ပြီး အမေ၏ ပါးနက်ဖက်ကို အားရပါးရ တအားဝအောင် နမ်းလိုက်၏။

မောင်ချစ်ခင်၏ ကျမျက်ရည်တို့သည် အမေ့ ပါးပြင်ပေါ်သို့ ထင်းသွားသလို အမေ၏ဘဝမျက်ရည်တို့သည်လည်း မောင်ချစ်ခင်၏ ပါးပြင်ပေါ်တွင် စွန်းသွား၏။

ပြီးမှ မောင်ချစ်ခင်၏ နှလုံးသားထဲမှ ကြေကွဲသံစကားသည် ဆင့်ကာ ဆင့်ကာ ခေါ်လာ၏။

"ဒီနှစ်နှစ် သုံးနှစ်အတွင်း အမေ အသက်ရှင်လျှက် ကျန်းကျန်းမာမာ ရှိအောင် ငွေတိုးချေးပြီး စားနှင့်သောက်နှင့်ပါ အမေရယ်။ သားထောင်က လွတ်ရင် အမေသုံးထားတဲ့ ငွေကို ပြန်ပြီး ဆပ်နိုင်အောင် ကြိုးစားပါမယ်။ အမေချေးတဲ့ ငွေကြောင့် အမေ့မှာ ကြွေးကျန်ပြီး သူတစ်ပါးမြေ မခံစေရဘူးအမေ။ သားပြန်ဆပ်ပါ့မယ်။ သား ပြန်လွတ်လာတဲ့ တစ်နေ့မှာ အမေ့ကို အသက်ရှင်လျက်နဲ့ မြင်ရတွေ့ရပါစေ အမေရယ်။ မိဘကို လုပ်ကျွေးတဲ့ သုဝဏ္ဏသာမတောင်မှ မြားမှန်ခံရသေးတာပဲ အမေရာ။ သားလည်း ဘဝသံသရာမှာလောကဓံကို ခံရဦးမှာပေါ့နော်"

မောင်ချစ်ခင်၏ ရင်နှင့်ဖွယ်ရာ စကားတို့ကြောင့် တရားခွင်ပတ်ပတ်လည်ရှိ ပရိသတ်တို့လည်း မချိတင်ကဲ ခံစားလိုက်ရ၏။

ဒေါ်မယ်မြသည်လည်းဘယ်ကိုသွား၍ ဘယ်ကိုလာရမှန်းတောင် မသိတော့။

မောင်ချစ်ခင်ကား ဘယ်ကိုသွား၍ ဘယ်ကိုလာရမှန်း သိပါ၏။

မောင်ချစ်ခင် လာရမည့်နေရာကား အချုပ်ကားရှိရာသို့ မောင်ချစ်ခင် သွားရမည့် နေရာကား ပုသိမ်ထောင်ကြီးထဲသို့။

**မင်းကိုကို (ခနော်ဖြူ)**

www.burmeseclassic.com

www.burmeseclassic.com



# မဒီတဲ့အသ

## တရားရေးဝန်ထမ်းတဦး

"တရားရေး အဖွဲ့ဝင်တွေ အစည်းအဝေးသွားကြလို့ သည်စာချုပ်မှာ ဆရာပဲ လက်မှတ်ရေးထိုးပေးပါဆရာ"

ကျွန်တော်၏ စာရေးကြီးသည် မင်္ဂလာ လက်ထပ်စာချုပ်ပုံစံတစ်ခုကို စားပွဲပေါ်ချပြကာ ဤသို့ ပြောလိုက်ခြင်း ဖြစ်ပါသည်။ တစ်ခါတရံ တရားသူကြီးများ မအားလပ်သည့် အခါမျိုးတွင် ကျွန်တော်သည် လက်ထပ်စာချုပ်များကို လက်ခံယူ၍

www.burmeseclassic.com

www.burmeseclassic.com

# ကာတီသန္တာမြလှိုင်၊ ၁၉

...... အမည် ... သတိုးသန်း

အသက် ... ၆၃



ချမ်းကျိန်စေပြီး လက်မှတ်ထိုး
ဆေးရလေ့ရှိပါသည်။

ယခုလည်း ဤသို့ လုပ်
ဆောင်ပေးရန် တာဝန်မလေး
သည့်အတွက် ခေါင်းညိတ်လိုက်
ပြီးမှ -

"ကဲ...သတို့သား သတို့
သမီးခေါ်လေဗျာ" ဟု ပြော
လိုက်ရာ စာရေးကြီးက ဆင်
အရွက်တံခါးလေးကို အသာဟ
၍ လက်ရပ် ခေါ်လိုက်သဖြင့်
အခန်းတွင်းသို့ အသက်ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ဆယ်အရွယ် လူကြီးတစ်ယောက်နှင့် အသက်ခပ်ငယ်ငယ် သုံးဆယ်တန်းလောက် အမျိုးသမီးတစ်ယောက်တို့ ဝင်လာကြလေသည်။

မိန်းကလေးမှာ အသားဖြူဖြူ ကိုယ်လုံးသွယ်သွယ်လေး ဖြစ်၍ မျက်လုံးမျက်ဖန် ကောင်းကာ ကျော့ရှင်းရှင်းကလေး ဖြစ်ပြီး ဝတ်စား လိမ်းကျံထားသဖြင့် နုနယ် ပျိုမြစ်သည့် အသွင်နှင့် လှပ နေလေသည်။ လူကြီးမှာ ဆံပင်မဖြူသေးသော်လည်း မျက်နှာပြင်မှာ အရေးများအနည်းငယ် တွန့်စပြုကာ သက်ကြီးပိုင်းပုံစံ ပေါ်နေ၏။ သားအဖနှစ်ယောက် ဖြစ်ပုံရသည်။ သတို့သမီးတွင် မိခင်မရှိတော့သဖြင့် ဖခင်ကိုယ်တိုင် ပါဝင်ကာလာရောက် လက်ထပ်ပေးသည့် သဘောတူသည့် ကိစ္စမျိုးလည်း တွေ့ရဖူးတာကြောင့်-

"သတို့သမီးက သူငယ်မနော်" ဟု မေးမိ၏။

"ဟုတ်ပါတယ်ရှင်" ဟုပြန်၍ ဖြေကာ မိန်းကလေးကရှိသေစွာပင် ခေါင်းညိတ်ရှာသည်။

"သတို့သား ခေါ်လိုက်ဦးလေ စာရေးကြီးရဲ့"

ကျွန်တော်ကပြောရာ ရုံးခန်းလေးရဲ့ အပြင်ဘက်ကို လှမ်းကြည့်မိသည်တွင် စာရေးကြီးက ရယ်ကြဲကြဲ လုပ်နေရာမှ နောက်မိန်းကလေးနှင့်ပါလာသည့် မိန်းကလေးကို မေးငေါ့ပြ၏။

"သတို့သားက ဒီမှာပါ ဆရာ" ဟုဆိုကာ လက်ထပ်စာချုပ်များကို ဖြန့်ပြလေသည်။ ကျွန်တော်မှာ အားနာအံ့သြသည့် အသွင်ဖြင့် လူကြီး၏ မျက်နှာကိုပင် မကြည့်သာတော့ဘဲလက်ထပ်စာချုပ်ကိုသာ ငုံ့ဖတ်ကြည့်ရ၏။

သတို့သားအမည်- မောင်ဘသိန်း။

အဖအမည်- ဦးသာရင်(၆၀) နှစ်။

အသက်- ၆၁ နှစ်

နေရပ်လိပ်စာ-အမှတ် (…) ၃လမ်း၊ (ဃ) ရပ်ကွက်၊ မ/ဥက္ကလာ။

သတို့သမီးအမည်- မသင်းနု

အဖအမည်- ဦးဘိုးသင်း

အသက်- (၃၀)နှစ်

နေရပ်လိပ်စာ-အမှတ်(…)၊ ၁လမ်း၊ (ဃ)ရပ်ကွက်၊ မ/ဥက္ကလာ။

မင်္ဂလာ လက်ထပ်စာချုပ်ပုံစံကို ဖတ်ကြည့်ပြီးသည်တွင် ကျွန်တော့်မှာ သတို့သား ဦးဘသိန်းတည်းဟူသော ကျွန်တော်၏ ဦးလေးကြီးအရွယ်၊ ဘကြီးအရွယ်ကို စေ့စေ့မကြည့်တော့ဘဲ သတို့သမီးကိုလည်း မကြည့်မိတော့ချေ။ စာရေးကြီးကိုသာ တံဆိပ်တုံးထုရန် လက်ဟန်ပြလိုက်ရ၏။

"ထိုင်ပါခင်ဗျာ ထိုင်ကြပါ" ဟု ပြောလိုက်ရတော့၏။

ခါတိုင်း သည်လိုသတို့သားနှင့် သတို့သမီး စုံတွဲလာရောက်ကျမ်းကျိန် လက်ထပ်ကြပြီဆိုလျှင် ကျွန်တော်သည် ဝတ္တရားရှိသည့်အတိုင်း အောက်ပါကဲ့သို့ မေးမြန်းရန် ရှိပါသည်။

"နားဆင်ကြည့်ပါ ခင်ဗျာ။ ကျွန်ုပ်- သတို့သမီး အသက် ၃၀ နော် အသက်ပြည့်ပါပြီ။ မိဘ အုပ်ထိန်းသူများကော ပါလာပါသလား။

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေက သတို့သမီး၏ အသက်မှာ (၁၆)နှစ်ပြည့်ရမည်။ မိဘအုပ်ထိန်းသူ၏ သဘောတူညီမှု ပါရ

www.burmeseclassic.com

www.burmeseclassic.com





**သတို့သားက ခြောက်ဆယ်ကျော် ဆိုတော့ မိဘ အုပ်ထိန်းသူ ပါလာစရာမရှိ၊ ပါလာမည် ဆိုပါက သူနာပြုထမ်းစဉ်နှင့် ခေါ်လာရမည်ဟု ထင်၏၊**

မည်။ တစ်ခုလပ် မုဆိုးမများကို (မဆိုလိုပါ)အကယ်၍ အသက် ၂၀ ပြည့်ပြီး ဖြစ်ပါက မိမိ၏ သဘောဆန္ဒအလျောက် လက်ထပ်ခွင့်ရှိသည်။

**ကျွန်ုပ်** - အခုလက်ထပ်ကြတာ တစ်ဦးနှင့်တစ်ဦး မေတ္တာနဲ့ ချစ်ခင်စုံမက်ကြလို့နော်၊ တစ်ဦးတစ်ယောက်က ဖျားယောင်းခြင်း၊ သွေးဆောင်ခြင်း၊ အတင်းအကြပ်ပြုခြင်းများ မရှိဘူးနော်"

စသည်ဖြင့် မေးရမြန်းရ ပြန်ပါသည်။

ခုတော့ သတို့သားကခြောက်ဆယ်ကျော်ဆိုတော့ မိဘအုပ်ထိန်းသူ ပါလာစရာ မရှိ။ ပါလာမည်ဆိုပါက သူနာပြုထမ်းစဉ်နှင့် ခေါ်လာရမည်ဟုထင်၏။ ဘယ်နှယ့် သတို့သားကပဲ အသက် ခြောက်ဆယ်ကျော်နေပြီဆိုတော့ သူ့မိဘသည် မြေဘုရင်ရာဇာ၏ရင်ခွင်တွင် လှဲလျောင်းပြီး ဖြစ်ချေသည်။

သတို့သမီးလေးက သူ့အသက် သုံးဆယ်ခန့် ဆိုတော့လည်း မိဘအုပ်ထိန်းသူပါဖို့ မလိုလိုအပ်လျှင်လည်း မိဘမှာ သူတို့၏ သမီးကလေးကို ဤမျှအသက် သုံးဆယ့်တစ်နှစ်ကျွာသည့် အဖိုးကြီးလက်သို့ ဝကွပ်အပ်ရသည့်ကိစ္စတွင် မျက်နှာပူကြရောမည့်ထင်။

ထို့ကြောင့် အထက်ပါ မေးခွန်းများ ဘာမျှမေးမြန်းမနေတော့ဘဲ လက်ထပ်ပုံစံတွင် လက်မှတ်ထိုးရန် နေရာကိုသာ ပြလိုက်ရတော့၏။ ဦးစွာပထမသတို့သား ဦးဘသိန်းက စတင် လက်မှတ်ရေးထိုးသည်။ ထို့နောက် သတို့သမီး မသင်းနုကလေးက လက်မှတ်ထိုးပါသည်။ နှစ်ဦးစလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အပြုံးချင်းဖလှယ်ကြသည်မှာ တကယ် သက်နုရွယ်ကလေးများသို့ ပမာရှိလှ၏။

"အင်း အချစ်ဆိုတာ အိုသည်မရှိပါလားဟု အောင်းမေ့မိပါသည်။

"သက်သေလက်မှတ် ထိုးရမယ်ဗျာ"

စာရေးကြီးက ရုံးခန်းတံခါးလေးကို အပြင်ဘက်သို့ ဟ ပေးလိုက်ရာ လူနှစ်ယောက် ဝင်လာပါသည်။ တစ်ယောက်က အသက် ၇၀ ကျော်အရွယ် အဘွားကြီးဖြစ်၍ တစ်ယောက်ကတော့ အသက် ၄၀ခန့် မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်၏။


ဒါကသတို့သားရဲ့ အစ်မပါ။ ဒါက သတို့သမီးရဲ့ အဒေါ်။

စာရေးကြီးက သူ့ဟာသူမိတ်ဆက်ပေးကာ သက်သေ လက်မှတ်နေရာကို ပြသဖြင့် အမျိုးသမီးကြီး နှစ်ယောက်က လက်မှတ်ထိုးကြသည်။ ခါတိုင်း လူငယ် လူရွယ်များ၏ လက်ထပ်စာချုပ် ချုပ်ဆိုကြသည့် အခါများတွင် ကျွန်တော်သည် လည်းကောင်း၊ စာရေးကြီးသည်လည်းကောင်း ဤကဲ့သို့ ပြောရပါသည်။

"နားဆင်ကြည့်ကြပါစို့"

"အင်း…ခုလို တစ်ယောက်နဲ့တစ်ယောက် မေတ္တာသက်ဝင်ပြီး ချစ်ခင်ကြလို့ လက်ထပ်ကြပြီးတဲ့အခါမှာ သတို့သားဘက်ကလည်း လင်ဝတ္တရား ငါးပါး ကျေပွန်လို့ သတို့သမီးဘက်ကလည်း မယားဝတ်ငါးပါး ကျေပွန်ဖို့ တစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ အိုအောင်မင်းအောင် ပေါင်းကြဖို့ ဆုတောင်းပါတယ်"

ဘာညာစသည်ဖြင့် ဩဝါဒ ဆုတောင်းစကား ပြောရပါသည်။



ယခုတော့ သတို့သားကပင် ကိုယ့်ပြန်ပြီး ဆုံးမသွားဖို့ပဲ လိုတော့သည်။ ကျွန်တော်သည် များစွာ အားနာနေမိလေပြီ။

"ကဲ… ပြန်နိုင်ကြပါပြီ ခင်ဗျာ" ဟူသည့် စာရေးကြီး၏ အသံ ထွက်လာတော့မှပင် မင်္ဂလာ လက်ထပ်စာချုပ်ကို ယူ၍ ဦးဘသိန်းတည်းဟူသော သတို့သား ပူပူနွေးနွေးနှင့် သတို့သမီးကလေးမသင်းနုတို့ ရုံးခန်းအပြင်သို့ ထွက်သွားကြတော့မှပင် ကျွန်တော့်မှာ ဟင်းခနဲ သက်ပြင်းချကာ မျိုးသိပ်ထားရသမျှ အတိုးချ၍ ရယ်လိုက်ပါတော့သည်။

"ဘယ်လိုဖြစ်တာလဲ စာရေးကြီးရယ် ကောင်မလေးနဲ့ အဘိုးကြီးနဲ့ ကွာလှချည်လား သမီးနဲ့ အဖေအရွယ်ပဲနော်"

"ဟဲ ဟဲ့ သမီးနဲ့ အဖေမက ဘူးဆရာ၊ အဘိုးအရွယ်နဲ့ မြေးအရွယ်လောက် ရှိနိုင်ပါတယ်"

"ကေနွှအဘိုးကြီးက ချမ်းသာတယ် ထင်တယ်။ ငွေလော ဘကြောင့် ကောင်မလေးက အ ဖမ်းလိုက်ပုံရတယ်နော် ကြောင့်သာ သည်လောက်အရွယ်

www.burmeseclassic.com

www.burmeseclassic.com

ကြီးကို ယူတာဖြစ်မယ်'' ဟု ကျွန်တော့်အထင်ကို ဖြေမိ၏။

စာရေးကြီးက ခေါင်းခါပစ်လိုက်ရင်း-

''ပြောင်းပြန်ဖြစ်နေပြီ ဆရာ အမှန်က ကောင်မလေးက ချမ်းသာတာ။ ဦးဘသိန်းဆိုတဲ့ အဘိုးကြီးကဘာမှရှိတာ မဟုတ်ဘူး''

''ဟာ ဒါနဲ့များကွာ ကိုယ့်အဖေလောက် အရွယ်ကြီးကိုယူရတယ်လို့ပဲ။ ကျွန်တော်တို့ ကြားဖူးတာကတော့ အဘိုးကြီးတွေကို ငွေမက်လို့ စည်းစိမ်ခံစားရအောင် ငွေပုံကြီး ကျန်ရစ်ခဲ့ပြီး ခံစားနိုင်အောင်လို့ မိန်းကလေး ခပ်ငယ်ငယ်လေးတွေက ယူတတ်ကြတယ်လို့ပဲ ကြားဖူးပါတယ်ဗျာ''

''ဟုတ်တယ် ဆရာရယ်၊ အဲဒါဖြစ်ရိုးဖြစ်စဉ်ပါ။ ဒါပေမယ့် ဦးဘသိန်းနဲ့ မသင်းနုကိစ္စက တစ်မျိုးပါဆရာ''

''ရှင်းစမ်း လင်းစမ်းပါဦးဗျာ''

သည်တော့မှ ကျွန်တော်၏ လက်စွဲတော် စာရေးကြီးက သူစပ်စုထားသမျှကို အောက်ပါအတိုင်း ပြန်ဖောက်သည်ချပါတော့သည်။

**အဘိုးကြီးတွေကို ငွေမက်လို့ စည်းစိမ် ခံစားရအောင် ငွေပုံကြီး ကျန်ရစ်ခဲ့ပြီး ခံစားနိုင်အောင်လို့ မိန်းကလေး ခပ်ငယ်ငယ်လေးတွေက ယူတတ်ကြတယ်၊**

◆◆◆◆

ဦးဘသိန်းမှာ စဦးစဉ်က လူလွတ်မဟုတ်ခဲ့ချေ။

သူ့မှာဇနီး ဒေါ်စိန်ခင်ရှိ၏။ သားသုံးယောက်၊ သမီးတစ်ယောက်ရှိ၏။ သားတွေအားလုံး အိမ်ထောင်ကျသွားကြပြီး ဖြစ်၍ အိမ်မှာ သူနှင့်ဇနီး ဒေါ်စိန်ခင် သမီးအငယ်ဆုံး ထိုသုံးဦးသာ ကျန်ခဲ့လေသည်။

ဦးဘသိန်း၏ အလုပ်မှာ ယခင်က ပွဲရုံအလုပ်ဖြစ်သော အထူးသဖြင့် အထည်တွေကို ဦးစားပေးလုပ်ကိုင်သည်။ မန္တလေးချည်ထည်၊ ပိုးထည်အပြင် မိတ္ထီလာ၊ ဝမ်းတွင်းမှ ယက္ကန်းလည်း အဆက်အသွယ်ပြုထားသောကြောင့်လည်း ပွဲရုံမှာ ဝင်ငွေကောင်းခဲ့၏။

သို့သော် သည်ဘက်ခေတ်မှာ ယိုးဒယားလုံချည်အုန်းပင်တံဆိပ်၊ တရုတ်လုံချည် ဝက်ဝံတံဆိပ်၊ တက်ထရွန်လုံချည်တို့ ခေတ်စားလာသောအခါ မြန်မာယက္ကန်းအထည်တွေ ရောင်းအားကျခဲ့သည်။ ဦးဘသိန်းဝင်ငွေတွေ လျော့လာသည်။ ပွဲရုံမှာအထည်

www.burmeseclassic.com

www.burmeseclassic.com



အပြင် တခြားကုန်စည် တင်ရတော့၏။ ကိုယ်မလုပ်တတ်သည့် အလုပ်ဖြစ်၍ အရှုံးပြလာ၏။

ချမ်းသာကြွယ်ဝစဉ်က တည်ထောင်ထားခဲ့သော တိုက်၊ ခြံနှင့် မော်တော်ကား စသည်တို့ကတော့ ကျန်ပါသေးသည်။မယား ဒေါ်စိန်ခင်နှင့် သမီးတို့မှာလည်း လက်ဝတ်ရတနာ တစ်ဆင်စာ ကိုယ်စီနှင့်ပါ။

သို့ပေမယ့် ဦးဘသိန်း ဝင်ငွေလျော့လာလေတော့ အိမ်မှာ တစီစီဖြစ်လာရ၏။ သားနှင့်သမီးတို့က အပြစ်ဖို့လာကြသည်။ ယခင်က လက်ဖျားငွေသီးခဲ့သော အိမ်ဦးနတ်ကြီးမှာ ယခုတော့ အိမ်၌ ကပ်နေသော အမှိုက်တစ်ခုသဖွယ် ဖြစ်ရပြီး-

ဒေါ်စိန်ခင်က ရွှေပွဲစား ငွေပွဲစားလုပ်ပြီး ရှာဖွေရာ ဝင်ငွေကောင်းလေလေ ဦးဘသိန်းမှာ ပို၍ မျက်နှာငယ်လာရလေလေ။ ကြာတော့ ဦးဘသိန်း အနေရခက်လာပြီ။ ထို့ကြောင့် အိမ်မပြန်တော့ဘဲ ပွဲရုံလေးထဲမှာ ပင် အိပ်တော့၏။

စားတော့ ထမင်းဆိုင်၊ တကိုယ်ရေတကာယ ပုံမျိုးဖြစ်လာတော့၏။ သည်မှာပင် သူ့ပွဲရုံသို့ ချည်ထည်ကြမ်းသွင်းပေးနေသော မသင်းနုကလေးနှင့် တွေ့တော့သည်။

မသင်းနုကတော့ အပျိုတော့ မဟုတ်။

ကလေးတစ်ယောက် အမေမုဆိုးမလေးဖြစ်ပြီး အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ရရှာတော့ သူမ၏အရွယ်ကလေးက တင်တုန်းမို့ လာကမ်းလှမ်းသူတွေ ရှိပေမယ့် နောက်အိမ်ထောင်ပြုရန် လုံးဝမစဉ်းစား။ ယောက်ျားဆို တော်ပါပြီဟု ဆလံတာသလားမသိ။ သမီးကလေးနှင့် ဖွားအေနှင့် အေးအေးဆေးဆေးနေလာခဲ့သည်မှာ ခုနစ်နှစ်ပင်ကျော်ခဲ့ချေပြီ။

ယခုမှပင် အထည်ကြမ်းကို တွံတေးဘက်မှယူ၍ သွင်းရကာ ဦးဘသိန်းနှင့် ရင်းနှီးခင်မင်လာခဲ့ကြပြီး မသင်းနုက အဒေါ်နှင့် နေသည်။ မိဘနှစ်ပါး မရှိတော့ချေ။ အဒေါ်၏ခင်ပွန်းက လခစားကျောင်းဆရာ ဖြစ်သည်။ မသင်းနုက ထမင်းလခ ပေးစားရသည်။ တစ်ခါတရံ ကြုံသလို

ယခင်က
လက်ဖျား
ငွေသီးခဲ့သော
အိမ်ဦး
နတ်ကြီးမှာ
ယခုတော့
အိမ်၌
ကပ်နေသော
အမှိုက်
တစ်ခုသဖွယ်
ဖြစ်ရပြီး-

www.burmeseclassic.com

www.burmeseclassic.com



စားပြီး ကိုယ့်ဝမ်း ကိုယ်ကျောင်း နေသူဖြစ်ရာ ဦးဘသိန်းနှင့် ဘဝချင်း လာတူညီသလို ဖြစ်နေ၏။

သည်နောက် စကားစပ်မိကြရာမှ ဦးဘသိန်းဘဝကို မသင်းနု သိလာရသည်။ ဦးဘသိန်းအပေါ် မသင်းနု သနားစိတ်ဝင်လာရာက သံယောဇဉ် တွယ်လာရလေသည်။

မသင်းနုက ဦးဘသိန်းအား အဖေလိုသဘောထား၍ တစ်မျိုး၊ ချစ်သူကဲ့သို့ ကြည်နူးစွာ ကြင်နာမြတ်နိုး၍တစ်ဖုံ၊ ကရုဏာကြီး ချည်တွယ်မိကြလေပြီ။ သို့သော် ဦးဘသိန်းမှာ ဒေါ်စိန်ခင်နှင့် လုံးဝ ကင်းရှင်းကွာရှင်း ပြတ်စဲခြင်းမပြုရသေးသဖြင့် သူတို့နှစ်ဦး၏ ဘဝမှာ ခြေကုန်မနှင်နိုင်ကြသေးဘဲ ခရီးဆက်ချင်ပါလျက် လမ်းတစ်ဖက်မှာပင်ဆိုင်းငံ့စောင့်ကြည့်နေရသည့် အခြေဖြစ်နေသည်။

ဤသို့သော ကြားကာလမှာ နှစ်ယောက်စလုံးက ကြိုးကြိုးကုတ်ကုတ် စီးပွားရှာသည်။ ဒေါ်စိန်ခင်ကတော့ ဦးဘသိန်းတစ်ယောက် အိမ်ကဆင်းသွားပြီး ပွဲရုံသွားမှာနေကတည်းက



စီးပွားရေး မကောင်း၍ စုတ်ပြတ်သတ်ထွက်သွားကာ တစ်နေ့မှာ သူ့ထံသို့ ဒူးထောက်၍ပြန်ဝင်လာလိမ့်မည်ဟု အထင်ရှိခဲ့၏။

ကွာရှင်းပေးရန်ကလည်းပစ္စည်းထက်ဝက်ပေးရမည်ဖြစ်၍ဒေါ်စိန်ခင်က အကွာမခံဘဲ ကြိုးရှည်ရှည်နှင့် လှန်ထားသလို ရှိသည်။

သားသမီးတွေကလည်းအမေ အသက်ကြီးကာမှ လင်ကွာခံရသည့်အတွက် အရှက်တကွဲဖြစ်ကုန်မည် မလုပ်ပါနှင့်ဟု ဝိုင်းဝန်းတားမြစ်ကြသဖြင့်လည်းကောင်း၊ တစ်ဦးတည်းသော သမီးကလေး အပျိုအရွယ်ရှိနေ၍ ရှက်မည်စိုး၍လည်းကောင်း၊ အခြေအနေကို စောင့်ကြည့်နေခဲ့၏။

မသင်းနုကတော့ ဦးဘသိန်းထံမှ ဘာပစ္စည်းမှ မလိုပါဟုဆို၏။ လူချည်းပဲ လွတ်လွတ်လပ်လပ်ဖြစ်အောင် ရှင်းရှင်းလင်းလင်း လုပ်ခဲ့ပါ။ ကျွန်မလုပ်ကျွေးပါ့မယ်။ တစ်သက်လုံးအေးအေးဆေးဆေး ထိုင်စားရပါစေမယ်၊ ကျွန်မရဲ့ စေတနာပါ။ ပစ္စည်းမက်တာ မဟုတ်ပါဘူး" ဟု သစ္စာစကား ဆိုပါသည်။

သည်အခြေအနေမှာ ဦးဘသိန်းခါတိုင်းလို အထည်ချည်းရောင်းသည် ပွဲရုံမျိုးမဟုတ်တော့ဘဲ ချည်ထုတ်၊ ချည်ဆိုးဆေးအဆီ၊ အိန္ဒိယမှဝင်လာသည့် မုံရှာကလေးမြို့ ပစ္စည်းတွေပါ လှောင်၍ ဈေးကစားသည်။ မသင်းနုကလည်း နယ်ဆင်းကာ ဖောက်သည်စားနှင့် အားကြိုးမာန်တက် လုပ်ကိုင်လေရာ နှစ်ယောက်ပေါင်း၍ရှာသည့် စီးပွားမှာ ဖြန်းခနဲ ထိုးတက်လာလေတော့သည်။

နေ့ချင်းညချင်းမှာပင် တစ်နှစ်အတွင်း ငွေသိန်းဂဏန်းချီပြီးဝင်လာပြီ။ သို့သော် သည်ငွေတွေကို ဦးဘသိန်းက မယူဘဲ မသင်းနုနာမည်ဖြင့်ဘဏ်မှာသွင်းစေသည်။ အားလုံးရှာဖွေသမျှ မသင်းနုကိုအပ်၏။ မသင်းနုက

www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ရှာဖွေသမျှ ဦးဘသိန်းအား အသိပေးကာ ငွေစုလေသည်။

သူတို့ နေထိုင်ကြပုံ စီးပွားရှာကြပုံမှာ အလွန်ပိရိသဖြင့် ပတ်ဝန်းကျင်က လုံးဝမရိပ်မိကြ။ ခါတိုင်းလိုပင် ပွဲရုံပိုင်ရှင်နှင့် အထည်သည်တို့ ဝင်ထွက် ဆက်ဆံသည်ဟုပင် ထင်မြင် ယူဆကြပြီး သူတို့ကလည်း အနေအထိုင်ကအစ အလွန်ပိရိကာ စည်းကမ်းရှိကြလေသောကြောင့် ဖြစ်၏။

အိမ်မှာဆင်းလာပြီး တစ်နှစ်ပြည့်သည့်နေ့မှပင် ဦးဘသိန်းက ဒေါ်စိန်ခင်အား ကွာဖို့ စာရေးလိုက်တော့သည်။

မိမိ ယခုပွဲရုံ၌ တစ်ယောက်တည်းနေရသည်မှာ အနေဆင်းရဲအစားဆင်းရဲကြောင်းတို့ကြောင့် ပွဲရုံကို ရောင်းချပြီး တခြားစီးပွားလုပ်ကိုင်ရန်အတွက် ခွင့်ပြု၍ မိမိအား အိမ်၊ ခြံ၊ ကား၊ ရွှေစသည့် ပစ္စည်းများ ခွဲဝေပေးရန်မလိုဘဲ မိမိ အားလုံး စွန့်လွှတ်ကြောင်း ကွာရှင်းပြတ်စဲပေးရန်ဟူ၏။

ပထမက ပစ္စည်းပေးရမည်စိုး၍ မကွာပေးဘဲ ဆွဲထားခဲ့သော ဒေါ်စိန်ခင်မှာ ပစ္စည်းမပေးရဘူးဆိုတော့ သဘော တွေ့သွားသည်။ ပွဲရုံကလေးလောက်တော့ ယူပါစေဟု သဘောထားကာ ကွာပေးလိုက်လေတော့၏။


"သင်းတစ်နေ့တော့ပြတ် ရုတ်ပွဲနေမှ ငါ့ဆီခေါင်းနဲ့ ပြန်ပြီး ဝင်လာလိမ့်မယ်။ အဲဒီအခါ ငါ့အကြောင်းသိမယ်" ဟု ဒေါ်စိန်ခင်က စိတ်ထဲမှ ကြုံးဝါးထား၏။

ထို့ကြောင့် ယခု ကင်းကင်းရှင်းရှင်းဘဝမှာ ဦးဘသိန်းနှင့် မသင်းနုတို့ တရားရုံးမှာ လာရောက် လက်ထပ်ကြခြင်း ဖြစ်လေသည်။

◆◆◆◆

"ခတ်သွားကတော့ အဲဒါပါပဲ ဆရာရယ်"

စာရေးကြီးက ဤသို့ နိဂုံးချုပ်လိုက်ပါတော့သည်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့မှာ အံ့ဩစရာကောင်းသည့် မသင်းနုကလေး၏ စေတနာနှင့် စိတ်ဓာတ်ကိုသာ စိတ်ထဲမှာ ချီး ကျူးလိုက်မိလေသည်။

"အခု သူတို့ မြေတစ်ကွက် ဝယ်တယ်လေ။ တိုက်ခံအိမ်က လေး ဆောက်နေကြလိမ့်မယ်။ ကျွန်တော်တို့ ရပ်ကွက်ထဲမှာ။

စာရေးကြီးက ဆက်ပြောပြီး စီးပွားဖြစ်ပြီဆိုတော့ ဝယ်နိုင်ပြီ ပေါ့ဗျာ" ဦးဘသိန်းက မြေ ဝယ်တာရော အိမ်ဆောက်တာပါ အားလုံး မသင်းနုနာမည်နဲ့ချည်း ထားချင်တယ်။ ဆိုင်ကားလေး တစ်စီးလည်း ဝယ်ပြီးပြီ။ အဲဒါ လည်း မသင်းနု နာမည်နဲ့ပဲ ထား ချင်တယ်လို့ တိုင်ပင်ပါတယ်"

"အင်းပါ မသင်းနုက ထိုင် စားနေတာမှ မဟုတ်ဘဲ စီးပွား ထွက်ရှာတဲ့ မိန်းမကိုးဗျ။ ဒါမှ [illegible]ည်း အသက်အတိုင်း ဦးဘ [illegible]က အလျှင်သေသွားတဲ့အခါ [illegible]က မသင်းနုဆီမှ ဒေါ်စိန်ခင်နှင့် [illegible]တွဲ သားသမီးတွေ က အမေ့ရဲ့ အမွေတွေခိုပြီး လာ မလုကြမှာ"

"ဒါပေမယ့် မသင်းနုက လုံးဝ လက်မခံဘူး"

"ဘာပြုလို့လဲဗျာ။ သူ့ရှေ့ ရေး စိတ်ချရမယ့်ဟာပဲ"

"မသင်းနုက သူ့ဒါတွေ မမက်မောတဲ့ တကယ့်မေတ္တာ စစ်နဲ့ စေတနာနဲ့ သူဟာ ဦးဘ သိန်းရဲ့ဘဝကို သနားလို့ လက် ထပ်ယူထားတဲ့ ကိစ္စမှာ လူတွေ က ဒါတွေ မက်မောတယ်လို့ အပြောခံရမှာ မခံနိုင်ဘူးတဲ့။ သူဟာ ငယ်သေးပါတယ်။ ဦး ဘသိန်း မရှိတော့လို့ ပစ္စည်း ခွဲ ဝေပေးရတောင်မှ လုပ်ကိုင်စား နိုင်ပါသေးတယ်တဲ့။

"အင်း တကယ့်မေတ္တာစစ်ပဲ နော်"

"မှန်ပါတယ်ဆရာ၊ တစ် နည်းအားဖြင့်တော့လည်း မသင်း နုက ဒေါ်စိန်ခင် ငွေမက်တာကို ချိုးပြလိုက်တဲ့ သဘောပါပဲ"

"ဒါပေမယ့် မသင်းနုနဲ့ ဦး ဘသိန်းတို့ တစ်ယောက်အပေါ် တစ်ယောက် ထားကြတဲ့စေတနာ တွေ အသီးသီးကတော့ ချီးကျူး စရာပါပဲနော်"

"ဒါပေမဲ့ဆရာ၊ [illegible] ပစ္စည်းအမွေကို မက်ရင် အမှု အခင်းဖြစ်ကြရတယ်။ ဒါတွေ မမက်ဘဲ စွန့်လွှတ်နိုင်ရင် ချမ်း သာသုခ ခံစားရတယ်ဆိုတာ သင်ခန်းစာပဲပေါ့။ နောက်တစ်ခု ရှိသေးတယ်ဆရာရဲ့"

"ဘာများပါလိမ့်"

သည်တော့မှ စာရေးကြီးက သွားဝသီအတိုင်း ကွမ်းတံတွေးကို ပစ်ခနဲထွေးကာ ဤသို့ပြောလိုက် ပါတော့၏။

"ဟဲ့ ဟဲ့ သူဟာ အသက် ကြီးပေမယ့် အချစ်ကမအိုသေး ဘူးတဲ့ ဆရာရဲ့ ဟီးဟီး"

တာရာနေဝန်းထမ်းတစ်ဦး

www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ချီပုံး ( နှမ့်စဝ် )

# ရက်ရက်စမှ
# ချွေးစာတလင်း

www.burmeseclassic.com

www.burmeseclassic.com

ချစ်

ချီပြုံး (နမ့်စန်)

# ရောက်ရာဇာမှ လွမ်းဇာတ်လမ်း

မောင်အေးလေး မောင်အေးကြီးတဲ့ သူတို့နှစ်ယောက်က ညီအစ်ကိုများ မဟုတ်ကြပါ။ ခွဲခြားပြောနိုင် သိနိုင်ကြအောင်လို့ အသက်အရွယ်လိုက်ပြီး ခွဲခြားခေါ်ဝေါ်ကြတာပါ။ ကြံကြံဖန်ဖန် နာမည်နဲ့လည်း လိုက်အောင်အေးကြပါရဲ့။ မောင်အေးလေး တစ်ယောက်ကတော့ဖြင့် နေ့စဉ်လိုလို မိုးလင်းတာနဲ့ တောထဲ နွားနဲ့ အဖော်ပြုပြီး စိုက်ပျိုး ထွန်ယက်တဲ့အလုပ်။ အိမ်ပြန်လာပြန်တော့ မြက်ထုံးနဲ့ကောက်ရိုးက လှည်းပေါ်အပြည့်။

အိမ်ရောက် လှည်းပေါ်က နွားစာချ ထမင်းစားသောက်တစ်ရေးတမောအိပ်ပြီး နိုးလာပြန်တော့ နွားစာစင်းရတဲ့ အလုပ်။ တစ်ရက်နဲ့တစ်ရက် အချိန်နဲ့အပြိုင် လုပ်ကိုင်နေတဲ့ မောင်အေးလေး။

သူ့ရဲ့ စိတ်ဓာတ်က လျှိုရေးတန်းရေးနဲ့ အစစအရာရာ သူ့ရွာမှာရယ် မဟုတ်ဘူး။ ရွာနီးချင်းကအစ စိတ်ရောကိုယ်ပါ သူတတ်နိုင်တဲ့ဘက်က ကူညီလေ့ရှိတဲ့ မောင်အေးလေး။

မောင်အေးလေးဆို ဘယ်သူမေးမေး မသိတဲ့သူဆိုလို့ ဘယ်ရှိမှာလဲ။ ရပ်ရွာက လူကြီးများက မောင်အေးလေးရဲ့ လုပ်ရည်ကိုင်ရည် ပေါင်းသင်းဆက်ဆံပြောဆိုမှုကအစ ချီးသာ ချောမွေ့လေတော့ ရွာထဲမှ လူငယ်ခေါင်းဆောင်ခန့်ဖို့ပဲ သဘောတူ ပြောဆိုနေကြတယ်။ အားလုံးလိုလိုက သဘောကြ နှစ်သက်လေတော့ မောင်အေးလေးကို လူငယ်ခေါင်းဆောင်အဖြစ် ထားလိုက်ကြတယ်။

မှန်ပါ၏။ ရပ်ရွာအလှူ ဘုရားပွဲ၊ မင်္ဂလာဆောင် အစစအရာရာ လူငယ်ခေါင်းဆောင်ဖြစ်တဲ့ မောင်အေးလေးအား ပြောလိုက်ရုံနဲ့ သောက်ရေ သုံးရေ ဖိတ်စာများ လိုက်၍ ဖိတ်ကြားမှုဧည့်ခံကျွေးမွေးရေး လိုလေသေးမရှိအောင် ကြိုတင်အဖွဲ့ခွဲ တာဝန်ယူထားကြလေတော့ အလှူရှင်လှည့်မကြည့်ရအောင် အားလုံးအစဉ်ပြေ ချောမွေ့သွားကြတဲ့အဆင့်။

မိတ်ဆွေ လူငယ်များရဲ့ မင်္ဂလာဆောင်များ တစ်ပွဲပြီးတစ်ပွဲ ဦးဆောင် ကူညီနေပေမယ့် သူ့ရဲ့ အလှည့်ကတော့ ဝေးပါသေးတယ်။ လူငယ်ဆိုပေမယ့် မိဘရဲ့ ရှေ့ရေးကို ကြိုတွေးလေ့ရှိတဲ့ မောင်အေးလေး။ အလုပ်နဲ့ ပတ်သက်လို့ မနက်အရုဏ်ကြက်တွန်တာနဲ့ အိပ်ရာကထ

www.burmeseclassic.com

www.burmeseclassic.com



နွားစာကျွေး ရှိတဲ့ ထမင်းလေးကြော် ညကကျန်တဲ့ ဟင်းလေးနဲ့ စားသောက်ပြီး ယာခင်းထဲ အရောက် မိဘရဲ့ လက်ငုတ်၊ လက်ရင်းဖြစ်တဲ့ တောင်သူအလုပ်ကို ကျွမ်းကျွမ်းကျင်ကျင် ဦးဆောင်ဦးရွက် လုပ်ကိုင်နိုင်လေတော့ မိသားစုအတွက် ကုန်ကျစရိတ် နှစ်စဉ် လုပ်အားခ သိန်းနဲ့ချီ သက်သာခဲ့ရတဲ့ သားလိမ္မာ။

တစ်ရွာလုံးက ကိုယ့်သားသမီးကို မောင်အေးလေးနဲ့ နှိုင်းနှိုင်းပြီး ဆုံးမလေ့ ရှိကြတယ်။ သူ့မျက်နှာ အမြဲ ပြုံးနေပေမယ့် စကားအတော် နည်းတဲ့ ကောင်လေး တစ်ယောက်ပါ။

**တန်ဆောင်မုန်း လပြည့်နေ့ည**

အိမ်ရှေ့ တံခါးမကြီးရှေ့ ခွေးက ထိုးထိုး ဟောင်နေလေတော့ မောင်အေးလေးက အိပ်ယာကထပြီး ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တယ်။ တခြားသူများလို လက်ထဲ လေးခွလည်းမပါ ဓားလည်းမပါ လှံလည်း မပါ လူသုံးယောက် ခြံစည်းရိုးနား အမှောင်ကပ်နေလိုက်တာ သူမြင်လိုက်တယ်။ သေသေချာချာ အနားကပ်ကြည့်လိုက်တော့ သူ့ရဲ့ သူငယ်ချင်းများ။

ည ၁၂ နာရီတောင် ထိုးနေပြီ သူငယ်ချင်းတို့ ဘာကိစ္စ အိမ်နား လာကပ်နေတယ်ဆိုတာ သဘောပေါက်တယ်။ ဟော့ကောင်တွေ နွားတဲထဲ အိပ်နေတဲ့ ကြက်တစ်ကောင် ဖမ်းသွားတော့တဲ့။ လူငယ်ဆိုပေမယ့် အတော့်ကို သဘောပြည့်ဝတဲ့ ကောင်လေး တစ်ယောက်။ လူငယ်ဘာသာ ဘာဝ ကြက်သား ကာလသား ဟင်း ထန်းရည်လေးနဲ့ ဝိုင်းဖွဲ့ သောက်လိုက်စားလိုက် ဆိုလိုက်ကလိုက်နဲ့ ဒီအထဲ မောင်အေးလေး မပါ။

လူငယ်ဆိုပေမယ့် တည်တည်တံ့တံ့ နေတတ်ထိုင်တတ်တဲ့ သူဆိုတော့ အားလုံးက ချစ်ခင် လေးစားကြတယ်။ သူ့ရဲ့ အကျင့်က ပြတ်သားမှု ရှိတယ်။ မဟုတ်မခံစိတ်ရှိတဲ့သူ့ရဲ့ နှလုံးသားကို သွေးစွန်းစေခဲ့တဲ့ဖြစ်ရပ်ကို အစပြုချိန်ကတော့ မနှစ်က ပဲနှမ်းပေါ်ချိန် တောင်သူများ ငွေရှင်သော ကာလပေါ့။

◆◆◆◆

ဘိုးတော်တဲ့။ အပေါ်ဖြူအောက်ဖြူ စိတ်ပုတီးကြီး လည်ပင်းဆွဲလို့ ရွာလူကြီး ခွင့်ပြုချက်နဲ့ ရွာတောင်ဘက် ၁ မိုင်ခန့် ဘုရားကုန်း စေတီမှာ တဲလေး ထိုးပြီး ငှက်ပျောအုန်းပွဲ အပေါ်ကနေ လွှမ်းမိုးထားတာက တံခွန်ကုက္ကား တလူလူနဲ့ ဇယောင်းတိုင်မီးများက နေရာလွတ်မရှိ ထွန်းညှိထားပြီး အဝေးဆီက အနံ့ရတဲ့ အမွှေးတိုင်နံ့က တထောင်းထောင်း။ ကုန်းမြင့်ကနေ ညမနက် တီးခတ်လိုက်တဲ့ ကြေးစည်သံနဲ့အတူ အမျှဝေသံ။ ဒီဘိုးတော်ရဲ့ အစွမ်းသတ္တိက ဆေးရုံကနေ မရတော့ပါဘူးလို့ လက်လွှတ်လိုက်တဲ့ လူနာမျိုး ပိုကြိုက်ဆိုပဲဗျာ။ မြွေကိုက်တယ်နော်။ ဘယ်ဆေးရုံမှ သွားမနေနဲ့ အချိန်ကုန်တယ်။ မတန်တဆ ငွေကုန်တယ်။ မန်းပေးလိုက်



www.burmeseclassic.com



မယ်။ နာရီပိုင်းအတွင်း မြေဆိပ်တွေ ပြေသွားရမယ်တဲ့။ ရောင်းရေးဝယ်ရေး မကောင်းဘူးလား။ ရှင်းရှင်းလင်းပြော ပိတ်နေတဲ့ လာဘ် ဖွင့်ပေးလိုက်မယ်။ သားရေးသမီးရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး နောက်ကြောင်း ကိစ္စလား၊ ရှေ့ရေးကိစ္စလား သိချင်တာ အကုန်မေး မျက်လုံးစုံမှိတ် အာရုံယူ ဟောပြောတာက အစအတော်လေးကို စွမ်းတဲ့ ဘိုးတော် အကြားအမြင်ရ ပုဂ္ဂိုလ်ထူးတဲ့ဗျာ။



ပူပြင်းလှပါတဲ့ အညာနွေ အရိပ်ထဲနေတာတောင် ချွေးက တပြိုက်ပြိုက်။ ပူပါစေ ခြစ်ခြစ်တောက် တဘက်လေး ခေါက်ခေါင်းပေါ် တင်သူကတင် ထီးဆောင်းသူကဆောင်း ဘိုးတော်ကန်တော့ဖို့ ဆေးလိပ်၊ မုန့်ထန်းလျက်၊ နွားနို့ခဲကြော်၊ မုန့်ဆီကြော်၊ သကြား၊ ကော်ဖီ၊ နို့ဆီ စုံပါရဲ့။ တစ်ယောက်စကား တစ်ယောက်နား ပတ်ဝန်းကျင် ရွာများကအစ လေဖြတ်တဲ့သူ သွေးတိုး၊ ဆီးချို၊ မီးယပ် ရောဂါပေါင်းစုံ စုံပါရဲ့။ သုံးမိနစ်ခန့် လက်ကို စမ်းကြည့်လိုက်ပြီး ဒီရောဂါ တစ်လဆိုပျောက်၊ နှစ်လအတွင်းပျောက် ဆယ့်ငါးရက်အတွင်းပျောက် တာဝန်ခံ သတဲ့ဗျာ။ အလိမ်အညာ ခံချင်ကြသူများက တဖွဲဖွဲ။ ရွာသူရွာသားများက ပင်ပင်ပန်းပန်းနဲ့ နဖူးကချွေး ခြေမကျအောင် ရှာထားရတဲ့ငွေ။ ဘိုးတော် တစ်ယောက်ကတော့ အိတ်ဖောင်းနေပြီပေါ့ဗျာ။

တစ်ရက်....

ရွာထဲက ထော်နီဆိုတဲ့ ကောင်လေးတစ်ယောက် မျက်မမြင်လေး။ ညအိမ်လည်အသွား အမှောင်ထဲ လှည်းလမ်းမပေါ်က ပိုးထိပါရောလား။ ပိုးထိတယ်ဆိုတာက မြွေကိုက်ခံရတာကို ပြောတာပါ။ ပိုးထိတယ်ဆိုတာ ဒေသအလိုက် သုံးတဲ့စကားပါ။ တောင်ထိပ်က ဘိုးတော်ဆီ ခေါ်သွားကြမလို့တဲ့။ မြန်မြန်လုပ်ပါဟ ဘိုးတော်ဆီပို့၊ ဘိုးတော်ဆီပို့ ဆိုတဲ့အသံများ ဆူညံနေတော့သည်။

လူအုပ်ကြားထဲမှ ထော်လာဂျီတစ်စီး။ ကောက်ရိုးအပြည့်နှင့် ဗျာခင်းပြီး ယောက်ျားလေးနှစ်ယောက်ရဲ့ အသံ။ အားလုံး ဘေးဖယ် ဘေးဖယ်။ မောင်ထော်နီ ခြေသလုံးအပေါ် ကြိုးတင်းတင်းစည်းပြီး မောင်အေးလေးနှင့် ကျောင်းဆရာ ဦးမျိုးတင့်တို့ နှစ်ယောက် စက်ကို အမြန်မောင်းနှင် ထွက်ခွာသွားတော့သည်။ ရွာသူရွာသား အချို့က တောင်ထိပ်က ဘိုးတော်ဆီ အချိန်မှီ မန်းမှုတ်ဖို့ ခေါ်သွားကြပြီပေါ့။

ရွာနှင့် ၁၂ မိုင်ဝေးသည့် မြို့ပေါ် ဆေးရုံကြီးသို့ သွားရောက်ကြခြင်း ဖြစ်သည်။ မျက်မမြင် မောင်ထော်နီ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်အတွင်း ဆေးရုံမှ ဆင်းလာတော့သည်။ အများဆန္ဒအရ ဘိုးတော်ဆိုသူထံ ခေါ်သွားလို့ကတော့ဖြင့် မောင်ထော်နီ တစ်ယောက် ရက်လည်ဆွမ်းကပ်ပြီးမှာတော့ အမှန်ပါ။ မျက်မမြင် မောင်ထော်နီ တစ်ယောက် မောင်အေးလေးနဲ့ ဆရာ မျိုးတင့်တို့ပေးတဲ့ အသက်ပဲ ရှိတော့တယ် ဆိုရင်လည်း မမှားပေ။

ဘိုးတော်တစ်ယောက် ကတော့ဖြင့် ရှင်သန်ကြီးထွားနေဆဲ။ လူတစ်ယောက်က လိမ်တယ်ညာတယ် ဆိုတာလည်း အလိမ်အညာ ခံနေတဲ့သူတွေရှိလို့ နယ်လှည့်လိမ်ညာ စားသောက်နေသူတွေ နေရာရနေကြတာပဲ မဟုတ်လား။ နေ့စဉ် ဆိုသလို သွားသူပြန်သူ အလိမ်အညာခံသူများက တဖွဲဖွဲ။ ညလသာသာ အိမ်ရှေ့ကွပ်ပစ်ပေါ် ဘိုးတော်အကြောင်း အသက်ငယ်တယ်၊ တော်တယ်ဆိုတဲ့အကြောင်း။ ဆရာဝန်တွေလို နားကျပ်နဲ့ ဟိုထောက်ဒီထောက် လုပ်မနေဘူး။ လက်စမ်းလိုက်ရုံနဲ့ သိတဲ့အကြောင်း။ မိန်းမလုပ်သူ သမီး လုပ်သူများ ဘိုးတော်နောက်ပါ သွားမှာတော့ မသိကြ။ လိမ်လို့ လိမ်မှန်းမသိ။ ညာလို့ညာမှန်းမသိ။ ဒီလိုလူစားမျိုးတွေ အသက်ရှင် ရပ်တည်နေနိုင်ကြတာတော့ အဆန်းမဟုတ်။ ဘိုးတော် ပြောစကား။ ဒီနယ်ဒီဒေသ ရောက်လာရတာဘိုးတော် အကြောင်းမဲ့များ ရောက်လာတယ်များ မအောက်မေ့ကြနဲ့။ အထက်ဘိုးတော်များ စေလွှတ်တာဆိုလည်း ဟုတ်တယ်။ကိုယ်တိုင်အာရုံ ရလို့လည်း ဖြစ်တယ်။ ဒီနယ် ဒီဒေသက လူထုအားလုံး ကျန်းမာရေး ရှုထောင့်၊ စီးပွားရေး ရှုထောင့် အားလုံး တိုးတက်လာစေဖို့ လာရောက်ခြင်းသာဖြစ်ပါသတဲ့ဗျာ။

ဆရာဝန်တွေလို

နားကျပ်နဲ့

ဟိုထောက်

ဒီထောက်

လုပ်မနေဘူး၊

လက်စမ်းလိုက်ရုံနဲ့

သိတဲ့အကြောင်း၊

မိန်းမလုပ်သူ

သမီးလုပ်သူများ

ဘိုးတော်နောက်ပါ

သွားမှာတော့

မသိကြ၊ လိမ်လို့

လိမ်မှန်းမသိ၊

ညာလို့

ညာမှန်း မသိ၊

◆◆◆◆

မှတ်မှတ်ရရ စနေနေ့ ရွာက ဆရာ ဦးမျိုးတင့် မနက် ၀၄း၀၀ နာရီထပြီး ဆိုင်ကယ်တစ်စီးဖြင့် မြို့ပေါ်သို့ ထွက်ခွာသွားပြီး ရဲတပ်ဖွဲ့ စခန်းမှူး၊ မြို့နယ်မှူး၊ နယ်ထိန်း တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ရွာက လက်ရှိဖြစ်ရပ်တို့အား အကျိုးအကြောင်း မသင်္ကာဖွယ်ရာများ ပြောပြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာဦးမျိုးတင့် ကျွန်တော်တို့ဆီ အခုလိုလာရောက် သတင်းပို့ ညှိနှိုင်း တိုင်ပင်တာ ကျွန်တော်တို့ ရဲတပ်ဖွဲ့အနေနဲ့ အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အခုပြောတဲ့ ဘိုးတော်ဆိုတဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြမယ်။ ဟုတ်မဟုတ်တော့ မသိဘူးပေါ့။ လူပုံက အရပ်ရှည် အသားညို နဖူးပြောင် ဆံပင်ပါး မေးစေ့အောက် မှဲ့နက်ကြီးတစ်လုံး အမွေးသုံးလေးပင်နဲ့ စကားပြောသွက်တယ်။ ဘက်ဘက်ပါး တစ်လက်မခန့် အမာရွတ်ရှည်ရှိတယ်။ စကားပြောရင် ဘိုးတော်က ဘိုးတော်ကနဲ့ အမြဲထည့်ပြောလေ့ရှိတယ်။

ဟာ- မခန်းမှူး ပြောတာ အားလုံးမှန်တယ်။ ဟုတ်မှဟုတ်။ သူ့လိမ်ညာဖို့ မျက်စေ့စုံမှိတ်အံ့ရဲ ယူတယ် ဆိုတဲ့အချိန် ရိုက်လာတဲ့ ဓာတ်ပုံဒီမှာ ကြည့်ပါဦး။

မှန်တာပေါ့။ ဆရာရယ် ဒီဘိုးတော်ဆိုတဲ့ မှုံကြီး (ခ) ကျော်ကြီးက ကျွန်တော်တို့ ရဲတပ်ဖွဲ့က အလိုရှိနေသူ တစ်ယောက်ပါ။ ဆရာဒီလို ကူညီဆောင်ရွက်ပေးတဲ့အတွက် ကျွန်တော်တို့

ကောင်လေး
တစ်ယောက်က
ကောင်မလေး
တစ်ယောက်ကို
ချစ်ခင်စုံမက်နေ
တယ်ဆိုရင်ဆေး
ဖယောင်းတိုင်ထွန်း
ပေးလိုက်မယ်၊
နောက်တစ်ရက်
မမြင်မနေနိုင်
လောက်အောင်
ဖြစ်သွား
စေရမယ်၊

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အထူးပဲ ကျေးဇူးတင်ပါတယ်။ ဆရာတို့ရွာကို ကျွန်တော်တို့ အခုချက်ချင်း လိုက်ခဲ့ပါမယ်။

ဒီမှုံကြီး (ခ) ကျော်ကြီးက နယ်လှည့် လိမ်ညာနေတဲ့ သူတစ်ယောက်ပါ။ မုဒိန်းမှုနဲ့ထောင်က လွတ်လာတာ သုံးနှစ်ပဲ ရှိသေးတယ်။ အခုသူများ လင်ရှိမယား ခိုးပြန်ပြီ။

သူ့ကို ကျွန်တော်တို့မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အလိုရှိနေတဲ့ ကိစ္စက ရွာပင်ကြီးကျေးရွာက ကိုလှပေါ်ရဲ့ ဇနီး ဒေါ်ဖြူကို ခိုးပြေးတဲ့ကိစ္စ။ ပြောရရင် မယားခိုးပေါ့။ ဒီလိုပဲ နယ်လှည့်လိမ် ရင်းညာရင်းနဲ့ ဖြစ်ကုန်ကြတာ။ ဒီလိုပေါ့ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ချစ်ခင်စုံမက် နေတယ်ဆိုရင်ဆေး ဖယောင်းတိုင် ထွန်းပေးလိုက်မယ်။ နောက်တစ်ရက် မမြင်မနေနိုင်လောက်အောင် ဖြစ်သွားစေရမယ်။ ဆေးဖယောင်း တိုင်တစ်တိုင် သုံးသောင်း။ ငါးသောင်းထိလည်း ယူတယ်။ လူကြည့်ပိုက်တာပေါ့ဗျာ။ ပြီးတော့ ရွေ့ပြား ပေးနိုင်သတဲ့။ ဓမ္မတ်သားက

www.burmeseclassic.com



ငါးမူးသား၊ ငါးမူးသားက သုံးမတ်သား၊ သုံးမတ်သားက တစ်ကျပ်သား ဖြစ်သွားစေရမယ်ပေါ့။ နားက နားကပ်ချွတ်ပေး၊ လက်စွပ်ချွတ်ပေး၊ ဆွဲကြိုး၊ လက်ကောက်ချွတ်ပေးနဲ့ မပွားတဲ့အပြင် ဆုံးတော့မလို ယူပြေးတာ ချက်ချင်း လိုက်ကြတာမိလို့ပေါ့။ ပြန်ရကြတယ်။ ဒီနေရာပေါ်တော့ နောက်တစ်နေရာပေါ့။ စကားပြောလို့ ကောင်းနေတယ် ဆရာတို့ ရွာသွားကြစို့။

စခန်းမှူး နယ်ထိန်းတပ်ဖွဲ့ဝင်များ ကျောင်းဆရာ၏ ရွာသို့ အရပ်ဝတ်များဖြင့် ထွက်ခွာသွားကြတော့သည်။ မှန်ပါ၏။ ရွာတောင်ထိပ် လမ်းတစ်လျှောက် သွားသူပြန်သူများ တွေ့မြင်ရတော့သည်။ စခန်းမှူးနှင့် အဖွဲ့ဖျင်တဘက် ခေါင်းပေါင်းစွပ် ကျယ်ဝတ် ပုဆိုးတိုတို ဘယ်ဘက်လက်ကြား ဆေးလိပ်တို့နှင့် လူအုပ်ကြားထဲ ဝင်ထိုက်လိုက်တော့သည်။

"ကဲကဲ ဘိုးတော် တရားထိုင်ဖို့ မိနစ်သုံးဆယ်ပဲ လိုတော့တယ်။ စောစောက ဝင်လာတဲ့ ဟိုခေါင်းပေါင်းနဲ့ သုံးယောက် ရှေ့တိုးရှေ့တိုး ဘိုးတော်ဆီမလာခင်ကတည်းက နံ့ရဲ့ ရထားတယ်။ စီးပွားရေးကိစ္စ၊ သားရေးသမီးရေး အရှုပ်အရှင်း ဆိုတာကြိုမြင်ထားပါတယ်။"

ခေါင်းပေါင်းနှင့် သုံးယောက်မှ ရှေ့တိုးပြီး ကျုပ်ကတာဝန်အရ လာခဲ့တဲ့ စခန်းမှူးပါ။ ဒါက နယ်ထိန်းတပ်ဖွဲ့ နှစ်ယောက်ပါ။ ပြောပြောဆိုဆို ခါးကြားမှ လက်ထိပ်ထုတ်ပြီး ဘိုးတော်ဆိုသူ မှုံကြီး (ခ) ကျော်ကြီး လက်နှစ်ဖက်အား လက်ထိပ်ခတ်ပြီးရဲစခန်းသို့ ခေါ်ဆောင်သွားတော့သည်။

ဘိုးတော်ထံ လာရောက်ကြသည့် လူများ ဝိုင်းအုံကြည့်နေကြသည်။ ထိပ်ချလို့ ဓားပြမှန်း မသိတဲ့ သူတချို့ရဲ့ စကားလူအုပ်ကြားထဲမှ ထွက်ပေါ်လာသံ။ ဘိုးတော် သူ့ဟာသူ ဘုရားတရားနဲ့နေတာ ဘာများအပြစ်ရှိလို့လည်းတဲ့။ ဒီလိုအုပ်စုက တစ်မျိုးပေါ့ဗျာ။ အကြောင်းစုံ သိကြမှပဲ။ရင်ဖိ ဘုရားတကြပေါ့။

♦♦♦♦

လူငယ် ခေါင်းဆောင်

မောင်အေးလေး အိမ်ထောင်ပြုတော့မည်ဆိုတဲ့ သတင်းကြားလိုက်ကြတော့ တစ်ရွာလုံးတစ်နယ်လုံး အံ့သြစွာဖြင့် ရယ်တဲ့သူများက ရယ်ကြသည်။ ဖြစ်နိုင်ပါ့မလား။ တစ်ခွန်းမေးမှ တစ်ခွန်းဖြေတဲ့ မောင်အေးလေးကတော့ ဒီကောင်မလေးကို ချစ်ခင်စုံမက်တဲ့အကြောင်း ပြောရဲမှာတဲ့လား။ မဟုတ်မှလွဲရော မောင်အေးလေးကို ကောင်မလေး လုပ်



www.burmeseclassic.com



သူက စပြီးစကားပြောတာပဲ ဖြစ်ရမယ်။ ဟာသများပင် ဖြစ်နေကြသည်။

မှန်ပါ၏။ တခြားမြို့နယ်က မိန်းကလေး တစ်ယောက်နဲ့ မေတ္တာမျှနေကြတယ်။ သူ့နာမည်က သောင်းမြတဲ့။ မြို့ပေါ်သီးနံ့ ပေါ်ချိန် ရောင်းဝယ်ရင်း ညအိပ်ညနေ သွားလာနေလေတော့ တစ်ယောက်နဲ့ တစ်ယောက် တွေ့ခဲ့ကြတာပဲ ဖြစ်မှာပဲပေါ့။

တစ်ရက် မိန်းကလေးဘက်ကို သွားရောက် တောင်းရမ်းရန်အတွက် ရွာက ဗေဒင်ဆရာကြီး ဦးဒူထံ သွားရောက်ပြီး နေ့ရက်အချိန် ကာလပေါ့ဗျာ။ သွားရောက် မေးမြန်းကြသည်။ ဗေဒင်ဆရာကြီး ဦးဒူရဲ့အဖြေက ရှင်းပါတယ်။ ယောက်ျားလေးက ဘာနေ့သားလဲ မိန်းကလေးက ဘာနေ့သမီးလဲ မေးမြန်းပြီး ခဲတံတိုတစ်ချောင်းနှင့် စာရွက်ဖြူပေါ်တွင် တွက်ချက်နေတော့သည်။ ထုံးစံအတိုင်း ပြဿဒါးနေ့တော့ လုံးဝ (လုံးဝ) မဟုတ်ပါ။ ဆယ့်ငါးရက်နေ့က ရက်ရာဇာ နေ့တက်မနက် ခြောက်နာရီ လိုက်ပါမယ့်အဖွဲ့ အိမ်ကထွက်



သတိုးသားဖြစ်တဲ့ မောင်အေးလေး အိပ်ကပ်ထဲ သပြေညွန့်ဆောင် လိုက်သွားတဲ့ သူများအားလုံးက စပယ်ညွန့်ဆောင် မိန်းကလေးဘက်က မင်္ဂလာဆောင် အကြွေးအမွေး လူဖိတ်ကြားမှု အားလုံး ရပါတယ်သာ ပြောခဲ့ကြ။ အားလုံးအစဉ်ပြေ ချောမွေ့သွားစေရပါမယ်တဲ့။

ဗေဒင်ဆရာကြီး ပြောတဲ့အတိုင်း အချိန်နာရီကြည့်ပြီး နေအိမ်မှ ထွက်ခွာသွားကြတော့သည်။ မှန်လိုက်လေ ဗေဒင်ဆရာကြီး ဦးဒူ မှာကြားချက်အတိုင်း သတိုးသမီးဘက်က အားလုံးပြောသမျှ ဟုတ်ကဲ့ ရပါတယ်။ ဟုတ်ကဲ့ ရပါတယ်။ မရတာ ဘာတစ်ခုမှ မရှိ အစဉ်ပြေ လိုက်လျောများ ပြောမနေပါတော့နဲ့။ ရက်ရာဇာနေ့ အချိန်နာရီ အဆောင် အယောင်များကြောင့် အားလုံး အောင်အောင်မြင်မြင်နဲ့ ပြန်လာခဲ့ကြတော့သည်။

ဒုတိယအဆင့် မင်္ဂလာနေ့ရက် သတ်မှတ်ရန် အကြွေးအမွေး ညှိခံညှိကြို အချက်အပြုတ် အစစအရာရာတို့ပင် ဆွေးနွေးရန် ရပ်မိရပ်ဖများအား

www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ကြားပြီး မောင်အေးလေး အိမ်တွင် အစည်းအဝေး ပြုလုပ်ကြသည်။ ဗေဒင်ဆရာကြီးဦးဒွ မင်္ဂလာနေ့ရက် ရွေးရန်ကြွရောက်လာကြသည့် လူအများရှေ့မှောက် ပြက္ခဒိန်ကြီး ရှေ့ချပြီး ကြည့်တော့သည်။ ပထမအိမ်မှာ မင်္ဂလာမဏ္ဍပ် ထိုးရမယ့်နေ့ရက်။ ရက်ရာဇာနေ့ ခုနစ်ရက် သားသမီး နေ့ရက်အလိုက် နံနက်ခြောက်နာရီ ဆယ့်ငါးမိနစ်တိတိ ကြိုးကိုင် ပန္နက်ရိုက်ကျင်းတူး တိုင်ထောင်ရန်။ လဆန်း ဆယ့်ငါးရက်နေ့က ရက်ရာဇာနေ့ကြတယ်။ မင်္ဂလာဆောင်ရမည့် နေ့ရက် သတ်မှတ်သည်။

အားလုံး ဗေဒင်ဆရာကြီး ဦးဒွ ပြောတဲ့အတိုင်း ဟုတ်ကဲ့ ဟုတ်ကဲ့ ကောင်းပါပြီပဲပေါ့။ မင်္ဂလာမဏ္ဍပ်ကြီး ဆောက်လုပ်ပြင်ဆင်ပြီးသည့် နေ့ရက် ငွေဖလားထဲ ကမွန်းတရော်ရေ၊ ညာလက်က သပြေခက်ခွက်ထဲသပြေခက်နှစ်လိုက် မဏ္ဍပ်ကြီးပတ်ပတ်ပြီး ပက်လိုက် အတန်ကြာကြာပတ်ပြီး ရွတ်ဖတ်နေတဲ့ ဗေဒင်ဆရာ အခါတော်ပေးဦးဒွအတွက်က ကန်တော့ပွဲတစ်ပွဲ။ ထုံးစံအတိုင်း မပါမဖြစ်က အုန်း၊ ငှက်ပျော၊ ပုဆိုး၊ အင်္ကျီ၊ ပိုက်ဆံက သောင်းဂဏန်း အမျိုးသမီး တစ်ယောက် ကန်တော့ပွဲ ခေါင်းပေါ်တင် ဆရာကြီးဦးဒွ အိမ်အရောက် သွားရောက်ပို့တော့သည်။

မင်္ဂလာပွဲကြီး ပြီးသည်နှင့် ကြိုတင် စီမံထားသည့်အတိုင်း မောင်အေးလေးနှင့် မသောင်းမြတို့ စုံတွဲ တစ်အိုးတစ်အိမ် ခွဲ၍ နေထိုင်တော့သည်။ မောင်အေးလေး မိဘများမှ လုပ်ကိုင်စားသောက်နိုင်ရန်အတွက် ယာငါးဧက၊ နွားတစ်ရှဉ်း၊ ဆိတ်ငါးကောင်၊ ရှေ့လုပ်ငန်းစဉ်များအတွက် ရင်းနှီးရန် ငွေငါးသိန်း ပေးလိုက်သည်။

ဇနီးဖြစ်သူ အိမ်နေရင်း ဝင်ငွေရအောင် အိမ်ဆိုင်လေးဖွင့် ပေးထားသည်။ မီးဖိုချောင်သုံးပစ္စည်း အစုံနှင့် မုန့်မျိုးစုံ၊ လွှက်ခြောက်၊ လွှက်အကြော်စုံ၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ မီးခြစ်ကအစ စုံပါရဲ့။ ဇနီးဖြစ်သူ ဝင်ငွေလေးက တစ်ဖက်ဆိုတော့ အိမ်ထောင်ကျကာစ လင်မယား နှစ်ယောက် စီးပွားရေး တိုးတက်ခဲ့သည်။ တစ်နှစ်က မိုးလေဝသလေးက မှန်ကန်လေတော့ ပဲနှမ်းတွေ ရလိုက်တာများ မောင်အေးလေးတို့ လင်မယား စီးပွားရေးက လေးငါးနှစ်အတွင်း ထောင်တက်ခဲ့သည်။

♦♦♦♦

မောင်အေးလေး ဇနီး မသောင်းမြ ခေတ်အလိုက် ဝတ်စားလာတတ်သည်။ မြို့ပေါ်ရောက်သည်နှင့် ဆံပင်ကောက်လိုက်၊ ဖြောင့်လိုက်၊ မျက်နှာပေါင်းတင် အဝတ်အစားက တစ်ရက်တစ်မျိုး မရိုးရလေအောင် အမျိုးမျိုး။ အပြောအဆို အနေအထိုင်ကအစ ပြောင်းလဲလာခဲ့သည်။ နေပူကျဲကျဲ တောလုပ်တောကိုင်တော့ ဝေးပါ၏။ မောင်အေးလေးနှင့် အလုပ်သမားများသာ လုပ်ကြသည်။ တောထဲအလုပ်၊ လုပ်နေတဲ့ ယောကျ်ား ထမင်းပို့တဲ့ အလုပ်ပြီး အိမ်ဆိုင် ဈေးရောင်းတဲ့အလုပ်က မသောင်းမြရဲ့ အလုပ်။

ငါးပိခိုးဖုတ်လို့ မရဘူးဗျ။ ပတ်ဝန်းကျင် အိမ်တော့ အနံ့ရိုက်ခတ်မြဲ။ ဟိုတစ်တစ်စု၊ ဒီအိမ်တစ်စု မောင်အေးလေးတော့ သနားပါတယ်။ ဒီလောက်အေး

www.burmeseclassic.com

www.burmeseclassic.com



လည်းအေး အလုပ်လုပ်တာလည်း ဒီလိုလူမျိုးရှာမှရှား။ ဒီလိုယောကျ်ားမျိုး ဘယ်လိုလုပ်ရှာမှာလဲ မသောက်မစားနဲ့။ အခုတော့ မသောင်းမြက အောင်လင်းဆိုတဲ့ ကောင်လေးနဲ့ ဖြစ်နေကြသတဲ့။

ယောကျ်ားလုပ်တဲ့သူ ယာခင်းသွား နောက်ပိုင်းက သူတို့တစ်ယောက်နဲ့ တစ်ယောက် ကြည်နူးနေကြတာ။ ဒီအောင်လင်းဆိုတဲ့ ကောင်လေးက ဘာအလုပ်အကိုင်မှ ရှိတာမဟုတ်ဘူး။ မိဘပိုက်ဆံ ထိုင်ဖြုန်းနေတဲ့ကောင်။ သူတို့ရတာမှ လေးငါးနှစ်ပဲ ရှိသေးတယ်။ စီးပွားလည်းဖြစ်ရဲ့သားနဲ့ ဒီလိုမိန်းမမျိုးလည်း မတွေ့ဘူးပါဘူးတော် စသဖြင့် အမျိုးမျိုး ပြောဆို ဝေဖန်သံများ။ ဒီဖြစ်ရပ် သတင်းက ထုံးစံအတိုင်း နေပူထီးဆောင်း မိုးရွာထီးဆောင်း တစ်အိမ်ဆင်း တစ်အိမ်တက် မမောနိုင်မပန်းနိုင် အားပါးတရ ပြောကြသည်။ဒီသတင်းမောင်အေးလေးနားသို့ ရောက်တော့သည်။

မောင်အေးလေးက ဒီသတင်း အကြောင်းအရာနှင့်ပတ်သက်ပြီး သူ့ဇနီး မသောင်းမြအား ဖြူသည်မပြော မည်းသည်မပြော ထုံးစံအတိုင်း ခါတိုင်းကဲ့သို့ ပြုံးပြုံးရွှင်ရွှင်ရယ် ရယ်မောမောနှင့် ဆက်ဆံပြောဆို နေထိုင်ခဲ့သည်။ သို့သော် မောင်အေးလေး မိဘညီအစ်ကို မောင်နှမ ဆွေမျိုးများက တိကျမှန်ကန်မှု ရှိမရှိလေ့လာစုံစမ်းတော့သည်။



◆◆◆◆

မောင်အေးလေး တစ်ယောက်နွားတရှဉ်းနှင့် ထယ်ထိုးထွန်မွှေ လုပ်ကိုင်ပြီး မောမောနှင့် သစ်ပုတ်ပင် အရိပ်အောက် ထမင်းဆာဆာနှင့် ပုဆိုးခင်းအိပ်၍ နေလိုက်သည်။ ချစ်ဇနီး မသောင်းမြ ထမင်းတောင်းရွက်အလာ မျှော်နေရတာ မျှော်လေ ကြာလေ ဖြစ်နေတော့သည်။ မောင်အေးလေး လျှို့ဝှက်ရထားသည့် သတင်းအတိုင်း ယာခင်းမှ ထွက်ခွာသွားတော့သည်။ ဇနီးဖြစ်သူ မသောင်းမြတစ်ယောက် လမ်းဘေး တောစပ်ခြုံထဲတွင် ထမင်းတောင်း ဘေးချ အောင်လင်းဆိုသူနှင့် ပျော်ပါးနေသည်ကို မြင်တွေ့လိုက်ရသည်။

မောင်အေးလေး တစ်ယောက် အသာအရာ ယာခင်းဘက်သို့ ပြန်လှည့်ထွက်ခဲ့ပြီး ထုံးစံအတိုင်း သစ်ပုတ်ပင်ကြီးအရိပ်အောက် အနားယူနေလိုက်သည်။ အလုပ်သမားများ ထမင်း

www.burmeseclassic.com

www.burmeseclassic.com



စားပြီး အနားယူနေတဲ့ အချိန်မှ ဇနီးဖြစ်သူ မသောင်းမြ တစ်ယောက် ပိတောက်ရောင်အထက်အောက် ဝမ်းဆက်ဖြင့် ဖီးလိမ်းချယ်သပြီး ခေါင်းပေါ်က ထမင်းတောင်းဖြင့် လာနေစဉ်မောင်အေးလေးက ချစ်သူဇနီး မသောင်းမြအား ပြေး၍ စားရှည်ဖြင့် အားရပါးရ လွှဲ၍ တစ်ချက်တည်းလည်ပင်းကို ပိုင်းလိုက်သည်။

ခေါင်းပိုင်းပြတ်အည့်ထယ်ခံများပေါ်သို့ ကျရောက်ဖြီး မသောင်းမြတစ်ယောက် ခေါင်းမပါပဲ ဝါးနှစ်ပြန်ခန့် ပြေးသွားပြီးမှ လဲကျသွားတော့သည်။ နေ့စား အလုပ်သမားများ အားလုံးမြင်တွေ့ကြပြီး ရွာထဲသို့ ထွက်ပြေးသွားကြတော့သည်။ မောင်အေးလေး တစ်ယောက်တည့်ငြိမ်စွာဖြင့် ဇနီးဖြစ်သူ မသောင်းမြအလောင်းအား အင်္ကျီအတွင်းခံဘော်လီများပါ ဖယ်ရှားကာ စားချွန်နှင့်ဗိုက်အား ခွဲ၍ အသဲပါထုတ်ပြီး ရွာထဲနေ အိမ်သို့ ယူသွားကာ တုံးတစ်ကြော် အရက်နှင့် မြည်းတော့သည်။ အိမ်ရှေ့သစ်ပင် တစ်ပင်အား မှီပြီး စားရှည် သွေးစွန်းထောင်၍ ထားသဖြင့် ရွာသားများ သူ့အနားမသွားကြပေ။

ဖြစ်စဉ်အား သွားရောက်တိုင်ကြားရာ ရွာနှင့်ရဲစခန်း တည်ရှိရာ မြို့မှာ မိုင် ၂၀ ခန့် ခြေလျင်သွားကြရသည်။ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာချိန် အရက်မူးပြီး သစ်ပင်စည်ကိုမှီနေရာမှ လက်နှစ်ဖက်အား ထိုးပေးပြီး အသာလက်ထိပ်ခတ် အဖမ်းခံလိုက်တော့သည်။ ရဲတပ်ဖွဲ့ဝင်များမှ ဥပဒေနှင့်အညီ လုပ်သင့်လုပ်ထိုက်သည်များ အားလုံးဆောင်ရွက်ပြီးသည်နှင့် မောင်အေးလေး တစ်ယောက် ရွာသူရွာသား မိတ်ဆွေ သူငယ်ချင်း အပေါင်းအား ပြုံးပြုံးရွှင်ရွှင် အမူအရာဖြင့် နှုတ်ဆက်ခဲ့ပြီး လက်ထိပ်သံကြိုးတန်းလန်းနှင့် ရွာမှ တဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။

မသောင်းမြကို သွားရောက် တောင်းရမ်းစဉ်တုန်းကလည်း ရက်ရာဇာနေ့၊ မင်္ဂလာနေ့ရက် သတ်မှတ်တော့လည်း ရက်ရာဇာနေ့၊ မင်္ဂလာ မဏ္ဍပ်ကြီးထိုးတော့လည်း ရက်ရာဇာနေ့ မဏ္ဍပ်ဆောက်ဖို့ ပန္နက် ရိုက်တာ တောင် ခုနစ်ရက် သားသမီးကြီးကိုက်အချိန်အခါနဲ့။ အိုးခွဲအိမ်ပြောင်းတော့လည်း ရက်ရာဇာနေ့ မနက်ငါးနာရီ ခုများတော့ ဖြစ်ပျက်ပုံများ။

◆◆◆◆

တစ်သက်တာ လက်တွဲဖို့ ချစ်သူသက်ထား စစ်စစ် ရွေးချယ်မိခဲ့ပါမှ ........

ဂရိစကားပုံ တစ်ခုကိုပြန်အမှတ်ရမိတယ်။ ပင်လယ် မီးမိန်းမဆိုသည် မကောင်းဆိုးဝါးသုံးခု ဖြစ်၏တဲ့ဗျာ။

လွန်ခဲ့သည့် နှစ် (၂၀) ကျော်ခန့်က ဖြစ်ရပ်မှန်အား လွှဲပြောင်းရေးဖွဲ့ထားပါသည်။

**ချိုပြုံး (နမ့်စန်)**

www.burmeseclassic.com

www.burmeseclassic.com



(ဘုတလင်)

# ငွေကေးလောက်မျှက်
# ပါးလျက် မှောက်ရက်ပြေး

www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# ငွေစားလက်ချက် ပက်လက်မှောက်ရက်ဖြစ်

ငွေစားဆိုလို့ ငွေသားအစစ်ကို ပေးလုပ်ထားတယ် မထင်လိုက်ပါနဲ့။ ငွေကို စားအဖြစ်အသုံးပြုပြီး အဲဒီငွေစားနဲ့ အခုတ်ခံရလို့ ပက်လက်မှောက်ရက် ဖြစ်ကုန်ကြသူတွေက စားခုတ်ဒဏ်ရာဖြင့် ဇက်ပြတ်၊ ဗိုက်ပေါက်ဖြစ်ပြီး သေကုန်ကြတာမဟုတ်ပါဘူး။

ပက်လက်မှောက်ရက် ဖြစ်ကုန်ကြသူတွေက ဆင်းရဲလို့ မြို့တက် အလုပ်ရှာ၊ ပညာရှာကြတဲ့ ကျေးလက်တောရွာတွေက ငယ်ရွယ်သူ၊ ချောချောလှလှ၊ နုဖတ်ဖတ် အပျိုစင်လေးတွေ။ သူတို့ဘဝက ကျေးလက်တောရွာဆင်းရဲတဲ့ မိဘနှစ်ပါးတို့က မွေးဖွားခဲ့ကြပြီး အရွယ်ကလေးရလာတော့ ဝတ်ချင် စားချင်တယ်။ လှချင်ပချင်တယ်။ တက္ကသိုလ်က ဘွဲ့တစ်ခုခုကိုလည်း ရယူချင်တယ်။ ပြီးတော့ ဆင်းရဲတဲ့ မိဘများကိုလည်း ငွေကြေး ထောက်ပံ့ချင်တဲ့ ရည်ရွယ်ချက်ဖြင့် မြို့တက်အလုပ်ရှာထွက်လာသူလေးတွေ။

သူတို့ကို အလုပ်ပေးနိုင်သူက မြို့မှာ ငွေကြေးကြွယ်ဝ ချမ်းသာပြီး အမျိုးသမီးချောချော၊ လှလှလေးများကို ရွေးပြီး အလုပ်ခန့်ပေးနိုင်တဲ့ စားသောက်ဆိုင်အဖျော်ယမကာ ဆိုင်ကြီးများကို ပိုင်ဆိုင်ကြတဲ့ လုပ်ငန်းရှင်ကြီးတွေ။ ငွေကိုရေလို သုံးနိုင်လို့သူတို့လို လူစားမျိုးကို ငွေစား ပိုင်ရှင်။ သူတို့ရဲ့ ငွေစားကထက်သလား မပြောနဲ့ ချောချော လှလှ၊ တောအလှပန်းလေးတွေရဲ့ မိဘဆွေမျိုးတွေ ကျေနပ်အောင်လည်း ခုတ်နိုင်တယ်။ ချောချောလှလှ၊ အလှပန်းလေးတွေ ကျေနပ်အောင်လည်း ခုတ်ထွင်ရှင်းလင်းနိုင်ကြတယ်။

အဲဒီငွေစားပိုင်ရှင်က ဦးကျော်ဇေယျာထွန်း မြို့မျက်နှာဖုံး။ မင်းပိုင်စိုးပိုင် သူဌေးသူကြွယ်၊ ကုန်သည်ပွဲစား မကျန် ပိုင်တဲ့သူ။ သူဖွင့်နေတဲ့ ဆိုင်ကြီးကိုက အစိုးရပိုင် ဖွင့်ခဲ့တဲ့ဆိုင်ကို အရယူထားနိုင်သူ။ အခြားဆိုင်ခွဲများကိုလည်း ဖွင့်ထားသူ။ နာမည်နှင့်လိုက်အောင် ကျော်လည်းကျော်၊ အောင်မြင်လည်း အောင်မြင်၊ ထွန်းလည်း ထွန်းပေါက်သူ၊ သူ့နာမည်ကိုက ကျော်ဇေယျာထွန်း။

ဦးကျော်ဇေယျာထွန်းမှာ အသက်လေးဆယ်ကျော် ငါးဆယ်တွင်း သားကြီးမယားကြီး

www.burmeseclassic.com

www.burmeseclassic.com



နှင့် သားနှစ်ယောက်ရဲ့ ဖခင်၊ မယားကြီးကိုလည်း ကျေနပ်အောင် ထားသည့်အပြင်၊ သူ့ဆိုင်မှာ လာရောက်လုပ်ကိုင်ကြတဲ့ ညိုချော၊ ဖြူချော၊ မဖြူမညိုချောလေးများကို သူမျက်စေ့ကျသည်နှင့် အလွတ်မပေး သူ့ရဲ့ လက်ကိုင် ငွေဓားကြီးဖြင့် ခုတ်ပိုင်းလိုက်သည်နှင့် ဆင်းရဲတဲ့ မိန်းမချောလေးများ သူ့ဓားချက်ဖြင့် ပက်လက်မှောက်ရက် ဖြစ်ကုန်ကြရတော့တာပဲ။

ဦးကျော်ဧယျာထွန်းရဲ့ ငွေဓားချက်အထိ ခံရသူက တိုင်းရင်းသူလေး နှာတန်ပေါ်၊ ပါးကလေးမို့မို့၊ ရင်ကလေး မောက်မောက်၊ တင်ပဆုံ တောင့်တောင့်ကားကား၊ အရပ်အမောင်းက ငါးပေနှစ်လက်မခန့်၊ ကိုယ်လုံးကိုယ်ပေါက် ခပ်တောင့်တောင့်၊ သူ့အရပ်နှင့် သူ့ကိုယ်ထည် လိုက်ဖက်ညီတဲ့ မိန်းမချောလေး။

သူ့နာမည်က စောနန်းလှိုင် သူ့အသက်က နှစ်ဆယ့်ငါးနှစ်ကျော် နှစ်ဆယ့်ခြောက်နှစ် ၊ ငါးနှစ်အရွယ်ခန့် သမီးတစ်ယောက်နှင့် ရှမ်းပြည်ကနေ အလုပ်လာလုပ်သူ ။ သမီးလေးနှင့် အလုပ်ရှာရင်း ဦးကျော်ဧယျာထွန်းဆိုင် အလုပ်ဝင်ရောက် လုပ်ကိုင်သူ။ စောနန်းလှိုင်မှာ သမီးတစ်ယောက် မိခင်ဆိုသော်လည်းအပျိုလေးနှင့်မခြား လှလို့ ဝလို့။

စောနန်းလှိုင်ကို မျက်စေ့ကျသူက ဦးကျော်ဧယျာထွန်း ဦးကျော်ဧယျာထွန်းက စားနေကြ ကြောင်ပါး၊ ကြွက်ရဲ့အထာ သိနေသူ။ စောနန်းလှိုင် ဘာလိုနေသလဲ။ စောနန်းလှိုင်လိုတဲ့ငွေ။ စောနန်းလှိုင်ကို ပေးရမှာထက် လစာငွေ ပိုပေးတယ်။ ငွေကိုင်ခိုင်းတယ်။ စောနန်းလှိုင်ကြိုက်တဲ့ အစားအစာ၊ အဝတ်အထည် ဝယ်ကျွေးတယ်၊ ဝယ်ပေးတယ်။ တစ်ခါတစ်ရံ ဦးကျော်ဧယျာထွန်းရဲ့ အနက်ရောင်မှန်စတေ

ကာကပ်ထားတဲ့ မှန်လုံကားနှင့် အပြင်ခေါ်တယ်။ ရံဖန်ရံခါ သမီးလေး ကျောင်းသွားတဲ့အချိန်ရွေးပြီး အပြင်ခေါ်ထွက်ရာမှ စောနန်းလှိုင်ကလည်း လူသားဆိုတော့ အကြံသမား ဦးကျော်ဧယျာ ထွန်းလှိုင်ရဲ့ မှန်လုံကားပေါ်မှာ ဦးကျော်ဧယျာထွန်းရဲ့ ငွေဓားစာမိပြီး ပက်လက်မှောက်ရက် ဖြစ်သွားခဲ့ရပါပြီ။

သို့သော် ဦးကျော်ဧယျာထွန်း သူ့ရဲ့ ငွေဓားစာမိသူတိုင်းကို ပြစ်တောင်းဧကာ၊ ပြစ်ထားလေ့မရှိ။ စောနန်းလှိုင်ကို ဆိုင်ခွဲတစ်ဆိုင်တွင် ဆိုင်တာဝန်ခံအလုပ်ပေးထားပြီး သူအလိုရှိတဲ့အချိန်ကိုတော့ သူ့ရဲ့ မှန်လုံကားနှင့် လာခေါ်ပြီး အပြင်ထွက်လေ့ ရှိတယ်။

နောက်တစ်ယောက်က ဒီပဲယင်းမြို့နယ်တွင်း သွားရေးလာရေး အလွန်ခက်ခဲပြီး မြို့တွင်းအလှမ်း ကွာဝေးသော ကျေးရွာတစ်ရွာမှ ဆင်းရဲသော မိဘနှစ်ပါးတို့မှ မွေးဖွားခဲ့ပြီး ကျေးရွာမူလတန်းကျောင်း လေးတန်းအောင်ပြီး ကျေးရွာတွင် ဆင်းရဲလွန်းလို့ အလုပ်လုပ်ရန် မြို့တက်လာပြီး ဦးကျော်ဧယျာထွန်းဆိုင်၌ ဝိတ်တာအလုပ်ဝင်ရောက်လုပ်ကိုင်နေသူ။ သူ့နာမည်က ခင်သူဇာအေး။

သူ့အသက်က ဆယ့်ငါးဆယ့်ခြောက်၊ အသားက ညိုညိုတောသူပီပီ ဝတ်စားဆင်ယင်မှုက ရိုးရိုး၊ ကိုယ်သားကိုယ်ရေက တောင့်တောင့်ရောင့်ရောင့်၊ သူ့ခန္ဓာကိုယ်က မိန်းကလေးတစ်ယောက်ရဲ့ ရှိသင့်ရှိအပ်တဲ့ အရာ

www.burmeseclassic.com



ဖြစ်သွားခဲ့ပါတော့သည်။

ခင်သူဇာအေးတစ်ယောက် ဆိုင်ပိုင်ရှင် ဦးကျော်ဓေယျာထွန်း၏ စောင်မကြည့်ရှုမှုကြောင့် ဆိုင်တွင် မယ်မယ်ရရ အလုပ်မလုပ်ရတော့ဘဲ ဦးကျော်ဓေယျာထွန်း ဝယ်ပေးသော မဖွယ်မရာသော အဝတ်အစားတို့နှင့် သူ့ရဲ့ ခန္ဓာကိုယ်လှပအောင် ပြင်ဆင်ပြီးဆိုင်ပေါ်ရှိ ဝန်ထမ်း အားလုံးကိုပင် လူ မထင်မှတ်လောက်အောင်စော်ကားမော် ကားပြုပြီး ထင်တိုင်းကြဲနေပါတော့သည်။

ခင်သူဇာအေး အလုပ်က ဦးကျော်ဓေယျာထွန်းကို ထမင်းပြင်ပေး၊ ထမင်းအတူစား၊ နေ့ပိုင်း ဦးကျော်ဓေယျာထွန်း ကားနှင့်ခေါ်ရာ လိုက်ပြီးတော့ဦးကျော်ဓေယျာထွန်း အလိုရှိသမျှပြုသမျှ အလိုလိုက် ဆောင်ရွက်ပေးရခြင်းသာလျှင် ခင်သူဇာအေးရဲ့အလုပ်ဖြစ်ပါတော့သည်။

ခင်သူဇာအေးမှာ ဦးကျော်ဓေယျာထွန်း၏ စောင်မကြည့်ရှုမှုဖြင့် ရွာမှာဆိုတဲ့ ဆင်းရဲနွမ်းပါးသော မိဘနှစ်ပါးထံကိုယ်လည်း ငွေမှန်မှန် ပို့နိုင်ခဲ့လို့ မိဘကလည်း ကျေနပ်သူ့ကိုယ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



မှန်လုံကားပေါ်တွင်
ဦးကျော်ဇေယျာထွန်း
၏ ငွေခါးဖြင့်
ခင်သူဇာအေးအား
ခုတ်ပိုင်းလိုက်ရာ
ခင်သူဇာအေးခမျာ၊
ဦးကျော်ဇေယျာထွန်း၏
ငွေခါးချက်မိပြီး
ပက်လက်မှောက်ရက်
ဖြစ်သွားခဲ့
ပါတော့သည်၊

ဝတ္ထုတို့ဖြင့် ယောကျာ်းလေး စွဲမက်လောက်တဲ့ ရုပ်မျိုးရှိသူ။ အလုပ်က ဝိတ်တာအလုပ် ဆိုတော့ တောဝတ် တောစားနှင့် မကိုက်ညီတဲ့အတွက် ဦးကျော်ဇေယျာထွန်းက စကပ်တိုတိုဝယ်ပေးပြီး အဝတ်ခိုင်းခဲ့ရာမှအစ ဝတ်ခါစတော့ ခင်သူဇာအေး ရှုံ့သလိုလို၊ ကြောက်သလိုလို ရှိုးတိုးရှန့်တန့်။ ဆိုင်ရောက်ပြီး သုံးလေးလကြာတော့ စကပ်ဝတ်ရတာ အသားကျသွားပြီး ရွာကပါလာတဲ့ ထမိန်၊ အင်္ကျီတို့ကိုတောင် မဝတ်တော့ဘဲ ခေါင်းကဆံပင်ကိုလည်းဖြတ်၊ ပါးပေါ်မှာလည်း သနပ်ခါးတုံး အကြမ်းအစား မိတ်ကပ်တို့ဖြင့် ချယ်သလာခဲ့ရာမှ။ ခင်သူဇာအေးရဲ့အလှ ခင်သူဇာအေးရဲ့ ရင်၊ တင်တို့မှာပို၍ ထင်ပေါ်ဝင့်ကြွား လာခဲ့တော့တယ်။

ခင်သူဇာအေးရဲ့ တင်၊ ရင်တို့ကို ကြည့်ပြီး မျက်စေ့အကျဆုံးက ဦးကျော်ဇေယျာထွန်း။ ခင်သူဇာအေးကို အဝတ်အထည်အကောင်းစားတွေ ဝယ်ပေး။ ခင်သူဇာအေးရဲ့ ရွာမှာရှိတဲ့ ဆင်းရဲသော မိဘများအတွက် ဆိုပြီး ငွေစက္ကူ အထုတ်လိုက်ပေး။ ဦးကျော်ဇေယျာထွန်း ဆိုင်ရောက်တဲ့အခါတိုင်း ခင်သူဇာအေးကို ခေါ်ပြီး ထမင်းပွဲအပြင်ခိုင်း၊ထမင်းအတူတူ အစားခိုင်းဖြင့် ရင်းနှီးမှုရရှိအောင် ယူပြီး လက်ဝတ်လက်စား ဝယ်ပေး၊ ဆိုင်တွင်ဝိတ်တာအလုပ် မခိုင်းတော့ဘဲ။ ဦးကျော်ဇေယျာထွန်းရဲ့ ဗာရီရအလုပ်လောက်ကိုသာ ခိုင်းပြီး လခကောင်းကောင်း ပေးထားလိုက်တယ်။

ဦးကျော်ဇေယျာထွန်း ခင်သူဇာအေးနှင့် ရင်းရင်းနှီးနှီး ရှိလာတော့ ဆိုင်တွင် အလုပ်မရှိသော ခင်သူဇာအေးအား ကားပေါ်တင် ဘုရားတွေ လိုက်ပို့ဈေးသွား၊ အဝတ်အစားတွေ ဝယ်ပေးဖြင့် ရှိလာခဲ့ရာမှ တဖြည်းဖြည်း ရင်းနှီးမှု နီးစပ်မှုရှိလာသော ခင်သူဇာအေးအား မြို့ပြင် ကားနှင့်ခေါ်ထုတ်ထားပြီး လူသူပါးသောနေရာအရောက်၊ မှန်လုံကားပေါ်တွင် ဦးကျော်ဇေယျာထွန်း၏ ငွေခါးဖြင့် ခင်သူဇာအေးအား ခုတ်ပိုင်းလိုက်ရာ ခင်သူဇာအေးခမျာ။ ဦးကျော်ဇေယျာထွန်း၏ ငွေခါးချက်မိပြီး ပက်လက်မှောက်ရက်

www.burmeseclassic.com



လက်ဝတ်လက်စား အပြည့်။ ခင်သူဇာအေး ဘဝမြင့်လာပုံက ဝန်ထမ်းအချင်းချင်းကို သူ့အခိုင်းအစေလို သဘောထားပြီး ရိုင်းရိုင်းပြပြ ဆက်ဆံလာရုံမကတော့ဘဲ အခန်းတံခါးခြေနင့် ကန်လို့ကန် ပြုလုပ်လာခဲ့ရာ ဝန်ထမ်းအားလုံးတို့က ပိုင်ရှင် ဦးကျော်ဇေယျာထွန်း ကြောက်လို့သည်းခံနေကြရသော်လည်း တိုးတိုးတိတ်တိတ်တော့ မကျေနပ်ကြောင်း ပြောဆိုနေခဲ့ကြပြီ။

ခင်သူဇာအေး၏ စိုးမိုးချယ်လှယ်မှုကို တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါး ခံနေကြရပြီးနောက် ခင်သူဇာအေး၏ သတင်းတို့က ခင်သူဇာ အေးရွာအထိ ရောက်သွားခဲ့ရာမှ ခင်သူဇာအေး မိဘများနား ရောက်သွားခဲ့ရာမှ ခင်သူဇာအေးအား ရွာပြန်ခေါ်ပြီး ရွာသားတစ်ယောက်နှင့် လင်ပေးစားလိုက်ပါတော့သည်။

ငွေမါးချက်၏ ခုတ်ပိုင်းခြင်းခံရသူ နောက်တစ်ဦး ။

သူကလေးက စန်းသီတာ အရွယ်က ဆယ့်ခုနစ်၊ ဆယ့်ရှစ်အသားဖြူ၊ မျက်ခုံးမွေးထူထူ၊ လှပချောမွေ့ပြီး စကားပြောလျှင် အေးအေးဆေးဆေး ပြောတတ်သူ။ ရိုးရိုးသားသား ဝတ်စားဆင်ယင်ပြီး ဆယ်တန်းစာမေးပွဲ အောင်လာသူ စန်းသီတာတို့ရွာက အထက်ချင်းတွင်း မော်လိုက်ခရိုင်အတွင်းမှာ ပါဝင်တဲ့ ရွာတစ်ရွာကဖြစ်ပြီး စန်းသီတာ စကားပြောလျှင် အညာသူပီပီ အသံကခပ်ဝဲဝဲ။

စန်းသီတာ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဒေးမတက်နိုင်တဲ့အတွက် အဝေးသင်လျှောက်ထားပြီး ကျောင်းစရိတ်နှင့် မိဘထောက်ပံ့နိုင်ရန်ရည်ရွယ်ချက်ဖြင့် မြို့တက် အလုပ်လုပ်ရန်ဆုံးဖြတ်ကာ ရွာဆွေ ရွာမျိုးတော်စပ်သူ အလုပ် ဝင်ရောက် လုပ်ကိုင်နေသော ဦး ကျော်ဇေယျာထွန်း၏ စားသောက်ဆိုင်သို့ အလုပ် ရရှိခဲ့ပါသည်။

စန်းသီတာ အလုပ်ဝင်ရောက်ပြီး တစ်နှစ်ကျော်ကျော်ကြာသည်အထိ အပြင်အဆောင်မှာနေ နံနက် (၇) နာရီ အလုပ်ဆင်း ည (၈) နာရီမှ အလုပ်ကပြန်။ ကိုယ့်ထမင်းကိုချက်စားစက်ဘီးနှင့်အလုပ် ဝင်ရောက်လုပ်ကိုင်ခဲ့ရပါသည်။ စန်းသီတာ ဦးကျော်ဇေယျာထွန်းဆိုင် အလုပ်ဝင်ပြီးနောက် ဦးကျော်ဇေယျာထွန်းတို့ နေထိုင်သော နေရာမှ ပြောင်းရွှေ့သွားပြီး ၄င်းတို့နေထိုင်ခဲ့သော တိုက်ခန်းကို စန်းသီတာနှင့် အလုပ်တူ လုပ်နေသော မရီရီသင်းတို့အား နေထိုင်ရန်ပေးသဖြင့် ဦးကျော်ဇေယျာထွန်းပေးသော တိုက်ခန်းသို့ ပြောင်းရွှေ့ နေထိုင်ကြရပါသည်။

စန်းသီတာ အလုပ်လုပ်ရင်း အဝေးသင် ဖြေဆိုခဲ့ရာ ပထမနှစ်ကို နှစ်ချင်းစွဲအောင်မြင်ပြီး ဒုတိယနှစ် တစ်ကြိမ်ကျ၊ နှစ်ကြိမ်ကျ ဒုတိယနှစ်ကို နှစ်ကြိမ်ဆက်တိုက်ကျပြီး စန်းသီတာ စာမေးပွဲဖြေရန် စိတ်ဓာတ်ကျဆင်း လာခဲ့ရာ။ စိတ်ဓာတ်မကျရန် အားပေးသူက ဦးကျော်ဇေယျာထွန်း။

တစ်ရက်တွင် ဦးကျော်ဇေယျာထွန်း ရုံးခန်းအတွင်းမှ စန်းသီတာအား ခေါ်သဖြင့် စန်းသီတာ ဝင်ရောက်သွားခဲ့ရာ စန်းသီတာ အခန်းတွင်း ဝင်လိုက်တော့ ဦးကျော်ဇေယျာထွန်းကပင်စောင်၍။

စန်းသီတာ ဆိုင်…၊

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇေယျာထွန်း ညွှန်ပြသော စားပွဲရှိ ကုလားထိုင်တွင် စန်းသီတာ ဝင်ရောက်ထိုက်လိုက်ပါသည်။

ဦးကျော်ဇေယျာထွန်း၊ စန်းသီတာ ဝင်ထိုင်ပြီး ပြောလိုက်တာက။ စန်းသီတာ စာမေးပွဲဖြေရမှာ စိတ်ဓာတ်ကျနေတယ်ဆို . . .။ ဟုတ်ပါတယ် ဆရာ။ စန်းသီတာ မဖြေချင်တော့ဘူး . . .။ ဘာဖြစ်လို့ မဖြေရမှာလဲ။ စန်းသီတာ ရှက်လည်းရှက်တယ်။ ငွေလည်း ကုန်ပါတယ် ဆရာရယ် . . .။

အိုး . . . မဟုတ်သေးပါဘူး . . . ကွဲ့ ရအောင် ဖြေရမှာပေါ့။ ဘွဲ့တော့ရချင်ပါတယ်။ ဒါပေမယ့် စန်းသီတာ မဖြေချင်တော့ဘူး။ ကိုင်းဒီလိုလုပ်၊ ကျူရှင်လည်း ပြောင်းမယ်။ ပြီးတော့ ဆရာကိုယ်တိုင်လည်း ကျူရှင်ဆရာ၊ ဆရာမတွေကို လိုက်ပြော . . .၊ လိုက်အပ်ပေးမယ်။ နောက်ပြီး ကျူရှင်တက်၍ စာမေးပွဲဖြေ၍ အဆင်ပြေအောင် ဆိုင်ကယ်တစ်စီးလည်း ဝယ်ပေးမယ်။

ဦးကျော်ဇေယျာထွန်း၏ စီမံပေးမှုဖြင့် ဒုတိယနှစ် သုံးကြိမ်မြောက် ဝင်ရောက်ဖြေဆိုခဲ့ရာ အေးအေးဆေးဆေး အောင်မြင်ခဲ့ပါသည်။ တတိယနှစ်မဖြေဆိုမီ ဦးကျော်ဇေယျာထွန်းက စန်းသီတာအား ဖုန်းတစ်လုံးဝယ်ပေးသည့်အပြင် ဆိုင်မှာ သက်တောင့်သက်သာ အလုပ်ဖြစ်သော ငွေကိုင်၊ ဘဏ်ငွေသွင်း ငွေထုတ် အလုပ်ကိုသာ နိုင်းစေခဲ့ပြီး ဦးကျော်ဇေယျာထွန်း ထမင်းစားတိုင်း စန်းသီတာနှင့် အတူတူ အစားခိုင်းပြီး နေ့စဉ် စန်းသီတာနှင့် ထမင်းမစားနေ့ မရှိရလောက်အောင် ဦးကျော်ဇေယျာထွန်း၏ အလေးပေးခြင်းကို ခံခဲ့ရပါသည်။

စန်းသီတာ တတိယနှစ်အတွက် ကျူရှင်တက်ခါနီးတော့ ဦးကျော်ဇေယျာထွန်း ရုံးခန်းအတွင်း နှစ်ယောက်ထဲ ထမင်းစားနေစဉ် ဦးကျော်ဇေယျာထွန်းက သူ့ရဲ့ လက်ကိုင်အိပ်အတွင်းမှ ကော်ဘူးလေး တစ်ခုကို နှိုက်ယူလိုက်ပြီး ကော်ဘူးအတွင်းက ရွှေဆွဲကြိုး တစ်ကုံးကို ထုတ်၍ ထမင်းစားနေသော စန်းသီတာရဲ့ ဦးခေါင်းကို နှိမ့်ပြီး ဝတ်ပေးလိုက်ရာ စန်းသီတာ ငြိမ်၍ခံနေလိုက်ပါသည်။

စန်းသီတာ . . . ရှင် . . . ဆရာ . . . မင်း ကျူရှင်တက်ရာ စာမေးပွဲဖြေရာ အောက်တန်းမကျအောင်လို့ ဆရာက ဆင်ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



**သားကြီး မယားကြီး ငုတ်တုတ် ရှိနေလေတော့ မယားငယ် မယားပြိုင် ဘဝလည်း တရားဝင်မရောက်၊**



…ဆရာရယ် အားနာစရာကြီး။ အိုး…အားနာစရာ မဟုတ်ပါဘူး။ ဆရာက စန်းသီတာကို ချစ်လို့ပါ။ ဆရာကလည်း ရှက်စရာကြီး…။ ချစ်တာ ရှက်စရာလား စန်းသီတာရယ်။ စားနေကြ ကြောင်ပါ၊ ဦးကျော်ဖေယျာထွန်း စားပွဲတစ်ဖက်က ထမင်းစားနေတဲ့ စန်းသီတာ မျက်နှာကို သူ့လက်နှင့် အသာအယာမပြီး အားရပါးရကြီး မွှေးမွှေးပေးလိုက်ပါသည်။

စန်းသီတာခမျာ ယခုအချိန်ထိ ဆန့်ကျင်ဘက် အမျိုးသားတစ်ဦးရဲ့ ကိုယ်ထိလက်ရောက် တွေ့ထိချင်းကို မခံစားဘူးသေးတော့ ရှက်ခြင်း၊ ကြောက်ခြင်းတို့ဖြင့် ဖိန်းရှိန်း ထူပူသွားသော်လည်း ကျေးဇူးရှင် ဦးကျော်ဖေယျာထွန်း၏ ပြုမူချက်ကို ဟန့်တားရန်းကန်ခြင်းတော့ မပြုမိပါ။

စန်းသီတာ၏ ကျောင်းဝင်ကြေး၊ ကျူရှင်စရိတ်၊ စားဖို့သောက်ဖို့ မုန့်ဖိုး၊ ဆိုင်ကယ်ဓာတ်ဆီဖိုး၊ ဖုန်းအတွက် မန်နီးကပ်ကအစ လိုလေသေးမရှိအောင်ကူညီစောင့်ရှောက် ပေးတဲ့ကျေးဇူးကြောင့် စန်းသီတာ တတိယနှစ်စာမေးပွဲကို ရှောရှောရှူရှူအောင်မြင်ခဲ့ပါပြီ။

ဘွဲ့ယူရန်အတွက် အဝတ်အစား၊ အလှပြင်ခ၊ ဓာတ်ပုံဖိုးအားလုံးတို့ကို အကုန်ခံသည့်အပြင် ရွှေထည်လက်ဝတ်လက်စားတို့ကိုပါ ဝယ်ယူပေးရုံမျှမက ဘွဲ့ယူသွားရာတွင် ဦးကျော်ဖေယျာထွန်း ကိုယ်တိုင်ကားမောင်းပြီးလိုက်ပို့ခဲ့တယ်။ စန်းသီတာ မိဘတို့က ဦးကျော်ဖေယျာထွန်းကို သူတော်ကောင်းကြီးအဖြစ် ကျေးဇူးတင်ခဲ့ကြပါသည်။

စန်းသီတာ ဘွဲ့ယူပြီး သိပ်မကြာလိုက်ပါ ဦးကျော်ဖေယျာထွန်း၏ ရုံးခန်းအတွင်းမှာပင် နှစ်ယောက်ထဲ အတူစား အတူနေခဲ့ရာမှ ဦးကျော်ဖေယျာထွန်း၏ ပိုက်ကွန်အတွင်း ကျရောက်တဲ့ ငါးပမာ ဦးကျော်ဖေယျာထွန်း ပြုသမျှ နလိုက်ရပါတော့သည်။ စန်းသီတာဘဝက သူကိုယ်တိုင်ကြားဘူးယုံသာ ကြားဘူးပြီး ကိုင်တွယ်တောင် မကြည့်ဘူးတဲ့ စိန်နားကပ်လည်း ပန်ရပြီး၊ ရွှေ ငွေ လက်ဝတ်လက်စားအပြည့်အလျှံ မလုပ်ရဘဲရတဲ့ လခ ကောင်းကောင်းကိုလည်း ဘဏ်မှာ စု

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းခွင့် ရခဲ့ပါပြီ။

ရွာမှာနေကြတဲ့ ဆင်းရဲတဲ့ မိဘတွေကိုလည်း အိမ်တစ်လုံး ကောင်းကောင်း ဆောက်ပေးရုံ မက ရွာမှာရှိတဲ့ မူလတန်းကျောင်း ဆောက်လုပ်ရန် အတွက်လည်း ငွေထုတ်ပေးခဲ့သည်။ စန်းသီတာရဲ့ ဆွေမျိုးများကိုပါ မြို့ခေါ်ပြီး အလုပ်ပေးတဲ့ အတွက်ကြောင့် စန်းသီတာရဲ့ မိဘများ ဆွေမျိုး အားလုံးနှင့် တစ်ရွာလုံးကပါ ဦးကျော်ဇေယျာထွန်း အပေါ် အကျေနပ်ကြီး ကျေနပ်ပြီး နေကြတယ်လေ။

စန်းသီတာအဖို့ကတော့ မဝတ်ဘူးတာ ဝတ်ရ၊ မစားဘူးတာ စားရ၊ မဆင်မြန်းဘူးတာ ဆင်မြန်းရ၊ မချယ်သဘူးတဲ့ အဖိုးတန် အမွေးအကြိုင်တို့ကိုလည်း ချယ်သရ။

ပြီးတော့… ပုထုဇဉ်လူသားတို့ရဲ့ အလိုလားဆုံး၊ အတောင့်တဆုံး အစွဲအလန်း အရှိဆုံးဖြစ်တဲ့ (ဖဿ ဝေဒနာကိုလည်း) ခံစားနေရပြီ ဖြစ်တဲ့အတွက် ဦးကျော်ဇေယျာထွန်းအပေါ် အကျေနပ်ကြီး ကျေနပ်နေသော်လည်း ဖြူဖြူချောချော၊ လှလှ တောသူ မလေးဖြစ်တဲ့ မစန်းသီတာ အတွက် ဦးကျော်ဇေယျာထွန်းမှာ သားကြီးမယားကြီး ငုတ်တုတ် ရှိနေလေတော့ မယားငယ် (မယားပြိုင်) ဘဝလည်း တရားဝင်မရောက်။ တရားဝင် မယားငယ် (မယားပြိုင်) မဖြစ်တဲ့ အတွက်ကြောင့် သားသမီးလည်း ယူလို့မရဘဲ။ ခေတ်ပေါ်ဆေးဝါးများကို မှီဝဲပြီး ပေါင်းသင်း ဆက်ဆံနေရတဲ့အတွက် မစန်းသီတာရဲ့ အလှဟာ ယိုယွင်းစပြု ပြုခဲ့ပါပြီ။

စားသောက်ဆိုင် ပိုင်ရှင်ကြီး ဦးကျော်ဇေယျာထွန်း၏ ငွေ့ဓားအောက် ကျရောက်ခဲ့ကြရတဲ့ ကျေးလက် တောရွာနေ ဆင်းရဲနွမ်းပါးသော မိဘတို့မှ မွေးဖွားခဲ့ကြရတဲ့ အမျိုးသမီးငယ် အများအပြားရှိသည့် အနက်မှ အချို့ကို ကောက်နုတ်ပြီး ဇာတ်အိမ်ဖွဲ့ တင်ပြလိုက်ရပါသည်။ များစွာ ကျန်ရှိပါသေးသည်။

ဤလို ရေးသားတင်ပြရခြင်းမှာ စာရေးသူ၏ စိတ်ကူးဆန်ဆန် ရေးသားခြင်း မဟုတ်ဘဲ ပကတိအဖြစ်မှန်ကို နာမည် နေရပ်ကို ဖော်ပြခြင်းမပြုဘဲ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ယနေ့ မိန်းကလေးများသည် ခေတ်ဆန်ကြပါသည်။ လှချင်ပချင်ကြပါသည်။ အလှမက်ပြီး ဘဝပျက်မှာ စိုးသည့်အတွက် လည်းကောင်း၊ ဆင်းရဲလွန်း၍ ချမ်းသာလိုကြ၍ လည်းကောင်း။ ဘဝပျက်နေကြပါသဖြင့် ဆင်ခြင်နိုင်အောင် တင်ပြလိုက်ရပါသည်။

ကျော်သောင်းဘုတလင်

www.burmeseclassic.com

www.burmeseclassic.com

# ရွှေနား

ဇော်ချစ်



www.burmeseclassic.com

www.burmeseclassic.com



“မေကြီး မြန်မြန် ပြန်လာနော်”

ဖိနပ်စင်မှ ဖိနပ်ယူရင်း ဒေါ်ခင်သန်းဝင်း လှည့်ကြည့်သည်။ မာလာဦးက NIVER မျက်နှာသစ်ဆေးဘူး ညှစ်နေသည်။

“ဘယ်တုန်းက ကြာဖူးလို့လဲ။ ဝယ်စရာရှိတာ ဝယ်ပြီး ပြန်လာတာပဲဟာ”

“ဒီနေ့ကျောင်းမှာ အစည်းအဝေးရှိတယ်မေကြီးရဲ့။ ရှစ်နာရီအရောက်သွားရမှာ”

နံရံပေါ်မှ နာရီဆီ ဒေါ်ခင်သန်းဝင်း မျက်စိ ဝဲသွားသည်။ စီတီဇင်နာရီ လက်တံများက ၇ နာရီ ၅၂မိနစ်ကို ပြနေကြသည်။

“ကြက်သားဝယ်ပြီး ချက်ချင်းပြန်လာမယ် ထမင်းအိုးကြည့်လိုက်ဦး”

ဖိနပ်စီးပြီး ဒေါ်ခင်သန်းဝင်း အခန်းပြင်ထွက်သည်။ မာလာဦး တံခါး ပြန်ပိတ်သည်။ ဒေါ်ခင်သန်းဝင်းအတွက် ဈေးသွား၊ ထမင်းချက်မှလွဲ၍ အခြားအလုပ်မရှိ။ အလျှော်အဖွပ်ကို မာလာဦးက တာဝန်ယူသည်။ မီးပူတိုက်သည်။ ဈေးသွားသည့်အလုပ်နှင့် ချက်ပြုတ်ရေး တာဝန်ကိုတောင် တောင်းတောင်းပန်ပန်ဖြင့် ယူထားရခြင်း ဖြစ်သည်။ ပင်စင်ယူပြီးကတည်းက ဒေါ်ခင်သန်းဝင်း ဘာဆိုဘာမျှ မလုပ်ရတော့။ တစ်သက်လုံး အလုပ် လုပ်လာပြီး ပင်စင်ယူသည့်အခါ အလုပ်မရှိဘဲ မနေတတ်သည့်အတွက် ဈေးသွား၊ ထမင်းချက်တာဝန်ကို အတင်း တောင်းထားရခြင်း ဖြစ်သည်။

“သုတ်လှချည်လား ဆရာမရဲ့”

ရှေ့မှ လှုပ်တုတ်လှုပ်တုတ်ဖြင့် လျှောက်နေသူတစ်ဦးကို ဒေါ်ခင်သန်းဝင်း ကျော်တက်လိုက်သည်။ ကိုယ့်အောနှင့် ကိုယ်မို့ ဘယ်သူ ဘယ်ဝါဆိုတာကို သတိမထားမိလိုက်။

“ဟော တင်တင်”

အသံကြားမှ ခြေလှမ်းတုန့်ပြီး ဒေါ်ခင်သန်းဝင်း သမင်လည်ပြန် လှည့်ကြည့်သည်။ တစ်နစ်တည်း တစ်လတည်း အတူတူ ပင်စင်ယူခဲ့သော လုပ်ဖော်ကိုင်ဘက် ဆရာမ ဒေါ်တင်တင်ဦး။ ဒေါ်တင်တင်ဦးက ပေါင်ချိန် ၂၀၀ ကို တော်တော်များများ ကျော်သည့်အတွက် အသွားအလာ အထိုင်အထ မသွက်လက်။ နေးနေးကွေးကွေး တုန်တုန်ချိချိ။

“နောက်က ကျားလိုက်လာလို့လား”

# ရွှေနား

# ဇော်ချစ်

www.burmeseclassic.com



"ကျားထက်ဆိုးတဲ့ မီတင် လိုက်လာတာ တင်တင်ရဲ့"

"ပင်စင်ယူပြီးပြီပဲ။ ဘယ်က မီတင်က လိုက်လာတာလဲ"

"ငါ့မီတင် မဟုတ်ပါဘူး"

"ဘယ်သူ့မီတင်လဲ"

"မာလာဦး"

"ဘာမီတင်လဲ"

"ထူးချွန်ထက်မြက် စာမေးပွဲမီတင်လို့ ပြောတာပဲ။ ကျောင်းကို ရှစ်နာရီအရောက်တဲ့။ အိမ်မှာ ထမင်းတစ်အိုးပဲ တည်ရသေးတယ်။ အချိန်မီအောင် လုပ်ပေးရမှာ။ ကဲသွားမယ်။ နောက်မှ အိမ်လာလည်မယ် သူငယ်ချင်း"

"နင်ပဲ လာရမှာနော်။ ငါ မလာနိုင်ဘူး။ လှေကားတောင် မနည်းတက်နေရတာ"

တင်တင်ဦးကိုကြည့်ပြီး ဒေါ်ခင်သန်းဝင်း မရယ်ရက်။ ဘယ်သူမှ ပုံပျက်ပန်းပျက်ဘဝ ရောက်ချင်ကြမည်မဟုတ်။ ကျောင်းတုန်းကထက် ဒေါ်တင်တင်ဦး ပိုဝလာသည်။ ကျောင်းတက်နေစဉ်ကတော့ သွားဟယ်၊ လာဟယ် ကားတိုးစီးဟယ်၊ ဒေါသဖြစ်မယ်၊ စိတ်ဆိုးဟယ်ဖြင့် လှုပ်လှုပ်ရှားရှား နေရသောကြောင့် မသိသာလှ။ စာမေးပွဲရက်များဆို ပိန်ပင်ပိန်သွားသေးသည်။ ပင်စင်ယူလိုက်သည့်အခါ ဘာလှုပ်ရှားမှုမှ မရှိတော့သည့်အတွက် ပိုဝလာသလားမသိ။

"ဟာ ဆရာမ"



သွက်သွက် လှမ်းနေသော ဒေါ်ခင်သန်းဝင်း ခြေလှမ်းတုန့်သွားပြန်သည်။ အရင်လိုနေကာမှ အသိနှင့်တိုးနေသည်။ ဘေးကပ်လာသူကို ဒေါ်ခင်သန်းဝင်း လှည့်ကြည့်သည်။ ဘေးမှလူက ပြုံးပြသည်။

"ဘယ်သူလဲ"

ဘေးကပ်လာသူကို ဒေါ်ခင်သန်းဝင်းမသိ။ ထိုသူက တရင်းတနှီး ပြုံးပြနေသည်။ ဒေါ်ခင်သန်းဝင်း မျက်မှောင်ကြုတ်သွားသည်။

"မြင့်သိန်းပါ ဆရာမ"

"မြင့်သိန်း"

ဆရာမသက်တမ်းတလျှောက် တပည့်တွေအများကြီး ကြုံတွေ့ခဲ့ရသည်။ မြင့်သိန်း တစ်၊ နှစ် သုံး၊ လေး၊ ငါး အများကြီး ကြုံတွေ့ခဲ့ရသည်။ ထိုမြင့်သိန်းများထဲက အခုမြင့်သိန်းလည်း တစ်ယောက် အပါအဝင် ဖြစ်မည်ထင်သည်။

"ဟုတ်ပါတယ် ဆရာမ ရွှေနားမြင့်သိန်းလေ"

"ရွှေနားမြင့်သိန်း"

"ဟုတ်ပါတယ် ဆရာမ"

မြင့်သိန်းဆိုသူက ကားရှန်း

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းဝေအောင် ပြောနေသော်လည်း ဒေါ်ခင်သန်းဝင်းကအရှိန် မမီမှာ စိုးနေသည်။ အစည်းအဝေးက နောက်ကျ၍ မဖြစ်။ အထူးသဖြင့် ကျောင်းအုပ်ဆရာမကြီးက အစည်းအဝေး နောက်ကျ၍မဖြစ်။ ရှေ့ဆောင် နွားလား ဖြောင့်ဖြောင့်သွားမှ နောက်နွား ဖြောင့်ဖြောင့် လိုက်မည် မဟုတ်လား။ ရှေ့ဆောင်နွား ဖြောင့်ဖြောင့်သွားရန်အတွက် ထမင်းချိုင့်က အရေးကြီးသည်။ ထမင်းချိုင့် နောက်ကျလျှင် ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားနိုင်မည် မဟုတ်။

"ဩော် အေးအေး နေကောင်းတယ်မို့လား"

တပည့်တစ်ယောက် ဖြစ်မှာပဲ ဟူသော အတွေးဖြင့် ဒေါ်ခင်သန်းဝင်း ပြန်ပြုံးပြလိုက်သည်။ အသိစိတ်တွင်တော့ ထို မြင့်သိန်း ဆိုသူကို ပုံဖော်၍မရ။ ရွှေနားတဲ့။ ဘာရွှေနားမှန်း ဒေါ်ခင်သန်းဝင်း အမိပ္ပာယ်မဖော်တတ်။

"ကျွန်ခဲ့တဲ့လက ကျောင်းမှာ ကျွန်တော့်သားမွေးနေ့ အလှူသွားလုပ်တယ် ဆရာမ၊ ဆရာမ ပင်စင်ယူသွားပြီလို့ ပြောကြတယ်။ အဆင်ပြေရဲ့လား ဆရာမ"

ထွက်မည်ပြင်သော ဒေါ်ခင်သန်းဝင်း ခြေလှမ်းပြန်တုန့်သွားသည်။ မြင့်သိန်းက ဒေါ်ခင်သန်းဝင်းလက်ကို လှမ်းဆွဲလိုက်သည်။

"ပြေပါတယ်"

"ပြေပြေ မပြေပြေ ဆရာမကို ကျွန်တော် ဆီတစ်ပုံး ကန်တော့လိုက်မယ်"

"နေပါစေ"

"ဟာ ဘယ်နေပါစေလဲ ဆရာမရဲ့။ ကိုယ့်ဆရာမ တစ်ယောက်ကို ကန်တော့ရမှာပေါ့"

မြင့်သိန်းက ဒေါ်ခင်သန်းဝင်း လက်ကိုမလွှတ်။ ဒေါ်ခင်သန်းဝင်း သက်ပြင်းကြိတ်ရှိုက်သည်။ မြင့်သိန်းလုပ်နေပုံနှင့်ဆို မာလာဦး ကျောင်းနောက်ကျတော့မည်။

"မကန်တော့ပါနဲ့ မောင်မြင့်သိန်း အခက်အခဲ ဖြစ်နေပါဦးမယ်"

"ဆီတစ်ပုံးလောက်နဲ့တော့ ဆရာမတပည့် အခက်အခဲ မဖြစ်ဘူး။ ကျွန်တော် ဘုရင့်နောင်မှာ ဆီပွဲရုံဖွင့်ထားတယ်။ ဆရာမပေးတဲ့ ရွှေနား အမည်နဲ့ပဲ။ ဆရာမပေးတဲ့ နာမည်က ကျွန်တော့်အတွက် လပ်ကီးပဲ။ ဆရာမကို ဒီ တော်သဇင်ဈေးကဆိုင်က ဆီတစ်ပုံး ယူပေးလိုက်မယ်"

"နေပါစေ"

"ဆရာမ ဘာမှမစိုးရိမ်နဲ့။ တော်သဇင်ဈေးက ဆီသည်တွေက ကျွန်တော့်ပွဲရုံက ဖောက်သည်တွေ။ ဆရာမ ဒီက စောင့်နေ၊ ကျွန်တော် သွားယူခဲ့မယ်။ ဆီဖိုးတွေလာသိမ်းတာ ဆရာမရဲ့

www.burmeseclassic.com



ဩော် ဆရာမ"

မြင့်သိန်းက ဒေါ်ခင်သန်းဝင်း လက်ကောက်ဝတ်ကို အသာညှစ်သည်။ ဒေါ်ခင်သန်းဝင်းဆတ်ခနဲ တွန့်သွားသည်။

"ဘာလဲ မောင်မြင့်သိန်း"

"ဒီနေ့ ဈေးမှာလူအရမ်းရှုပ်တယ်။ ခါးပိုက်နှိုက်တွေလည်း အများကြီးပဲ။ ဆရာမဆွဲကြိုး ဖြုတ်ပြီး ကျွန်တော့်ပေးထား၊ ဆီပုံးယူလာပြီးတော့ ဆီပုံးနဲ့အတူ ပြန်ပေးမယ်"

ဒေါ်ခင်သန်းဝင်း လက်ကောက်ဝတ်ကို မြင့်သိန်းထပ်ညှစ်သည်။ မြင့်သိန်းကို ဒေါ်ခင်သန်းဝင်း ကြည့်သည်။ မြင့်သိန်းက ဒေါ်ခင်သန်းဝင်း မျက်လုံးကို တည့်တည့်စိုက်ကြည့်ပြီး ပြုံးပြသည်။

"ဆရာမဆွဲကြိုး ဖြုတ်ပေးလေ"

မြင့်သိန်းက အပြုံးဖြင့် ခေါင်းညိတ်ပြသည်။ ဒေါ်ခင်သန်းဝင်း လက်ကိုလည်း ပြန်လွှတ်ပေးလိုက်သည်။ ဒေါ်ခင်သန်းဝင်းက မြင့်သိန်းမျက်လုံး စူးစူးဝါးဝါးကို ရှောင်ပြီး လည်ပင်းမှ ဆွဲကြိုးကို ဖြုတ်ပေးလိုက်သည်။

"ဆရာမ ဈေးထဲ မဝင်နဲ့တော့၊ ဒီကစောင့်နေ၊ ကျွန်တော် ဆီပုံးယူလာမယ်"

ဒေါ်ခင်သန်းဝင်း ခွေကြိုးကို အိတ်ထဲထည့်ပြီး မြင့်သိန်း တော်သဇင်ဈေးထဲ ဝင်သွားသည်။ ဒေါ်ခင်သန်းဝင်း ဈေးရှေ့တွင် တောင့်တောင့်ကြီး ရပ်ကျန်နေသည်။

◆◆◆◆

"ဘယ်လဲ ရွှေနား"

နောက်မှ အင်္ကျီကော်လံ ဖမ်းဆွဲခံလိုက်ရသောကြောင့် မြင့်သိန်း ခြေလှမ်းပျက်သွားသည်။

"ဘယ်ကောင်လဲကွ"

ဒေါသဖြင့် မြင့်သိန်းနောက်လှည့်ကြည့်သည်။ ပြန်လည်ခုခံဖို့ လက်သီးသည် မြောက်လာ၏။

"မလှုပ်နဲ့ရွှေနား"

မြောက်တက်သွားသောရွှေနားညာလက်ကောက်ဝတ်ကို စတီးလက်ကောက်တစ်ကွင်း လာစွပ်သည်။ စတီးလက်ကောက်လက်ဆောင်ပေးသူကို မြင့်သိန်း လှမ်းကြည့်သည်။

"ဟာ"

အပြာရင့်ရောင် ကတ်ဦးထုတ်၊ မီးခိုးရောင်အင်္ကျီ ပခုံးထောက်မှ ငွေကြယ်တစ်ပွင့်က မြင့်သိန်းရင်ခုန်သံ ဖော်လူးကို အမြင့်ဆုံး မြင့်တက်သွားစေသည်။

"ပိတောက်ချောင်းရဲ့ စခန်းက နယ်ထိန်းအဖွဲ့ ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



လင်းထွန့်နိုင်ဆိုတာ ငါပဲ"

"ကျွန်တော် ဘာ ဘာလုပ်လို့လဲဆရာ၊ ကျွန်တော် ဘာမှ မလုပ်ပါဘူး"

"မင်းလုပ်တာ မင်းအသိဆုံးပါ ရွှေနားရာ"

"ကျွန်တော် ဘာမှမလုပ်ပါဘူး ဆရာရဲ့"

"ဒီဆွဲကြိုးက ဘယ်သူ့ဟာလဲ"

မြင့်သိန်းအိတ်ထဲမှ ရွှေဆွဲကြိုးကို ဒုရဲအုပ်လင်းထွန့်နိုင်နှိုက်လိုက်သည်။ မြင့်သိန်း မျက်နှာပေါ်မှာ အပြုံးပျောက်သွားသည်။ ရွှေဆွဲကြိုးက ဒုရဲအုပ်လင်းထွန့်နိုင် လက်ထဲတွင် တစ်လက်လက်။

"ဒါ.. ဘယ်သူ့ ဆွဲကြိုးလဲ"

"..........."

"ပိုင်ရှင်ကို မင်းမသိပေမယ့် ငါတို့သိတယ်။ ဒီရွှေဆွဲကြိုး ပိုင်ရှင်က ဟိုဆရာမကြီး"

ဒုရဲအုပ် လင်းထွန့်နိုင် မေးဆတ်ပြရာဘက်မြင့်သိန်း လှည့်ကြည့်သည်။ တပ်ကြပ် မျိုးမင်းထွန်းက ဒေါ်ခင်သန်းဝင်းကို တွဲလာသည်။ မြင့်သိန်း မျက်နှာပျက်သွားသည်။

"ဟုတ်တယ်မို့လားရွှေနား"

"..........."

"မင်း ဘာလုပ်တယ်ဆိုတာ ဟက်ပီးတိုင်း ဆိုင်ထဲက ငါတို့စောင့်ကြည့်နေတာ။ မင်းဆရာမကြီး လက်ကိုဖမ်းဆွဲတာ။ လက်ကောက်ဝတ်ကို ညှစ်တာ။ဆွဲကြိုးဖြုတ်ခိုင်းတာ။ ဆရာမကြီး ဆွဲကြိုးဖြုတ်ပေးတာ၊ မင်း အင်္ကျီအိတ်ကပ်ထဲထည့်ပြီး ဈေးထဲဝင်ပြေးတာ ငါတို့အားလုံးမြင်တယ်။ ငါတို့တင်မဟုတ်ဘူး ဈေးတာဝန်ခံလည်း မြင်တယ်။ တော်သေး ဈေး ဝင်ပေါက်ထွက်ပေါက် အားလုံးကို ငါတို့ ပိတ်ထားပြီးပြီ။ မင်း ဘယ်လိုမှ မလွတ်နိုင်တော့ဘူး။ မင်း ပါတနာတွေက ဘယ်သူတွေလဲ"

"ကျိုးကန်းနဲ့ ရှမ်းမင်းသားပါ"

"အဲဒီကောင်တွေ ဘယ်မှာလဲ"

"ISM ကျောင်းရှေ့မှာ စောင့်နေပါတယ်"

တပ်ကြပ် မျိုးမင်းထွန်းကို ခေါင်းညိတ်ပြလိုက်သည်။ ဒုရဲအုပ်လင်းထွန့်နိုင်ကို အလေးပြုပြီး တပ်ကြပ်မျိုးမင်းထွန်း ISM ကျောင်းဘက်ပြေးသည်။ တပ်ကြပ်မျိုးမင်းထွန်းနောက် ဈေးလုံခြုံရေးများ လိုက်သွားသည်။


"ချောက်"

မြင့်သိန်း ဘယ်ဘက်လက်ကိုပါ ဒုရဲအုပ်လင်းထွန့်နိုင် လက်ထိပ်ခတ်လိုက်သည်။ ရွှေဆွဲကြိုး ပြန်ရသွားသည့် ဒေါ်ခင်သန်းဝင်း မျက်နှာက အပြုံးဖြင့် ရွှန်းလက်လှပနေသည်။ မြင့်သိန်းကခေါင်းမဖော်။ ဈေးထဲမှ လူများက မြင့်သိန်းကို ဝိုင်းကြည့်နေကြသည်။ နေရောင်အောက်တွင် မြင့်သိန်း လက်နှစ်ဖက်မှ စတီးလက်ကောက်များက တဝင်းဝင်း တလက်လက်။

**ဇော်ချစ်**

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်မှန်၏ ဦးစီးပဲ့ကိုင်ရှင် ဆရာနီကသူချစ်သော စာပေမိတ်ဆွေများကိုထားရစ်ခဲ့သည်မှာ ၃နှစ်ပြည့်မြောက်ခဲ့ပြီ။ ဆရာနီစိုက်ပျိုးခဲ့သော ဖြစ်ရပ်မှန်မျိုးစေ့များက ဆက်လက်ရှင်သန်နေမည်မှာ ကေန်ပင်။ ဆရာနီဖြတ်သန်းခဲ့သော စာပေခရီးလမ်းတွင်ကြုံတွေ့ခဲ့သော ပုံရိပ်အချို့ကိုအလွမ်းပြေ မြင်ယောင်ကြည့်နိုင်ဖို့အတွက် "ကိုမောင်မောင်မြင့်အေး စီစဉ်သောဖြစ်မှုမဂ္ဂဇင်းမှ" ဆရာနီနှင့် အောက်တိုဘာအောင်ကြီး၏ တွေ့ဆုံမေးမြန်းခန်းအား ပြန်လည်တင်ပြပါသည်။ ဤတွေ့ဆုံမေးမြန်းခန်းကို စီစဉ်ပေးပါသော ကိုမောင်မောင်မြင့်အေးနှင့် ဖြစ်မှုမဂ္ဂဇင်း အယ်ဒီတာအဖွဲ့အား အထူးကျေးဇူးတင်ပါသည်။

(အယ်ဒီတာအဖွဲ့)

www.burmeseclassic.com

www.burmeseclassic.com



# ၇ နှစ်ပြည့် နီလေးမောင် နှင့် နှစ် ၂၀ ပြည့်ဖြစ်ရပ်မှန်

တစ်ခါက ကျွန်တော်တို့ ရပ်ကွက်ကြီးတွင် ကျွန်တော် အားကျသတိထားမိသော လူတစ်ယောက်ကို ပြပါဟုဆိုလျှင် ဆရာနီလေးမောင်ကို ပြရမည်ဖြစ်၏။

ထိုကာလများက ကျွန်တော်တို့ ကျောင်းသားအရွယ် ဆရာနီလေးမောင်က လူရွယ်လို့ ပြောရမလားမသိ။

ကျွန်တော်တို့ ရပ်ကွက်တွင် အလေ့တစ်ခုရှိ၏။ ထိုအလေ့မှာ ရာသီပွဲများကို ဆင်နွှဲကြခြင်းဖြစ်၏။

သင်္ကြန်ရာသီတွင် ရေပက်ခံကား၊ ရေပက်ခံမဏ္ဍပ်၊ သံချပ်ကားတို့ ထွက်၏။ တန်ဆောင်တိုင်တွင် ပြဇာတ်ကကြ၏။ ဘောလုံးပွဲရာသီတွင် လမ်းများ ပိတ်ပြီး ဘောလုံးကန်ကြ၏။ စာပေရာသီတွင် လမ်းများပေါ် စင်ထိုးပြီး စာပေဟောပြောပွဲများ ပြုလုပ်ကြ၏။ အငြိမ့်ရာသီတွင် အငြိမ့်ပွဲများဖြင့် ကပြကြ၏။ ရုပ်ရှင်ပိတ်ကားကြီးများ ထောင်ပြီး ရုပ်ရှင်ပြကြ၏။ ဘုန်းကြီးများပင့်ပြီး တရားပွဲများ ကျင်းပကြ၏။ ၁၂ လရာသီတွင် မပြတ်လှုပ်ရှားကြ၏။ ထိုလှုပ်ရှားမှုများတွင် ဆရာနီလေးမောင်တို့ ညီအစ်ကိုမှာ ပါဝင်၏။ စံပြကိုကိုဆိုသောရေသဘင်ကားကို ဆင်နွှဲကြ၏။ စာပေဟောပြောပွဲများ ပြုလုပ်ကြ၏။

သူသည် မနက် ၁၁ နာရီခန့်ဆိုလျှင် အိမ်မှထွက်၏။ ဘတ်စ်ကားစီးရန် ရပ်ကွက်ထဲက အများအားဖြင့် ကျွန်တော့်အိမ်ရှေ့က ဖြတ်ရလေ့ ရှိသူထဲတွင် သူပါ၏။

ပြစ်မှုမဂ္ဂဇင်းကို ကျွန်တော် စတင်ဖတ်ရသောအချိန်သည် သူအယ်ဒီတာ လုပ်နေပြီဖြစ်၏။ (ယခင်ပြစ်မှုမဂ္ဂဇင်းကို နောက်မှ ရှာကြံဖတ်ရခြင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



၏။)

ဖြစ်ရပ်မှန် သတင်းများကို ဖြစ်မှုမဂ္ဂဇင်း ပီသစွာဖြင့် ဒီဇိုင်းဆင်ပြီး လုပ်သူဖြစ်၏။

ဖြစ်မှုသည် ထိုစဉ်ကတည်းက လစဉ် ထုတ် မဂ္ဂဇင်းများထဲတွင် အဆင်အပြင် ကွဲပြားစွာ ထွက်နေ၏။

ဖြစ်မှုမဂ္ဂဇင်းတွင် ဆရာနီလေးမောင် အယ်ဒီတာ လုပ်နေစဉ်မှာပင် ဆရာမင်းသိခ်၏ ဆားပုလင်းနှင်းမောင်သည် စတင်ဖော်ပြခဲ့၏။

ထို့ပြင် ဆရာနီလေးမောင်သည် မြန်မာနိုင်ငံ စာနယ်ဇင်းလောကတွင် တင်ထုတ်ဆိုသော စာအုပ်ကို စတင် ထုတ်ခဲ့သူ ဖြစ်ခဲ့၏။

ကျွန်တော် ပြန်လည်တင်ဆက်ခဲ့သော ဖြစ်မှု



မဂ္ဂဇင်း အုပ် ၁၀၀ တွင် ဆရာနီလေးမောင်၏ သဘောထားကို သိရှိစေရန် အောက်တိုဘာအောင်ကြီးကို တွေ့ဆုံ၍ မေးမြန်းစေခဲ့ရာ…

<u>အောက်တိုဘာ အောင်ကြီး တွေ့ဆုံ မေးမြန်းသည်။</u>

၁။ ဆရာ ပထမဦးစွာ စာပေနယ်ပယ်ကို ရောက်ရှိလာပုံလေး သိချင်ပါတယ်။ ခုနှစ် သက္ကရာဇ်ကိုပါ ထည့်ပြောပါလား။

စာပေဝါသနာရှင်တွေရဲ့ အစဉ်အလာလျှောက်ကြတဲ့လမ်းအတိုင်း ကဗျာလေးတွေ စရေးတယ်ပေါ့။ ပထမဆုံး ပုံနှိပ်စာလုံးနဲ့ ဖော်ပြပေးတာက ဘားမားစတား တစ်စောင်ပါ။ ၅၉ ခုနှစ်၊ ဒီဇင်ဘာလထဲမှာပါ။ စကားပြေကို ပုံနှိပ်စာလုံးနဲ့ ဖော်ပြခံရတာက မြဝတီမဂ္ဂဇင်းရဲ့ "အမှတ်ထင်ထင်" ကဏ္ဍမှာပါ။ ဆက်လက်ပြီးတော့ ပြည်ထောင်စု သတင်းစာမှာ ကဗျာတွေ ရေးတယ်။ မဏ္ဍိုင်၊ ကြေးမုံ၊ ပြည်ထောင်စုသတင်းစာတွေနဲ့ ပြည်သူ့ကြယ်ဂျာနယ်တွေမှာ ဝတ္ထုဆောင်းပါး အတော်များများ ရေးခဲ့ပါတယ်။ ရေးခဲ့တဲ့ ဆောင်းပါးတွေအနက် ကြေးမုံမှာ ရေးတဲ့ "ရဲတပ်ဖွဲ့ ပြုပြင်ရေး ဆောင်းပါးရှည်ကြီး" (၁၉-၅-၆၇) ကြောင့် ရဲတပ်ဖွဲ့အတွင်း ဂယက်ထခဲ့သလို ပြည်ထောင်စု သတင်းစာမှာ ရေးတဲ့ ကျောင်းပြေးလေးများ ပြဿနာ (၂-၁၂-၅၉) ဆောင်းပါးဟာ ဆရာမိဘ၊ အာဏာပိုင်တွေကြားမှာ လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရပြီး ရေဒီယိုနဲ့ သတင်းစာရဲ့ခေါင်းကြီးပိုင်းကနေ ပြန်လည် ထောက်ခံရေးသားခဲ့တာကြောင့် နီလေးမောင် ကလောင်နာမည်က စာဖတ်သူကြား

www.burmeseclassic.com

www.burmeseclassic.com



မှာ အတော်အသင့် လူသိများခဲ့ပါတယ်။


**၂။ ဆရာဟာ ကဗျာနဲ့ စခဲ့တယ်လို့ သိရတယ်။ အဲဒီအကြောင်းလေး ပြောပါလား။**

ကဗျာဘက်မှာတော့ အပျော်တမ်း အဆင့်လောက်ပါ။ နောက်ပိုင်းကျတော့ စကားပြေဘက်ကို ကူးပြီး ရဲတပ်ဖွဲ့ ဌာနချုပ်က ထုတ်ဝေတဲ့ "မှုခင်းမဂ္ဂဇင်း"မှာ ၆၀ ခုနှစ်ကစပြီး ဆက်တိုက်ရေးဖြစ်ခဲ့ပါတယ်။ ၆၂ ခုနှစ်က ကမ္ဘာအေးကုန်းမြေမှာ ကျင်းပတဲ့ အမျိုးသား စာပေညီလာခံ တက်ခွင့်ရခဲ့တာဟာလည်း စာပေနယ်မှာ ဆက်ဆံရေးနယ်ကျယ်စေခဲ့ပါတယ်။ ဟုတ်ပါတယ်။ မှုခင်းမဂ္ဂဇင်းနဲ့ ဖြစ်မှုမဂ္ဂဇင်းတွေမှာ ဖြစ်ရပ်မှန်တွေ ရေးတယ်။ ကြေးမုံသတင်းစာမှာ ပြုပြင်ရေး ဆောင်းပါးတွေ ရေးတယ်။ တခြား မဂ္ဂဇင်းမှာမှ မရေးဖြစ်ခဲ့ပါဘူး။

**၃။ ဖြစ်မှုမဂ္ဂဇင်းကို ဦးဆုံး လုပ်ခဲ့တဲ့ အယ်ဒီတာ ဘယ်သူပါလိမ့်။ ခုနှစ်သက္ကရာဇ်ကို သိချင်ပါတယ် ဆရာ။**

ရဲအရာရှိဘဝနဲ့ ထူးထူးခြားခြား ဆုရခဲ့ဖူးတဲ့ စာရေးဆရာ ပုလိပ် အရာရှိတစ်ဦး အမည်ခံ ခရိုင်ရဲဝန်ဦးဘသော်ဟာ ရဲတပ်ဖွဲ့က ထုတ်ဝေတဲ့ မှုခင်းမဂ္ဂဇင်းကို တာဝန်ယူ ထုတ်ဝေနေရာက ရဲတပ်ဖွဲ့က ပင်စင်ယူတဲ့အချိန်မှာ ဖြစ်မှုမဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့ခြင်းပါ။ ၁၉၆၁ ခုနှစ်ကပါ။

ဦးဘသော်က အယ်ဒီတာချုပ်။ ရေနံမြေစုက တာဝန်ခံ အယ်ဒီတာပါ။ ရေနံမြေစုဆိုတဲ့ စာရေးဆရာမကြီးက ဆရာဦးဘသော်ရဲ့ မိတ်ဆွေရင်းဖြစ်



လို့ လာရောက် အကူအညီပေးခြင်းပါ။ စိန်ခင်မောင်ရီက ပြင်ပပံ့ပိုး ကူညီမှုပေါ့။ စထွက်တဲ့ ဖြစ်မှုအရွယ်က ယခုလက်ရှိ အရွယ်ထက် တစ်ဆကျော်လောက် ပိုကြီးတယ်။ ဓာတ်ပုံတွေ ဦးစားပေးသုံးတယ်။ ဆရာမကြီး ရေနံမြေစုနောက်မှာ အမျိုးသားစာပေဆုရ ညိုဝင်းအယ်ဒီတာ ဖြစ်လာတယ်။

**၄။ ဖြစ်မှုမဂ္ဂဇင်းကို ဆရာအယ်ဒီတာ လုပ်ခဲ့စဉ်က အသက်အလွန်ငယ်တယ်လို့ သိရပါတယ်။ အသက်ငယ်ငယ်နဲ့ အယ်ဒီတာလုပ်ခဲ့သော အခက်အခဲတွေနဲ့ ပြဿနာပေါင်းစုံတော့ ရှိမှာပေါ့နော်။ အဲဒီအကြောင်းလေးကို ခုနှစ် သက္ကရာဇ်တွေနဲ့ ပြောပြပါလား။**

ကျွန်တော် စာပေဝါသနာပါတာက တစ်မျိုးပါ။ စာရေးဖို့၊ စာရေးဆရာ ဖြစ်ဖို့ထက် အယ်ဒီတာအလုပ်ကို ပိုပြီး စိတ်ဝင်စားတယ်။ အယ်ဒီတာ

www.burmeseclassic.com



အတွေ့အကြုံပိုင်းဆိုင်ရာနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတွေကို ရှာဖတ်တယ်။ လက်ရှိ မဂ္ဂဇင်းအယ်ဒီတာတွေရဲ့ စာမူ ရွေးချယ်မှုကအစ အပြင်အဆင်တွေပါမကျန် လေ့လာတယ်။ ငါသာဆိုရင် ဒီစာမျက်နှာမျိုးကို ဘယ်လိုလုပ်မယ်ဆိုပြီး လက်တွေ့ စာမျက်နှာတွေပေါ်မှာ လုပ်ကြည့်တယ်။ လေးလိုင်း၊ ခြောက်လိုင်းဆိုတဲ့ ခဲစာလုံးတွေကို လေ့လာတယ်။ စာမျက်နှာပေါ်မှာ လေးလိုင်းစာလုံးဆိုရင် ဘယ်နှလုံးဝင်မယ်ဆိုတာ ကွက်တိတွက်လို့ ရလာတယ်။ ဒီနိုင်းပုံတွေကို ဘယ်လောက်အပ်ရာမှာ ကိုယ်လိုချင်တဲ့ ဆိုဒ်ရအောင် တိုင်းတာနည်းကအစ စာပြင်နည်း သင်္ကေတတွေပါ လေ့လာထားတယ်။

အယ်ဒီတာ စလုပ်တဲ့ မဂ္ဂဇင်းကလည်းဥပဒေ၊ မှုခင်း ဖြစ်ရပ်တွေကို အခြေခံတဲ့ မဂ္ဂဇင်းဆိုတော့ ကိုယ်ကျွမ်းကျင်တဲ့လိုင်း ဖြစ်နေတာကြောင့် အယ်ဒီတာ စားပွဲမှာ အခက်အခဲမရှိ ထိုင်နိုင်ခဲ့တယ်။ တခြားအချစ်လိုင်းတို့၊ ဘဝ သရုပ်ဖော်လိုင်းတို့ ဆိုရင်တော့ မကျွမ်းကျင်လို့ ဖြစ်ချင်မှလည်း ဖြစ်မှာ ပါ။ အဲဒီအချိန်ကလည်း လက်နဲ့စီရတဲ့ ခဲစာလုံးခေတ်ဆိုတော့ စာစီတွေ၊ ဖိုမင်တွေ၊ စက်သမားတွေရဲ့ ပညာစမ်းမှုကို ကျော်လွှားနိုင်ခဲ့တယ်။ လေ့လာမှုအခြေခံကြောင့်ပါ။ ကျွန်တော် လေ့လာထားတဲ့ ဟိုစဉ်က စာပြင်ဆရာကြီးတွေရဲ့ နည်းစနစ်၊ သင်္ကေတတွေနဲ့ ပြင်ပေးတော့ ဖိုမင်တွေက…

"ဆရာရယ်…ရိုးရိုးပဲ ပြင်ပေးပါ။ ဟိုတုန်းက နည်းစနစ် သင်္ကေတတွေ ကျွန်တော်တို့ မကျွမ်းလို့ပါ"လို့ ပြောလာကြတယ်။ ဒီတော့မှ ကိုယ့်ရဲ့ ဆန္ဒစောမှုကို မြင်ပြီး သူတို့နဲ့ လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းရပြန်တယ်။ အဲဒီအချိန်က အသက် ၂၅ နှစ်ပါ။ ဒီလို အယ်ဒီတာ စားပွဲရောက်ဖို့အတွက် ငါးနှစ်လောက် ကြိုးပမ်းလေ့လာခဲ့ပါတယ်။

"<u>နီလေးမောင်…မင်းဟာ ဥပဒေ ရေးရာ၊ တရားစီရင်ရေး အခန်းကဏ္ဍနဲ့ နိုင်ငံတကာရေးရာကိစ္စတွေမှာ လေ့လာမှု ကောင်းပေမယ့် ဘာသာရေးဆိုင်ရာ စာပေလေ့လာချက်တော့ အားနည်းနေတယ်။ အယ်ဒီတာ တစ်ယောက်ဟာ စာပေအားလုံးကို ပေါက်မြောက်ကျွမ်းကျင်ဖို့ မလွယ်ပေမယ့် အကဲဖြတ်နိုင်စွမ်းတော့ ရှိရမယ်</u>"

(အယ်ဒီတာချုပ် ဆရာဦးဘသော်ရဲ့ ဆုံးမချက်ပါ။)


ဘာသာရေးဆိုင်ရာ ဆက်နွယ်နေတဲ့ ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော်က အရပ်တွေးတွေးပြီး သုံးလိုက်ရာကအစ သံဃာထု အစည်းအဝေးကြီး ခေါ်ရသည်အထိ ပြဿနာ အကြီးအကျယ် တက်ခဲ့ရပါတယ်။ ကျွန်တော့်ရဲ့ ဘာသာရေးဆိုင်ရာ မပြည့်ဝတဲ့ အမှားကြောင့် မဂ္ဂဇင်းထုတ်ဝေသူ၊ အယ်ဒီတာချုပ်၊ စာရေးဆရာနဲ့ တာဝန်ခံအယ်ဒီတာ ကျွန်တော်တို့ ရှိခိုးတောင်းပန် အမှားကို ဝန်ခံခဲ့ရသည်အထိ ဖြစ်ခဲ့ဖူးပါတယ်။

ကိုယ့်ကြိုးစားမှုကြောင့် မဂ္ဂဇင်းစောင်ရေတွေတက်၊ ရောင်းမလောက်ဖြစ်နေတာ ဟုတ်လှပြီထင်ပြီး ဘဝင်မြင့်၊ လက်မထောင်နေတဲ့ အယ်ဒီတာပေါက်စ မြောင်းထဲရောက်သွားတဲ့ ကာလပါ။ <u>အယ်ဒီတာသက် ၁၀ နှစ်ကျော် ကာလမှာ ကိုယ် သိက္ခာတက်ရမယ့် ကိစ္စ၊ သိက္ခာကျရမယ့် ကိစ္စ</u>

www.burmeseclassic.com

www.burmeseclassic.com





တွေ၊ ချိုးကျိုးခံရသလို အဆဲခံရတဲ့ ကိစ္စတွေ၊ ကျေးဇူးရှင်လို့ မြင်သူရှိသလို တွေ့တဲ့နေရာမှာ ခေါင်းရိုက်ခွဲမယ်လို့ ကြိမ်းသူတွေလည်း ကြုံခဲ့ဖူးပါတယ်။

**၅။ ဆရာ ပြစ်မှုမဂ္ဂဇင်း အယ်ဒီတာလုပ်နေချိန်မှာ မှုခင်းနဲ့ပတ်သက်တဲ့ မဂ္ဂဇင်း ဘယ်နှမျိုး ရှိပါသလဲ။ ပြစ်မှုမဂ္ဂဇင်းကို နောက်ဆုံး ဘယ်နှခုနှစ်မှာ လုပ်ခဲ့တာလဲ။**

အဲဒီအချိန်က မှုခင်းဆိုင်ရာ မဂ္ဂဇင်းဆိုလို့ ရဲတပ်ဖွဲ့ ဌာနချုပ်က ထုတ်တဲ့ ရဲကြေးမုံမဂ္ဂဇင်း၊ မှုခင်းမဂ္ဂဇင်းနဲ့ ပြစ်မှုမဂ္ဂဇင်းလောက်ပဲ ရှိပါတယ်။ အခြားမဂ္ဂဇင်းတွေဟာလည်း လက်ချိုးရေလို့ ရအောင် နည်းပါတယ်။ အယ်ဒီတာ လုပ်ချင်တဲ့ ကျွန်တော်က အဲဒီအချိန်က မဂ္ဂဇင်းတွေကို တစေ့တစောင်း လေ့လာမိတယ်။ မဂ္ဂဇင်းတွေက နည်းရတဲ့အထဲ လုပ်နေတဲ့ အယ်ဒီတာကြီးတွေကလည်း ဖွယ်စုံရ ဆရာတွေကြီးပဲ ရှိပါတယ်။ ကျွန်တော့် အသက်အရွယ်၊ အတွေ့အကြုံလောက်နဲ့ကတော့ အယ်ဒီတာဖြစ်ဖို့ အသာထား၊ အယ်ဒီတာရုံးခန်းနား ကပ်ဖို့တောင် မလွယ်လှပါဘူး။ အဲဒီကာလက ငွေရှိရုံ၊ အရှိန်အဝါရှိရုံ၊ အပေါင်းအသင်းဆုံ့ရုံနဲ့လည်း အယ်ဒီတာ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ကံကြမ္မာဆိုတာ ကြိုတင်တွက်ဆလို့ မရနိုင်ကြောင်း သဘောပေါက်ခဲ့ရပါတယ်။

အဲဒီနေ့က သူငယ်ချင်း နှစ်ယောက် အိမ်ရောက်လာတယ်။

ကဗျာရေးဖက် မောင်နီဝင်း (စိန်ပန်း) နဲ့ ကိုစံလှ (စံလှ စာပေတိုက်ပါ)။ အယ်ဒီတာ လုပ်နိုင်မလား၊ ပြစ်မှုမဂ္ဂဇင်း အယ်ဒီတာ ဆရာညိုဝင်း ထွက်သွားတယ်။ အယ်ဒီတာ လိုနေတယ်လို့ သတင်းပေးတယ်။

နောက်တစ်နေ့မှာ ကိုခင်မောင်စီနဲ့စံလှစာပေ စာအုပ်တိုက်မှာ တွေ့ဆုံ စကားပြောကြတယ်။ ကိုခင်မောင်စီဆိုတာ ဆရာဦးဘသော်ရဲ့သား ပြစ်မှုမဂ္ဂဇင်းရဲ့ အုပ်ချုပ်ရေးမှူးပါ။

တိုတိုပဲ ပြောကြပါစို့။ ၁၉၆၅ ခုနှစ်မှာ ပြစ်မှုမဂ္ဂဇင်းအယ်ဒီတာ စားပွဲရောက်တယ်။ ဟိုမှာက အောင်ချစ်သူဆိုတဲ့ လက်ထောက်အယ်ဒီတာ ရှိနေတယ်။ အယ်ဒီတာချုပ် ဆရာဦးဘသော်နဲ့က မှုခင်းမှာ ရေးစဉ်ထဲက သိကျွမ်းနေခဲ့သလို ဆရာစိန်ခင်မောင်ရီနဲ့ကလည်း ၆၂ ခုနှစ် စာပေညီလာခံ တက်စဉ်ကတည်းက တွေ့ဖူး၊ သိဖူးနေတယ်။ ခင်ခင်

www.burmeseclassic.com

www.burmeseclassic.com



မင်မင်နေတတ်သူဆိုတော့ ပြစ်မှုမိသားစုနဲ့ ကျွန်တော်က သိပ်မစိမ်းဘူးလို့ ဆိုနိုင်ပါတယ်။

အယ်ဒီတာလစာ ကျပ် ၁၀၀ ရပါတယ်။ ဆရာဦးဘသော် ကွယ်လွန်တော့ အယ်ဒီတာအလုပ်က ထွက်ဖြစ်ခဲ့ပါတယ်။ ၇၅/၇၆ လောက်မှာပါ။ အလုပ်ထွက်မယ်ဆိုတော့ ဆရာဦးဘသော်ရဲ့ ခွေမျိုးသားချင်းတွေဖြစ်တဲ့ ဆရာဦးခင်မောင်လတ်နဲ့ဆရာမကြီး ဒေါ်ခင်မျိုးချစ်က သူတို့အိမ်ခေါ်ပြီး အကျိုးအကြောင်း မေးတယ်။ မထွက်ဖို့ တားပါတယ်။ ဆရာဦးဘသော် မရှိတဲ့နောက်ပိုင်းမှာ ပြစ်မှုမဂ္ဂဇင်းရဲ့ နောင်ရေးကို သူတို့တစ်တွေက တွေးပြီး ပူပန်နေကြပုံ ရပါတယ်။

**၆။ ဆရာ ပြစ်မှုမဂ္ဂဇင်းကို အယ်ဒီတာလုပ်ပြီးနောက်မှာ တခြား ဘယ်ဆရာတွေ အယ်ဒီတာအဖြစ်ဆက်လက် လုပ်သွားကြသေးလဲ။**

ကျွန်တော်ကလည်း ဝါသနာအရ လစာ ၁၀၀ နဲ့ ၁၀ နှစ်ကျော်ကျော် လုပ်ခဲ့တဲ့ ကာလမှာ မိန်းမဖြစ်သူကလည်း ရုံးတစ်ရုံးမှာ အောက်တန်းစာရေး ဝင်လုပ်ပြီး စားဝတ်နေရေးကို ဖြည့်ဆည်းပေးနေတာကြောင့် မပိုမလျှံပေမယ့် နပ်မှန်အောင်တော့ စားနိုင်ခဲ့တာပါ။ နောက်ပိုင်း မိသားစု စားဝတ်နေရေးက လေးပင်လာတယ်။ ဝါသနာကို ခဏထားပြီး ငွေရမယ့် အလုပ်ကို လုပ်ရတော့မယ်။ စာပေနယ်မှာ အဆက်အသွယ်တွေကလည်း ရှိနေပြီ။ လုံးချင်းထုတ်ချင်တဲ့ တိုက်တွေကလည်း ကမ်းလှမ်းနေပြီ။ လုံးချင်းတွေရေးမယ်။ ကိုယ်ပိုင်မဂ္ဂဇင်းထုတ်ဖို့ ကြိုးစားမယ်ဆိုတဲ့ ရည်ရွယ်ချက်ကို ပြောပြတော့ သူတို့ မတားရက်တော့ပါဘူး။ ဒါပေမယ့် နောက်ထပ် ခြောက်လလောက် ဆက်လုပ်ဖို့ပြောလို့ အယ်ဒီတာ ခြောက်လ ထပ်ကြာခဲ့ရတာပါ။

**၇။ အခု ပြစ်မှုမဂ္ဂဇင်းကို ဆက်လက်ပြီးလာဘ်မိုးစွေစာပေကနေ အုပ် ၁၀၀ ကြောက် ဆက်လက်ရှင်သန်နေတာကို ဆရာ့အမြင်လေး သိပါရစေ။**

ကျွန်တော်မရှိတဲ့ နောက်ပိုင်း မောင်မောင်မြင့်အေး ဝင်လုပ်လာတယ်။ ဆရာဦးဘသော်ရဲ့ စာပေအမွေကို ဆက်ခံလို့ ထုတ်ဝေသူ အယ်ဒီတာချုပ်ဖြစ်လာတဲ့ ကိုခင်မောင်စီတစ်ယောက် သူခင်တွယ်တဲ့ မိသားစုစာပေ တာဝန်နဲ့ မိတ်ဆွေအပေါင်းအသ[illegible]တွေကို နှုတ်မဆက်ဘဲ ထွက်ခွာသွားချိန်က ပြစ်မှုမဂ္ဂဇင်းရဲ့ အနာဂတ်လမ်းကို အမှောင်တိုက်လွှမ်းခဲ့တယ်လို့ ဆိုရမှာပါ။

နောက်ပိုင်းမှာ မြုပ်တစ်ခါ ပေါ်တစ်လှည့်နဲ့ ရေစုန်မျောနေပြီ ဖြစ်တဲ့ ပြစ်မှုမဂ္ဂဇင်းနဲ့ နှစ်ချီပြီး အဆက်ပြတ်သွားခဲ့ပါတယ်။ ၉၅/၉၅ လောက်မှ ပြစ်မှုမဂ္ဂဇင်းရဲ့ ထုတ်ဝေသူပိုင်ရှင် ဒေါ်ပြုံး (ဦးခင်မောင်စီရဲ့ဇနီး) နဲ့ ပုံနှိပ်တိုက်တစ်ခုမှာ ဆုံကြတော့ ပြစ်မှုမဂ္ဂဇင်းကို ပြန်လည်ထုတ်တော့မယ်လို့သတင်းပေးတော့ ဝမ်းသာသွားမိတယ်။ မဂ္ဂဇင်း တာဝန်ယူမယ့်သူက မောင်မောင်မြင့်အေးလို့ ပြောပြတယ်။ သိလားလို့ မေးတယ်။

ကျွန်တော် ဖဆပလ ရပ်ကွက်မှာနေစဉ်က စာကြည့်တိုက် တစ်ခုကို ထူထောင်ဖို့ ကြိုးစားနေ[illegible] စာပေဝါသနာရှင် လူငယ်တစ်စုနဲ့ ကြုံခဲ့ရပါတယ်။ သူတို့ဟာ ကိုယ့်ပိုက်ဆံနဲ့ကိုယ် အခန်းလေးတစ်ခန်း

www.burmeseclassic.com

www.burmeseclassic.com



ဗွား၊ စာအုပ်တွေဝယ်၊ စုလင်တဲ့ စာဖတ်ခန်းကလေး တစ်ခုဖြစ်အောင် ချွေးတစ်လုံးလုံးနဲ့ ကြိုးပမ်းနေတာ တွေ့ရတော့ ဝမ်းသာကြည်နူးခဲ့ရပါတယ်။

ဦးဆောင်သူက မောင်မောင်မြင့်အေးပါ။သူ့ရဲ့ အခြေခံစိတ်ဓာတ်က စာပေကို မြတ်နိုးသူ၊ ပြစ်မှု မဂ္ဂဇင်းနဲ့လည်း မစိမ်းသူဝါ။ သည်တော့ ပြစ်မှု မဂ္ဂဇင်းရဲ့ အနာဂတ်ဟာ မောင်မောင်မြင့်အေးရဲ့ ကြိုးပမ်းမှုအောက်မှာ ပြန်လည်ရှင်သန် နိုးထလာ ဦးမယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော် သံယောဇဉ်ရှိတဲ့ ပြစ်မှုမဂ္ဂဇင်းကို ကိုယ်တိုင် ပြန်လည်မကြည့်နိုင်ပေမယ့် စာပေကို မြတ်နိုးတဲ့၊ သည်မဂ္ဂဇင်းကို စိတ်ဝင်းစားတဲ့ မောင်မောင်မြင့်အေးတို့၊ ဦးသန့်တို့လို ထက်မြက်တဲ့ လူငယ်တွေက ပြစ်မှုရဲ့ လှပတဲ့ အနာဂတ်လမ်းကို မျှော်မှန်း ဖောက်လုပ်နေတဲ့အတွက် ကျေးဇူးတင် ဝမ်းသာပါတယ်။

အခုလို ဖြေကြားပေးတဲ့ ဆရာ(ဦး) နီလေး မောင်ကို အထူး ကျေးဇူးတင်ပါတယ်ခင်ဗျား။


အောက်တိုဘာ အောင်ကြီး တွေ့ဆုံ မေးမြန်း သည်။

အမှတ် ၁၈၉ ၊ ဒုတိယထပ်
(၃၄လမ်းအထက်) ကျောက်တံတားမြို့နယ် ၊
ဖုန်း ၀၉ ၅၁၈၉၆၃၃၁
Email ; True.megazine@gmail.com
www.facebook.com/true.megazine

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# ၃ နှစ်ပြည့်အမှတ်တရ ဆရာနီ သို့

မြတ်နိုး

# သွေးအေးသောလူတစ်ယောက်

**(၁) မရေးမဖြစ် ရေးဖြစ်တဲ့စာ**

ဖြစ်ရပ်မှန်မဂ္ဂဇင်းရဲ့ ဦးစီးပဲ့ကိုင်ဆရာနီလေးမောင် ကွယ်လွန်ခဲ့တာ (၃) နှစ်ရှိခဲ့ပါပြီ။ စိတ်ထဲမှာ မနေ့တစ်နေ့ကလို့ ထင်နေဆဲပါ။ ဆရာ့ရဲ့ နောက်ဆုံးခရီးကိုလည်း မှတ်မှတ်ထင်ထင်ရှိနေဆဲပါပဲ။ ၂၀၁၄ ဇူလိုင်လထဲမှာ ဖြစ်ရပ်မှန်မဂ္ဂဇင်းရဲ့ ပင်တိုင်စာရေးဆရာ ဆရာကျော်သူက ဆရာနီလေးမောင် ကွယ်လွန်တဲ့ (၃) နှစ်မြောက် မဂ္ဂဇင်းမှာ ဆရာနီအမှတ်တရ ဆောင်းပါးရေးပေးဖို့ ဆရာရဲ့သား ကိုအောင်မိုးက မေတ္တာရပ်ခံကြောင်း ဖုန်းဆက်လာပါတယ်။

အမှန်တော့ ဆရာနီအတွက် ဂုဏ်ပြုအလွမ်းစာတစ်ပုဒ်ကို ၂၀၁၁ ခု ဒီဇင်ဘာထုတ် ဖြစ်ရပ်မှန်


www.burmeseclassic.com



မဂ္ဂဇင်းမှာ အတော်ပြည့်ပြည့်စုံစုံ ရေးခဲ့ပြီးဖြစ်ပါတယ်။ (၂) နှစ်မြောက်ကာလတုန်းကလည်း အမှတ်တရ စာတစ်ပုဒ်ရေးဖို့ စိတ်ကူးခဲ့ပေမယ့် အထမမြောက်ခဲ့ပါဘူး။ ခုတော့ (၃) နှစ်မြောက်အထိမ်းအမှတ် အဖြစ် ရေးပေးဖို့ တောင်းဆိုလာလို့ ရေးပေးပါမယ်လို့ မဆိုင်းမတွအကြောင်းပြန်ဆိုလိုက်ပါတယ်။ စိတ်ဆန္ဒပြင်းပြလို့ လိုလိုလားလား အကြောင်းပြန်လိုက်တာ ဖြစ်ပေမယ့် စာမူကို တစ်ပတ်အတွင်း ပြီးအောင် ရေးပေးဖို့ဆိုတဲ့ အချက်ကတော့ စာရေးသူအတွက် တိုတောင်းတဲ့ ကာလသတ်မှတ်ချက်ဖြစ်နေပါတယ်။ စာမူရေးပြီးလျှင် ဖုန်းဆက်ပေးပါ။ စာမူလာယူပါမယ်လို့ မေတ္တာရပ်ခံထားတော့လည်း မဖြစ်မနေ ကြိုးစားရေးဖို့ စီစဉ်ရပါတယ်။ မိုင်ပေါင်းများစွာဝေးကွာတဲ့ ပြည်ပနိုင်ငံတစ်ခုမှာ ရောက်ရှိနေခဲ့ပြီး (၁၀) *နှစ်ကျော် မတွေ့ဖြစ်ခဲ့တဲ့ သားကျော်ဇေယျရဲ့ အိမ်ပြန်ခရီးနဲ့ တိုက်ဆိုင်နေချိန်ဖြစ်လို့* အလုပ်များ စိတ်များ ဖြစ်နေတဲ့ အချိန်အတွင်း ခင်မင်ရင်းနှီးပြီး ကြည်ညိုလေးစားရမြဲလည်းဖြစ်တဲ့ ဆရာနီလေးမောင်ကို ဦးညွှတ်ဂုဏ်ပြုတဲ့ အနေနဲ့ ဒီဆောင်းပါးကို ရေးဖြစ်တာ ဖြစ်ပါတယ်။

## (၂) ရေးချင်ပါလျက် မရေးဖြစ်ခဲ့တဲ့စာ

ခရစ်သက္ကရာဇ်ပြက္ခဒိန်နှစ်ရဲ့ ဇူလိုင်၊ ဩဂုတ်လများဟာ စာရေးသူရဲ့ ဘဝမှာ ထဲထဲဝင်ဝင် အမှတ်ရစရာတွေ ဖြစ်ခဲ့ရတာကတော့ တိုက်ဆိုင်မှုလို့ ထင်နိုင်မယ်ဆိုလျှင်တောင် မှတ်မှတ်ထင်ထင် ဖြစ်ရပ်တွေလို့ ပြောရမယ် ထင်ပါတယ်။ ၂၀၁၁ ခု ဇူလိုင်၊ ဩဂုတ်လများမှာ ဆရာနီရော စာရေးသူပါ ကျန်းမာရေးချို့ယွင်းလို့ ဆေးရုံ ဆေးခန်းတွေမှာ ဆေးကုသမှု ခံယူနေကြရတဲ့ ကာလတွေဖြစ်ခဲ့ပါတယ်။ ဆေးရုံက ဆန္ဒအလျှောက် ခွင့်တောင်းပြီး ဆင်းခဲ့တာတွေ၊ အိမ်ပြန်ရောက်ပြီး ချက်ချင်းဆေးရုံ ပြန်တက်ခဲ့ရပြန်တာတွေလည်း တူညီနေတဲ့အတွက် ကံတူအကျိုးပေးတွေလို ဖြစ်ခဲ့ရပါတယ်။




ဆရာနီက သံမဏိစာပေစိတ်ဓာတ်နဲ့ သူချစ်တဲ့ စာပေလောကကြီးကို ရဲရင့်တည်ကြည်စွာ နှုတ်ဆက် ခွဲခွာခဲ့ပေမယ့် စာရေးသူကတော့ သိပ်မဝေးတော့ပြီဖြစ်တဲ့ နေဝင်ချိန်ကို ပင်ပန်းခက်ခဲစွာ ဖြတ်သန်းနေရဆဲ ဖြစ်ပါတယ်။ စာရေးသူ ဆေးရုံတက် နေရစဉ် ၄-၇-၂၀၁၁ ရက်စွဲနဲ့ ဆရာနီက စာရေးသူထံ ရေးခဲ့တဲ့စာထဲမှာ "ဆေးရုံတက်ရတဲ့ သတင်းကြားတော့ ကျွန်တော် အလုပ်ရှုပ်သွားတယ်။ ဆရာ့ ဓာတ်ပုံတွေရှာ၊ ကိုယ်ရေးစာတွေရှာ၊

www.burmeseclassic.com

www.burmeseclassic.com





လက်ကျန်စာမူတွေ ကြည့်လို့ပေါ့နော်'' လို့ ရေးခဲ့ပါတယ်။

စာရေးသူ ဆေးရုံတက်ရတယ်ဆိုတော့ စာရေးသူရဲ့ ကိုယ်ရေးအချက်အလက်တွေ ဓာတ်ပုံတွေကို ပြန်ရှာတာတွေဟာ အကယ်၍ စာရေးသူ ဆုံးပါးသွားခဲ့လျှင် စာရေးသူရဲ့ မိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းကြောင်း မှတ်တမ်းတင် ဖော်ပြလိုဟန်ရှိနေပေလို့လား လို့တွေးမိတဲ့ စာရေးသူက မိမိအတွက် မိသားစုနဲ့အတူ ထပ်တူကြေကွဲဝမ်းနည်းဖို့ နောက်ထပ် ဆယ်နှစ်စောင့်ရလိမ့်မယ်။ ဆယ်နှစ် ဆယ်နှစ်လို့'' ဆရာကျော်သူရဲ့ ဇနီးမှတစ်ဆင့် ဆရာနီထံ သတင်းပို့စေကာ အပျော်အပျက်စကား ဆိုခဲ့ပါသေးတယ်။ စာရေးသူဟာ နောက်ထပ်ဆယ်နှစ်အထိ မသေနိုင်သေးပါဘူး။ နောက်ဆယ်နှစ် အသက်ရှည်နိုင်ပါသေးတယ်လို့ ဆိုခဲ့တာ ဖြစ်ပါတယ်။

မင်းသားကြီး ဦးကျော်ဟိန်း၊ မင်းသားကြီးဦးကျော်သူတို့ ပါဝင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကြီး တစ်ခုမှာ မင်းသားကြီးဦးကျော်ဟိန်းက သူ့ကို ယှဉ်ပြိုင်နိုင်ဖို့ဆိုလျှင် နောက်ထပ်ဆယ်နှစ်ကြာ ကြိုးစားလိုက်ဦး။ 'ဆယ်နှစ်' 'ဆယ်နှစ်' ဆိုတဲ့ စကားကို ရည်ညွှန်းပြီး စာရေးသူက အရွှန်းဖောက်ခဲ့တာ ဖြစ်ပါတယ်။

၂၀၀၁ ခုနှစ်မှာ စာရေးသူဟာ အသည်းအသန် နာမကျန်းဖြစ်ပြီး ရန်ကုန်ဆေးရုံကြီးမှာ ခွဲစိတ်ကုသမှု ခံခဲ့ရဖူးပါတယ်။ အဲဒီတုန်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးတိတ်ဝမ်၊ ခွဲစိတ်ကုဆရာဝန်ကြီးများဖြစ်ကြတဲ့ ဆရာဝန်ကြီး ဦးရဲလွင်၊ ဆရာဝန်ကြီး ဒေါ်စန်းစန်းရီတို့က အသက်ကယ်တင်ပေးခဲ့ကြတဲ့အတွက် အသက်ရှင်သန်ခွင့်ရခဲ့ပါတယ်။ အဲဒီနောက် ဆယ်နှစ်အကြာမှာ ဆေးရုံထပ်တက်ရပြန်လို့ ပထမအကြိမ် ဆေးရုံတက်ရပြီးနောက် ဆယ်နှစ်ကြာ အသက်ရှင်သန်ခွင့်ရခဲ့သလို ၂၀၁၁ ခုနှစ်မှာ ဆေးရုံတက်ပြီးလျှင်လည်း နောက်ထပ်ဆယ်နှစ်ကြာ အသက်ရှင်နေနိုင်ခွင့်ရလိမ့်ပေဦးမယ် ဆိုတဲ့သဘောနဲ့ ပြောဆိုခဲ့မိတာလည်း ဖြစ်ပါတယ်။

ဆရာနီလေးမောင်က သူ့ဆေးရုံတက်နေရချိန်မှာ နောက်ထပ် (၃) နှစ်လောက်တော့ နေရဦးမယ်လို့ ထင်တယ်ဆိုတဲ့ မျှော်လင့်ချက်စကားဆိုခဲ့သေးတယ်လို့ ဆရာကျော်သူတို့ ဇနီးမောင်နှံကို ပြောခဲ့သေးတယ်လို့ သိရပါတယ်။ ဒါပေမယ့် သူမျှော်လင့်ခဲ့သလို (၃) နှစ်ကြာ အသက်ဆက်လက် ရှင်သန်ခွင့်မရခဲ့ရှာပါဘူး။ စာရေးသူဟာ အခု ဒီစာရေးနေချိန်အထိ ဒုတိယအကြိမ် ဆေးရုံတက်ခဲ့ရပြီးနောက် ရန်ကုန်ဆေးရုံကြီး သွေးရောဂါကုဌာနမှ ဆရာဝန်ကြီးများဖြစ်ကြတဲ့ ဆရာဝန်ကြီး ဦးထွန်းလွင်ငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီး ဒေါ်အေးအေးကြီး (ဂျီး) တို့ရဲ့ ကုသပေးမှုကြောင့် (၃) နှစ်တိုင်အောင် အသက်ရှင်သန်ခွင့်တော့ရနေပြီ ဖြစ်ပါတယ်။ 'ဆယ်နှစ်' 'ဆယ်နှစ်' ဆိုတဲ့ စကားရပ်အတွက် နောက်ထပ် (၇) နှစ်တာ ဆက်လက် အသက်ရှင်သန်ခွင့်ဆိုတဲ့ မျှော်လင့်ချက်ကတော့ သံသယဖြစ်ဖွယ်ရာ သံသရာခရီးလို့ပဲ ဆိုရတော့မယ် ထင်ပါတယ်။

ဆရာနီလေးမောင် စာရေးသူထံ ရေးခဲ့တဲ့ အထက်ပါစာမှာပဲ "အချိန်ရရင် ဆေးရုံပေါ်မှာ စာရေးပါ ခင်ဗျား" လို့လည်း ရေးခဲ့ပါသေးတယ်။ အဲဒီလို တိုက်တွန်းခဲ့တဲ့ ဆရာနီလေးမောင်ဟာ စာရေးသားတဲ့အလုပ်ကို လေးနက်တဲ့ စာပေသစ္စာ၊ ခိုင်မာတဲ့ ယုံကြည်ချက်၊ ရပ်တည်ချက်များနဲ့ အစဉ်တစိုက် ဖက်တွယ် စည်းနှောင်ထားခဲ့တဲ့ တကယ့်စာပေသမားစစ်စစ်ဖြစ်ပါတယ်။ ကြည့်လေ ကွယ်လွန်ဖို့ (၆) ရက်မျှသာ လိုတော့တဲ့အချိန် သည်းထန်တဲ့ ဝေဒနာခံစားနေရခိုက် အတန်ငယ် သက်သာခွင့်ရခဲ့တဲ့ တခဏလေးမှာပင် "သေမင်းဖိတ်စာ" ဆိုတဲ့ မှာတမ်းလွှာနဲ့ သူ့ရဲ့ စာပေဘဝ ဖြတ်သန်းမှုကို ရဲရဲကြီး ကမ္ပည်းရေးထိုးခဲ့သူ ဖြစ်ပါတယ်။

"မရဏရှင်သေမင်း ကျွန်ုပ်၏ ပိုင်နက်အတွင်းသို့ ဖွတ်အတင်း ချဉ်းနင်းဝင်ရောက်လာပြီ။ ဖိတ်စာတွေ တဖွဲဖွဲပို့နေပြီ။ ထိတ်လန့်ချောက်ချားနေပြီလို့ မထင်လေနှင့် ရှင်သေမင်း။ ငါ့နောက်မှာ စာပေလောကသားတွေ ရှိတယ်။ စာပေလောကမှာ ခြေချခဲ့တဲ့ ငါ့ရဲ့စေတနာကို သိတယ်။ ငါဟာ စာပေချစ်သူများကို စာပေလောကကို နိုင်သလောက် ကူညီခဲ့တယ်။ အချိန်တန်အိမ်ပြန်ရမှာ မဆန်းဘူး ရှင်သေမင်း။ အေး ငါချစ်တဲ့ စာချစ်သူတွေ၊ စာပေမိတ်ဆွေတွေကို ခွဲရမှာတော့ ဝမ်းနည်းတယ်" တဲ့။


ဆရာနီလေးမောင်ဟာ ကွယ်လွန်ကာနီးအချိန် ဝေဒနာသည်းထန်စွာ ခံစားနေရတဲ့အခိုက်အတန့် သက်သာခွင့်လေး ရလိုက်ချိန်မှာပင် ကလောင်လက်နက်စွမ်းနဲ့ သေမင်းကိုပင် စိန်ခေါ်အံတု နိုင်ခဲ့ပေမယ့် စာရေးသူကတော့ ဆေးရုံကဆင်းပြီးနောက် ၂၀၁၂ ခုနှစ်လောက်ကစပြီး စာမရေးဖြစ်တော့သလောက် စာရေးကျဲသွားပါတော့တယ်။ စာရေးသူရေးနေခဲ့တဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားသွားခဲ့ရတာမျိုးတွေ ရှိသလို စာရေးသူရဲ့ ကျန်းမာရေးအခြေအနေကလည်း စဉ်ဆက်မပြတ် စာရေးနေနိုင်လောက်အောင် ကောင်းမွန်ပြည့်စုံမှု မရှိသေးလို့ဖြစ်ပါတယ်။

## (၃) ဆရာနီလေးမောင်ရဲ့ စာပေသစ္စာ၊ စာပေသံယောဇဉ်

ယခု အစိုးရမတိုင်မီ န·ဝ·တ၊ န·အ·ဖ အစိုးရများ လက်ထက် စာပေစိစစ်ရေးဆိုတဲ့ အဖြား အဆီးကဏ္ဍကြီးတစ်ခုကို စာပေလောကသားများ မလွဲမသွေ ကြုံတွေ့ဖြတ်သန်းခဲ့ကြရပါတယ်။ စာရေးသူရဲ့ စာမူများလည်း စာပေစိစစ်ရေး ဂိတ်တံခါးကို ဖြတ်သန်းနိုင်ခွင့်မရဘဲ အပယ်ခံခဲ့ရတာတွေ ရှိခဲ့ပါတယ်။ စကားလုံးလေးတစ်လုံး၊ စကားရပ်လေးတစ်ခု၊ ဝါကျလေးတစ်ကြောင်း၊ စာပိုဒ်လေးတစ်ခုမှ သည်စာမူ

www.burmeseclassic.com





တစ်ပုဒ်လုံး အပယ်ခံရတာတွေ ရှိခဲ့ဖူးပါသည်။

မဂ္ဂဇင်းတစ်စောင်လုံး ရိုက်နှိပ်ချုပ်လုပ်ပြီးစီးတဲ့ အဆင့်ရောက်မှ စာမူတစ်ပုဒ်လုံး အပယ်ခံရလျှင် အဲဒီအပယ်ခံစာမူပါ စာမျက်နှာအားလုံး ပြန်ဖြုတ်ပေးရပါတယ်။ အဲဒီလို အဖြစ်မျိုးနဲ့ ကြုံတွေ့ရလျှင် ထုတ်ဝေသူအနေနဲ့ အချိန်မီပြန်လည် ထုတ်ဝေနိုင်ရေးအတွက် ပြန်လည်ကြိုးပမ်းဆောင်ရွက်ရာမှာ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းပြီး ကိုယ့်စာမူ အပယ်ခံရတဲ့အတွက် ထုတ်ဝေသူအပေါ် အလွန်အားနာစရာ ဖြစ်ရပါတော့တယ်။

အဲဒီလို အဖြစ်မျိုးနဲ့ ကြုံတဲ့အခါမျိုးမှာ ဆရာနီလေးမောင်ဟာ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းရတာကို ပဓာနမထားဘဲ အပယ်ခံရတဲ့ စာမူအတွက် စိတ်မသက်မသာနေမြောမဆုံး ဖြစ်နေတတ်ပါတယ်။ အဲဒီအပယ်ခံ စာမူပြန်လည် ဖော်ပြခွင့်ရဖို့ ကြိုးစားတတ်ပါတယ်။ သူကြိုက်နှစ်သက်လို့ ရွေးချယ်ထားတဲ့ စာမူတစ်ပုဒ် အပယ်ခံရလျှင် စိတ်ထိခိုက်ခံစားနေတတ်သူပါ။ မဂ္ဂဇင်းကို အပြီးသတ်ရိုက်နှိပ် ချုပ်လုပ်ပြီးတဲ့ အဆင့်ရောက်မှ အပယ်ခံခဲ့ရတဲ့ စာရေးသူရဲ့ စာမူ (၂) ပုဒ်နဲ့ ပတ်သက်တဲ့ ဆရာ နီလေးမောင်ရဲ့ ခံယူချက်နဲ့ ပြုမူဆောင်ရွက်ပုံက မှတ်မှတ်ထင်ထင်ဖြစ်ခဲ့ရပါတယ်။

"ကြာပွတ်ကိုင် သစ္စာဘက်တော်သားတို့ရဲ့ ခံတပ်" ဆိုတဲ့ စာမူက ဒဿနိက ပညာရှိကြီး ဂိုဆက်ဗီးယားရဲ့ အဆိုအမိန့်ကို အခြေပြုပြီး ခေါင်းစီးတပ်ထားတဲ့ စာမူဖြစ်ပါတယ်။ အဲဒီဂိုဆက်ဗီးယားဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ရှေ့နေများဟာ အပြစ်မဲ့သူများအတွက် 'ခံတပ်'၊ ရာဇဝတ်ကောင်များအတွက် 'နှင်တံကြာပွတ်' ဖြစ်ရမယ်လို့ ဆိုခဲ့ဖူးပါတယ်။ တကယ်တော့ အဲဒီအဆိုအမိန့်ဟာ ရှေ့နေများအတွက်သာမဟုတ်၊ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေ၊ အကျဉ်းဦးစီးဌာနဝန်ထမ်းတွေ သာမက သက်ဆိုင်ရာ ဥပဒေများနဲ့အညီ တာဝန်ယူဆောင်ရွက်နေကြရတဲ့ ပြည်သူ့ဝန်ထမ်းတွေအတွက်ပါ ရည်ညွှန်းကောင်းတဲ့ အဆိုအမိန့်တစ်ခုအဖြစ် ချဲ့ထွင်စဉ်းစားခဲ့ပါတယ်။ နိုင်ငံတော်ကို သစ္စာခံထားရတဲ့ ပြည်သူ့ဝန်ထမ်းတွေ၊ ဥပဒေပညာရှင်တွေ၊ အဖွဲ့အစည်းတွေဟာ အပြစ်မဲ့သူတွေ ဥပဒေနဲ့အညီ ခံစားခွင့် ခံစားထိုက်သူတွေအတွက် အခွင့်အရေးတွေ မဆုံးရှုံးနေလေအောင် အခိုင်အမာရည်တည်အကာအကွယ်ပေးနိုင်တဲ့ ခံတပ်ကြီးတွေအဖြစ် တွေ့မြင်ခွင့်ရလေလေ ပို၍ကောင်းလေလေဖြစ်မှာပဲဆိုတဲ့ အမြင်နဲ့ ရေးခဲ့တာဖြစ်ပါတယ်။

အဲဒီစာမူဟာ ၁၉၈၀ ပြည့်နှစ် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အမှတ် ၂/၈၀ နဲ့ ပတ်သက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာ လက်တွေ့ဖြစ်ရပ်မှန် ဓာတ်လမ်းဖြစ်ပါတယ်။ ထိုစဉ်က ထောင်ဒဏ် (၇) နှစ်ကျခံနေရတဲ့ အကျဉ်းသားတစ်ဦး လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ပြစ်ဒဏ်တစ်ဝက် လျှော့ပေါ့ခံစားခွင့်ရရှိစေရေးအတွက် အချိန်ကြာမြင့်စွာ အပြန်အလှန်ငြင်းခုန်ဖြေရှင်းခဲ့ရတဲ့ ပြဿနာတစ်ရပ်ဖြစ်ခဲ့ရပါတယ်။

စာရေးသူ အရင်တရားသူကြီးက စီရင်ခဲ့တဲ့ အမှုကို စာရေးသူတာဝန်ယူရတဲ့ အချိန်ရောက်မှ ပြန်လည်စိစစ်ဖော်ထုတ်ခဲ့ရတာဖြစ်ပြီး မြို့နယ်တရားသူကြီးဖြစ်တဲ့ စာရေးသူနဲ့ ထိုစဉ်က အင်းစိန်အကျဉ်းထောင် ထောင်ပိုင်ကြီးတို့ အပြန်အလှန်အချေအတင် အငြင်းအခုံဖြစ်ခဲ့ကြရတဲ့ ဖြစ်ရပ်လည်း ဖြစ်ပါတယ်။ အဲဒီပြဿနာရပ်ကို ထောင်ပိုင်ကြီးက အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပြည်ထဲရေးဝန်ကြီးဌာနများသို့ အဆင့်ဆင့်တင်ပြခဲ့သလို စာရေးသူကလည်း တိုင်းတရားရုံးနဲ့ နိုင်ငံတော် တရားရုံးချုပ်အထိ အဆင့်ဆင့်တင်ပြခဲ့ရတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ နောက်ဆုံးမှာတော့ နိုင်ငံတော် တရားရုံးချုပ်ရဲ့ လမ်းညွှန်ချက်အရ တိုင်းတရားရုံးက ပြင်ဆင်မှုဖွင့်ကာ စာရေးသူ ရပ်တည်တင်ပြခဲ့တဲ့အတိုင်း ထောင်ဒဏ် (၇) နှစ် ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသားကို လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ ထောင်ဒဏ် တစ်ဝက်လျှော့ပေါ့ခံစားခွင့်ပြုကာ ထောင်ဒဏ် (၃) နှစ် (၆) လသာ ကျခံစေရမည်ဖြစ်ကြောင်း ပြင်ဆင်အမိန့်ချမှတ်ပြီး အချေအတင်အငြင်းအခုံဖြစ်ခဲ့ရတဲ့ ဥပဒေရေးရာ ပြဿနာတစ်ရပ်ကို အဆုံးသတ်စေခဲ့ရပါတယ်။

တရားသူကြီးများအနေနဲ့ တရားခံကို ပြစ်မှုထင်ရှားလို့ ပြစ်ဒဏ်ချမှတ်ခဲ့ရတာမျိုး ပြစ်မှုကျူးလွန်ကြောင်း မထင်ရှားလို့ တရားခံကို လွှတ်ရတာမျိုးတွေ တွေ့ကြုံကြရမြဲဖြစ်ပေမယ့် အခုလို နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ပြစ်ဒဏ်တစ်ဝက် လျှော့ပေါ့ခံစားခွင့် ရသင့်ပါလျက် မရတဲ့အတွက် အကျဉ်းသား (နိုင်ငံသား) တစ်ဦးရဲ့ ဥပဒေပါ ခံစားခွင့်ရရှိအောင် အချိန်ကြာမြင့်စွာ အပြန်အလှန် အငြင်းအခုန်ဖြစ်ပြီး အဆင့်အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းများအထိ ရောက်ရှိခဲ့ရကာ အဆုံးအဖြတ်ခံယူဖြေရှင်းခဲ့ရတဲ့ ဖြစ်ရပ်မျိုးကတော့ ကြုံတောင့်ကြုံခဲဖြစ်မယ်ထင်ပါတယ်။


စာရေးသူတရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရစဉ်ကာလအတွင်း ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာအုပ်စု . မိုးမခရွာသားလေး မောင်ချစ်ဆွေကို ၂၈-၅-၁၉၈၀ ပြည့်နှစ်ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ် ၂/၈၀ အရ ဥပဒေနဲ့အညီ ပြစ်ဒဏ်လျှော့ပေါ့ခံစားခွင့် ရရှိထိုက်ပါလျက် ငြင်းပယ်ခံရတဲ့ ကိစ္စကို ဥပဒေနှင့်အညီ ခံစားခွင့်ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် စာရေးသူဝမ်းသာကြည်နူးခဲ့ရသလို ယခုတိုင် မှတ်မှတ်ထင်ထင်ရှိနေဆဲဖြစ်ပါတယ်။

ဒီဖြစ်ရပ်မှာ တရားစီရင်ရေးကိစ္စ၊ ဥပဒေရေးရာများနဲ့ ပတ်သက်တဲ့ ဗဟုသုတပွားများနိုင်ဖွယ်ရာ သင်ခန်းစာယူစရာ အချက်အလက်များရှိနေတာတွေ ပါဝင်နေပါတယ်။ အထူးသဖြင့် ဥပဒေအရ ဆောင်ရွက်ရာမှာ တစ်စုံတစ်ရာ မှားယွင်းချွတ်ချော်မှုရှိလာလျှင် ဥပဒေနဲ့အညီ မည်သို့မည်ပုံ ပြုပြင်

www.burmeseclassic.com

www.burmeseclassic.com





ပြင်ဆင်ကုစားနိုင်တယ်။ စတဲ့သင်ခန်းစာရယူစရာ အသိပညာ ရရှိစေနိုင်မှုတွေလည်း ပါရှိတဲ့အတွက် ဒီအချက်တွေ ပေါ်လွင်ထင်ရှားအောင် ကြိုးပမ်းအား ထုတ်ခဲ့တဲ့အလျောက် စာမူက အတော်ရှည်သွားပါတယ်။ ဒါကြောင့် အခန်းဆက်အဖြစ် ဖော်ပြဖို့ စီစဉ်ထားခဲ့ပါတယ်။ ဒါပေမယ့် အဲဒီစာမူဟာ ပထမလ ထုတ်မှာကတည်းက ပယ်ချခံရပြီး ရိုက်နှိပ်ပြီး မဂ္ဂဇင်းစာမျက်နှာများ ဖြုတ်ပယ်ခဲ့ရပါတော့တယ်။

ဆရာနီလေးမောင်ဟာ သူနှစ်သက်လို့ ရွေးချယ်ထားတဲ့ စာမူ မဂ္ဂဇင်းစာမျက်နှာပေါ်က ဖယ်ရှားခံခဲ့ရတဲ့အတွက် ဘဝင်မကျနိုင်ဘဲ ဖြစ်ရပ်မှန်မဂ္ဂဇင်းပိုင်းတော်သား စာရေးဆရာများဖြစ်ကြတဲ့ ဥပဒေ ပညာရှင်များ၊ ရှေ့နေကြီးများ၊ အငြိမ်းစားတရားသူကြီးများ၊ အငြိမ်းစားထောင်မှူးထောင်ပိုင်ကြီးများ၊ ရဲအရာရှိကြီးများကို စာရေးသူရဲ့ အပယ်ခံစာမူကို ပြသပြီး သဘောထားရယူတာတွေ၊ အကြံဉာဏ်တောင်းခံတာတွေ လုပ်ခဲ့တယ်လို့ သိရပါတယ်။ ပထမပိုင်းမှာကတည်းက အပယ်ခံလိုက်ရတဲ့အတွက် ဆက်လက် ဖော်ပြခြင်းမပြုနိုင်တော့တဲ့ ဇာတ်သိမ်းပိုင်းစာမူကိုပါ တောင်းခံကြည့်ရှုနေကြလို့ ပြသပေးနေရကြောင်း စာရေးသူထံ အသိပေးခဲ့ပါတယ်။ အပယ်ခံစာမူကို တစ်စုံတစ်ရာပြင်ဆင်ရေးသားလိုသေးသလားလို့ မေးခဲ့သေးပေမယ့် စာရေးသူက ထပ်မံအားမထုတ်လိုတော့ပါဘူးလို့ ဆရာနီ့စေတနာကို သိနားလည်လေးစားစွာ အကြောင်းပြန်ခဲ့ရပါတယ်။

ဆရာနီလေးမောင်ရဲ့ ဖြစ်ရပ်မှန် မဂ္ဂဇင်းဟာ အမှုအခင်းသတင်းထောက်များ၊ မှုခင်းရဲတပ်ဖွဲ့က ထုတ်ပြန်တဲ့ သာမန်မှုခင်းသတင်းများကိုသာ ဖော်ပြတဲ့ မဂ္ဂဇင်းမဟုတ်ပါဘူး။ သာမန်မှုခင်းသတင်း ဂျာနယ်များ၊ စာစောင်များထက် ပိုမိုလေးနက်တဲ့ ရည်ရွယ်ချက်၊ ဦးတည်ချက်များနဲ့ ထုတ်ဝေနေတဲ့ မဂ္ဂဇင်းတစ်စောင်ဖြစ်ပါတယ်။ "မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး" ဆိုတဲ့ အလံတံခွန်ကိုခိုင်မြဲစွာ စွဲကိုင်ထားတဲ့ မဂ္ဂဇင်းဖြစ်ပါတယ်။ ဥပဒေရေးရာ၊ တရားစီရင်ရေးဆိုင်ရာ၊ မှုခင်းဆိုင်ရာ ပြည်တွင်းပြည်ပ အခြေအနေများကို သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် အတွေ့အကြုံရှိကြတဲ့ ပုဂ္ဂိုလ်များ၊ ပညာရှင်များ ပါဝင်ရေးသားနေကြတာလည်း ဖြစ်ပါတယ်။

နှစ်ပေါင်းများစွာ စာပေလောကထဲမှာ ကျင်လည်ဖြတ်သန်းလာခဲ့တဲ့ ဆရာနီလေးမောင်မှာ စာပေရေးသားခြင်းနဲ့ ပတ်သက်တဲ့ အတတ်ပညာပိုင်းဆိုင်ရာနဲ့ စာပေသဘောတရားရေးရာတွေကို ဖော် ထုတ်ထိန်းသိမ်းဖို့လည်း သတိမလစ်ခဲ့ပါဘူး။ စာရေးဆရာကြီး (ဦး) အောင်လင်းရဲ့ မဟာစာနီဒါန်လို


www.burmeseclassic.com



စာမျိုးကိုလည်း တစ်ခန်းတစ်ကဏ္ဍနေရာထား ဖော်ပြခဲ့တာမျိုးတွေလည်း ရှိခဲ့ပါတယ်။ "ရေးတတ်သလို ရေး" ဆိုတဲ့ ကဏ္ဍကိုဖွင့်လှစ်ပြီး ကလောင်သစ်များကို ကလောင်သွေးခွင့်ပေးကာ မြေတောင်မြှောက် ပေးခဲ့ပါသေးတယ်။ ဖြစ်ရပ်မှန်စင်မြင့်ကတစ်ဆင့် အောင်မြင်မှုရလာတဲ့ ကလောင်ရှင်တွေလည်း စာပေနယ် မှာ နေရာရနေကြပြီ ဖြစ်ပါတယ်။ ဒါဟာလည်း ဆရာနီလေးမောင်ရဲ့ စာပေဆိုင်ရာ ကြိုးပမ်းအားထုတ် မှုရဲ့ အကျိုးပြုရလဒ်တစ်စိတ်တစ်ပိုင်းလို့ ဆိုရပါမယ်။

စာရေးသူက အောင်မြင်ထင်ရှားခဲ့တဲ့ စာရေးဆရာကြီးများရဲ့ စာပေသဘောတရားဆိုင်ရာ ခံယူချက်၊ ယုံကြည်ချက်များနဲ့ စာပေဘဝဖြတ်သန်းမှုများကို တင်ပြလိုတဲ့အတွက် တစ်ချိန်က လျှမ်းလျှမ်း တောက် ကျော်ကြားခဲ့ကြတဲ့ စာရေးဆရာကြီး (ဦး) အောင်လင်းနဲ့ ဆရာကြီး တက္ကသိုလ် (ဦး) ဘုန်းနိုင် တို့ရဲ့ စာပေဘဝဖြတ်သန်းမှုများကို နှိုင်းယှဉ်ကာ "ဆေးရုံပေါ်မှ စိန်ခေါ်သံ" ဆိုတဲ့ စာမူတစ်ပုဒ်ရေးသား ခဲ့ပါတယ်။ ဆရာနှစ်ဦးစလုံးဟာ ကိုယ့်ယုံကြည်ချက်၊ ကိုယ့်စာပေသစ္စာ၊ ကိုယ့်မူ ကိုယ့်အယူကိုကိုင်စွဲပြီး ကိုယ့် လမ်းကိုယ်ဖောက် လျှောက်လှမ်းကြကာ မြန်မာစာပေနယ်မှာ "အောင်လင်း"၊ "တက္ကသိုလ် ဘုန်းနိုင်" ဆိုတဲ့ အောင်မြင်ထင်ရှားတဲ့ မှတ်တိုင်တွေကို စိုက်ထူနိုင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဒီဆရာ ကြီးနှစ်ဦးရဲ့ စာပေဘဝဖြတ်သန်းရမှုကို မျိုးဆက်သစ်ကလောင်ရှင်များ စံနမူနာပြု အတုယူသင့်ကြောင်း အကြံပြုချင်တဲ့အတွက် ဆရာကြီးနှစ်ဦးကို ဂုဏ်ပြုရေးသားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ကံအကြောင်းမလှ စွာနဲ့ အဲဒီစာမူဟာ စာပေစိစစ်ရေးဂိတ်တံခါးမှာ ပိတ်တားခံခဲ့ရပါတော့တယ်။

ဆေးရုံပေါ်မှ စိန်ခေါ်သံ စာမူကိုပယ်တဲ့ အကြောင်းပြချက်ကတော့ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် ရဲ့မိသားစုက ဆရာကြီးနဲ့ပတ်သက်တဲ့ အကြောင်းအရာကို ရေးသားလိုလျှင် ဆရာကြီးမိသားစုရဲ့ ခွင့်ပြု ချက်ရယူဖို့ စာပေစိစစ်ရေးကို အကြောင်းကြားထားကြောင်း၊ ဆရာတက္ကသိုလ်ဘုန်းနိုင်အကြောင်းရေးသား ထားတဲ့ စာရေးသူရဲ့ စာမူမှာ ဆရာကြီးမိသားစုရဲ့ ခွင့်ပြုချက်မပါလို့ ဆရာတက္ကသိုလ်ဘုန်းနိုင်အကြောင်း ရေးထားသမျှကို ခွင့်မပြု မင်နီတား ပယ်ချခဲ့တာ ဖြစ်ပါတယ်။



ကွယ်လွန်သူ စာရေးဆရာကြီးများရဲ့ စာများကို ထုတ်ဝေသူများက ရိုက်နှိပ်ထုတ်ဝေလိုလျှင် ထုတ်ဝေ သူအနေနဲ့ ကွယ်လွန်သူ စာရေးဆရာကြီးရဲ့ မိသားစု ဝင်များထံမှ ခွင့်ပြုချက်ယူဖို့ သက်ဆိုင်ရာ မိသားစုက ဖြစ်စေ၊ မိသားစုရဲ့ ကိုယ်စားလှယ်က ဖြစ်စေ အသိ ပေးကြေညာတားမြစ်တာမျိုးတွေ ရှိတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်သူ စာရေးဆရာတစ်ဦးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတစ်ခုံတစ်ရာကို အခြားစာရေးသူတစ်ဦးက ရေးသားလိုလျှင် ကွယ်လွန်သူစာရေးဆရာရဲ့ မိသားစုက ခွင့်ပြုမှရေးရမယ် ဆိုတာတော့ ဖြစ်လေ့ဖြစ်လည်း မရှိ၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စလည်း မဟုတ်ဘူးလို့ ထင်ပါတယ်။ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ မိသားစုက ဆရာရေးသားထုတ်ဝေခဲ့ပြီးတဲ့ စာတွေကို ထပ်မံထုတ်ဝေလိုလျှင် မိသားစု၏ ခွင့်ပြုချက်ရမှ ထုတ်ဝေခွင့်ပြုရန် စာပေစိစစ်ရေးအဖွဲ့သို့ အကြောင်းကြားခဲ့တာဖြစ်မယ် ထင်ပါတယ်။ စာရေးသူ ရေးသားတဲ့စာမူမှာ ဆရာ တက္ကသိုလ်ဘုန်းနိုင်ကိုဖြစ်စေ၊ ဆရာ့မိသားစုအကျိုး စီးပွားကိုဖြစ်စေ ဆရာနဲ့ဆရာ့မိသားစုရဲ့ ဂုဏ်သိက္ခာနဲ့ အကျိုးစီးပွားကိုဖြစ်စေ ထိခိုက်နစ်နာစေတဲ့ အရေး အသားမျိုးစိုးစဉ်းမျှ မပါခဲ့ပါဘူး။ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်ကို ဂါရဝထား ဂုဏ်ပြုရေးသားထားတာ သာဖြစ်ပါတယ်။ ဒီကိစ္စမှာ ဆရာမိသားစုရဲ့ အကြောင်းကြားချက်အပေါ် အကောက်အယူလွဲခဲ့တာ ဖြစ်မယ်ထင်ပါတယ်။

ဆရာနီလေးမောင်က ဒီအပယ်ခံစာမူမှာ ဆရာတက္ကသိုလ်ဘုန်းနိုင်အကြောင်း ဖော်ပြခွင့်မရလျှင် ဆရာအောင်လင်းအကြောင်း သီးခြားဖော်ပြလျှင် ဖြစ်နိုင်ကြောင်းပြောတော့ စာရေးသူက အဲဒီဆရာကြီး နှစ်ဦးကို နှိုင်းယှဉ်ချင်လို့ ရေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်ခွင့်မပြုလျှင်လည်း ရှိပါစေတော့လို့ ပြောခဲ့ပါတယ်။ စာရေးသူက လွယ်လွယ်နဲ့ လက်လျှော့ခဲ့ပေမယ့် ဆရာနီလေးမောင်က လွယ်လွယ်နဲ့ အရှုံးမပေးလိုပါဘူး။ ဆရာတက္ကသိုလ်ဘုန်းနိုင်မိသားစုရဲ့ ခွင့်ပြုချက်ရယူဖို့ စဉ်းစားခဲ့ပါသေးတယ်။ ဒီစာမူလေးတစ်ပုဒ်အတွက် စာရေးသူအနေနဲ့ တာဝန်လည်း မယူလို၊ ဝန်တာလေးမှာလည်း စိုးတာနဲ့ စိတ်ကို လျှော့လိုက်ပါတော့တယ်။

ဒီစာမူကိစ္စအတွက် တစ်နေ့မှာ ဆရာနီ စာရေးသူထံ ဖုန်းဆက်ပါတယ်။ ဆေးရုံပေါ်မှ စိန်ခေါ်သံ စာမူအကြောင်း ဆရာအောင်လင်းရဲ့ သမီးကို သူဆက်သွယ်အသိပေးခဲ့ကြောင်း၊ ဆရာအောင်လင်းရဲ့ သမီးက စိတ်ဝင်စားလို့ သူ့အနေနဲ့ ဆက်လက်ကြိုးစားကြည့်လိုကြောင်း၊ စာမူကို လွှဲပြောင်းရယူလို ကြောင်းပြောတဲ့အတွက် စာမူကို လွှဲပြောင်းပေးလိုက်ဖို့ သဘောတူ မတူ စာရေးသူရဲ့ သဘောထားကို တောင်းလာပါတယ်။ စာရေးသူကိုယ်တိုင် စိတ်ပျက်လက်ပျက် လက်လျှော့ထားတဲ့ အပယ်ခံစာမူကို ပြန်လည်ဖော်ပြခွင့်ရဖို့ ဖြစ်နိုင်သ၍ နည်းလမ်းရှာပြီး မဆုတ်မနစ် ကြိုးပမ်းအားထုတ်ခဲ့တဲ့ ဆရာနီလေး မောင်ရဲ့ စာပေသံယောဇဉ်နဲ့ ခိုင်မြဲတဲ့စာပေသစ္စာကို အံ့ဩခဲ့ရသလို လေးစားစွာ အသိအမှတ်ပြုလိုက်မိပါ တော့တယ်။ "နီလေးမောင်" သူက တကယ့်စာရေးဆရာ၊ စံနမူနာပြုလောက်တဲ့ အယ်ဒီတာ၊ လေးစား အသိအမှတ်ထားအပ်တဲ့ ထုတ်ဝေသူ၊ စုစည်းကြည့်လိုက်တော့ ပီဘိစာပေသမားစစ်စစ်။

## (၄) အချိုးအကွေ့နဲ့ အတိုးအလျှော့လေးတွေ

၂၀၁၁ ဩဂုတ်လ၊ ဆရာနီလေးမောင်ကွယ်လွန်ခဲ့ပြီးနောက်မှာ စာရေးသူရဲ့ ကျန်းမာရေးဟာ သိသိသာသာ တိုးတက်ကောင်းမွန်လာတယ်လို့ မရှိဘဲ အိပ်ရာထဲ လဲပြိုမနေပေမယ့် ဆေးရုံနဲ့ ဆေးခန်း

www.burmeseclassic.com

www.burmeseclassic.com



များမှာ စဉ်ဆက်မပြတ် လှည့်လည်နေခဲ့ရပါတယ်။ ၂၀၁၂ မှာ ယခင်ကတစ်ကြိမ်တစ်ခါမျှ မရှိတဲ့ သွေးတိုးနဲ့ နှလုံးရောဂါလက္ခဏာတွေ တွေ့ကြုံလာရပါတယ်။ တစ်ကြိမ်မှာဆိုရင် သွေးပေါင်တွေ တအား ကျပြီး အဆုံးစွန်သော အခြေအနေကို ဆိုက်ရောက်သွားလုနီးပါး ဖြစ်ခဲ့ရပါတယ်။ ဆရာနီလေးမောင် ကွယ်လွန်ကာနီးမှာ ရေးသွားခဲ့တဲ့ သေမင်းဖိတ်စာဆိုတဲ့ မှာတမ်းထဲက "မရဏရှင်သေမင်းက ကျွန်ုပ်၏ ပိုင်နက်အတွင်းသို့ ဖွတ်အတင်းချဉ်းနင်းဝင်ရောက်လာပြီး ဖိတ်စာတွေ တဖွဲဖွဲပို့နေပြီ" ဆိုတဲ့ စာသားလေးကို အမှတ်ရလိုက်မိပါတယ်။

ယခင်က စာရေးသူအမိက ခံစားခဲ့ရတဲ့ ရောဂါဟာ သွေးရောဂါ (သွေးပျစ်တဲ့ရောဂါ) လို့ပြော ရမယ်ထင်ပါတယ်။ ၂၀၀၁ ခုနှစ်က ရန်ကုန်ဆေးရုံကြီးမှာ ခွဲစိတ်ကုသမှုခံယူရင်း အူ ၈ လက်မဖြတ်ခဲ့ရပါ သေးတယ်။ ထိုစဉ်က သွေးတွေ ဖောက်ထုတ်ခဲ့ရသလို ယခု ၂၀၁၁ ခုနှစ် ဆေးရုံ ပြန်တက်ရတဲ့အခါမှာ လည်း သွေးတွေဖောက်ထုတ်ရပြန်ပါတယ်။ နေ့စဉ် စားဆေး (၆) မျိုး ပုံမှန်စားနေရပါတယ်။ ရန်ကုန် ဆေးရုံကြီးသွေးရောဂါကုဌာနက ဆရာဝန်ကြီးတစ်ဦးကို နေ့စဉ်စားနေရတဲ့ ဆေးတွေကို ဘယ်အချိန်အထိ စားနေရမှာလဲလို့ မေးကြည့်တော့ သဘောကောင်းပေမယ့် စကားခပ်တိုတိုပြောတတ်တဲ့ အဲဒီဆရာဝန်ကြီးက ဒီရောဂါက ကုသလို့ ပျောက်ကင်းသွားမယ့် ရောဂါမဟုတ်ဘူး။ ဆေးကတော့ တစ်သက်လုံးစားသွားရမှာပဲ လို့ ပြောပါတယ်။

စာရေးသူက မြောက်ဒဂုံမှာ နေတာပါ။ ဆရာနီလေးမောင် နောက်ဆုံးတက်ရောက်ကုသမှု ခံယူခဲ့ရတဲ့ မြောက်ဥက္ကလာပ အိုအက်စီဆေးရုံနားက ဖြတ်သွားမိတဲ့အခါတိုင်း ဆရာနီ့ကို နောက်ဆုံး တွေ့ခဲ့ရတဲ့ မြင်ကွင်းကို ပြန်လည်မြင်ယောင်မိပါတယ်။ ၂၀၁၂ သည်မှာဘက်မှာ ဆေးရုံတွေနဲ့ မကြာ မကြာ ဆက်နွယ်ပတ်သက်နေခဲ့ရပြီး စိတ်ထိခိုက် နာကျင်ရမှုတွေလည်း များလာခဲ့ပါတယ်။


ဆရာနီလေးမောင် ကွယ်လွန်ပြီးချိန်ကစပြီး စာရေးသူက သေခြင်းတရားကို မကြာမကြာ အလေးအနက်စဉ်းစားနေခဲ့မိပါတယ်။ ကဗျာဆရာကြီး (ဦး) တင်မိုးရဲ့ ကဗျာထဲကလို ဆေးလိပ်လည်း တို နေလည်းညိုလို့ (သူ့ကို) အိမ်ပြန်ပို့ခဲ့ကြတာလေလား။ သူ (ဆရာနီလေးမောင်) ကတော့ အချိန်တန် အိမ်ပြန်ရတာ မဆန်းဘူး။ ရှင်သေမင်းလို့ သေမင်းကိုပင် တည်တည်ငြိမ်ငြိမ် တုံ့ပြန်ခဲ့ပါပြီ။ ကဗျာ ဆရာကြီး ဒေါင်းနွယ်ဆွေကလည်း " ... တစ်နေ့အချိန်တန်တော့ ဆူညံညံငိုသံကြား ရထားရွေ့ရွေ့" လို့ ဖွဲ့သီခဲ့ဖူးတယ် ထင်ပါတယ်။ အတိအကျတော့ မမှတ်မိတော့ပါ။ ဆရာနီရဲ့ အသုဘနောက်ဆုံး ခရီးမှာ ဆရာနီရဲ့ ရုပ်ကလာပ်ကို သယ်ဆောင်တဲ့ ရထားက တရွေ့ရွေ့ထွက်ခွာခဲ့ပြီး ထိန်းချုပ်ထားတဲ့ ကြားက ပေါ်ထွက်လာခဲ့တဲ့ တိုးတိတ်ညင်သာတဲ့ ငိုရှိုက်သံတွေနဲ့အတူ ကိုယ်တိုင်အသုဘရှုနေခဲ့တဲ့ စာရေးသူဟာ ကမ္ဘာ့ဗွာန်းတရား မပွားများနိုင်ခဲ့ပေမယ့် မီးသဂြိုလ်ရဲ့ စက်ခေါင်းတိုင်ဝက ထွက်လာခဲ့တဲ့ မီးခိုးတန်းကို ငေးမျှော်ရင်း မဆန်းပြားလှတဲ့ သေခြင်းတရားကို ဝိုးတဝါးဆင်ခြင်နေခဲ့မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## နှစ်ပြည့်အမှတ်တရ ဆရာနီ သို့



ဆရာနီလေးမောင်ကွယ်လွန်တဲ့ (၃) နှစ်ပြည့်မဂ္ဂဇင်းအတွက် စာမူရေးပေးပါ၊ ပြီးရင် ဖုန်းဆက်ပေးပါ။ စာမူလာယူပါ့မယ်လို့ တောင်းဆိုချက်ဟာ စာရေးသူကို စာပေကြိုးဝိုင်းထဲကို ပြန်ဝင်လာဖို့ အချက်ပေးလိုက်တဲ့ ခေါင်းလောင်းသံလိုပါပဲ။ ရံခါမှာ စာရေးချင်တဲ့စိတ် ပေါ်လာတတ်ပေမယ့် အဲဒီအတွေးဟာ အိပ်မက်တစ်ခုလို ကွယ်ပျောက်သွားခဲ့တာချည်းပါပဲ။ လက်တွေ့ မရေးဖြစ်ခဲ့ပါဘူး။ တကယ်တော့ ဆရာနီလေးမောင်ကွယ်လွန်ပြီး နောက်ပိုင်းကာလများမှာ စာအရေးကျဲလာရာကနေ မရေးနိုင် မရေးဖြစ်တော့သလောက် ဖြစ်ခဲ့ရပါတယ်။ ခုတော့ မကြာမကြာ ပေါ်ပေါက်လာတတ်တဲ့ စာရေးချင်တဲ့ စိတ်လေးကို လက်တွေ့အကောင်အထည်ဖော်ဖြစ်အောင် တွန်းအားတစ်ခုဖြစ်လာခဲ့ပါပြီ။ ဒါဟာ ဆရာနီလေးမောင်ကို အကြောင်းပြုပြီး ပြန်လည်လူးလွန့်လာတဲ့ အတွေးစဖြစ်မယ် ထင်ပါတယ်။

BURMESE CLASSIC

"အချိန်တန် အိမ်ပြန်ရတာ မဆန်းဘူး ရှင်သေမင်း" လို့ သေမင်း (သေခြင်းတရား) ကို တည်တည်ငြိမ်ငြိမ်တုန့်ပြန်ခဲ့တဲ့ ဆရာနီရဲ့ ရေးသားချက်ကလေးကို ဖတ်ရတော့ ကမ္ဘာကျော်စာရေးဆရာကြီး လူရှွန်းရဲ့ စာတစ်ပိုင်းတစ်စကို ပြန်ပြီးအမှတ်ရမိပါတယ်။ "တငေါက်ငေါက် ထိုးလျက်ရှိသော တစ်ထောင်သော လက်ညှိုးတို့ကို မျက်မှောင်ကုတ်၍ကြည့်ရင်း အေးဆေးစွာ စိန်ခေါ်ရင်ဆိုင် လိုက်၏။ ကျိုးနွံသော နွားလားဥသဘပမာ ငါသည် ကလေးငယ်များ၏ အမှုတော်ကို ထမ်းရွက်သည်" တဲ့။

"ငါချစ်တဲ့ စာချစ်သူတွေ၊ စာပေမိတ်ဆွေတွေကို ခွဲရမှာတော့ ဝမ်းနည်းတယ်" လို့ဆိုတဲ့ဆရာနီဟာ လက်တွေ့မှာ သူချစ်တဲ့ စာချစ်သူတွေ စာပေမိတ်ဆွေတွေကိုသာမက စာပေနယ်ပယ်ကြီးတစ်ခုလုံးကို ခွဲခွာသွားခဲ့ရပြီဖြစ်ပါတယ်။ ကျန်ရစ်သူများမှာတော့ သေသူကို ရှင်သူတ ဆိုသလိုပါပဲ။ တကယ်တော့ ဆရာနီကွယ်လွန်ပြီးနောက်ပိုင်း မြန်မာစာပေလောကမှာ ပွင့်လင်းမြင်သာ တိုးတက်လာတဲ့ ဖြစ်ထွန်းမှုလေးတွေကို တွေ့မြင်လာပါတယ်။ စာပေစိစစ်ရေးဆိုတဲ့ အကန့်အသတ်အတားအဆီး ယန္တရားကြီးမရှိတော့သလို လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့် ထုတ်ဝေခွင့်တွေ အထိုက်အလျောက်ရရှိလာခဲ့ပါတယ်။ တိုးတက်ဖြစ်ထွန်းလာတဲ့ အချိုးအကွေ့ အတိုးအရွေ့လေးတွေမှာ စာရေးသူအဖို့ အမှတ်ရစရာ အကျိုး ရလဒ်ကောင်းလေးတစ်ခု မမျှော်လင့်ဘဲပြန်လည်ရရှိခဲ့ပါတယ်။

"ကြာပွတ်ကိုင်သစ္စာဘက်တော်သားတို့ရဲ့ခံတပ်" ဆိုတဲ့စာမူ ဖြစ်ရပ်မှန် မဂ္ဂဇင်းစာမျက်နှာအပေါ်မှာ ပြန်လည်ဖော်ပြခွင့်ရခဲ့ပါတယ်။ ဒါဟာ သာမန်အားဖြင့် သေးဖွဲပြီးမပြောပလောက်တဲ့ ကိစ္စလေးဖြစ်ပေမယ့် ဒီစာမူလေးအတွက် အလေးအနက်ထား ကြိုးပမ်းအားထုတ်ခဲ့တဲ့ ဆရာနီသာ ဒီအကျိုးဆက်

www.burmeseclassic.com

www.burmeseclassic.com



ရလဒ်လေးကို သိခွင့်ရမယ်ဆိုလျှင် ကြည်နူးဝမ်းမြောက်မှာ အမှန်ပဲလို့ တွေးမိပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုက တစ်နေ့ရွှေ တစ်နေ့ငွေ ဆိုသလိုပါပဲ။ ဒါကြောင့်ပဲ ကြက်ဥအရောင်တိမ်တောင်သဖွယ် မင်းရေးကျယ်တို့နိုင်ငံအရေး ပေါက်နဲ့ကျေးဆိုတဲ့ အဆိုအမိန့်တွေ ပေါ်လာတာဖြစ်မယ်ထင်ပါတယ်။ ကြည့်လေ မြန်မာနိုင်ငံရဲ့ စာပေနယ်ပယ်မှာ လရောင်နဲ့မှ ပွင့်တဲ့ ကုမုဒြာ ကြာပန်းလေးထွက်ပြူပွင့်လန်းလာစကာလမှာပဲ ဆန်းစသော်တာ ငွေလဝန်းရဲ့ ဝန်းကျင်မှာ တိမ်ညိုတိမ်မဲတွေရဲ့ အရိပ်အယောင်တွေကို တွေ့နေရပြန်ပါပြီ။

တော်လှန်သော စာရေးဆရာကြီးလူရွှန်းကို ကိုးကားပြီး ယခုပေါ်ပေါက်နေတဲ့ အခြေအနေဟာ အထူးအဆန်းမဟုတ်ဘူး။ ဒါဟာ အတ္တအကျိုးစီးပွားကို ကာကွယ်တားဆီးလိုပြီး အလွန့်အမင်းရန်လိုကာ လက်ညှိုးတငေါက်ငေါက်ထိုးနေသူများနဲ့ ကျိုးနွံတဲ့ နွားလားဥသဘပမာ ကလေးငယ်များ (ပရအကျိုးစီးပွား) ကိုဖော်ဆောင်လိုသူများအကြား ပေါ်ပေါက်လေ့ရှိတဲ့ ဝိရောဓိအဖြစ် ရှုမြင်ကြသူတွေရှိသလို ပွင့်လန်းလာစ စာပေအခွင့်အလမ်းလေး စန္ဒာကို တိမ်ညိုဖုံးအုပ်သလို ပျက်သုဉ်းကွယ်ပျောက်သွားမှာကို စိုးရိမ်ကြောင့်ကြ ပူပင်နေကြရသူတွေလည်း ရှိနေပါတယ်။

ရှင်ကြီးဝမ်းထဲလည်း ဝင်ခဲ့ဖူး၊ ရှင်ငယ်ဝမ်းထဲလည်း ဝင်ခဲ့ဖူးပြီး လွတ်လပ်ပွင့်လင်းတဲ့ စာပေနယ်ပယ်ကိုရော အမှောင်လွှမ်းမိုးတဲ့ စာပေဝန်းကျင်ကိုပါ ကျင်လည်ဖြတ်သန်းခဲ့ဖူးတဲ့ ချစ်ခင်လေးစားအပ်တဲ့ ဆရာနီလေးမောင်ကတော့ ကောင်းမြတ်တဲ့ ဘုံဌာနမှာ ယောနိသောမနသိကာယ သင့်တင့်စွာ နှလုံးသွင်းပြီး ငြိမ်းချမ်းစွာ ရှိနေပေလိမ့်မယ်လို့ မျှော်လင့်နေမိပါတော့တယ်။

မြတ်နီ

www.burmeseclassic.com